www.burmeseclassic.com

ခင်ဆွေဦး

# ဝါဆိုဦးက ပန်ဖူးတယ်



BURMESE CLASSIC .com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ♦ | ၁၁၀၆/၂၀၀၂(၁၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ♦ | ၁၃၅/၂၀၀၃(၁) |
| မျက်နှာဖုံးပန်းချီ | ♦ | ဇော်မောင် |
| ထုတ်ဝေခြင်း | ♦ | ၂၀၀၃ ခုနှစ်၊ ဧပြီလ<br>ဒုတိယအကြိမ် |
| အုပ်ရေ | ♦ | ၁၀၀၀ အုပ် |
| တန်ဖိုး | ♦ | ၉၀၀ ကျပ် |
| ထုတ်ဝေသူ | ♦ | ဒေါ်မိုးကေခိုင်<br>ချိုတေးသံစာပေ<br>ရေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊<br>မင်္ဂလာဒုံ၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ♦ | ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)<br>ကလျာပုံနှိပ်တိုက်<br>၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်။ |

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ရင်ထဲ သိသိသာသာခုန်နေတာ အမှန်ပင်။

သည်လမ်းကို လျှောက်ခဲ့ရတာတော့ ချောင်းဖြစ်မတတ်ပါဘဲ။

အထူးတဆန်းဖြစ်သင့်သည်တော့ မဟုတ်။ ငယ်စဉ်ကလေးဘဝ တုန်းကတည်းက အဖန်ဖန်အလီလီ လျှောက်ခဲ့ရတဲ့ ရွာလမ်းရှည်လေး။

စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်ကဲ့သို့ အေးမြသာယာသော အရိပ်များနှင့် အုံ့အုံ့ဆိုင်းဆိုင်းရှိလှသော ကုက္ကိုပင်များ တစ်သီကြီး သွယ်တန်းနေမြဲပင် ထိုကုက္ကိုသစ်ခွများအကြားတွင် မြရည်ဖြင့် လိမ်းကျံလျက်ရှိသော သစ်ခွပင်တို့သည် သန်စွမ်းစွာ အုံဖွဲ့နေကြသည်။ ထိုမှ ဝေဝေဆာဆာ ဖူးပွင့်နေသော ဖယောင်းပန်းခက်ဝါဝါများသည် အသစ်တစ်ဖန် မွေးဖွားပြန်လေပြီ။

လမ်းဘေး တစ်ဖက်တစ်ချက်၌ကား မိုးရေတို့နှင့် ချောင်းရိုးတိမ်တိမ်များ ဖြစ်လျက် ကျွဲကျောင်းသားတို့ ကျွဲများ တစ်အုပ်ပြီး တစ်အုပ် မောင်းနှင်လာခဲ့လေသည်။ သစ်တုံးဖြတ်ဝိုင်းတံတားလေးများသည် ရွှံ့မည်းများနှင့် လိမ်းလျက် မည်းနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ် ပြေးခဲ့လျှောက်ခဲ့ရသောလမ်းကို ဘယ်နှမိုင် ဆိုတာ ခရီးဆန့်လို့ ရကောင်းပါရဲ့။

မိုးရေတိုက်စားဖန် များသဖြင့် မြေမာလမ်းသည်ပင် ချိုင့်ဝှမ်းသည့် နေရာက ချိုင့်ဝှမ်းနေပေပြီ။

"ဒီလမ်းတစ်လမ်းလုံး ဖုထစ်တွေ ပြည့်နေသလို လောကကြီးမှာလဲ မတရားမှုတွေနဲ့ ပြည့်နေတာပဲ"

မိုးဟိန်းမှာ အတွေးနှင့်တစ်ကိုယ်လုံး နွေးလာလေသည်။

"အလင်းရောင်ဟာ အမှောင်ထက် အားကောင်းတယ်လို့ ဆိုတာပဲ၊ ဒါ အမှန်ပဲလား၊ မြင့်မြတ်မှုဟာလဲ ယုတ်ညံ့သိမ်ဖျင်းတာထက် အားကောင်းသတဲ့၊ ကိုယ်ကျိုးစွန့်တာက တစ်ကိုယ်ကောင်းဆန်တာကို အနိုင်ရရမှာပေ့ါတဲ့၊ နောက်ပြီး ပျော်ရွှင်မှုဟာ ဝမ်းနည်းပူဆွေးမှုကို ကျော်လွှားနိုင်ရမယ်လို့ဆိုတယ်၊ နောက်ဆုံးတော့ လူတွေဟာ တကယ့်လူလို နေကြရမတဲ့"

မိုးဟိန်းသည် အတွေးအုံဖွဲ့ရင်း ရင်အခုန်မြန်လာသည်။ 'နွေးနွေး' ကို ခဏခဏ ပြောခဲ့ဖူးတာတွေကိုလည်း သတိရသည်။

"တို့ဟာ လူတွေပါ နွေးနွေး၊ လူဟာ တကယ့်လူလို နေရမှ လူဖြစ်ကျိုး နပ်မှာပေ့ါ၊ နင့်ဘဝကို နင်သိရမယ်၊ ကိုယ့်ဘဝကိုကိုယ် နားလည်အောင် ကြိုးစားရမှာက လူတိုင်းတာဝန်ပဲ"

ထို့နောက် နွေးနွေးကို အင်္ဂလိပ်ဘာသာနှင့် စာပိုဒ်လေးတစ်ပိုဒ်တောင် ရွတ်ပြခဲ့ဖူးသေးတာကို အမှတ်ရမိသေးသည်။

ငယ်ငယ်ကတည်းက အတူတကွ ကြီးပြင်း၍ ကစားဖော်ကစားဖက်ဖြစ်ခဲ့သော နွေးနွေးက. . .

"မိုးဟိန်း. . . နင်ကလေ သိပ်ရယ်စရာကောင်းတာပဲ၊ ဝ, မရှိဘဲ တော်တော် ဝိ လုပ်ချင်တဲ့လူ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါ ဝ,မရှိသေးဘူးနွေးနွေး။ ဒါပေမဲ့ 'ဝ' ရှိအောင်တော့ ကြိုးစားနေတယ်။ ငါ့ဘာသာငါ လောကြီးပြီး လုံးကြီးတင်မိချင်လဲ တင်မှာပေါ့၊ ဒါပေမဲ့ နင်အထင်ကြီးစရာတော့ မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ နင်သိပ်အထင်ကြီးနေတဲ့ အသိုက်အဝန်းလို ဂုဏ်ပကာသနအတွက် အလုပ်လုပ်နေတာမှ မဟုတ်ဘဲ"

"တော်စမ်းပါဟာ. . . နင်က တကယ်တော့ တော်ပါတယ်၊ ဉာဏ်လဲ ကောင်းသားပဲ၊ ၁၀ တန်းကို ဘီနဲ့ ခဏခဏအောင်တာကလွဲလို့ နင့်မှာ တခြားဘာမှ ပြောစရာမရှိပါဘူး။ အင်္ဂလိပ်စာတွေလဲ နင် ဖတ်တတ်သားပဲ"

"အင်္ဂလိပ်စာဖတ်တတ်တာတော့ ဂုဏ်ယူတယ်မဟုတ်လား"

"ဘယ်အပြုံးနဲ့ ငါ့ကို ရန်ထောင်နေတာလဲ၊ နင်စောစောက ရွတ်ပြတဲ့ ကဗျာလေးက သိပ်ကောင်း"

"ကဗျာ မဟုတ်ပါဘူး၊ စာပိုဒ်ရိုးရိုးပါ"

"ငါ့ဒိုင်ယာရီထဲမှာ ရေးပေးပါဦး၊ နင်က လက်ရေးလှတယ်၊ တကယ့်ပန်းချီလက်ရေးလေး၊ နင်နဲ့ငါ ဘယ်တော့မှ မတည့်ပေမယ့် နင့်လက်ရေးလေးတွေတော့ တစ်သက်လုံး သိမ်းထားပါ့မယ်"

ထိုစာပိုဒ်မရေးခင် မိုးဟိန်းသည် နွေးနွေး၏ ခေါင်းကို တစ်ချက် လှမ်းခေါက်ဖြစ်လေသည်။

ပေါကြောင်ကြောင် ခင်မိမိနွေးနွေး။
ဒီစာပိုဒ်ကို သေသေချာချာဖတ်၊ အဓိပ္ပာယ်ကို
လေးလေးနက်နက်တွေးပြီးမှ ရင်ထဲ သိမ်းထားနိုင်ပါစေ။
သူငယ်ချင်းရဲ့ အမြင်လမ်းကြောင်း ဖြောင့်မှန်စေဖို့
စေတနာထား ရေးပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



Light is stronger than darkness.
Nobility stronger than baseness.
Unselfshness triumph over selfishness,
and happiness over sorrow.
we must live like real MEN.

❍

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

မွန်အိမ်ခေါ် ဝရန်တာနိမ့်နိမ့်နှင့် ခြေတံရှည်ရှည်သစ်သားအိမ်ငယ်လေးများသည် ခနိမိုးကျူထရံကာနှင့် ခြံဝင်းထဲများထဲတွင် တည်ငြိမ်းအေးချမ်းစွာ ဝပ်စင်းနေကြသည်။ မှိုပင်တချို့သည် အိမ်ခေါင်မိုးတို့ကို မထိတထိတို့ကစားနေကြသည်။

ယခုလို ဝါဆိုခါတော်မီ ဆည်းဆာရောက်လုလုဝယ် ရွှေရောင်ဖြင့် တောက်ပနေသော သစ်ခွအုံများမှ ကြောင်မြီးတူများ ပွင့်မြဲဖြစ်သည်ကို အမှတ်ရမိသည်။ အလိုလိုပင် ချိုသင်းသော ပန်းရနံ့က နှာဝဝယ်မွှေးထုံလာသည်။ တစ်ခိုင်စ နှစ်ခိုင်စ ပန်းမရမ်းပြာလေးများကိုလည်း ကတ်ကတ်သတ်သတ် မြင်မိသေးသည်။

သစ်ပင်အောက် လမ်းပေါ်တွင် ကလေးတစ်သိုက် ကုလားမစည်း ကစားနေကြတာကို အမှတ်မထင်ငေးစိုက်နေမိသည်။ တချို့ကျောင်းအဆင်း အိမ်ရောက်သေးဟန်မတူ။ သစ်ပင်အမြစ်ခွကြားများတွင် သူတို့ လွယ်အိတ်အနွမ်းလေးများကို ထောင်ထားဆဲဖြစ်သည်။

ခုနစ်နှစ်ရွယ်မှ ၁၁ နှစ် ၁၂ နှစ်ရွယ်အထိ မိန်းကလေးယောကျ်ားလေးများ လေးငါးယောက်မျှ စုကစားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးမငယ်တစ်ယောက်သည် သူ့အလှည့်တွင် ဒိုးပစ်ရင်း နှုတ်ဖျားမှ ချိုအေးသော တေးသံသည် ပျံ့လွင့်လာလေသည်။

ရောင်စုံဘောလုံး

ရောင်စုံဘောလုံး

တစ်လုံးငါးပြား

တစ်လုံးငါးပြား

ကြိုက်တဲ့အရောင် ရွေးပါ

ကြိုက်တဲ့အရောင် ရွေးပါ

တစ်လုံးငါးပြား

တစ်လုံးငါးပြား

ဝဝကစ်ကစ် အဆစ်မပေါ်သော လက်ဖြူဖြူကလေးမှ ဒိုးလေးသည် ညာဘက် စတုတ္ထစည်းအကွက်ထဲသို့ မထောင့်မယွင်း ရှုပ်တိုက် ဝင်သွားလေသည်။ သူလေး၏ သီချင်းသံသည် ရုတ်ခြည်း ရပ်နားသွားပြီး ဝမ်းသာအားရ 'ဟေး'ခနဲ အော်ကာ လက်ခုပ်လက်ဝါး တီးလိုက်သည်။ ခုန်ဆွခုန်ဆွနှင့် ခြေတစ်ပေါင် ထောက်ကာ စည်းတွင်းသို့ ဝင်လာရင်း. . .

"ဒီမှာ သေချာကြည့်နော်. . . တို့စည်းပေါ် မနင်းဘူး"

ခပ်သွက်သွက်လေးပြောနေသည်။ ဘေးမှ ရပ်နေသောကောင်လေး ခပ်ကြီးကြီးက ခေါင်းတစ်ချက်ဆတ်ကာ သီချင်းတအေးအေး နှင့်. . .

ရောင်စုံဘောလုံး

ရောင်စုံဘောလုံး

တစ်လုံးငါးမူး

တစ်လုံးငါး မူး

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ဆန်ညို၊ ဘာတွေ လျှောက်ဆိုနေတာလဲ၊ ရောင်စုံ ဘောလုံး တစ်လုံးငါးပြားပါ"

အလှည့်ကျနေသော ကောင်မလေးက ခပ်စွာစွာလေး ဝင်ပြော လိုက်လေသည်။

"တစ်လုံး ငါးမူးပါ"

"ငါးပြားပါဟာ"

"ခု ငါးပြားမဟုတ်တော့ဘူး၊ အားလုံး ငါးမူးချည်းပဲ"

"ဟုတ်ပါတယ်၊ ငါးပြားပါ"

"ငါးမူး"

အသားညိုညိုနှင့် ဆန်ညိုဆိုသောကောင်လေးက စပ်ဖြဲစပ်ဖြဲ မျက်နှာထားနှင့် စ,နေသည်။ ကောင်မလေးသည် ကောင်လေး စ,မှန်းသိလျက်နှင့် ဇွတ်အတင်းငြင်းကာ ခြေတစ်ပေါက်ကျိုး ခုန် နေရာမှ မောဟိုက်စွာ အသက်ရှူရင်း ကောင်လေးကို မျက်စောင်း တထိုးထိုး လုပ်နေသည်။

မိုးဟိန်းက ပြုံးမိလေသည်။ ကောင်မလေးသည် သတင်းစာ စက္ကူစုတ်အဟောင်းနှင့် ပတ်ထားသော ကောက်ညှင်းဘိန်းမုန့် တစ်ခုလုံးကို ပလုတ်ပလောင်းနှင့် ပါးစပ်ထဲ သွတ်ပြီး စက္ကူလေးကို လွှဲပစ်လိုက်လေသည်။

စက္ကူလုံးလေးသည် မိုးဟိန်းခြေရင်းတွင် ကျလာလေသည်။ သတင်းစာပြတ်စက္ကူကို ဖြန့်လိုက်တော့ ကာတွန်းတစ်ခု ဖြစ်နေ သည်။ ကာတွန်းသဘောမှာ လူငယ်အရုပ်တစ်ရုပ်သည် အထုပ် အပိုးလွယ်လျက် ကြေးနန်းရုံးရှေ့တွင် ရပ်နေဆဲ အနီးမှအဘိုးကြီး တစ်ဦးက ထိုလူငယ်အား . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . သူငယ်၊ အကောင်းဆုံးကတော့ မင်းအမေဆီကို မင်း အပြန် တစ်ခါတည်း ရိုက်မယ့် ကြေးနန်းစာပါယူသွား"

ပြောနေသည် ဟူလို၊ ကာတွန်းရုပ်အောက်မှ ရေးထိုးထားသော 'မိုးဟိန်း'ဟူသော လက်မှတ်နှင့်တကွသော ကာတွန်းကို လှွင့်ပစ် ရမှာ နှမြောပြီး အသာခေါက်ကာ ရှပ်အင်္ကျီအိတ်ထဲ ထည့်လိုက် လေသည်။

"ဟောတော့ . . . ဟိုလူကြီး စာရွက်ကောက်သွားပြီ"

ကောင်မလေးက လျှာထုတ်ကာ တိုးတိုးလေး ပြောလိုက်လေ သည်။ စကားပြောရင်း သူ့ခြေထောက်လေးသည် ယိုင်လျက်ကျ သွားကာ မြေပေါ် ထောက်မိလေသည်။

"ဟော့ . . . ငပဝ၊ နင်မရတော့ဘူး၊ ခြေထောက်ကျသွားပြီ"

"ဟယ် . . . ငါ ဘွာခတ်မလို့၊ ဘွာဟော့ ဘွာ"

"မရဘူး . . . မရဘူး၊ ဘွာမရဘူး"

"တော်ပြီဟယ် . . . ငါတို့ မကစားတော့ဘူး၊ နင်တို့ ညစ်ပတ် တယ်ဟယ်၊ ငေးလို့ ခြေထောက်ကျသွားတာကို"

အချင်းချင်း ငြင်းခုံကြကာ လူစုခွဲကြရန် ပြင်သည်။ ကုက္ကိုပင် မြစ်ပေါ်မှ လွယ်အိတ်ကောက်လွယ်သူက လွယ်ကြလေသည်။ လက်ဖဝါးပေါ်မှ ဖုန်ခါသူက ခါကြသည်။

"ကောင်းတယ် ကောင်းတယ် . . . ပြန်ကြ၊ ငါလဲ ထမင်းဆာ ပြီ၊ အိမ်မှာ အမိုးတို့ အဖိုးတို့ မျှော်နေကြမှာ"

ပါးဖောင်းဖောင်းနှင့် ငပဝဆိုသည့် ကောင်မလေးနှုပ်တစ်ချက် ရှုတ်ကာ လူပါးဝတတနှင့် ပြောလိုက်သည်။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"နာမည်က ငုဝါတဲ့လား"

"ဟုတ်တယ်"

"အမေနာမည် ဘယ်သူလဲ"

"အမိုးကို ပြောတာလား"

"အေး. . . အမိုးနာမည်"

"နွေးနွေး"

"ဦးဦးကို သိလား"

"ဟင့်အင်း"

ငုဝါက သူ့ပခုံးကိုကိုင်ထားသော ထိုသူအား လှမ်းမော့ကြည့်ကာ ခေါင်းခါယမ်းပြလိုက်လေသည်။ အသားညိုညို၊ အရပ်မြင့်မြင့်၊ ခပ်သွယ်သွယ်၊ ဘိုကေဆံ မတိုမရှည်၊ သပ်ရပ်စွာ ဝတ်ဆင်ထားသော တက်ထရက် မီးခိုးဖျော့ဖျော့ ရှပ်အင်္ကျီလက်ရှည်၊ ကချင်လုံချည်အနက်နှင့် အစိမ်းကွက်၊ ဂျပ်ခုပ်ကရင်လွယ်အိတ်အဖြူနှင့် လူကြီးကိုတော့ မကြောက်လှပေ။

"ငုဝါတို့အိမ်က ဘယ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုနားမှာ"

"အိမ်ရှေ့မှာ သစ်တုံးတံတား ရှိသလား"

"ရှိတာပေါ့"

"ဆည်းလည်းပန်းတွေရော ရှိသေးလား"

"ဘာလဲ အဲဒါ"

"ပန်းနီနီလေးတွေလေ"

"အင်း. . . ရှိတယ် ရှိတယ်"

"နီမ ဆိုတဲ့ ခွေးမကြီးကော"

"မရှိတော့ဘူး၊ သေသွားပြီ"

"ဘာဖြစ်လို့ သေသွားတာလဲ"

"အသက်ကြီးလို့"

"ဪ. . . အသက်ကြီးရင် သေတတ်သလား"

"အဖူးတော့ မသေဘူး၊ အသက်ကြီးပေမယ့် မသေဘူး၊ ဒါပေမယ့် သူငယ်ပြန်နေတယ်"

"သူငယ်ပြန်နေတယ်"

"အင်း. . . အဖူးစကားပြောတာ ကလေးလိုပဲ ဦးဦးနားထောင်ဖူးလား"

"ဘယ်နားထောင်ဖူးမလဲ"

မိုးဟိန်းသည် ရယ်လျက် ငုဝါ၏ ပါးလေးကို အသာဆွဲလိုက်လေသည်။ ချွေးတွေနှင့် စိုရွှဲကာ စေးထန်းနေသော ငုဝါ၏ လက်ကလေးကို ဆွဲကိုင်ကာ လမ်းလျှောက်ရင်း စိတ်သည် အတွေးနှင့် ဝေမှိုင်းသွားပြန်သည်။

အဖြူရောင်ရှပ်လက်ရှည်ပေါ်မှ အစိမ်းရောင် ကျောင်းဂါဝန်လေးနှင့် ရာဘာဖိနပ်အစိမ်းလေးစီးလျက် ခုန်ဆွခုန်ဆွနှင့် လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာသော ငုဝါကို 'နွေးနွေး'ငယ်စဉ်ကနှင့် တူလေမလား ပြန်တွေး ကြည့်နေမိသည်။

ဆံပင်အရှည် ချန်ထားကာ ကျစ်ဆံမြီးနှစ်ဖက် ကျစ်ထားဟန် ကလည်း နွေးနွေးငယ်စဉ်ကနှင့် တူလှသည်။ အသားဝါဝါတွင် ပါးအို့နီနီလေးနှင့် မျက်လုံးနက်နက်ကလေးမှာ နွေးနွေး၏ ကိုယ်ပွား လေးဟု ဆိုလောက်သည်။ လူတစ်ယောက်ကို စူးစူးစိုက်စိုက် ကြည့်ဟန်မှာလည်း နွေးနွေးအပြုအမူနှင့် တစ်ဖုံတည်း။

"ဦးဦးဖိနပ်က ဖြူဆွတ်နေတာပဲ၊ ရွှံ့တွေ ပေကုန်ပြီ"

အစိမ်းနုရောင်သည်းကြိုးနှင့် ရာဘာဖိနပ်သည် ခဏချင်းပင် ရွှံ့များနှင့် မည်းကုန်သည်။

"ရေဆေးလိုက်ရင် ရတာပဲ"

"သမီး ဆေးပေးမယ်၊ ဖိနပ်ဖြူနေအောင် သမီး ဆေးတတ် တယ်"

ငုဝါက ခပ်သွက်သွက်လေး ပြောလိုက်သည်။ သူ့ကိုယ်သူ သမီး သမီးနှင့် ထည့်ပြောတတ်သည်ကို သတိထားမိသည်။ ငုဝါ အလိုက်ပြောရန် နှုတ်က မရဲတာကို ကိုယ့်ဘာသာကိုယ် အပြစ်တင် မိသည်။ တကယ်တော့ ငုဝါလေးရဲ့ ဘဝကို မိုးဟိန်းနားအလည် ဆုံးပင်။ ငုဝါရဲ့ ဘဝအစကို ဘယ်သူအသိဆုံးလဲ။ ရင်ထုမနာ အဖြစ်ဆုံးလဲ။ ငုဝါဆိုသည့် အသက်တစ်ချောင်းကို မမြင်ဖူးခင်က ပင် သံယောဇဉ်တွယ်ငြိခဲ့သူပါကွယ့်ဟု ငုဝါ နားဝင်အောင် ပြောချင် လှသည်။

"သမီးက တစ်ခါတစ်လေ ဖိနပ်မစီးဘူး၊ အမိုးကလေ မိုးရွာရင် ဖိနပ်မစီးရဘူးတဲ့၊ ဖိနပ်ကုန်တယ်တဲ့။ ရွှံ့ထဲ ဒီအတိုင်းပဲ လျှောက် သွားရတယ်၊ ဖိနပ်က ပွဲသွားခါနီးမှ စီးတာနော် ဦးဦး"

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းသည် သက်ပြင်းတစ်ချက်ချရင်း ခေါင်းညိတ်လိုက်လေသည်။ ဘာပဲဖြစ်ဖြစ် ငုဝါကတော့ မိုးဟိန်းဘေးမှ ခုန်ဆွခုန်ဆွနှင့် လိုက်ပါလာကာ ပျော်နေပုံရသည်။ နှုတ်မှ ညင်သာစွာ ညည်းညူလာသော တေးသီချင်းသံက လေထဲတွင် ဝဲပျံ့ပျံ့လွင့်လာသည်။

ရောင်စုံဘောလုံး

ရောင်စုံဘောလုံး

တစ်လုံးငါးပြား

တစ်လုံးငါးပြား

မိုးဟိန်းသည် ငုဝါနောက်မှ သံယောင်လိုက်၍ "တစ်လုံးငါးမူး တစ်လုံးငါးမူး" ဟု ပြောင်ဆိုလျှင်တော့ ငုဝါက မျက်မှောက်ကုတ်ကာ ရယ်မောလျက်. . .

"ဦးဦးကလဲ ဆန်ညှိုဆိုတာမျိုး ကျနေတာပဲ"

လူကြီးသူမလို ပြောလိုက်လေသည်။ မိုးဟိန်း၏ စိတ်ကူးထဲတွင်တော့ ဒီသီချင်းနှင့် စပ်လျဉ်း၍ 'ကာတွန်း'ရုပ်များကို ဖန်ဆင်းနေပြန်သည်။

မိုးဟိန်းက ငုဝါ၏ လက်ကို တင်းကျပ်စွာဆုပ်ကိုင်လျက်. . .

'ဦးဦးတို့ ငယ်ငယ်တုန်းကလဲ ဒီသီချင်း ဆိုတာပဲ"

"တစ်လုံး ငါးမူးလား၊ ငါးပြားလား"

"ငါးပြား နှစ်လုံး"

"ဟုတ်ဘဲနဲ့"

ငုဝါက မိုးဟိန်း၏ ပေါင်ကို လှမ်းရိုက်ကာ ခွက်ထိုးခွက်လန် ရယ်ပြန်သည်။ ရယ်လိုက်ပြန်တော့ နွေးနွေး၏ ဟန်ပန်ရုပ်သွင်က ပီပြင်လာသည်။ နွေးနွေးငယ်စဉ်က ဒီလိုပင် ပါးချိုင့်လေး နှစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက် ပေါ်အောင် အားပါးတရ ရယ်တတ်သည်။ အသံထွက်ရယ် ပုံကလည်း ခိုးခိုးခစ်ခစ်နှင့် ချစ်စဖွယ်ပင်။

ရယ်သံလေးသည် လမ်းတစ်လျှောက်လုံး အဆက်မပြတ် ဝေစည်လျက် ပွဲတင်ထပ်လာလေသည်။ ကုက္ကိုပင်ထက်မှ အသံရှည် ရှည်ဆွဲကာ တေးသီဖွဲ့တတ်သော သပိတ်လွယ်ငှက်သံလေးများ ပမာလည်းကောင်း၊ ရွာထိပ် ကန်ညီနောင်စေတီမှ ဆည်းလည်းသံ များပမာလည်းကောင်း၊ နှစ်လိုဖွယ်ကောင်းသော ငုဝါ၏ ရယ်သံ သည် နွေးနွေး၏ ငယ်စဉ်တုန်းက ရယ်သံနှင့် တူလေမလားဟု ချိန်ထိုး နှိုင်းဆကြည့်မိသည်။

ခြံတံခါးဝ တစ်ဖက်တစ်ချက်ရှိ ခြံစည်းရိုးထိပ်၌ ဖူးပွင့်နေကြ ကုန်သော ဆည်းလည်းပန်းနီနီများကို မြင်တွေ့ရပြန်တော့ ကဒုတ် ရွာ ခုနစ်တန်းကျောင်းသားဘဝတုန်းက မြန်မာစာဆရာ ရွတ်ဆို ပြဖူးသော အိုင်ချင်းတစ်ပုဒ်ကို တစ်ပိုင်းတစ်စနှင့် အမှတ်ရမိသည်။

**ထိန်ကန်တွင်းမှာ လာရင်း မျက်မြင်**
**နေမလှန်းတဲ့ ပန်းလွင်လွင်ကို**
**ရွှင်လိုမြူးလို၊ ကစားလို၍**
**ဝါဆိုဦးက ပန်ဖူးတယ်။**
အမယ်မင်း ဖြစ်ရလေခြင်း၊
ယင်းမာရယ်ပေါ်
တော်သလင်းနှင့် မိုးတွင်းဝါဝင်
ဟိုဆောင်းဦးသို့၊ မကူးခင်က
အရင်လူနှင့် ကွဲရတယ်ရှင်
အပျိုစင်ငယ်က ကျွမ်းပါတဲ့
လွမ်းတုံ့တင်လေး။

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ခြံအဝင် ပျဉ်းမပင်အောက်ဝယ် လှည်းဒေါက်ကို မိုးပေါ်ထောင်ထားသည်။ လှည်းဖြုတ်ထားသော နေရာနားတွင် ဘင်္ဂလားကျွဲခေါ် ချိုလိမ်ကျွဲကြီးနှစ်ကောင် ဝပ်နေကြသည်။ ဘင်္ဂလားကျွဲ ဆိုတော့ နို့စားရန်လည်း ရည်ရွယ်၍ မွေးထားဟန်တူသည်။ ကျွဲနို့ကောင်းကောင်း ပျစ်ပျစ်နှစ်နှစ် သောက်ရပေဦးတော့မည်။

ကဒုတ်ရွာရထားလမ်းအရှေ့ဘက်တွင် ကျွဲအမွေးများသည်။ ကားလမ်းပိုင်းတွင် နွားအမွေးများသည်။ ကျွဲဆိုသည့် သတ္တဝါကတော့ ကိုယ်လုံးကိုယ်ထည် ကြီးမားထွားကျိုင်းသလောက် ခွန်အားဗလ ပိုသန်ကာ အကြမ်းလည်းခံ အအေးလည်းရသည်။ နယ်က ရေမြုပ်သောနယ်မို့ ကျွဲနှင့်ဘဲ ကိုက်ပါသည်။

ငယ်စဉ်က မိုးဟိန်းတို့ အဖူး (အဘိုး) ပြောဖူးတာတော့ ကျွဲရိုင်းတစ်ကောင်တည်း ခြသေ့်နှစ်ကောင် သုံးကောင်တို့နှင့် ဖက်ပြိုင်ဝံ့သည် ဆိုပဲ။ အနံ့ခံကောင်း၍ နားကင်းလည်း ပါးကာ လေးလံသော သစ်တုံးကြီးများ ဆွဲရာ၌လည်း အားကိုးရသည်။

တစ်ခုတော့ရှိသည်။ ကျွဲတို့ မည်သည် နွားကဲ့သို့သော ကျိုးကျိုးနွံနွံ မရှိလှ။ ဝန်စည်စလှယ် သယ်ဆောင်နေရာမှလည်း ရေ

www.burmeseclassic.com

www.burmeseclassic.com



အိုင်မြင်လျှင် အတင်းဆင်းသွားတတ်သည်။ ရွှံ့ညွှန်များမြင်လျှင် မနေနိုင် မထိုင်နိုင်အောင် လူးချင်သည့် သတ္တဝါများ ဖြစ်ကြသည်။ ပြီးတော့ နွေအခါကျ ရေခြောက်သဖြင့် ခိုင်းရာမှာ နွားကဲ့သို့အမော မခံ။

တစ်သက်လုံး မြို့မှာနေ မြို့မှာ ကြီးပြင်းခဲ့သော နွေးနွေး တစ်ယောက်တော့ ပင်ပန်းရှာပေဦးမည်နည်း။ နူးညံ့သိမ်မွေ့၍ ရှည်လျားသွယ်ပျောင်းသော နွေးနွေး၏ လက်ကလေးများသည် လှည်းထမ်းပိုး တပ်နိုင်ပါမည်လား။ ကျွဲနို့ညှစ်နိုင်ပါမည်လား။ မာကြမ်းသော ကျွဲနဖားကြိုးကို ဆွဲနိုင်ပါမည်လား။ ကျွဲတွေကို ထိန်းကျောင်းရသော တာဝန်က နည်းနည်းနောနောတာဝန်မဟုတ်။

"အမိုး"

"အမိုးရေ. . ."

ငုဝါ ခေါ်သံလေးသည် မိုးဟိန်း၏ အတွေးများကို တစ်မုဟုတ်ချင်း ပျက်ပြယ်စေသည်။

"အမိုး"

"ဝေ. . ."

လွင်ချိုသာယာသော ထူးသံလေးကို ကြားလိုက်ရသည်နှင့် အသက်ရှူတာကို ခေတ္တမျှ ရပ်နားလိုက်မိသည် ထင်သည်။ မိုးဟိန်းရင်ထဲ၌ အမျိုးအမည်မသိ ဝေဒနာနှင့် လှုပ်ရှားသွားမိ၏။ တစ်ချက်မျှ သက်ပြင်းယဲ့ယဲ့ ချလိုက်ပြီးမှ အသာပြန်ရှူထုတ်လိုက်လေသည်။

"သမီးလေး ငုဝါ ပြန်လာပြီလား"

ငရုတ်ညှော်နံ့များနှင့် လုံးနေသော မီးဖိုချောင်ထဲမှ လှမ်းအော်မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ငုဝါတဲ့"

မိခင်မေတ္တာကို ဖော်ကျူးသော အသံသွင်းဂီတသံပမာ နားထဲ စွဲငြိနေသည်။ အသံကောင်းလှသော မိခင်၏ သားချော့တေးပမာ သာသာယာယာလည်း ရှိလှသည်။

လွန်ခဲ့သော ကာလက နွေးနွေးတစ်ယောက် သူ့သမီးငုဝါကို ပွေ့ပိုက်ပြီး မြူချော့နေဟန်ကို စိတ်ကူးနှင့် ရော်ရမ်းမှန်းဆပြီး ပန်းချီရေးခြယ်ဖူးသေးသည်။ 'သူသာလျှင် လှထိပ်ထား' ဟု နာမည်တပ်ပြီး ပြပွဲတွင် ချိတ်စဉ်က ပြင်သစ်ကမ္ဘာလှည့်တစ်ဦးက လိုက်ဝယ်တာကို မရောင်းလိုက်၊ 'မရောင်း' ဆိုသော စာတန်းကို ကပျာကယာ တပ်ဆင်လိုက်ရသည်။

"အမိုး ဦးဦးပါလာတယ်"

"ဟင်. . . ဦးဦး"

"ဦးဦး ပါတယ်၊ မြန်မြန်ထွက်ခဲ့ပါ"

"ဘယ်က ဦးဦးလဲ"

"သိဘူး"

"ဩော်. . . ငုရွှေဝါ အရူးမလေး"

ချစ်စနိုးနှင့် တစ်မျိုးတစ်မည်ကင်ပွန်းတပ်ပြန်သည်။ ငုရွှေဝါ အရူးမလေးတဲ့။ မိုးဟိန်းသည် မမြင်ရခင်ကတည်းကပင် တမ်းတသော စိတ်ဇောနှင့် နောက်ဖေးဘက် မသိမသာ လှမ်းကြည့်ရင်းရင်ထဲ ခုန်လာပြန်သည်။ နွေးနွေးကို မတွေ့ရသည်မှာ ငုဝါလေး တစ်သက်ပင် ရှိသွားပေပြီ။ ခုနစ်နှစ်ကျော်ကာလပင် တာရှည်ခဲ့ပေပြီတကား။

"ဟယ်. . . "

"ဟယ်. . . အမယ်လေး"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှ နွေးနွေးသည် လက် ရေစက်လက်နှင့် ထွက်လာသည်။ သည်အထဲမှာ ရုတ်တရက် အံ့ဩပြီး ဝမ်းသာအယ်လဲ ဖြစ်သွားသော အသံ။ ဝင်းပသော မျက်နှာလေးပေါ် ရွှန်းတောက်သော မျက်လုံးနက်နက်လေးအစုံသည် ဝိုင်းသွားသည်။ ရွှန်းလန်းသော အပြုံးသည် ပါးချိုင့်လေးများကို ငုံဖော်လျက် ပန်းသွေးနုတ်ခမ်းအစုံအောက်တွင် ပုလဲသီလေပြီ။ သွားအရောင်စက်၊ လရောင်ပြက်သကဲ့သို့ ဖြူဖွေးတောက်ပနေသည်။

“မိုးဟိန်း. . . သရဲလေး၊ ငါက နင်သေနေပြီလားလို့၊ စာမလာ သတင်းမကြားနဲ့”

နွေးနွေးသည် စိတ်လက်ပေါ့ပါးစွာ လက်တွေကို အဝတ်စုတ်နှင့် ကပျာကယာသုတ်လိုက်လေသည်။ ကရင်းပတ်နှင့် နုထွတ်ချောမွတ်ခဲ့သော အသားအရေမှာ သနပ်ခါးပါးကွက်ကျားနှင့် ပြောင်းလဲနေသည်မှအပ နွေးနွေးသည် ယခင်ကအတိုင်း နုပျိုစိုလန်းမြဲပင်။ ငယ်စဉ်တုန်းကထက် နည်းနည်းဖွံ့လာသည်။ ဒါပါပဲ။

အဖြူခံတွင် လိမ္မော်ပန်းအစင်းများနှင့် တက်ထရွှန်လက်ပြတ်အင်္ကျီ၊ အနက်ရောင်တွင် အနီကန့်လန့်စင်းနှင့် ကရင်ထဘီကို ဝတ်ထားသည့် နွေးနွေးကား အသက်အစိတ်ကျော်လာလည်း ကလေးဘဝတုန်းကလို အားရပါးရ။

“ငါက နင့်ကို အိပ်မက် မက်နေတာ၊ အိပ်မက်ထဲမှာလေ နင်နဲ့ငါ လှေစီးကြတာ လှေထဲ ပန်းတွေအပြည့်တင်လို့”

မိုးဟိန်းသည် အတွေးနှင့် ခေတ္တမျှနှုတ်ဆိတ်ကာ ငိုင်သွားမိလေသည်။ ‘ပန်းလှေ’ ဟု စိတ်ထဲရေရွတ်မိသည်။ လှေထဲ ဖယောင်းပန်းတွေ၊ ကြောင်မြီးတူပန်းတွေ၊ ဆည်းလည်းပန်းတွေ အပြည့်တင်လျက် နွေးနွေးတစ်ယောက် ပိန်းကောလှေနှင့် ချောင်ရိုးကို

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လာသော ပန်းချီကိုလည်း ရေးခြယ်ဖူးလေသည်။ 'ပန်းလှေ' ဆိုသည့် နာမည်နှင့် ပန်းချီကားချပ်ကို ကဗျာဆရာ စာရေးဆရာ တစ်ဦးက ဝယ်သွားသည်။

"နင်က လှေကို တမင် စ,ပြီး မှောက်လိုက်လို့ အိပ်မက်ထဲ နင်နဲ့ငါနဲ့ ရန်ဖြစ်ရသေးတယ်၊ အံ့ရောဟယ် မိုးဟိန်းရယ်. . . တိုက် တိုက်ဆိုင်ဆိုင်နဲ့"

နွေးနွေးက သူ့စကားကိုဆက်သည်။ မိုးဟိန်းသည် အိပ်မက် အလှမှ တစ်ရေးထနိုးသည်။

"ဒါ အရင်အိမ်မဟုတ်ပါဘူး၊ ငုဝါနဲ့ လမ်းမှာတွေ့လို့ လိုက် လာတာ တော်သေးတာပေါ့"

မိုးဟိန်းက လက်ရှိကာလအခြေအနေကို ပြောပြလိုက်သည်။ နွေးနွေးက. . .

"ဒါက အဖူးတို့အိမ်လေ၊ အရင်က တို့နေခဲ့တဲ့ အပါးနဲ့ အမိုး တို့အိမ် မရှိတော့ဘူး ပြိုသွားပြီ၊ ခုတော့ ကွဲစားကျက်ဖြစ်နေပြီ၊ ဒီမှာ အဖိုးနဲ့ အဖူးရယ် တို့အတူတူနေကြတယ်၊ အဖူးက သူငယ်ပြန် နေတယ်၊ သိပ်စိတ်ညစ်ဖို့ ကောင်းတာပဲ မိုးဟိန်းရယ်"

"လမ်းမှာ ငုဝါပြောပြလို့ သိရတယ်"

"ငုဝါကို ငုဝါမှန်း ဘယ်လိုသိလဲ"

"သူ့ သူငယ်ချင်းတွေ ခေါ်သံကြားလို့၊ ပြီးတော့. . . "

"ပြီးတော့"

"နင် ငယ်ငယ်ကနဲ့လဲ တူသလိုပဲ"

"ငါ ငယ်ငယ်နဲ့ တူရုံနဲ့တော့ ငုဝါကို မိုးဟိန်းမသိပါဘူး၊ ငုဝါ ကို မိုးဟိန်းတစ်ခါမှ မြင်ဖူးတာမှ မဟုတ်တာ၊ ကြည့်စမ်း. . . တို့ ရန်ကုန်ဘက်ကို ခြေဦးမလှည့်တာ ခုနစ်နှစ်တောင် ရှိသွားပြီ၊ မိုး

www.burmeseclassic.com

www.burmeseclassic.com



ဟိန်းလဲ ကဒုတ်ကို မလာတာ ခုနစ်နှစ်တောင် ရှိသွားပြီနော်၊ တို့ကတော့ တို့အကြောင်းနဲ့တို့ ထားပါတော့၊ နင်က ဘာဖြစ်လို့ ဒါလောက် အဆက်အသွယ်ပြတ်သွားရတာလဲ၊ နင်သိပ်စိတ်မှတ်ကြီးတာပဲ မိုးဟိန်းရယ်၊ နင့်သူငယ်ချင်း အမိုက်မကို ဒီလိုပဲ ပစ်ထားတော့မှာလား"

နွေးနွေးက ပြောရင်းဆိုရင်း မျက်ရည်လည်လာသည်။ နွေးနွေး၏ မျက်လုံးများကို မိုးဟိန်း မကြည့်ရဲပေ။ နွေးနွေးကတော့ မျက်တောင်လေးများ ပုတ်ခတ်လျက် သူ့မျက်ရည်များကို ပြန်သိမ်းဆည်းကာ နံရံဘေးတွင် ထောင်ထားသော သင်ဖြူးကို ကြမ်းပေါ် ဖြန့်ခင်းပြီး. . .

"ကဲ. . . ထိုင်ပါဦး မတ်တတ်ရွာက လာတာကျနေတာပဲ၊ အိမ်ကတော့ မြင်တဲ့အတိုင်းပဲ၊ ကဒုတ်ရွာမှာ အမွဲဆုံး ကံအဆိုးဆုံး အိမ်တစ်အိမ်ပဲ"

မိုးဟိန်းက သင်ဖြူးပေါ် သူ့လွယ်အိတ်ကို ပစ်ချကာ ထိုင်လျက်

"ကဒုတ်ရွာမှာရော၊ မြန်မာပြည်မှာရော၊ တစ်ကမ္ဘာလုံးမှာရော နင့်ထက်မွဲတဲ့လူတွေ တစ်ပုံကြီးပါဟာ နင်ကမှ ကျွဲနှစ်ကောင်ပိုင်သေးတယ်"

"အိုး. . . လယ်သမားပဲ ကျွဲနှစ်ကောင်ပိုင်တာ ဆန်းသလား၊ သူများတွေ ၁၀ ကောင် ၁၅ ကောင်တောင် ပိုင်တာ"

"သာဖဲတို့များ ကျွဲတစ်ကောင်မှ မရှိဘူး၊ သူရင်းငှား လုပ်နေတာပဲ၊ မွဲလိုက်တာ သူ့အိမ်သွားကြည့်ပါဦး"

နွေးနွေးက မိုးဟိန်းအား လှမ်းကြည့်ပြီး မျက်စောင်းတစ်ချက်ထိုးလျက်. . .

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မွဲတာပါ တို့က ထည့်ပြောတာပါဟယ်၊ စကားပြောတာ ကတ်သီးကတ်သတ် အားကြီးနိုင်တယ်"

မိုးဟိန်းအနီးတွင် ခပ်ဆတ်ဆတ်လေး ထိုင်ချလိုက်လေသည်။

ငုဝါသည် မီးဖိုချောင်မှ ဇလုံလေးတစ်ခုနှင့် ထွက်လာကာ ထမင်းပေါ် နနွင်းနှင့် ငရုတ်ဆီဝေ့ဝေ့ ဟင်းရည် ဆမ်းထားသော လယ်ငါးဇင်ရိုင်းငယ်နှစ်ကောင် ထည့်လာပြီး မြိန်ရေရှက်ရေ လူး နယ်စားနေသည်။

"ဦးဦး ဟဲ့. . . ပအော်မေ"

ကရင်ဘာသာစကားနှင့် ခေါ်လိုက်သည်။ မိုးဟိန်းက ပြုံးလျက်

"ဩော်. . . ဩော်"

"ဟင် ဦးဦးလဲ ပြောတတ်တယ်၊ ကရင်လား ဦးဦးက"

"ကရင် မြန်မာ"

"ဘာလဲ"

"အဖေ ကရင်၊ အမေ မြန်မာ"

"အမိုးနဲ့ မတူဘူးပေ့ါ၊ ငုဝါနဲ့ တူတယ်နော် ငုဝါက"

နွေးနွေးသည် ငုဝါ၏ ပါးပေါ်မှ ထမင်းစေ့များကို ဖယ်ပစ်ကာ ငုဝါစကား မဆုံးခင်ပင်. . .

"ထမင်းဝင်အောင်စားလေ သမီး၊ သမီးတို့ အမိုး မုန့်လုံးရေ ပေါ် လုံးထားသေးတယ်၊ ရေနွေးကြမ်းနဲ့ သောက်ရအောင်"

ဘယ်သို့မှပြန်လည် ဆက်စပ်၍ မရနိုင်သော အတိတ် ကန့်လန့် ကာကို အတင်းဆွဲကာပစ်လိုက်လေသည်။ နွေးနွေး၏ နက်မှောင် သော မျက်လုံးတို့သည် ဝေမှိုင်းစပြုလေပြီ။ မိုးဟိန်းသည် နွေးနွေး ပြောသလိုအမှတ်သညာကြီးသူမို့ ဘာကိုမှ မေ့ပျောက်မရနိုင်ဘဲ ရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရင်ထဲမှ လှုပ်ရှားမှုအရှိန်သည် တစ်စတစ်စ မြင့်မားလာသည်။

မိုးဟိန်း၏ အတွေးထဲ၌ မျဉ်းပြိုင်ပမာ သွားနေသောဘဝခရီးလမ်းနှစ်လမ်းကို မြင်ယောင်မိပြန်သည်။

တစ်ဦးက အမြင့်နေရာ၊ တစ်ဦးက အနိမ့်နေရာ၊ နိုင်သူနှင့် ရှုံးသူ ဘုံအမြင့်တွင် စံစားနေရသူနှင့် တင်းကုပ်ကြားဝယ် မဝရေစာစားနေရသူ၊ ထို့နောက် တစ်ဦးက လူနည်းစု တစ်ဦးက လူများစု။

မိုးဟိန်းသည် နွေးနွေး၏ လှပဝင်းဝါသော မျက်နှာလေးကို ဖျတ်ခနဲကြည့်ပြီး ရုရှားစာရေးဆရာတစ်ဦး ရေးပြီး မြန်မာဘာသာပြန် ဝတ္ထုတစ်ခုထဲမှ စကားလုံးများကို အမှတ်ရနေသည်။

"လူမတန် ကံချမလုပ်ပါနဲ့ဗျာ၊ ကျုပ်တို့ ဒုက္ခဖြစ်ကြရတာဟာ ကံမကောင်းလို့ချည်း မဟုတ်ပါဘူး၊ လူတွေ မကောင်းလို့ ဖြစ်ရတာပါ၊ ကမ္ဘာပေါ်မှာ လူ့ထက် ရက်စက်တာ မရှိပါဘူး၊ ဝံပုလွေဟာ ဝံပုလွေအသားကို မစားပေမယ့် လူဆိုတာကတော့ လူသားကို စားချင်စားမှာဗျ"

"မင်းပြောတာ ဟုတ်သေးပါဘူးကွယ် ငါ့လူရယ်. . . ဝံပုလွေဆိုတဲ့ တိရစ္ဆာန်မျိုးသာ သူတို့အချင်းချင်း သတ်ဖြတ်စားသောက်ကြတာပါ"

"ကျုပ်တော့ ကျုပ်စိတ်ထဲမှာ ရှိတာ ပြောချလိုက်တာပဲ၊ ခင်ဗျား ဘယ်လိုပြောပြော လူ့ထက်ရက်စက်တာ လောကမှာ မရှိပါဘူး၊ လူတွေဟာ လောဘဇော ကြွပြီး သောင်းကျန်းကြလွန်းလို့သာ ကျုပ်တို့ ဒီလောကထဲမှာ နေစရာထိုင်စရာမရှိ ဖြစ်နေတာပဲ၊ လူတိုင်းလူတိုင်းဟာ တစ်ဦးအပေါ်တစ်ဦး အနိုင်ကျင့်ပြီး ခွတုတ်နေကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးပြည်ဖုံးကားချလိုက်သော လိုက်ကာ ကားလိပ်ကို မိုးဟိန်းသည် အတွေးနှင့်ပင် အတင်းဆွဲတင်လိုက်သည်။ ခပေါင်းစီးကရက်ကို မီးညှိကာ တအားရှိုက်ဖွာလိုက်ရင်း တွန့်လိမ်လွင့်ပျံတက်သွားသော မီးခိုးမျှင်နှင့်အတူ အတွေးခရီးနယ်ကို ဆန့်ထုတ်လိုက်လေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

မိုးဟိန်းသည် ရယ်မောသံများကြားမှ ပြေးထွက်လာရလေသည်။

လူစုလူဝေးထဲက ပြေးခဲ့ခြင်းလည်း ဖြစ်သည်။ သင်းသင်း ပျံ့လှိုင်နေသော ဂိုယာ ယာ့ဒ်လေပေါင်ဒါရနံ့၊ ရက်ဗလွန် မက်စ်ဖက်တာ နှုတ်ခမ်းဆိုးဆေး ရနံ့၊ ရှာနယ်လ် ငါး ရေမွှေးရနံ့တို့နှင့် ငါးသုံးလုံး စီးကရက်ရနံ့တို့ကို တိုက်အိမ်ကြီးထဲတွင် ကျန်ရစ်ခဲ့စေချင်သည်။

သို့သော် ရနံ့တို့မှာ ထုံကြိုင်လျက် အနံ့စွဲနေသည်။ တိုယိုတာ၊ ဗောက်စ်ဝက်ဂွန်း၊ ဖီးယက်၊ ဖယ်မလီယာ၊ မာဇဒါ၊ လင်ရိုဗာကားတို့ကြားထဲမှ ကွေ့ပတ်ပြေးထွက်လာခဲ့သည်။ လမ်းဘက်သို့ တော်တော်နှင့် မရောက်နိုင်။ ခြံဝက မီးလုံးဖြူကြီးများသည် အလှမ်းအကွာတွင် ရှိနေဆဲပင်။

အားကောင်းသော မီးအရောင်နှင့် ပြာလင်းနေသော မာစီဒီးကားကြီးတစ်စီး ရှေ့တူရူမှ မောင်းလာလည်း မရှောင်ဖြစ်။ ကား၏ ပြင်းထန်သော ဘရိတ်အုပ်သံနှင့်အတူ ကားမောင်းသူ၏ ကြမ်းတမ်းသော ဆဲရေးသံသည် ပက်စက်စွာ ထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးဟိန်း"

"မိုးဟိန်း"

စိုးရိမ်သော မိန်းမသံကြည်ကြည်လေးမှာ ထက်ကြပ်လိုက်ပါလာလေသည်။ နွေးနွေးသည် မိုးဟိန်း၏ လက်မောင်းအိုးကို ညင်သာစွာ လှမ်းဆွဲကိုင်လိုက်လေသည်။

"နင် စိတ်ဆိုးမယ်မှန်း မသိလို့ တို့ပါ ဝိုင်းနောက်မိတာပါဟာ"

"ဩော. . . စိတ်ဆိုးမယ်မှန်းမသိလို့တဲ့ ဟုတ်လား"

မိုးဟိန်းသည် နွေးနွေး ဆွဲကိုင်ထားသောလက်ကို အတင်းဆွဲရုန်းလိုက်သည်။ နွေးနွေးက တောင်းပန်သလို. . .

"တကယ်ပါဟယ်"

"စိတ်ထင်တိုင်း နောက်ချင်တိုင်း နောက်နေကြတာ လူ တစ်ဖက်သား စိတ်ကို ဘယ်လောက်ထိခိုက်မယ်ဆိုတာ မတွေးမိဘူးလား၊ ပြီးတော့ နင်တို့ဥစ္စာ နောက်တာလဲ မဟုတ်ပါဘူး၊ သက်သက်နိုင့်ထက်စီးနင်းတွေ ပြောနေ လုပ်နေသလိုပဲ၊ ငါတို့ဟာ လူပါ နွေးနွေး၊ တို့ လူဆိုတာလဲ သတိရကြဦးမှပေါ့"

"တို့ တောင်းပန်ပါတယ်ဟယ်"

"ဒီကိစ္စက နင်တစ်ယောက်တည်း တောင်းပန်လို့ရတာ မဟုတ်ဘူး။ ပြီးတော့ နင့်ကိုလဲ ငါစိတ်ဆိုးစရာမဟုတ်ပါဘူး"

"ဆရာ့ကိုယ်စားလဲ ငါ တောင်းပန်ပါတယ်"

"ဩော. . . ဆရာနဲ့ နင်နဲ့ ဘာတော်လဲ"

မိုးဟိန်းက နွေးနွေးမျက်နှာကို စိမ်းစိမ်းစားစားကြည့်ကာ စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ. . .

"သွားစမ်းပါဟာ"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကလည်း တိုနေသည်။ နွေးနွေးထံမှ မျက်နှာကို လွှဲပစ်လိုက်လေသည်။ နွေးနွေးက သူ့အပါးမှ မခွာသေး။

"သူတို့ဟာ တို့အမျိုးလဲ တော်တာပဲဟာ၊ နင်နဲ့ငါနဲ့ကမှ အမျိုးမတော်ဘူးဆိုလဲ ရတယ်၊ နင်နဲ့ သူတို့နဲ့ ညီအစ်ကို နှစ်ဝမ်းကွဲတော်သလို တို့နဲ့ သူတို့လဲ တော်တာပဲ"

"အေး. . . ဒါပေမယ့် နင်သိထားဖို့က သူတို့အဖို့ တို့ဟာ အမျိုးမတော်ဘူး၊ နင့်လို သာမန်သူနာပြုနဲ့ ငါ့လို ဆယ်တန်း (ဘီ)နဲ့ နှစ်ခါအောင်ထားတဲ့ ကောင်ဟာ သူတို့ အမျိုးတော်စရာမဟုတ်ဘူး၊ စုမြတ်နန္ဒာလို မိန်းကလေးသာ သူတို့ကြံဖန်ဆွေမျိုးစပ်နေတာ နင်မကြားဘူးလား၊ ငါလဲ ဘယ်သူ့ကိုမှ ဆွေမျိုးမစပ်ချင်ဘူး၊ ခင်ရာဆွေမျိုးပဲ၊ ခု နေစရာမရှိလို့ ငါဒီမှာ နေနေတာ၊ ငါ့မှာ ပြေးစရာမြေမရှိလို့"

သည်တုန်းက မိုးဟိန်းက ငယ်သေးသည်မို့ စိတ်လှုပ်ရှားထိခိုက်လွယ်သည်။ ဝမ်းလည်း နည်းလွယ်သည်။ စိတ်အားလည်းလျှော့နေတတ်သည်။ အထက်တန်းကျသည်ဟု နေရာယူထားသော ခေတ်ပညာတတ်တို့အလယ်တွင် သိမ်နေတာ အမှန်ပင်။

တကယ်တော့ စေ့စေ့တွေးကြည့်လျှင် ခေတ်ပညာတတ် ဆိုတာ ဆန်းလှသည်မဟုတ်။ ခေတ်ပညာတတ်မျိုးရိုးမှ ပေါက်ဖွားလျှင် ခေတ်ပညာတတ်ဖြစ်သလို ပိုက်ဆံရှိလျှင်၊ ဂုဏ်ရှိလျှင်၊ ရာထူးရှိလျှင် ခေတ်ပညာများ၊ ပညာထူးချွန်သည်ဟု ဆိုရသူများကို ဖန်ဆင်းနိုင်သည်ပင်။ အရှင်မွေးတော့ နေ့ချင်းညချင်း ဆိုသလို နတ်ရေကန်ထဲ ချသလို ရှင်သန်ကြီးထွားလာတာ ဆန်းသည်လား။

အနည်းငယ်သော သားသမီးသာ စုန်းပြူးပမာ ပညာရေး

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျချင် ကျခဲ့သည်။ သိပ်ကြိုးစား၍ အောက်ခြေမှ လှေကား ထောင်၍ တက်လာသူလည်း ရှိသင့်သလောက် ရှိမည်။

သည်လို လူ့အသိုက်အဝန်းကတော့ ခေတ်ပညာတတ်ကို အဓိပ္ပာယ်ဖော်နိုင်စွမ်း ရှိတာ အမှန်ပင်။ အတွင်းဝန်သားသည် အတွင်းဝန်သား ဖြစ်မည်ပင်။ ရုံးလုလင်၏သား အတွင်းဝန်ဖြစ် လာသည် ဆိုတာကတော့ ဖြစ်တောင့်ဖြစ်ခဲ့သော ဒုလ္လဘတရားပါ ပေ။ မနာလို မရှုဆိတ်စရာ မရှိပါ။

သို့သော် မိုးဟိန်း မခံနိုင်သည်က လောကတွင် လွှမ်းမိုးကြီးစိုး နေသော လောဘတရား၊ မောဟတရားနှင့် စပ်လျဉ်း၍ မတရားမှု များ၊ တင်စီးမှုများ၊ အနိုင်ကျင့်မှုများ။

လောကကို စိတ်နာသည်။ လူ့ဘဝဆိုသည်ကလည်း မကျေနပ် ဖွယ်ရာများ၊ ပဋိပက္ခ အတိုက်အခံများနှင့် ပြည့်နှက်နေရုံမက မမြင့် မြတ်သော၊ သေးဖွဲ ယုတ်ညံ့သော၊ သိမ်ဖျင်းသော အရာတွေနှင့်ရော ပြွမ်းနေပါလား။ နေချင်စဖွယ်အရပ်မှ ဟုတ်ပါလေစဟု သံသယ ပွားမိသည်။

၀

www.burmeseclassic.com

# အခန်း (၆)

စင်စစ်တော့ ထိုနေ့က တကယ့်ပျော်ပွဲရွှင်ပွဲကြီးပါ။ ဒီလိုဖြစ်ဖို့ မကောင်းပါဘူးဟု စဉ်းစားမိသေးသည်။

မင်္ဂလာအရှိဆုံး နေ့တစ်နေ့ဟု မိုးဟိန်းတို့ ဦးလေးတော်တဲ့ အန်ကယ် ဦးမြင့်စံက ကြွေးကြော်လေသည်။ အန်တီကြူက အိမ်တွင် ညနေ့ခံပါတီတစ်ခု လုပ်သည်။ ညနေပွဲဆိုတော့ အစိုညစာပေါ့။ ဒံပေါက်ကို အော်ဒါမှာသည်။

အဆင့်မြင့်မြင့်နှင့် ဆေးဘက်နောက်ဆုံးနှစ် အောင်သွားသော ပူပူနွေးနွေး ဒေါက်တာကောင်းမော်စံအတွက်သော်လည်းကောင်း၊ ဆယ်တန်းကို ဂုဏ်ထူး ငါးဘာသာနှင့် အောင်သော သမီးအငယ်ဆုံး တင်လတ်စံအတွက်သော်လည်းကောင်း ဂုဏ်ပြုသောပွဲမို့ မိဘတွေက အစွမ်းကုန်စီမံပေးသော ပွဲဆိုတာ ဆိုစရာမရှိပြီ။

ရေဒီယိုဂရမ်မှ 'သကြားချိုချို' တေးသီချင်းသည် ဝေဝေဆာဆာနှင့် ပျံ့လွင့်လာသည်။ ကြွရောက်လာသော မင်းပရိသတ် လူကြီးများကား အဖျော်ယမကာနှင့် မှိန်းနေကြပြီး လူငယ်များသည် 'ဂိုဂို' အကနှင့် လှုပ်ရှားမြူးကြွနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပျားရည်ပမာ ချိုလှတဲ့ သကြားချို
မင်းဟာ ငါ့သကြားခဲမလေး
ငါက လိုချင်တယ်ဆိုတော့ မင်း ငါ့ကို ပိုင်ပြီပေါ့။

အရက်ဖန်ခွက်တချို့သည် အတိုက်ခံရသဖြင့် စားပွဲပေါ် လဲကုန်ကြသည်။

ယမကာနှင့် မြည်းစရာ ဝက်အူချောင်းကြော်နှင့် အာလူးကြော်တို့သည် ပန်းကန်ထဲမှ လွင့်စဉ်ခုန်ပျံကာ ကြမ်းပေါ်သို့ ကစဉ့်ကလျား ကျကုန်ကြသည်။

ပလတ်စတစ် ပန်းနုရောင်၊ အပြာရင့်ရောင် ပန်းအခိုင်လိုက် ဆွဲချိတ်ထားသော မီးပွင့်များမှာ လင်းပွင့်ဆဲဖြစ်သည်။ ပြာမှိန်မှိန်နှင့် နံရံကပ်မီးတိုင်အားကတော့ ထုံးစံအတိုင်း ဖျော့တော့ အားနည်းနေသည်။

မှန်ပြတင်းပေါက်ကြီးများမှ ဇာခန်းဆီး လိုက်ကာတို့သည် လေအလာတွင် ဖောင်းကြွနေကြသည်။ အဝါနုရောင်ဖျော့ဖျော့ ခန်းဆီးစသည် အစိမ်းနုပြေပြေအုတ်နံရံနှင့် လိုက်ဖက်လှသည်။

နွေးနွေး၊ စောထူးနှင့် မိုးဟိန်းတို့သည် အဖျော်ယမကာများ၊ စားစရာများ တည်ခင်းရင်း အလုပ်ရှုပ်နေကြသည်။ အက ကပြီး မောလို့ တစ်အောင့်မျှ နားကြသူတွေကို မိုးဟိန်းသည် ငွေလင်ပန်းထဲတွင် ဒူးယား စီးကရက်များ ထည့်ကာ လိုက်လံတည်ခင်းလေသည်။

ကောင်းမော်စံသည် စုမြတ်နန္ဒာနှင့်အတူ ထိုင်လျက် စီးကရက် မှိန်းနေသည်။ ချွေးများကို လက်ကိုင်ပဝါနှင့် ထုတ်သုတ်ကာ. . .

“နွေးနွေးရေ. . . လာပါဦး” ဟု ခေါ်ပြီး မိတ်ဆက်ပေးသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နွေးနွေးက သိပ်ချောတာပဲကွယ်"

စုမြတ်နန္ဒာက ချီးမွမ်းသေးသည်။ ထို့နောက် ကောင်းမော်စံ အနားမှ အပျိုမလေးတစ်ယောက်က

"အစ်ကိုနဲ့ မောင်နှမ ဘယ်နှဝမ်းကွဲလဲ" ဟု စပ်စုရင်း ပြုံးစုသလို ကြည့်သေးသည်။

"ဟို. . . နွေးနွေး ဖေဖေရဲ့ မိန်းမရဲ့ ယောင်းမနဲ့ ကိုတို့အဖေရဲ့ တူမရဲ့ ယောက်ျားရဲ့ ခယ်မက ညီအစ်မ"

ကောင်းမော်စံက နောက်ပြောင်သဖြင့် အားလုံးက တသောသော ရယ်မောကြသည်။ ကောင်မလေးက ရှက်ရှက်နှင့်ရယ်ပြီး ကောင်းမော်စံရဲ့ ပေါင်ကို လှမ်းပုတ်လျက်. . .

"အစ်ကိုကလဲ. . . ညီမက အကောင်းမေးနေတာကို"

နှုတ်ခမ်းစူနေသည်။

မိုးဟိန်းအနားရောက်လာတော့ စုမြတ်နန္ဒာက. . .

သူကရော. . . ယူ့ကာဆင်လား"

"ဆိုပါတော့"

ကောင်းမော်စံက မတင်မကျ ဖြေသည်။

"ယူတို့အမျိုးတွေက အလှချည်းပဲ"

"ဒီလိုပဲ ဖြစ်ရမယ်လေ"

"အားလုံးထဲမှာ အစ်ကိုက အချောဆုံး"

စောစောက ကောင်မလေးက ပြောလိုက်သည်။ စုမြတ်နန္ဒာက "ဟုတ်တယ်" ဟု ထောက်ခံသည်။ တကယ်လည်း ကောင်းမော်စံသည် ယောက်ျားချင်းပင် ငေးကြည့်ရလောက်အောင် လှလေသည်။ မိုးဟိန်းလို အသားမညို၊ မိန်းမလှတို့ အသားအရေ ပမာဝါဝင်း ချောမွတ်နေသည်။ မိုးဟိန်းလောက် မမြင့်ပေမင့် သူ့

www.burmeseclassic.com

www.burmeseclassic.com



အလုံးအဖန်နှင့် သူ အနေတော် ဖြစ်သည်။ ရုပ်လှသလောက် အပြောလည်း ချိုသည်။

ဘယ်လိုစကားစပ်မိကြသည် မသိ။ ဘယ်သူက မေးလိုက်သော မေးခွန်းကြောင့်လဲ မသိ။

"နွေးနွေးက ဟိုတစ်နှစ်က ၁၀ တန်းအောင်ပြီး နာ့စ်ထရိန်နင် ဆင်းခဲ့ပြီး ဒီနှစ်ပဲ အလုပ်ဝင်တယ်"

"ဟင်. . . နာ့စ် လား"

စုမြတ်နန္ဒာက မသိမသာ မျက်မှောင်တွန့်လိုက်သည်။ ကောင်းမော်စံက တစ်ဖန် မိုးဟိန်းဘက် လှည့်ရင်း. . .

"သူကတော့ ဘီနှစ်လုံး ဂုဏ်ထူးပိုင်ရှင်"

"ဘယ်လို. . ."

စုမြတ်နန္ဒာက မေးပြီးမှ အဓိပ္ပာယ်ပေါက်ကာ ရယ်မလို မျက်နှာထားကို လက်ကိုင်ပဝါနှင့် ဖုံးကွယ်လိုက်လေသည်။

"နောက်နှစ် ဆက်ဖြေမှာလား"

စုမြတ်နန္ဒာဘေးမှ ကောင်မလေးက မေးလိုက်လေသည်။ မိုးဟိန်းက နှုတ်ခမ်းကို တင်းတင်းစေ့ကာ မဖြေဖြစ်တော့။ ငွေလင်ပန်းကို စားပွဲငယ်ပေါ်တင်ကာ ထွက်ခွာသွားဟန်ပြင်သည်။

"ဖြေမှာပေါ့။ မိုးဟိန်းဆိုတာ ဇွဲကောင်းရမှာပေါ့၊ တစ်မိုးလုံး ဟိန်းနေတာပဲဟာ"

နွေးနွေးက အမှုမဲ့ပင် ပျော်သလိုလို ဝင်နောက်သည်။

"နောက်နှစ် မအောင်တော့လဲ ဘီသုံးလုံး မိုးဟိန်းပေါ့ကွာ"

မိုးဟိန်း၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားသည်။ ဖန်ခွက်များနှင့် ပုလင်းခွံများကို သိမ်းနေသော စောထူးက မိုးဟိန်းအား လှမ်းကြည့်လိုက်သည်။ မိုးဟိန်းသည် ကောင်းမော်စံတို့ဘက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်လာသည်။ ကောင်းမော်စံ၏ မျက်နှာကို စေ့စေ့ကြည့်ကာ. . .

"နေ့ကျူရှင် ညကျူရှင်တွေတက်၊ ကားနဲ့ ဆရာတွေ အိမ်ပင့်သင်ရတဲ့ကောင်မှ မဟုတ်တာဗျာ၊ ဘီသုံးလုံးဖြစ်ချင်လဲ ဖြစ်မယ်၊ ဘီငါးလုံး ဖြစ်ချင်လဲဖြစ်မယ်၊ ၁၀ လုံးဖြစ်ချင်လဲ ဖြစ်မယ်၊ ဒါ မဆန်းပါဘူး၊ ကျုပ်ကတော့ သေတဲ့အထိ စာမေးပွဲဖြေသွားမှာပဲ"

"ကျူရှင်ပေးတိုင်းလဲ တော်တာမဟုတ်ပါဘူး ငါ့ညီရာ၊ သူ တော်တဲ့လူက တော်ကိုတော်လာတာ"

"ဒါ ရှားပါတယ် ကိုကောင်းမော်၊ တော်တဲ့လူရှိတယ်ဆိုတာ လဲ ဟုတ်ချင်ဟုတ်မယ်၊ ဒါပေမဲ့ ကျူရှင်တန်ခိုးနဲ့ ဂုဏ်ထူးတွေ ဝလုံးလို နှစ်ဆတိုးတာတော့ ကျုပ်တို့ မျက်မြင်ပဲ"

"မင်းက ကျူရှင်မယူနိုင်လို့ ဘီနှစ်ဆတိုးတာလို့ ပြောချင်တာ လား"

ကောင်းမော်၏ စကားကို ပြတ်လုံးသဖွယ် သဘောကျကာ တအုံးအုံး ရယ်မောကြလေသည်။

မိုးဟိန်းက ဒေါသသာ ထွက်လျက် ပြန်မချေပတတ်သဖြင့် ချာခနဲ လှည့်ထွက်ပြီး စန္ဒရားခုံပေါ် တင်ထားသော ဖန်ခွက်နှစ်လုံးကို လက်နှင့် ပုတ်ထုတ်ပစ်လိုက်လေသည်။ ဖန်ခွက်လေးများသည် ကြမ်းပြင်ပေါ်သို့ ကျကွဲသွားလေသည်။ တင်လတ်စံက ဖန်ခွက်ကွဲများရှိရာသို့ ကပျာကယာ ထလာရင်း. . .

"ဟယ်. . . ဒက်ဒီ ဂျာမနီက ယူလာတဲ့ ဖန်ခွက်လေးတွေ ဘယ်လို လုပ်လိုက်တာလဲ မိုးဟိန်း"

စိတ်ဆိုးမာန်ဆိုး အော်ဟစ်မေးလိုက်လေသည်။

"ရှူး. . . သမီး ဟိုမှာ ဧည့်သည်တွေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်စံက တင်လတ်စံအား လှမ်းသတိပေးလိုက်လေသည်။

ဒေါ်ကြူနှင့် ကောင်းမော်တို့က မိုးဟိန်းရှိရာသို့ လှမ်းကြည့်လိုက်ကြပြီး ဒေါ်ကြူက. . .

"ဘယ်လိုဖြစ်တာလဲဟေ့" ဟု ခပ်ထန်ထန် မေးလိုက်လေသည်။

"တရားသဖြင့် ဟုတ်မဟုတ် စဉ်းစားကြည့်ပေါ့ အန်တီ၊ မနေ့ကလဲ ကျွန်တော့်ကို ဂုဏ်ထူးနှစ်ခုနဲ့ အောင်တယ်လို့ နောက်စရာမဟုတ်ဘဲ နောက်ခဲ့ကြတယ်၊ အဟုတ်အောက်မေ့ပြီး မဟုတ်တဲ့အခါကျတော့ ဘယ်လောက် စိတ်ဆင်းရဲရသလဲ၊ ကျွန်တော့်ရင်ထဲ ဘယ့်နှယ်နေမလဲဆိုတာ စဉ်းစားကြည့်ပေါ့၊ ခင်ဗျားတို့မှာကိုယ်ချင်းစာတရား မရှိတော့ဘူးလား၊ ဒီနေ့ ခင်ဗျားတို့ ဒီတွေတစ်ပုံကြီးရလို့ အောင်ပွဲခံကြတယ်၊ ကျွန်တော်က အရှုံးဘက်ကပဲ၊ စာမေးပွဲမှာ ငိုတဲ့လူရှေ့မှာ ရယ်ရမယ့် လူက မရယ်ရက်လို့မရယ်ကြဘူး၊ ခုတော့. . . "

ပြုန်းဆို မိုးဟိန်းသည် ပြေးထွက်လာခဲ့သည်။

"ဟဲ့. . . ဘယ်လဲ" ဟု ဒေါ်ကြူက မေးပြီး "လိုက်ကြစမ်းပါဦး ဒီကောင်လေးနောက်ကို၊ နွေးနွေးတို့ စောထူးတို့ လိုက်ကြစမ်း၊ ဘာများ လုပ်မလဲလို့ မသိဘူး"

အသံသာ ကြားလိုက်ရသည်။ မိုးဟိန်း၏ မျက်စိတွေ ပြာဝေနေသည်။ ဘာကိုမှ မမြင်တော့ ခြေဦးတည့်ရာသို့ စွတ်ပြေး၍သာလာမိသည်။ ရင်ထဲ၌ ဒေါသတွေ မခံချင်စိတ်တွေက ဆူဝေနေခဲ့သည်။ တော်တော်နှင့် စိတ်က မပြေ။

"တော်ရုံတန်ရုံများ ခွင့်လွှတ်လိုက်ပါဟယ်"

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးက ဖျောင်းဖျသလို ပြောလိုက်လည်း စိတ်ထဲ၌ စနောင့်စနင်း ဖြစ်နေမြဲပင်။ မိုးဟိန်းသည် ပျဉ်းမပင်စည်ကို ပက်ကျိတစ်ကောင်ပမာ မှီလျက် ပေကတ်ကတ်နှင့် ရပ်နေသည်။ လက်ထဲမှ ဓားမြှောင်နှင့် ပျဉ်းမပင်စည်ကို ထိုးဆွရင်း. . .

"ခွင့်လွှတ်ရမယ်၊ ဟာ. . . နွေးနွေး ဘယ်လိုဟာမျိုးကို ခွင့်လွှတ်ရမယ်လို့ နင် ယူဆနေသလဲ"

"ဩော်. . . ခုကိစ္စကိုပေါ့ဟာ"

သူ့ခေါင်းကို ယမ်းခါလိုက်သည်။

"ခွင့်မလွှတ်ဘူး"

"နင်က ခက်ကို ခက်ပါတယ် မိုးဟိန်းရာ"

"အန်ကယ်မြင့်စံတို့ အန်တီကြူတို့ ကောင်းမော်တို့လို လူတွေဟာ တို့ခွင့်လွှတ်စရာ အမျိုးအစား မဟုတ်ဘူး၊ သိထားဖို့က ဒါလောက် အပေါ်စီးနေရာက ရနေတဲ့လူတွေကို ခွင့်လွှတ်ရမယ်ဆိုတာကော ပြောသင့်လို့လား နွေးနွေး၊ သွားစမ်းပါဟာ"

နွေးနွေးနှင့် သူနှင့် အယူအဆချင်း မတူသဖြင့် ဝမ်းနည်းမိသေးသည်။ သို့ကြောင့် မိုးဟိန်းသည် သူ့ရင်ထဲတွင်ပင် ပြောစရာစကားတွေကို ဆက်၍ သိမ်းဆည်းထားလိုက်လေသည်။

"လူမှာ လူနဲ့တူတဲ့ သိက္ခာရှိတယ်၊ လူ့မာနရှိတယ်၊ လူမှာ သတ္တိရှိတယ်၊ မှန်တာတွေကို သိရမြင်ရတဲ့ အသိဉာဏ်လဲ ရှိတယ်၊ သူ့ကို နှိမ်ထားတဲ့ ခေါင်းကို ပြန်မတ်ချင်တဲ့စိတ်လဲ ရှိတယ်၊ သခင်လို သဘောထားသူအပေါ် ကျိုးနွံတတ်ကြတဲ့ စောထူးအပေါ်ရော နွေးနွေးကိုရော ပြောချင်လှတယ်၊ ဂေါ်ကီရေးတဲ့ အမေဆိုတဲ့ဝတ္ထုထဲမှာ. . .

www.burmeseclassic.com

www.burmeseclassic.com



အမေ့သားတို့ကို ဖျက်ဆီးနေတာ ဒီ ကြောက်စိတ်ပဲ၊ သားတို့ အမေတို့ ကြောက်ကြတာကို အခွင့်ကောင်းယူပြီး ကျွန်တော်တို့အပေါ်မှာ သခင်လုပ်နေကြတဲ့ လူတွေက ကျွန်တော်တို့အပေါ်မှာ အနိုင်ကျင့်ချင်တိုင်း ကျင့်ပြီး ဗိုလ်အကျကြီး ကျနေကြတာပေါ့တဲ့။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

အန်ကယ့်ရာထူးကို ဘယ်လိုခေါ်ရမည် မသိပါ။

ဆည်မြောင်းဆိုလား၊ တူးမြောင်းဆိုလား၊ လမ်းပန်း ဆက်သွယ်ရေး ဆိုလား၊ ခရီးတွေလည်း မကြာခဏ ထွက်ရသည်။ အစည်းအဝေးတွေလည်း ထိုင်ရသည်။ အလုပ်အလွန်များလှသည်တဲ့။

သူ့လက်အောက်မှ အင်ဂျင်နီယာများ၊ အလုပ်သမားများ၊ ကန်ထရိုက်တာများ အိမ်ကို မကြာခဏ လာကြသည်။ ကိုယ်ပိုင်အချိန်ပင် မရှိဘူးဟု ညည်းညူသံ ကြားရသည်။

အလုပ်ကတော့ ကြိုးစားပုံရသည်။ အန်တီကြူနှင့် အကြောင်းပါပြီး ရန်ကုန်တွင် နေလာရသည်။ အန်ကယ် တော်ကြောင်း၊ အလုပ်လုပ်ကြောင်း၊ အန်တီကြူက အထက်လူတွေကို ပြောပေးမှသိရသည်တဲ့။ ဗေဒင်ဆရာတွေလည်း အန်တီ မကြာခဏ တိုင်ပင်သည်။ အိမ်သို့ ပင့်သည်။

ဇာတာအလိုအရ အန်တီကြူ ရာဇယုဂ်ဆိုလား ခနေယုဂ် ဆိုလား အဲဒါတွေနှင့် ဖွားသည်။ ဥစ် ဘယ်နှစ်ချပ် ရသည်ဆိုလား။ စောထူးကတော့ 'အုတ်' မှတ်ပြီး၊ ဒါကြောင့် အန်ကယ်မြင့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အန်တီကြူ တိုက်ဆောက်နိုင်တာပဲ။ ကားဂိုဒေါင်နှင့် အစေခံ တန်းလျားတောင် အုတ်စီနိုင်တဲ့သူတွေပဲ။ နေ့ချင်းပင် ခြံထဲတွင် အုတ်တိုက်လှလှလေးတွေ တန်းစီလာကြသည်။

စောထူးဆို၍ စောထူးကို အထူးအမှတ်ရလာသည်။ စောထူးသည်လည်း ကဒုတ်ရွာသား နွေးနွေးတို့ မိုးဟိန်းတို့နှင့် ကျောင်းနေဘက် သူငယ်ချင်းပင်။ သူက အစောဆုံး အန်ကယ်တို့၏ 'ပဒေသာရိပ်မြုံ' သို့ ရောက်လာသူဖြစ်သည်။ သူက အမျိုးမတော်သဖြင့် ပို၍ ထုသားပေသားရသည်။ ဒုံးပေကတ်သတ်နှင့် ခိုင်းသည့်ကျွန်၊ စေသည့်နွား။ မိဘဘိုးဘွား လက်ထက်ကတည်းက အန်ကယ်တို့အဖူးတို့ အပါးတို့လယ်မှာ အစဉ်အဆက် စာရင်းငှား မိသားစုများလည်း ဖြစ်ကြသည်။

ထိုစဉ်က အလယ်တန်းကျောင်းသားဖြစ်သေးသော စောထူးမှာ ငါးတန်းအထိသာ ပညာသင်ဖူးသည်။ ယခုလည်း အထက်တန်း ကျောင်း ဖြစ်တာ မကြာသေး။ ကိုယ်ထူကိုယ်ထစနစ်နှင့် ဆရာတွေမိဘတွေ ရွာသားတွေ ပေါင်းပြီး စ,တည်ထောင်ခါစပဲရှိသေးသည်။

စောထူးကတော့ သူ ငါးတန်းကျောင်းသားဖြစ်ခဲ့တာ ဝမ်းမနည်းလှပေ။

"ရှစ်တန်းကို သိပ္ပံနဲ့ မအောင်လို့လဲ မျက်နှာငယ်စရာ မရှိဘူး၊ ဆယ်တန်း ဘီနဲ့ အောင်လို့ ဘယ်သူမှလဲ ကဲ့ရဲ့စရာ မရှိတော့ဘူးပေါ့၊ ဒီတော့ စိတ်ဆင်းရဲပြီး မျက်ရည်ကျစရာ မလိုတော့ဘူး၊ နောက်ဆုံးတော့ ထမင်းတစ်လုတ်တော့ စားရတာပဲ၊ ဘာနဲ့ပဲ စားရ စားရ ဝမ်းဝအောင် စားရဖို့သာ အရေးကြီးတာ၊ နပ်မှန်အောင် စားရဖို့သာ အရေးကြီးတာ"

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရတာတော့ ပင်ပန်းလှသည်။ ရုံးချိန်တွင် ရုံးကားလည်း မောင်းရသည်။ အိမ်မှာလည်း မောင်းရသည်။ တလောက ဆီးရောဂါပင်ရ၍ ဆေးရုံတက်ရသေးသည်။ အသက် ၁၈ နှစ်သားကတည်းက မောင်းလာခဲ့ရတဲ့ကား ယခု အသက် ၂၈ နှစ်ရှိပြီ။ ၁၀ နှစ်တောင် ကြာခဲ့ပြီပဲ။

မိုးဟိန်း အိမ်ရောက်လာတော့ မိုးဟိန်းက ကူမောင်းပေးသဖြင့် သက်သာရာသက်သာကြောင်း ဖြစ်လို့ တော်ပါသေးသည်။

နောက် ရောက်လာသူက နွေးနွေး။ သူက အစက အင်းစိန်ရွာမမှာ အဒေါ်အိမ်တွင်နေကာ ကျောင်းတက်သည်။ အဒေါ်အိမ်မှာပဲ ၁၀ တန်းအောင်ခဲ့သည်။ သူနာပြုသင်တန်း တက်မည် စီစဉ်ဆဲ အဒေါ် ရုတ်တရက်ကွယ်လွန်သွားသဖြင့် အန်ကယ်တို့အမျိုးတွေက 'ပဒေသာ' အိမ်သို့ လာပို့ကြသည်။ အလုပ် မလုပ်ရရင် မနေနိုင်သော နွေးနွေးသည် ဒီတိုက်စိမ်းကြီးတွင် အခြွေအရံတစ်ဦးအဖြစ် ခန့်ထားခြင်းခံရပြန်သည်။ ဝိုင်းလုပ်ဝိုင်းစားပေါ့။

နောက်ဆုံး ရောက်လာသူကား မိုးဟိန်း။ ဒီကောင်လေးမှာ ဖအေ မရှိတော့။ မောင်နှမသားချင်းများလည်း မရှိ။ သူ့အပါး (အဖေ)က တောင်သူလယ်သမားဘဝ ဆင်းရဲလှသည်ဟု အထက်တန်းပညာ သင်ကြားစေသည်။ အနည်းဆုံး ကျောင်းဆရာလေးတစ်ယောက်ဖြစ်လျှင် သက်သက်သာသာ အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဟု မိဘတို့ ထားမြဲသော စေတနာနှင့် ကလေး၏ ဘဝကြမ္မာကို ဖန်တီးသည်။

တောင်သူလယ်သမားဘဝ အဘယ်မျှ နိမ့်ကျလှသည်ကို စောထူး အသိဆုံးပင်။ ပညာသင်ခွင့်ရသည့်တိုင်အောင်ပင် စောထူးရော၊ မိုးဟိန်းရော၊ နွေးနွေးရော လေးတန်းတုန်းက စာမေးပွဲ ကျ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သုံးယောက်စလုံး စာတော်လျက် ကျကြရသဖြင့် ဆရာတွေ ဆရာမတွေက စိတ်မကောင်း။

စာမေးပွဲနီးလာသည့်အချိန်နှင့် စပါးမှည့်ချိန် အံကိုက်ပင်။ မိုးမလင်းခင်ကပင် စာခြောက်ရန် လယ်ထဲ ဆင်းကြရသည်။ ရွာထဲ အလုပ်မလုပ်နိုင်သော အဘွားအို အဘိုးအိုနှင့် ပုခက်တွင်း ကလေးငယ်တွေပဲ ရွာထဲ ကျန်ရစ်သည်။

ကွင်းလယ်တွေတွင် စိုက်ထားသော စပါးသီးနှံတို့သည် တပို့တွဲ တပေါင်းတို့အချိန်တွင် စပါးနှံခဲလာလေပြီ။ ရွှေရောင်ဝင်းမှည့်၍ နို့ရည်ခဲချိန်၌ စာဘုန်းကြီးနှင့် စာပုတီးတွေ အုပ်လိုက် အုပ်လိုက် ပျံသန်းလာခဲ့သည်။ အသံတွေကလည်း ကြောက်မက်ဖွယ်ရာ မြည်ဟည်းနေသည်။

တစ်နှစ်ကများ စာကလေးတွေ စပါးသီးနှံပင်တွေကို အလစ်တွင် ဆွတ်သွားကြသည်မှာ လယ်တစ်ပွဲလုံး ကျွတ်သွားသည်။ စပါးနှံပင် တံမြက်စည်းချည်းပဲ ကျန်ရစ်သော လယ်ကွက်ကို ကြည့်ကာ နွေးနွေးတို့ အမိုးနှင့် မိုးဟိန်းတို့ အမေတို့ ရင်ဘတ်စည်တီး မျက်ရည်တွေ ကျကြသည်။

တစ်နှစ်ပတ်လုံး ကျွဲနှင့် နွားနှင့်ရုန်းလျက် ရွှံ့ထဲ ရေထဲ မိုးရေထဲ နေပူထဲ လုပ်ခဲ့ကြိုးပမ်းခဲ့ရတာတွေ သဲထဲ ရေသွန်ဖြစ်ရသည်။ နွေးနွေးတို့အပါးက တက်တစ်ချက် ခေါက်လိုက်သည်။

"တောက်. . . သွားတာပဲ တံစဉ်းလွတ် တစ်ပွဲလုံး ကျွတ်တာပဲ"

"တစ္ဆေတွေ ဘယ်တော့မှ တိရစ္ဆာန်ဘဝက မကျွတ်ပါစေနဲ့"

အမိုးတို့က အငြိုးကြီးစွာ ကျိန်ဆဲကြကုန်သည်။

"ဟဲ့ ဟဲ့. . . မကျိန်ကောင်းဘူး၊ အဲဒါ နင်တို့ ကံကြွေးဆပ်တာ ကံကြွေးဆပ်တာ"

www.burmeseclassic.com

www.burmeseclassic.com



အဖိုးတို့က ဘာသာတရားနှင့် ဖျောင်းဖျကြသည်။

“မဆပ်နိုင်ဘူး အဖိုးရေ၊ ကျွန်မတို့ ဒီနှစ်ဝတ်တော့မှာ သုဂ လောလို့ . . .”

မိန်းကလေးတွေက ဝင်ပြောကြသည်။ ကွင်းကရင်ဘာသာ စကားနှင့် ‘သုဂလောလို’ ဝတ်တော့မယ်ဟု ပြောခြင်းဖြစ်သည်။

စာခြောက်သည့်အချိန်၌ လယ်ကွင်းတွေတွင် အုန်းအုန်းကျွတ် ကျွတ် ဆူညံနေသည်။ စာခြောက်တာကလည်း နည်းမျိုးက အစုံ ဖန်တီးရသည်။ သံပုံးတီး၊ လက်ခုပ်လက်ဝါး တီးရသည်။ ပလက် စတစ်အိတ်ကို ယမ်းပြီးလည်း ခြောက်ရသည်။ လင့်စင်ဆောက် ထားလျက် လောက်လွှဲနှင့် ပစ်ပြီးလည်း စာခြောက်ကြသည်။

ကျောင်းသားကျောင်းသူတွေလည်း ဒီအချိန်ရောက်လျှင် စာ ကို လုံးဝမကျက်နိုင်။ လယ်ထဲဆင်း စာခြောက်တာနှင့် အချိန် ကုန်သည်။

မိုးဟိန်းတို့ စောထူးတို့ လူပျိုပေါက် အရွယ်ရောက်တော့ လင့် စင်ပေါ်မှာနေရင်း တွံတေးသိန်းတန် သီချင်းများနှင့် အချိန်ကုန် သည်။

*ပန်းနွယ်ကစိမ်း. . . ပန်းနွယ်က စိမ်း. . . စိမ်းတယ်။*
*စုံနဲ့သာမြိုင် ရှာပုံဖွင့်ပါလို့ရယ်. . . ရင်နင့်အောင် ချစ်ရှာ*
*လွမ်းသူ အပူတပြင်းရှာဖွေ. . ရေမြေဆုံး. . ဆုံးစေ့တကယ်*
*လှဂမုန်းမယ်. . . ချစ်သက်ဦးရယ်. . . ဘဝဆုံးတကယ်မပစ်*
*ရက်ဘူးကွယ်. . . ရူးတယ်ဆိုစေဦးတော့ ဖုန်းကြော့မေ. . .*
*ပန်းနွယ်ပျိုရယ်. . . ။*

မိုးဟိန်းသည် အသံကို တင်ချင်သလောက် တင်၊ ဟစ်ချင် သ

www.burmeseclassic.com

www.burmeseclassic.com



လောက် ဟစ်ပစ်လိုက်သည်။ ဟစ်ပြီးသည်နှင့် နောက်မှ 'ကဲ'ဟု စိတ်မရှည်သံနှင့် အာမေဋိတ် ပြုလိုက်သည်။

မြို့မှရောက်လာကာ လာလည်တတ်သော နွေးနွေးက လင့်စင်အောက်မှ ဟက်ဟက်ပက်ပက် ရယ်မောနေတတ်သည်။ အောက်မှ လှမ်းမော့ကြည့်ရင်း. . .

"ဆိုပါဟဲ့. . . မိုးဟိန်းရဲ့၊ နင့်အသံလဲ ကောင်းသားပဲ"

အားပေးအားမြှောက်ပြုသည်။ မိုးဟိန်းက စိတ်ရှုပ်ရှုပ်နှင့် ရယ်ရင်း ခေါင်းခါသည်။

"ငါ လည်ချောင်းတွေတောင် နာနေပြီ"

စောထူးကလည်း သူ့လင့်စင်မှ တစ်ချက်ချက်ဝင်ဖောက်ချင်လျက်. . .

"ဒီအချိန်ရောက်ရင် ကျွန်တော့်စိတ်တွေ ဖောက်ဖောက်လာတယ်"

စောထူးဆိုပုံက ရယ်စရာကောင်းလှသည်။ 'ကျွန်တော်' နေရာတွင် 'ကျွန်တော်. . .' အရှည်ကြီးဆွဲပြီး အသံမှာ ပြာလဲ့လဲ့နှင့် ထောင်ဝင်သွားတတ်သည်။

နွေးနွေးက လက်ခုတ်လက်ဝါးတီးရင်း ရယ်ကာ. . .

"စောထူး. . . နင် စိတ်ဖောက်နေတာ ခုမှပဲ သိတော့တယ်"

"စိတ်ဖောက်နေတာ ငါမဟုတ်ဘူး၊ သူ. . . ဟိုကောင်၊ ဟိန်း. . . မိုးဟိန်း"

"မိုးဟိန်းက ဘာဖြစ်နေလို့လဲ"

နွေးနွေးက မေးလျှင်တော့ မဖြေတတ်သလို ရယ်နေသည်။

စာခြောက်ပြီးချိန် စာမေးပွဲကလည်း ဖြေရတော့မည်ဆိုတော့ ဆရာ ဆရာမတွေလည်း မနေသာ၊ ကျောင်းသားတွေကို အချိန်ပို

www.burmeseclassic.com

www.burmeseclassic.com



စာသင်ပေးရသည်။ စာမေးပွဲဖြေချိန်နီးတော့ မိုးဟိန်းတို့ ခေါင်းထဲ စာတွေ ကမန်းကတန်း ရိုက်သွင်းရလေသည်။ ဆယ်တန်းကို ဘီနှင့် အောင်တုန်းက အများတကာလို လောကကြီးရေ စာမေးပွဲရော စိတ်နာရမည့်အစား "စာကလေးတွေ"ကို စိတ်နာမိသည်။ မိုးဟိန်း နုသေးသည့် အချိန်တစ်ချိန်တုန်းကပေါ့။

*အို. . . စာကလေးငဲ့*

*သင့်အမူအရာ အကျင့်သည် မြေရှင်နှင့် တစ်ထေရာတည်းပါတကား။ သူတစ်ပါး၏ လက်ဖြင့် စိုက်ပျိုးခဲ့ပြီးမှ သင်က အသီးအနှံကို ဆွတ်လိုသည်မှာ တရားပါသလော။*

ဆရာ ငှားလိုက်သည့် စာအုပ်ထဲမှ စာညွှန့်လေးတစ်ခု တွေ့လိုက်သည်။

ထိုစာညွှန့်ကို ဆက်ဖတ်ပြန်တော့လည်း အသိဉာဏ်တစ်မျိုး ရသည်ဟု မိုးဟိန်းက စောထူးကိုပြောဖူးသည်။

*သင်သည် သနားဖွယ် ရှိပေစွ။ သင့်ကို မြေရှင်နှင့် နှိုင်းမိသည်ကိုပင် ငါစိတ်မကောင်းပါ၊ သင့်မှာ သားကလေး သမီးလေးများအတွက် ဝမ်းစာလိုပေလိမ့်မည်။ သင့်သားသမီးကလေးများကလည်း စပါးနှံ ချီလာမည့် သင့်ကို မျှော်ရှာကြပေမည်။ ငါခွင့်ပေးပါ၏။ သင်အလို ရှိသလောက် ကိုက်ချီပျံသန်းပါလေ။ သို့သော် ငါမှာပါရစေ။ စပါးနှံများ မှည့်ရင့်ပြီဟု မြေရှင်ကိုတော့ သတင်းမပေးလိုက်ပါနှင့်ဦး။*

စာကလေး ဆိုသည့် အဟိတ်တိရစ္ဆာန်သည် လူလောက် လောဘရမ္မက် မကြီးပါဘူးဟု ဆိုလိုသည်မှာ ထင်ရှားသည်။ ထိုငှက်ကလေးများသည် သူတို့ ဝမ်းသာပြည့်သွားလျှင်သော် လည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ သူတို့ကလေးတွေ ဝမ်းပြည့်သွားလျှင်သော်လည်းကောင်း ဆက်၍ အစာရှာမည်မထင်ပေ။

သည်တော့ စောထူးဆိုတာကလည်း. . .

"ဟုတ်သားပဲ၊ စာကလေးက ကော်ရော်လာကားစီးဖို့မှ မလိုဘဲ၊ သူ့မိန်းမကို စိန်နားကပ် ဆင်စရာလဲ မလိုပါဘူး၊ မတင်လတ်လိုရေမွှေးဆွတ်ဖို့လဲ မလိုဘူး၊ ရေကူးကန်သွားဖို့ တစ်ရာတန် ရေကူးဝတ်စုံလဲ ဝယ်ဖို့မလိုပါဘူး၊ ဇာခန်းဆီး အသစ်လဲဖို့အတွက် ညည်းစရာလဲ မလိုပါဘူး၊ လာဘ်စားဖို့လဲ မလိုဘူး၊ ဘယ်သူ့လည်ပင်းကိုမှလဲ ညှစ်ပြီး ငွေယူစရာမလိုပါဘူး"

အတွေးခပ်ပေါက်ပေါက်နှင့် ပြောသေးသည်။ မီးဖိုချောင်ထဲ အန်တီကြူ၏ စားဖိုမှူး ဒေါ်ငွေသင် ချန်ထားသောကြက်သားနှင့် အားလူးဟင်းကို မောမောပန်းပန်းနှင့် ဆောင့်အောင့်နယ်ပြီး. . .

"အဲ အဲ. . . ငါ့အဖို့ကတော့ ကြက်သားနဲ့အားလူးဟင်းလို့ ဆိုလိုက်တာနဲ့ ကြက်လည်ချောင်းရိုးလေး၊ လက်ဖျန်းရိုးလေး တစ်ချောင်း နှစ်ချောင်းလောက်တော့ ပါသင့်တာပေါ့၊ ခြေထောက်ရိုးဆိုတော့ လွန်တာပေါ့ကွယ်"

နစ်နာကြေးကို တောင်းဆိုမိသေးသည်။

ဝ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

ကဒုတ်ကျေးရွာ

စောထူး

အပါးစာရေးလိုက်သည်။ ပိုက်ဆံမရှိ၊ မရှိလို့ မြို့မှာထားတာ လိမ်လိမ်မာမာနေပါ။ ငယ်စဉ်က ကျောင်းထားမိလို့ လယ်ထဲ အပင်ပန်းအဆင်းရဲမခံနိုင်တာ သားအပြစ်မဟုတ်၊ ဆံပင်ညှပ်သေးလား။ ကဒုတ်ကို ဆံပင်အရှည်ကြီးနှင့် ပြန်လာတာ အပါးမကြည့်ချင်။ ဒေါက်တာကောင်းမော် သူ့ဘာသာသူရှည်တာ သားနဲ့ဘာမှမဆိုင်ပါ။ ဒီတစ်ခါ ဆံပင်ရှည်လျှင် ကဒုတ်မှာ ခေါင်းတုံးရိတ်ပစ်မည်သို့မဟုတ် မောင်မြင့်စံကိုပြော၍ ရိတ်ခိုင်းမည်။ ဇော်ဇော်ပေးသော ခေါင်းလောင်းဘောင်းဘီများကို အဖျားကိုကျဉ်းပြီးဝတ်ပါ။ ဇော်ဇော့်အပေါင်းအသင်းများပေးသော စီးကရက်များလည်း လုံးဝမသောက်ပါနှင့်။ ရတနာသုံးပါးမမေ့နှင့်။ ညတိုင်း ဘုရားရှိခိုး၊ သမ္ဗုဒ္ဓေ ကိုးခေါက် ရွတ်အိပ်ပါ။ နံနက် အိပ်ရာစောစောထ၊ တခြား ဘာအလုပ်မှ

www.burmeseclassic.com

www.burmeseclassic.com



မလုပ်မီ ဘုရားကန်တော့ပါ။ ကောင်းမှုကုသိုလ်သည် အကာလိကော ကာလိကော အချိန်အခါအရွေး အကျိုးပေး ပါလိမ့်မယ်။

မြို့မှာ လူငယ်တွေ လေလွင့်ပျက်စီးနေတယ်လို့ ယခု အပါးစာရေးပေးသူ ဆရာလေး ကိုမြင့်ဦး ပြောသဖြင့် စောထူးအတွက် အပါးစိုးရိမ်လှသည်။ လူကိုဖျက် အရက်တဲ့။ မူးယစ်ဆေးဝါးလည်း လုံးဝရှောင်ပါ။ မိန်းမများလည်း လုံးဝ လှည့်မကြည့်နှင့်။ မတင်လတ်တို့ နွေးနွေးတို့ကို လည်း နှမသားချင်းလို စောင့်ရှောက်ပါ။

ဂစ်တာလည်း ဝယ်ဖို့မကြိုးစားပါနဲ့ဦး။ ဒီလ စောထူး ပို့သောငွေ ၇၀ မှာ ခဏပဲ ကုန်သည်။ ငွေစ အသုံးမခံပါ။ ဒီလအတွက် ဆီ၊ ဝမ်းဘဲတံဆိပ် ဆေးလိပ်၊ ငရုတ် ကြက်သွန်၊ ထန်းလျက် ဝယ်တာနှင့် ကုန်ပြီ။ ထင်းတောင် မဝယ်နိုင်။ အပါးဘာသာ အပင်ပန်းခံခွေမည်။ လယ်က စပါးရလို့ တော်သေးသည်။ ဒါတောင် ကိုတာပြည့်အောင် ရောင်းရမည်ဆိုတော့ ဝမ်းစာမနည်းချန်ရသည်။ စပါးအထွက် နည်းလို့ အပြင်မရောင်းဖြစ်။ သမဝါယမကပေးသော ပုဆိုးလည်း အပါးလိုချင်လို့ပါ။ အပါးမှာ ပုဆိုး နှစ်ထည် ရှိတာ တစ်ထည်စုတ်လုပြီ၊ ယခု စပါး ၉၀၀ ဈေးရသည်။ နောင်နှစ် ၁၁၀၀ ဈေးရတဲ့ဆီကို ရောင်းဦးမည် စိတ်ကူးသည်။ စလင်းပေါ် (တလင်းပေါ်တွင် အရောင်းအဝယ်ဖြစ်ခြင်း)ကို ကိုတာကျေမှ ရောင်းရမည် ဆိုတော့ အပါး အလုပ်ကြိုးစားရဦးမည်။ ဒီနှစ် ဝါခေါင်လက အပါး လည်း ၆၉ နှစ်ပြည့်တော့မည်။ ကိုယ့်ဘာသာကိုယ် ဆေး

www.burmeseclassic.com

www.burmeseclassic.com



*ဖော်စားသဖြင့် ကျန်းမာသည်။ ရတာနာသုံးပါးဂုဏ်ကျေးဇူး ကြောင့်လည်း ဖြစ်သည်။ အပါးတို့ ကွင်းကရင်များ ဘာသာရေးကို အဓိကထားသည်။ သားလည်း မမေ့စေချင်ပါ။*

စောထူးက သူ့အပါးစာကို တစ်ခေါက်တည်း ဖတ်ဖြစ်သည်။ သူ့ဘဝသက်တမ်းတစ်လျှောက်လုံး လယ်အလုပ်ကို ပင်ပန်းဆင်းရဲစွာ လုပ်ရင်း သားအထွေးဆုံးလေးအတွက် စိတ်သောကရောက်ရင်း အသက်ကုန်ဆုံးမည်လားမသိ။ အသက် ၄၀ ကျော် ၅၀ နီးပါးမှ မွေးသော သားနှောင်းသားလေးမို့ စိတ်ပူပင်ရသည်။ စောထူးကား အပါး နောက်အိမ်ထောင်က မွေးဖွားသော သားဖြစ်သည်။

ကဒုတ်ရောက်လျှင်တော့ စောထူးကို စစ်ဆေးမေးမြန်းလို့မဆုံး။ သားအဖနှစ်ယောက် ရန်ချည်းဖြစ်နေရသည်။

“မောင်မြင့်စံပြောတယ် နင်ကားမောင်းကြမ်းတယ်တဲ့၊ အရက်လဲ သောက်တတ်တယ်၊ ဆေးလိပ်လဲ သောက်တယ်၊ ကွမ်းလဲ စားတယ်တဲ့၊ ကြည့်စမ်း ငယ်ငယ်ရွယ်ရွယ်နဲ့ သွားကြောင်တွေ ဖြစ်နေပြီ အရက်က ဘာလို့ သောက်ရတာလဲ”

“ဟာ အပါးကလဲ သူပါ ငါ့ကို တိုက်တာ၊ အပင်ပန်းခံနိုင်အောင်လို့တဲ့၊ ပြီးတော့အမြဲလဲ မသောက်ပါဘူး”

“ဘာပဲဖြစ်ဖြစ်ဖြစ် မသောက်နဲ့ပေါ့၊ ပြီးတော့ နင့်မှာ ရည်းစားရှိတယ်ဆို”

“ဟာ မရှိပါဘူးဗျာ ကြုံကြုံဖန်ဖန်”

“မိန်းမတောင် ယူမလို့ဆို”

“ဘယ်က ပိုက်ဆံရှိလို့ မိန်းမယူရမှာလဲ၊ မိန်းမဆိုတာ ပိုက်ဆံရှိမှ ယူလို့ရတာ”

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ နင်ရည်းစားရှိနေသလားလို့၊ နင်မိန်းမယူမယ်လို့ ကောင်းမော်က ပြောတာပဲ"

"ယူရင် သူ့နှမပဲ ယူစရာရှိတာပဲ"

"ဟိတ် ခွေးမသား. . . တော်တန်တိတ်၊ ကိုယ့်သခင်ကို ဒီလို မပြောရဘူး"

"ဘယ်က ကိုယ့်သခင်ရမှာလဲဗျာ၊ သူက သခင်ဆိုရင် ငါက ကျွန်ဖြစ်နေမှာပေါ့၊ အပါး အေးအေးနေစမ်းပါဗျာ"

"နင် မိန်းမယူချင်ရင် မြို့မှာ မယူနဲ့နော်၊ တောပြန်ခဲ့၊ ငါဒီမှာ မိန်းမကောင်းကောင်း ရှာပေးစားမယ်၊ ပြီးတော့ တင်လတ်ကို သွားအရောမဝင်နဲ့၊ နင်ခြံထဲက ဂိုဒေါင်အခန်းထဲ တင်လတ်ဝင်လာတာ ငါတွေ့တယ်။ ဘာလုပ်တာလဲ"

"အင်းလျားလိပ်ကို စာပေးခိုင်းတာပါဗျာ၊ အပါးကလဲ မလုပ်ပါနဲ့၊ ငါနဲ့ တင်လတ်နဲ့ တခြားစီပါ၊ သူက ငါ့ကို ဖုတ်လေတဲ့ ငါးပိ တောင် မမှတ်ပါဘူး၊ ငါကလဲ မကြိုက်ရဲပါဘူး"

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

အိမ်ဝတည့်တည့်မှ ဂျပန်လုပ်ကြွေထည်ပန်းအိုးတွင် ထိုးစိုက်ထားသော သစ္စာပန်းခက် အဖြူတို့သည် ငွားငွား စွင့်စွင့်နှင့် လန်းဆန်းနေကြသည်။ ပန်းအိုးကြွေဖြူပေါ်မှ ပန်းပွင့်ကို လိပ်ပြာ နားဟန်နှင့် ပန်းချီနားတွင် အမျိုးသားတစ်ယောက်က အမျိုးသမီးတစ်ဦးကို မြူချိုချိုနှင့် ပွေ့ဖက်ထားပုံကို ရေးခြယ်ထားလေသည်။

ဒီလို ပန်းချီမျိုး အန်တီကြူ့ယပ်တောင်တွင် တွေ့ဖူးသည်။ အစကတော့ ရိုးရိုးထင်သည်။ ဒါကြောင့် စောစောက အမျိုးသမီးကြီးတွေ ခိုးခိုးခစ်ခစ်နှင့် အသံထွက်အောင် ရယ်မောနေကြတာ ထင်သည်။

စားပွဲဝိုင်းပေါ်မှ ရွှေရောင်တံဆိပ်ပတ်နှင့် ပုလင်းများ ပြိုလဲနေသည်ကို လင်ပန်းထဲ ထည့်လိုက်သည်။ ခံ့ထည်သောတရင်းအမျိုးအစား စန္ဒရားပေါ်မှ ဖန်ကလပ်နှစ်ခုကိုလည်း သိမ်းလိုက်ရသည်။

ဖန်ခွက်ပေါ်မှ ရွှေရေးစာလုံးများနှင့်. . .

ဝက်သောက် သောက်ရန်

သဘော်သား သောက်ရန်

လူကြီးလူကောင်း သောက်ရန်

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ဖန်ခွက်အမြင့်ဆီသို့ တစ်ဆင့်ပြီးတစ်ဆင့် တက်သွားသော အရက်သောက်နှုန်းကို တိုင်းတာသော အဓိပ္ပာယ်ကို စောထူးနားမလည်လှ။ တစ်ခါတုန်းကတော့ ဇော်ဇော် တိုက်သဖြင့် ဒီဖန်ခွက်နှင့်အပြည့် အရက်သောက်ဖူးသည်။ ရီဝေဝေနှင့် မူးလိုက်တာ။ မျက်လုံးထဲ၌ ဇော်ဇော်အရုပ်ရော၊ တင်လတ်စံအရုပ်ရော၊ မိုးဟိန်းနှင့် နွေးနွေးတို့အရုပ်ရော ကြည့်လိုက်တိုင်း နှစ်ရုပ်စီဖြစ်ကာ ထွေဝါးနေသည်။ တစ်အိမ်လုံးလည်း ပတ်ချာ လည်နေသည်။

ရင်ထဲအနေရခက်ကာ ပျို့ပျို့တက်လာသဖြင့် "အမိုးရေ. . . အမိုးရေ" ဟု တမ်းတပြီး ခေါ်မိသည် နောက်မှ အမိုးမရှိတော့တာ တွေးမိပြီး ငိုချင်လာသည်။ သည်တုန်းက အမိုးဆုံးတာ နှစ်လကျော်ကျော်ပဲ ရှိသေးသည်။ တလင်းထဲတွင် ပိုးထိ သေဆုံးခဲ့သော အမိုးကိုပဲ မြင်ယောင်နေမိသည်။

နွေးနွေးနှင့် မိုးဟိန်းက စောထူးကို ချော့မော့ကာ အိပ်ရာထဲသို့ တွဲခေါ်ကြသည်။

"နင်ငိုလိုက်တာနဲ့ ငါလဲ ကဒုတ်ကို လွမ်းလိုက်တာဟယ်"

နွေးနွေးက လွမ်းလွမ်းတတပြောမိသေးသည်။ တကယ်တော့ ကဒုတ်ဆိုတာက ရန်ကုန်နှင့် ဘာမှဝေးတာမဟုတ်၊ ရန်ကုန်မှ ပဲခူး၊ ပဲခူးမှ ဒိုက်ဦး၊ သို့မဟုတ် ဒိုက်ဦးတိုက်ရိုက်ကားများစီးရင်း သွားနိုင်သော နေရာဖြစ်သည်။ ၇၅ မိုင်ပဲ ဝေးသည်။ အပါးက ပြောဖူးသည်။ အိမ်ဦးကြမ်းပြင်ပမာ သွားချင်လျှင် တစ်ပတ်တစ်ခေါက်တောင် ပြန်နိုင်သည်။ ဒါပေမယ့် ဘယ်သူပြန် နိုင်သည်လဲ။ လမ်းစရိတ် အပိုသုံးဖို့ ငွေရှစ်ကျပ်ဆိုတာလည်း စောထူးအဖို့ရော မိုးဟိန်းအဖို့ရော နွေးနွေးအဖို့ရော ရှားပါးလှသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်မိုးတွင်းလုံး ရေထဲနစ်နေလျက် ကောက်ရိတ်ချိန်၌ အပင်ပန်းကြီးလှသော ရွာသူတို့ဘဝကား စင်စစ် လွမ်းစရာမကောင်းလှ။ မြို့မှ ကျောက်ပြားကာရံထားသော ရေချိုးခန်း၊ ကြွေခွက်များ၊ မွှေးပျံ့သင်းကြိုင်သော ဗင်နိုလီယာဆပ်ပြာများ၊ ပင်လယ်ရေမြှုပ်များနှင့် နွံ့မည်းမည်းကို တုံးခင်းထားသော သစ်သားပြတ်ပေါ်တွင် တွင်းရေကို ငင်ချိုးရကာ အမဲဆီရနံ့ မပျောက်သော အဝတ်လျှော်ခရေပွင့်ဆပ်ပြာအတုတို့ကား ဘယ်သို့မှ နှိုင်းယှဉ်ဖက်စပ်လို့ မရသည်ကို သိသားပင်။

"လူဖြစ်ရှုံးနေကြတဲ့ဘဝကို ဘယ်လို အမြတ်ထွက်အောင် လုပ်ရမလဲ"

သည်မိုးဟိန်းဆိုတဲ့ ကောင်လေးကတော့ စာအုပ်တွေ ဖတ်ပြီး နိုင်ငံရေးစကား မကြာခဏပြောလှသည်။ သူပြောတာတွေ ဟုတ်တော့လည်း ဟုတ်သား။ အမိုးကို ပိုးထိတုန်းကဆိုလျှင် ဆေးဝါးမရှိ၊ ဆေးရုံပို့ဖို့ ယာဉ်မရှိ၊ လူးလှိမ့်နေသောအမိုးကို တတ်သမျှမှတ်သမျှ ဆေးမြီးတိုများနှင့်ကုရင်း အသက်ပျောက်ရသည်။

တလင်းကြီး ရိတ်ချိန်၌ ပိုးထိ၍ အသက်တွေဆုံးပါးသွားရသူတွေမှာ ဘဝ၏ ဒုက္ခဆိုးတစ်ခုပေတကား။ နွေးနွေးပင် ရွာတစ်ခေါက်ပြန်ရင်း ၁၅ နှစ်သမီးလောက်က ပိုးထိမလို ဖြစ်လိုက်သေးသည်။

"နွေးနွေး. . . နင်မှတ်မိသေးလား"

မိုးဟိန်းက မေးသည်။ နွေးနွေးနှင့် ပတ်သက်၍ မိုးဟိန်းမှာ အမှတ်ရစရာဖြစ်စဉ်များနှင့် ပြည့်နှက်နေသည်။ စင်စစ်တော့ မြို့ကျောင်းသူကျောင်းသားများ ဖြစ်နေကြသော မိုးဟိန်းနှင့် နွေးနွေးတို့သည် တလင်းထဲသို့ အလည်လိုက်လာကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိမ်တွန့်၊ တိမ်ရိပ်၊ တိမ်ဂွမ်းလိပ်တို့ လွှမ်းခြုံနေသော်လည်း ကောင်းကင်ပြင်သည် နေရောင်နှင့်ဝင်းနေသည်။ နေခြည်လင်း ပွင့်၍ ထန်းတစ်ဖျားသို့ ရောက်လုလုဝယ် စောထူးတစ်ကိုယ်လုံး ချွေးများနှင့် နစ်ကာ မျက်စိများပင် ဝေသီမှုးနောက်နေသည်။

နွေးနွေးက ခုန်ဆွခုန်ဆွနှင့် တလင်းထဲ ခြေထောက်ချလိုက်သည်နှင့် ပျော့ပျော့စိစိအေးတေးတေးနှင့်မြွေတစ်ကောင်ကို တက်နင်းမိသည်။ တလင်းကြီးရိတ်ချိန်မို့ အပေါ်ကရှင်းပြီး အောက်က ရှုပ်နေတော့ ဘာမှမမြင်ရ။

“စောထူး. . . ငါ ဒုက္ခရောက်ပြီ”

တအားကုန်အော်ပြီးလူက မလှုပ်ရဲ။ မြွေကို တက်နင်းထားသော ခြေထောက်များကို လုံဝမရွေ့လျားရဲ၊ မြွေနှင့် ပတ်သက်လာလျှင် နင်းမိရုံဖြစ်စေ၊ ခြေထောက်ပေါ် ကျော်ဖြတ်လျှင်ဖြစ်စေ အသာငြိမ်နေရမည်ဟု လူကြီးများ သင်ထားသောအသိက ရှိနေသောကြောင့် အသက်ရှူရပ်တော့ခမန်း ငြိမ်သက်ကာ. . .

“မိုးဟိန်းရေ. . . ငါသေတော့မယ်”

ပြောရင်း မျက်ရည်တွေ ဘယ်ကဘယ်လိုကျလာမှန်းမသိ။ မိုးဟိန်းသည် ပြုန်းဆို နွေးနွေးအနီးသို့ သစ်ချောင်းတစ်ချောင်း ကိုင်လျက်ပြေးလာသည်။ ထို့နောက် နွေးနွေး၏ကိုယ်ကို လှမ်းဖက်ကာ. . .

“နွေးနွေး. . . နင့်ခြေထောက်ကို ရုပ်လိုက်၊ ဒီမြွေ ကြွက်မျိုထားတာ မလှုပ်နိုင်ဘူး”

သည်တော့မှ နွေးနွေးသည် အသက်ရှူနိုင်ကာ ခြေထောက်ကို ရုပ်လိုက်လေသည်။ မိုးဟိန်းက မြွေခေါင်းကို ကြေမွနေအောင် ဆင့်ကာဆင့်ကာ ရိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမြွေ သစ္စာဖောက်ထားတာပဲ"

စောထူးအပါးက ဝင်ပြောသည်။ မြွေကို အုန်းအုန်းကျွက်ကျွက် ကြည့်နေကြသည်။

"ဘာဖြစ်လို့လဲ အပါး"ဟု စောထူးက မောကြီးပန်းကြီးနှင့် မေးလိုက်သည်။

"ကြွက်က သူတို့ကို တွင်းတူးပေးတဲ့ ကျေးဇူးရှင်ပဲ၊ ဒီမြွေဟာ ကျေးဇူးရှင်ကို ပြန်သတ်တဲ့အကောင်"

"သစ္စာဖောက်တို့ သွားရာလမ်းပဲ"

နွေးနွေး၏ အဖူးက ပြောလိုက်သည်။

"မြွေပြဒါးဟ၊ ဒီကောင်မျိုးက ဆေးမမီဘူး၊ ပေါက်တာနဲ့ တစ်ခါတည်း အရိုးကြွေတယ်"

သာဇံက ဝင်မှတ်ချက်ချသည်။ သည်မှတ်ချက်ကြောင့် နွေးနွေးက "ကြောက်တယ်. . . ကြောက်တယ်"ဟုပြောကာ ငိုပြန်သည်။ နွေးနွေးအဖီးက နွေးနွေးအား လှမ်းဖက်ရင်း နှစ်သိမ့်လိုက်ရလေသည်။

"မြွေပဒုတ်ပါ"

စောထူးက အငြင်းပွားသည်။

"မြေပဒုတ် မဟုတ်ပါဘူး၊ မြွေပဒုတ်က ငါးရှဉ့်နဲ့ တူတာပဲ"

သာဇံက ပြန်ချေပသည်။

စောထူးက အလျှော့မပေးချင်တော့. . .

"ဘာမြွေမျိုးပဲဖြစ်ဖြစ် နွေးနွေးမသေတာ အဓိကပဲ"

"သြော. . . ဒါတော့ နင်ပြောမှလား"

"အေး. . . ငါပြောမှ နင်သိမှာပေါ့ ရွှေယောက်ဖရဲ့"

စောထူးက နှမရှိသောသာဇံကို မထိတထိနှင့် ပြောလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သာဇံက စောထူးအားစပါးနှံတံမြက်စည်းနှင့် ရိုက်ချလိုက်ရာ နှစ်ယောက်သား လုံးထွေးသတ်ပုတ်ကြလေသည်။ တစ်ယောက်ကိုတစ်ယောက် နာအောင်လည်း မလုပ်ကြ။ သက်သက်မဲ့ ကစားသလို နပန်းလုံးနေကျလည်း ဖြစ်သည်။ အားလုံး တသောသော ရယ်မောကြသည်။

ရင်ထဲတွင်ကြားနေရသော ရိုးသားပွင့်လင်း၍ အူလှိုက် သည်းလှိုက် ရယ်မောသံများကို ဟန်ဆောင်ဘဝမှ မခိုးမခန့်ရယ်မောသံများက ဖုံးလွှမ်းသွားလေသည်။ စောထူး၏ အတွေးများသည် တစ်မုဟုတ်ချင်း ပျက်ပြယ်လျက် မိုးဟိန်းနှင့်နွေးနွေးတို့လည်း အမြင်တွင် ပျောက်ကွယ်သွားကြသည်။ သည်တော့မှ ဒီအိမ်ကြီး၌သူတို့ မရှိတော့တာ သတိရပြီး ရင်ထဲ၌ဟာသွားသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

အန်တီကြူ၏ သာယာငြိမ့်ညောင်းသော စန္ဒရားတေးသံသည် နားထဲလို့မ့်ဝင်လာလေသည်။ ဆွတ်ပျံ့ကြည်နူးဖွယ်ရာ ကောင်းအောင် ပတ်ဝန်းကျင်စခန်းအခြေက သာယာသည်။ ဇာမျှင်ရွက်ပမာ အခက်အလက်များနှင့် ထင်းရှူးရွက်တို့သည် မှန်ပြတင်းပေါက်တို့ကို တို့ထိကစားနေသည်။

'တစ်နေရာမှ ချစ်သူရယ်' (Somewhere My Love)တဲ့။

လရောင်းကင်းမဲ့သော ညတစ်ညကဒေါက်တာကောင်းမော်စံနှင့် နွေးနွေးတို့ ယုဇနရုံတွင် ဒုတိယအကြိမ်ပြန်ပြသော ဒေါက်တာဇီဗာဂိုး ရုပ်ရှင်ကား ကြည့်ပြီးအပြန် နွေးနွေးညည်းသော သီချင်းဖြစ်သည် ဆိုတာကို စောထူးအသေအချာမှတ်မိသည်။ ဒီသီချင်းကို နွေးနွေးကြိုက်သည်။ နွေးနွေး ခဏခဏညည်းတတ်သော သီချင်းလေးပေါ့။ နွေးနွေးအသံက ချစ်စဖွယ်ကရင်သံနှင့် သူနာပြုတို့၏ အကြင်နာနှင့် ရောစပ်ထားသော ကရုဏာသံ လေပြည်ညင်းလို နူးညံ့ညင်သာလှသည်။

www.burmeseclassic.com

www.burmeseclassic.com



*တစ်နေရာမှ ချစ်သူရယ်. . .*
*ဒီမှာ အချစ်ဆိုဖို့ သီချင်းတွေလေ. . .*
*မိုးဦးမှာဆိုတဲ့ မျှော်လင့်ချက်ကို. . .*
*ငွေနှင်းတွေက ဖုံးလိုက်ပေမယ့်*
*တစ်နေရာမှ တောင်ကုန်းမှာတော့*
*ပန်းပွင့်တွေဟာ အစိမ်းနဲ့ရွှေရောင် လွှမ်းနေတယ်*
*ပြီးတော့ အချစ်ရဲ့ နှလုံးသားကို စွဲမက်စေနိုင်တဲ့*
*အိပ်မက်တွေလည်း မက်နေလေရဲ့. . .॥*

အင်္ဂလိပ်သီချင်လည်း မဆိုတတ်။ ချစ်သူလည်း မရှိဘဲနှင့်ပင် စောထူးပင် ရင်ခုန်ချင်လှသည်။ သည်သီချင်းအဓိပ္ပာယ်ကို နွေးနွေးက ရှင်းပြလို့လားမသိ၊ လွမ်းစရာတော့ ကောင်းသားပဲ တွေးသည်။ မိုးဟိန်းလိုချင်သည်ဆို၍ နွေးနွေးကူးရေးပေးထားသော အင်္ဂလိပ်ဘာသာနှင့် သီချင်းအဆုံးမှ စာသားတွေကိုမဖတ်တတ် ဖတ်တတ်နှင့် ဖတ်မိသေးသည်။

*Someday, we'll meet again my love*
*Someday, whenever the spring breaks through*
*You'll come to me, out of the long ago.*
*Warm as the wind, soft as the kiss of snow*
*Till then my sweet, think of me now and then*
*God speed my love, till you are mine again*
*till you are mine again...*

မိုးဟိန်းနှင့် စောထူးတို့ မဆွဲတတ်ဆွဲတတ်နှင့် ဆွဲနေသည်ကို နွေးနွေးက ရယ်လျှက်ပြင်ပေးသေးသည်။ ငရဲဘုံတစ်မျှ ကျပ်တည်း ဆင်းရဲလှသော မီးရထားစီးခရီးသည် ပြည်သူများ၊ အာလူးပြုတ်ကို မဝတဝစားနေရသော ပြည်သူများကို နှင်းတို့ ဖုံးအုပ်လျှက်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



နေကြာပန်းဝါဝါအလှများကလည်းကောင်း၊ ဒေါက်တာ ဇီဗာဂိုး နှင့်လာရားတို့ အချစ်ခန်းတို့ကလည်းကောင်း၊ လွှမ်းမိုးလျက် ရှိသောရုပ်ရှင်ကားထဲမှ သီချင်းကို နွေးနွေးရော၊ မိုးဟိန်းရော၊ စောထူးရော စွဲမက်နေကြသည်။

"ဒီသီချင်းကို တို့ ဝဒ်က ဒေါက်တာ ဝိလီဆိုတာ သိပ် နားထောင် ကောင်းတာပဲ၊ သူက ခရစ်ယာန်ဆိုတော့ အင်္ဂလိပ်သီချင်း ဆိုနေကျ"

နွေးနွေးက မက်မက်စွဲစွဲ ပြောနေသေးသည်။

"ဒီနေ့ တို့နှစ်ယောက် အိုတီဆင်းရတာ ပင်ပန်းလိုက်တာ ဟယ်"

ပြောသည့်ညဦးတွင် ဒေါက်တာကောင်းမော်စံက စန္ဒရားတီးကာ နွေးနွေးက ဆိုလေသည်။ နွေးနွေးသည် သီချင်းကို စိတ်ပါလက်ပါနှင့် လှိုက်လှိုက်လှဲလှဲ သီဆိုလေသည်။ သူတို့နှစ်ယောက် ဆေးရုံတစ်ခုတည်း တစ်ခန်းတည်း တာဝန်ကျကြသဖြင့် ရင်းနှီးလှသည်။ တစ်စိတ်တည်း တစ်ဝမ်းတည်းနှင့် တစ်အိမ်တည်းအတူတူ နေနေကြသော သူငယ်ချင်းတွေကိုပင် နွေးနွေးသတိမရချင်။

အိမ်ကြီးဆီမှ ဒေါက်တာကောင်းမော်စံ၏ စန္ဒရားသံနှင့် နွေးနွေး၏ တေးသီသံသည် စောထူးနှင့် မိုးဟိန်းတို့ လဲလျောင်းရာ တိုက်တန်းလျားငယ်ဆီသို့ပင် ပျံ့လွင့်လာလေသည်။ စောထူးက သူတို့သီဆိုနေသော တေးအလိုက်ကို ဖော်ဖော့်ဂစ်တာနှင့် လိုက်ကြည့်နေသည် မရ။

"ဒီလိုအသံမျိုးက စန္ဒရားနဲ့တီးမှ နားထောင်လို့ကောင်းတာ မင်းဂစ်တာကို ဖယ်ထားစမ်းပါကွာ"

မိုးဟိန်းက စိတ်တိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စန္ဒရားတစ်လုံး ဘယ်လောက်လဲ"

စောထူးက ဘာစိတ်ကူးပေါက်သည်မသိ။

"ပြောစမ်းပါ ငါမေးနေတာကို"

"တစ်သောင်းလောက် ပေးရမှာပေါ့"

"တစ်သောင်းတောင် ဟုတ်လား၊ တစ်သောင်းအများကြီးပဲ ပေးရတယ်နော်"

"မင်းက ဘာလုပ်ဖို့လဲ"

"ငါ စိတ်ကူးနေတာပါ၊ ထီတစ်သိန်းပေါက်ရင် ငါးသောင်းတန် တိုက်လေးတစ်လုံး"

"ရမယ် မင်းအမေ ပေးရင်တော့"

"ငါ့အမိုးက သေပါပြီ၊ ထားပါတော့ ငါးသောင်းတန် အိမ်လှလှလေး တစ်လုံး၊ စန္ဒရားက တစ်လုံး၊ ရေခဲသေတ္တာ သုံးထောင်တန် တစ်လုံး၊ မော်တော်ကား အဟောင်းစားလေးတစ်စင်း၊ နွေးနွေးနဲ့ မတင်လတ်တို့လို ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်"

"သွားစမ်းပါကွာ"

အိမ်တံခါးပေါင်ကို မှီထိုင်နေသော မိုးဟိန်းသည် သောက်လက်စ ဆေးပေါ့လိပ်တိုကို လွှင့်ပစ်လိုက်ကာ လရောင်ကင်းမဲ့သော ကောင်းကင်ကို မော့ကြည့်ရင်း. . .

"ဒီည မိုးရွာမလားမသိဘူး၊ လလဲ မထွက် ကြယ်လဲမရှိ ငုံးတိတိကြီး ကျက်သရေမရှိလိုက်တာ"

စောထူးသည် ဂစ်တာကို တဒေါင်ဒေါင်ခေါက်ရင်း ကောင်းကင်ကို မော့ကြည့်လိုက်သည်။

"ကောင်းကင်ကို မော့ကြည့်တတ်တဲ့လူဟာ အရူးတဲ့၊ ငါတော့ ခဏခဏ မော့ကြည့်တတ်တယ်၊ နင်ကော. . . ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းသည် ရယ်နေသော စောထူးလက်ထဲမှ ဂစ်တာကို ဆွဲဖယ်ကာ စိတ်ရှုပ်ရှုပ်နှင့် သီချင်းကို အကျယ်ကြီး ဟစ်လိုက်လေသည်။

*ညမှောင်မှောင် လမှောင်မှောင် ကြယ်ရောင်သော်*
*မလင်းတဲ့ ချိန်းခဲ့ကြ ညတုန်းကပေါ့ကွယ်. . . မောင်တစ်*
*ယောက်တည်း မြကန်သာ မြက်ခင်းကလေးကို၊ အတွေး*
*တွေရင်မှာ ပိုက်ကာ ဆိုက်ဆိုက်လာခဲ့မိတယ်၊* ***ချစ်သူလာ***
***သောညက ငွေလသာပါတယ်. . .***

မိုးဟိန်းသည် အသံကို ပုံပျက်ပန်းပျက် အက်ကွဲလာသည်အထိ အသံကုန်အော်လိုက်လေသည်။ စောထူးက မျက်လုံးပြူးကာ မိုးဟိန်း၏ လက်ကို ဆွဲကိုင်လှုပ်ကာ. . .

"ဟေ့ ဟေ့ . . . ဒါ တလင်းထဲ စာခြောက်နေတဲ့ အချိန်မဟုတ်ဘူး မိုးဟိန်းရ၊ တိုးတိုး. . . အန်တီတို့ အစ်ကို ကောင်းတို့ စိတ်ဆိုးကုန်လိမ့်မယ်"

မိုးဟိန်းက စောထူးကို အရေးမစိုက်ဘဲ သူ့အသံကို အစွမ်းကုန်မြှင့် သီချင်းဆက်ဆိုနေပြန်သည်။

*ချစ်သူလာသော ညက ငွေလာသာပါတယ်၊* ***ချစ်သူ***
*မလာသောညက ငွေလ ဘယ်ကိုရောက်****နေသလဲကွယ်***
*လမင်းဘယ်ကို ပျောက်နေသလဲကွယ်၊* ***ချစ်သူမှန်းလို့***
*ငွေလရယ် ပုန်းနေတာလားကွယ်. . .။*

၀

www.burmeseclassic.com

# အခန်း (၁၁)

"မိုးဟိန်း"

"မိုးဟိန်း"

နွေးနွေးက တံခါးဝတွင် လာရပ်သည်။

ပင်လုံးညွှတ်မျှပွင့်နေသော ပျဉ်းမပွင့် ခရမ်းပြာပြာတို့သည် အခိုင်လိုက် လေတွင် လှုပ်ယိမ်းကာ နွေးနွေးပေါ်တွင် ပွင့်ဖတ်နှစ်စ သုံးစ လာတင်နေသည်။

"နင် ဘာလို့ ဒါလောက်တောင် သီချင်းတွေ အကျယ်ကြီး အော်ဆိုနေရတာလဲ"

"ငါဆိုချင်လို့ ဆိုတာပေါ့"

"ဟိုမှာ အန်ကယ်တို့ အိပ်ကုန်ကြပြီ၊ အလိုက်သိဦးမှပေါ့"

မသိဘူး၊ သူတို့အိပ်နေတာကို ငါစောင့်ကြည့်နေတာမှ မဟုတ် တာ"

"မိုးဟိန်းက စကားပြောတာ သိပ်ကတ်သတ်တာပဲ"

"အမှန်တရား ပြောတာပဲ"

"သူများအရိပ် ခိုရတဲ့ ကျေးဇူးတရားလဲ သိဦးမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာအရိပ်ခိုတာလဲ၊ စောထူးတို့ ငါတို့က သူတို့အတွက် အလုပ်လုပ်တယ်။ သူတို့က ဒီအလုပ်နဲ့ ထိုက်တန်တဲ့ အခကြေး ငွေ သဘောမျိုး ထမင်းကျွေးတယ်၊ ဆွေမျိုးတော်ကြပေမယ့် ဘာ ထောက်ပံ့ကြေးတစ်ခုမှ ပေးတာမဟုတ်ဘူး၊ ပြီးတော့ သူတို့ဟာ စောထူးအပါးနဲ့ နင်ပြောသလို အရှင်သခင်လဲမဟုတ်ဘူး၊ ကျေးဇူး ရှင်လဲမဟုတ်ဘူး"

"အို. . . တစ်လုပ်စားဖူး သူ့ကျေးဇူးတဲ့၊ တို့ကတော့ ကျေးဇူး တရားကို သိတတ်တယ်"

"ကျေးဇူးတရားကို သိတတ်တယ်ဆိုရင် ငါတို့စောထူးတို့ နင် တို့ ဘိုးဘွားမိသားစု အစဉ်အဆက်ဟာ ဒီအန်ကယ်ဦးမြင့်စံ တို့ကို ကောင်းမော်တို့ မတင်လတ်တို့ ဖော်ဖော်တို့ ကျေးဇူးရှင်ပဲ၊ ဦးမြင့်စံ တို့ အထက်တန်းပညာသင်ခဲ့နိုင်တာ အထက်တန်းကျကျ နေနိုင် တာတွေဟာ ဘယ်သူ့ကျေးဇူးလဲ၊ မြေကြီး ရွှေသီးတယ်၊ ဒါပေမဲ့ နင်တို့ ငါတို့၊ အဖူးတို့ အပါးတို့မှာ ရွှေမသီးဘူး။ ကျွဲငိုပန်းတွေ ပွင့်ကြတဲ့အချိန်ကစပြီး ကျွဲနဲ့အတူတူ ရွှံ့ထဲ လူးကြရတယ် နွေး နွေး၊ ငါရယ် နင်ရယ် စောထူးရယ်သာ ကံကောင်းလို့ ရွှံ့ထဲမနစ် ခဲ့တာ"

"နင့်ကိုတော့ စကားနိုင်လုမပြောချင်ဘူး မိုးဟိန်း၊ ဒါပေမဲ့ နင်ဟာ ဘယ်သူနဲ့မှ တည့်မယ်လူ မဟုတ်ဘူး။ လောကကြီးကို သက်သက်မဲ့ အရွဲ့တိုက်နေသလိုပဲ၊ နင့်ကို ငါ သူငယ်ချင်းလို ချစ် လို့"

"ငါသိပြီးသားတွေ ပြောမနေပါနဲ့" မိုးဟိန်းက ဖြတ်ပြော သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ငါ ငယ်ငယ်လေးတည်းက အတူတူမွေးခဲ့ကြတာပဲ၊ နင့်အကြောင်းကို အူမချေးခါးက အစ သိတယ်"

မိုးဟိန်းက နွေးနွေး၏ မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။ နွေးနွေး၏မျက်နှာလေးသည် နွမ်းနယ်နေသဖြင့် သနားမိပြီးမှ စိတ်ကိုတင်းလိုက်သည်။ သက်ပြင်းတစ်ချက်ချလျက် မိုးဟိန်းအနီးတွင် ဝင်ထိုင်တော့ မိုးဟိန်းက ဟန်မပျက် ဆေးလိပ်တစ်လိပ်ကို ရှပ်အင်္ကျီအိတ်ထဲမှ ထုတ်ကာ မီးညှိသောက်လိုက်သည်။ မီးခိုးကြားထဲမှ နွေးနွေးမျက်နှာကို လှမ်းကြည့်ရင်း. . .

"နင်နဲ့ငါ နှစ်ယောက်အတူတူ သိပ်ထားရင် ရုပ်ချင်းတူလွန်းလို့ လူကြီးတွေက မှားချခဲ့ကြပေမယ့် ခုကြီးလာကြတော့ မတူတော့ဘူး၊ ငါက ညိုပြီးမြင့်လာတယ်၊ နင်ကဖြူပြီးအရပ်ပုတယ်၊ ပြီးတော့ မတူတကာ့မတူဆုံးက နင့်စိတ်နဲ့ ငါ့စိတ်ထဲပဲ"

"မတူပါဘူး၊ ဒါ နင်ပြောဖို့ မလိုပါဘူး"

မိုးဟိန်းသည် ဆေးလိပ်ကိုအသာချကာ. . .

"နင်ဟာ ငါ့ထက် ပညာတက်ချင်တတ်မယ်၊ အထက်တန်းကျကျ နေချင်နေမယ်၊ ဒါပေမဲ့ နင့်စိတ်ကတော့ အောက်တန်းကျတယ်၊ အဲဒါကို ငါက. . ."

"နင်က လူပါးဝတာကိုး၊ ဒီလိုပြောမှာပေါ့"

သူတို့နှစ်ယောက် အချီအချဖြစ်မြဲပင် စောထူးက နားထောင်ရင်းအနေခက်လာသဖြင့်. . .

"တော်ပါတော့ဟာ တော်ကြတာပေါ့၊ ခွေးတွေလိုပဲ ကိုက်နေကြတာပဲ"

ပြန်ဖြေလိုက်သည်။ ဒီတော့ မိုးဟိန်းသည် သက်ပြင်းတစ်ချက်ချလျက်. . .

www.burmeseclassic.com

www.burmeseclassic.com



"ခွေးအချင်းချင်းကိုက်တာ တော်သေးတာပေါ့၊ ကျားဝင်ဆွဲရင် ပိုဒုက္ခရောက်မှာပဲ"

"နင်ဘာပြောချင်တာလဲ"

နွေးနွေးက ခပ်ဆတ်ဆတ်လေး မေးလိုက်သည်။

"နင့်ကို ကျားကိုက်လိမ့်မယ်လို့ ငါသတိပေးနေတာ"

"အိုး . . . နင်က စိုးရိမ်စရာမလိုပါဘူး အနေသာကြီးပါ"

"နင်ကျားအကိုက်ခံနေချင်ရင်တော့ ငါစိုးရိမ်စရာမလိုပါဘူး"

"မိုးဟိန်း နင်ဘာစကားပြောတာလဲ"

နွေးနွေး၏ မျက်နှာလေးသည် သိသာထင်ရှားစွာ နီမြန်းနေသည့် ဒေါသနှင့် သူ့ကိုယ်မှာတုန်နေသည်။

ဖလာဝါမေဆင်မီးချောင်းမှ အလင်းရောင်အောက်တွင် နွေးနွေး၏မျက်နှာကို ကောင်းစွာမြင်နေရသည်။ အစိမ်းနုရောင် တက်ထရွန်ကို ရှပ်အင်္ကျီပုံစံ လက်ပွပွနှင့် ညဝတ်အင်္ကျီချုပ်ထားလျက် မည်းမှောင်သန်စွမ်းသော ဆံပင်တို့ကို ဖဲပွင့်အစိမ်းနှင့် ချည်နှောင်ထားသည်။ ကျောက်စိမ်းဆင်တွင် အနက်အပြောက်အစက်များနှင့် တူတယ်လ်ထဘီသည် နွေးနွေး၏အလှကို ထင်လင်းစေသည်။

သည်အလှ၊ သည်အသွင်၊ သည်အဆင်တို့ကား နွေးနွေး အနာဂတ် ဘဝကို ဖန်တီးရာ၌ ဘယ်လိုအထောက်အကူပြုမည်လဲ။ အကျိုးသက်ရောက်စေမည်လဲ။ မိုးဟိန်းပြောမပြတတ်။ နွေးနွေးသည် သူ့စေတနာတွေကို နားလည်မည်မထင်။ သည်အတွက် ဝမ်းလည်းနည်းသည်။ ဘာကိုမှ ပွင့်လင်းစွာ ဆွေးနွေး နိုင်ခွင့်မရှိဘူး ဟုလည်း စိတ်ထဲမာနထားသည်။

ဒါပေမယ့်နွေးနွေးဆိုတာ မိုးဟိန်းချစ်သူ မဆိုနိုင်သည့်တိုင် ငယ်ငယ်ကတည်းက တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ နှစ်

www.burmeseclassic.com

www.burmeseclassic.com



အိမ့် တစ်အိမ်နေလာခဲ့ကြတဲ့သူငယ်ချင်းပါကွယ့်။ ရန်ကုန်ရောက်တော့လည်း ဘာမဆို ဆိုးတိုင်ပင် ကောင်းတိုင်ပင် ရဲဘော်ရဲဘက် စိတ်ဓာတ် အပြည့်နှင့် တစ်ယောက်အကျိုးတစ်ယောက် ဆောင်ရွက်နေကြတဲ့ သူတွေဆိုတာလည်း နွေးနွေးအသိပင်။

ရဲဘော်ရဲဘက်ဆိုတာလည်း သူငယ်ချင်းထက်ပင် လေးနက်သည်။ သေအတူ ဆင်းရဲအတူ ငတ်အတူတူ တစ်ဦးကိုတစ်ဦး စွန့်လွှတ်ရန် အသင့်ပါ နွေးနွေးရဲ့ဟု တီးတိုးရန်ထောင်ချင်သည်။

"နင့်အတွက် ငါစကားပြောနေတယ်နွေးနွေး"

"ဒါပေမယ့် နင့်စကားကို ငါမှလက်မခံဘဲ၊ နင်ငါ့ကို ကျားကိုက်ခံချင်ရင်ဆိုတဲ့ စကားမျိုးကိုတော့ နင်ပြန်ရုပ်သိမ်းပါ မိုးဟိန်း၊ ခုပြန်ရုပ်သိမ်းပါ"

"မရုပ်သိမ်းနိုင်ဘူး၊ ငါက အမှန်ပြောတာပဲ"

"ငါ့ဘက်ကနေကြည့်ရင် နင်မမှန်ပါဘူး"

"ဘယ်သူ့ဘက်က ကြည့်ကြည့် နင်မှားနေတယ် နွေးနွေး၊ နင့်ကို ကိုကောင်းမော်က---"

"ကိုကိုက ငါ့ကို ချစ်နေတယ်၊ ငါကလဲ သူ့ကိုချစ်နေတယ်၊ ဒါပေမယ့် ငါက ပြန်ချစ်သင့်မချစ်သင့် စဉ်းစားနေတယ်၊ အခြေအနေက ဒါပါပဲ၊ ကဲ---ဒီ့ထက် နင်ဘာများ ပိုပြောချင်သေးလဲ"

"ငါ့မှာ ပိုပြောစရာအကြောင်း ဘာမှမရှိပါဘူး၊ တိတိကျကျ ပြောစရာရှိတာကတော့ နင်နဲ့ ကိုကောင်းမော်တို့ဟာ တစ်သွေးတည်း တစ်ရောင်တည်းမဟုတ်ဘူး၊ တူညီတဲ့အဆင့်မှာလဲ မရှိဘူး၊ တူတယ်လို့လဲ သူတို့က ဘယ်တော့မှ သတ်မှတ်မှာ မဟုတ်ဘူး၊ လွယ်လွယ်ပြောရရင် နင်နဲ့သူနဲ့ မတူဘူး၊ မတူတော့ ဘာဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သလဲ၊ ဘယ်လိုဇာတ်သိမ်းမလဲ နင်စဉ်းစားပေါ့၊ ကိုယ့်ဘက်က မနာဖို့အရေးကြီးတယ် နွေးနွေး၊ ပြီးတော့လဲ နင်ကမိန်းကလေး”

“ဒါတွေ ငါနားလည်ပါတယ်၊ နင်ပြောဖို့မလိုပါဘူး၊ ဒါက ငါ့ကိစ္စပါ”

နွေးနွေးက ခပ်ပြတ်ပြတ်ပြောသည်။ နွေးနွေးပြောပုံဆိုပုံက ခေါင်းမာလွန်းသည်ဟုလည်း ထင်သည်။ နွေးနွေးကို အနစ်မွန်း မခံနိုင်တာ အမှန်ပင်။ ကဒုတ်ကျေးရွာမှ နွေးနွေးသည် သူနာပြု ဆရာမကောင်းတစ်ယောက် ဖြစ်လာပေပြီ။ နွေးနွေး၏ အဒေါ် တစ်ယောက်သည် ဆရာဝန်တို့၏ နှုတ်ဖျားဝယ် ကျော်ကြားသော ဘလူးစတပ်ဖ် ခေါ် အပြာဝတ် သူနာပြုဖြစ်ခဲ့သောကြောင့် သူ့ အဒေါ် ခြေရာနင်းသော နွေးနွေးသည်လည်း အလုပ်၌ ကျွမ်းကျင် သလောက် စိတ်ချရပြီး အားကိုးရသော ဆရာဝန်တို့အဖော်ဖြစ် သည်။ ဒါကြောင့်လည်း ဒေါက်တာကောင်းမော်က နွေးနွေးကို မျက်စိကျတာ ထင်သည်။

ရာသက်ပန် အဖော်တစ်ယောက်အဖြစ် ဒေါက်တာကောင်းမော် က သတ်မှတ်လာရင်တော့ငြင်းစရာမရှိပါဘူး၊ နွေးနွေးကံကောင်း လာနိုင်တာပေါ့။ သို့သော်လည်းဆရာဝန်နှင့် သူနာပြုဆရာမလေး များ ဇာတ်လမ်းများက အထွေထွေပင်။ တချို့ မိန်းကလေးများ အနေအထိုင်အတင့်ရဲလွန်းလှသည်။ အိပ်ခန်းများထဲသို့ပင် ဝင် ကြသည်ဆိုပဲ။ ဝတ်လစ်စလစ်နေရန်ပင် ဝန်မလေးကြတဲ့။ ဘယ် လောက် ဖောက်ပြန်ကြတဲ့ ဒုစရိုက်သားကောင်များလဲ။

ကိုကောင်းမော်တို့ အပေါင်းအသင်းတချို့ကိုလည်း တွေ့ဖူး သည်ပင်။ နှုတ်ခွန်းစကားမဆိုမီပင် သူ့နှမကိုယ့်နှမ ကိုယ်ပေါ် သို့ လက်က အရင်ရောက်လာတတ်သည်။ လက်သွက်ခြေသွက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် အားနာကြောက်ရွံ့တတ်သော မိန်းကလေးများအပေါ် အနိုင်ယူတတ်ကြသည်။

နွေးနွေးကတော့ ဒီအထဲ မပါ။ ကြောက်လည်း မကြောက်၊ အားလည်း မနာတတ်သည့်ပြင် နွေးနွေးက တည်သည်။ မျက်နှာအနေအထားကလည်း ရိုးဖြောင့်ဖြူစင်ဟန်ပေါ်လွင်သည်။ တော်ရုံလူက နွေးနွေးကို မနောက်ပြောင်ရဲ။ နောက်ပြောင်တတ်သည့်လူကိုလည်း နွေးနွေးကမကြားချင်ယောင်ပြုနေသည်။ ဘယ်လိုမှ မနေသည့်အမူအရာနှင့် အရေးမစိုက်တတ်။ သည်တော့ နွေးနွေးသည် ဆေးရုံတွင် သူ့အလှအတွက်ပါမက သူ့ဣန္ဒြေသူ့သိက္ခာအတွက်ပါ ကျော်ကြားလာသည်။

ဒါကြောင့်မို့ နွေးနွေးကို နှမြောတာပေါ့ဟု မိုးဟိန်းက စိတ်ထဲ ပူပန်နေသည်။ ရန်ကုန်ရောက် ကတည်းက စာတွေဖတ်စပြုနေသော မိုးဟိန်းကို 'တိုင်းပြည်မှာ မလိုလားအပ်တဲ့ တိုင်းသူပြည်သားတစ်ယောက် လျော့သွားတာ ဝမ်းသာစရာကောင်းပေမယ့် အဖိုးတန်တဲ့ ပြည်သူတစ်ယောက်ကိုတော့ ဘဝမဆုံးစေချင်ပါဘူး၊ ငွေရှိမှ၊ ပညာတတ်မှ၊ ဂုဏ်မြင့်မှ လူထင်တတ်တဲ့ ပကာသနအုပ်စုမုန်တိုင်းထဲမှာ 'နွေးနွေး'ကို လွင့်ပါမသွားစေချင်ဘူး၊ လောကမှာ မမှန်ကန်တဲ့လူတွေရဲ့ အလွှမ်းမိုးကို မခံချင်ဘူး၊ ကိုယ်က မှန်လဲ မှန်လျက်သားနဲ့ ဒူးထောက်နေရတဲ့ ဘဝမျိုးကို မရောက်ချင်ပါဘူး။

ထိုနေ့ညက နွေးနွေးနှင့် မိုးဟိန်းတို့ စကားအချီအချများကြသည်။ စောထူးကကြားထဲက စိတ်ညစ်လှသည်။ တော်ပါတော်ပါ ပြောမရတဲ့အတူတူတော့ 'သတ်ကြဟာ'ဟု အားပေးအားမြှောက်

www.burmeseclassic.com

www.burmeseclassic.com



ပြုလိုက်သည်။ မိုးဟိန်းက သွေးအေးအေးအမူအရာနှင့် ဒေါသထွက်ဟန်က သိသာထင်ရှားလှသည်။

"အေး. . နင့်အဖို့ စရိုက်မမှန်တဲ့ အထက်တန်းစားတစ်ယောက်ရဲ့ တစ်ဦးတည်းပိုင်. . ."

နောက်ပိုင်းစကားတွေ ဝိုးတိုးဝါးတားနှင့် စောထူး မကြားလိုက်။ နင့်နင့်သီးသီး စကားတစ်ခွန်းကိုတော့ ဆိုလိုက်သည်ထင်သည်။ မိုးဟိန်း၏ပါးကို နွေးနွေးက မညှာမတာရိုက်လိုက်သည်။ မိုးဟိန်းက နွေးနွေးအား ပြန်ရိုက်မည်ဟု လက်ကရွယ်ပြီးမှ မရိုက်ဖြစ်။ မျက်ရည်ကြောင်းများ ထင်နေသော နွေးနွေး၏ ပါးမို့မို့လေးပေါ် လက်ဝါးရာ မတင်ရက်။

နွေးနွေးကတော့ လက်ဦးလိုက်သူဖြစ်လျက်နှင့် လှိုက်လှဲဝမ်းနည်းသော ရှိုက်သံနှင့်မိုးဟိန်းတို့ ခိုလှုံရာတန်းလျားဂေဟာမှ ပြေးထွက်ခဲ့လေသည်။ "ပြေး ပြေး. . ဝေးဝေးပြေး နွေးနွေး၊ နင်နဲ့ငါနဲ့ ကမ္ဘာခြားသွားအောင် ပြေးနိုင်သလောက် ပြေး. . ." စိတ်ထဲမှ ခံပြင်းနေသည်။

ဒီလောကမှာ လူလူချင်း ကမ္ဘာခြားသလို ဖြစ်နေကြတာတော့ အမှန်ပဲ။ သူတို့က တစ်ကမ္ဘာ၊ ငါတို့က တစ်ကမ္ဘာ တစ်သက်လုံး ဖြစ်နေကြရမှာလား။ အဖိနှိပ်ခံရတဲ့ လူတွေအတွက် တရားမျှတရေးဆိုတာ မရှိတော့ဘူးလား။ လူ့ဘဝဆိုတာ အားကြီးတဲ့လူတွေကို အခွင့်အရေးအပြည့်ပေးပြီး အားငယ်တဲ့လူတွေကို နိမ့်ကျစေသလား။ ကျေးကျွန်တွေလို သားရဲတိရစ္ဆာန်တွေလို ဖြစ်နေရတဲ့ ဘဝကိုပဲ တွန်းပို့နေသလား။ လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် လုပ်နိုင်ဖို့ အခွင့်အရေး လုံးဝမရှိတော့ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွေးများကို စောထူးသည် နားမလည့်တလည်နှင့် ခေါင်းခါသည်။ စောထူးက နားမလည်ပေမယ့် ဒေါက်တာကောင်းမော်နှင့် နွေးနွေးတို့ ကိစ္စကိုတော့ ခံပြင်းသည်ဟု ဆိုလာသည်။ သူတို့သူငယ်ချင်းမ နွေးနွေးကို ကိုကောင်းမော်က အတည်မကြံဘဲ နွေးနွေးအား ဒုက္ခရောက်စေမည်ဆိုလျှင်တော့ ကောင်းမော်၏ ခေါင်းကို ရိုက်ခွဲမည်ဟု ကြိမ်းမောင်းနေသည်။

ထို့နောက် စောထူးလက်ထဲမှ နွေးနွေး ကူးရေးပေးထားသော 'တစ်နေရာမှချစ်သူ' သီချင်းစာသားနှင့် စာရွက်ကလေးသည် ကြေမွထွေးလုံးနေသည်။ တဖွဲ့ဖွဲ့နှင့် ကျလာသောမိုးပေါက်တို့နှင့် အတူစာရွက်ငယ်သည် သဲမြေထဲ စိုနစ်သွားလေသည်။

တိုက်အိမ်ကြီးထဲမှ တေးသံကတော့ ပျောက်ကွယ်မသွား။ စန္ဒရားသံသည် အပြင်သို့ လွင့်ထွက်လာသည်။ စောထူးတို့ကြည့်ဖူးသော ရုပ်ရှင်ကားထဲမှ ကမာရာရော့စကီးဆိုသော ဇိမ်ခံလူတန်းစားမှ အခွင့်အရေးသမားကြီးတစ်ယောက်က 'လာရာ' ဆိုသောဇာတ်ကောင် အမျိုးသမီးလေးကို ကျူးသွင်းခန်းကို အမှတ်ရနေမိသည်။ ထို'လာရာ'သည် အိမ်ထောင်ရှိသော ဒေါက်တာဇီဗာဂိုးနှင့်လည်း ညားသည်။ ဘယ်သူကိုမှလည်း လက်မထပ်ဖြစ်။ သူတို့နှစ်ယောက်ကို ချစ်သူနှစ်ယောက်အဖြစ် ဇာတ်အိမ်က လွမ်းလွမ်းတတ ဖွဲ့နွဲ့သည်။

သို့သော် နောက်ဆုံး၌ ဒေါက်တာဇီဗာဂိုးက သူ့မိန်းမဆီ ပြန်သည်။ ရုရှားပြည် အောက်တိုဘာလတော်လှန်ရေးကြီး မွေးဖွားလာသောအချိန်၌ 'လာရာ'သည် အဖေမဲ့သော သမီးလေး တစ်ယောက်က ဖွားမြင်ပြီး ကလေးမလေးကြီးပြင်းလာသောအခါ 'မင်းအမေ ဘယ်သူလဲ၊ အဖေဘယ်သူလဲ' ဟု သူ့ဘကြီး စစ်ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



က မေးတော့ အမေကို မာမာ၊ အဖေကို ပါပါပဲ ဖြေတတ်တော့သည်။ သည့်ထက်ပို၍ ဘာမှမသိ။

မိုးဟိန်းက သူ့သောက်လက်စ ဆေးလိပ်တိုကို ပြာခံခွက်ထဲ ထိုးချေလိုက်သည်။ နံရံတွင် ထောင်ထားသော သူဆွဲလက်စ ပန်းချီ ရွက်ထည်ပြင်ပေါ်မှ 'လှတစ်မျက်နှာ' နာမည်တပ်ထားသော 'နွေးနွေး'ပုံတူ ပန်းချီကားကို ဆေးအမည်းနှင့် ကြက်ခြေခတ်ပစ်လိုက်သည်။

ထိုနေ့ညက တစ်ညလုံး မအိပ်တော့ဘဲ ပန်းချီအသစ် ရေးခြယ်သည်။ ဝင်းမှည့်နေသောရွှေရောင်စပါးခင်းများတွင် ကောက်ရိတ်နေကြသော မိန်းမငယ်များထဲတွင်တော့ နွေးနွေးကို ဝိုးတိုးဝါးတားနှင့်ထည့်ဆွဲသည်။ လယ်တစ်ပွဲလုံး အင်တိုက်အားတိုက် ရိတ်သိမ်းနေကြဟန်ကို ပေါ်လွင်အောင်ရေးခြယ်လိုက်လေသည်။

ပန်းချီကားချပ်နာမည်ကို ဘာသာနှစ်မျိုးနှင့် 'ရိတ်သိမ်းချိန်' ဟု (The Harvest)ဟု လှလှပပတပ်လိုက်လေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

ကဒုတ်ကားဆိပ်တည့်တည့် ပေတစ်ရာလမ်းချိုးထိပ်တွင် ဈေးရှိသည်။

နံနက် ၉း၀၀ နာရီထိုးလုပြီဖြစ်သဖြင့် ဈေးကွဲစဖြစ်ကာ ဈေးရောင်းဈေးဝယ်တို့ ပါးသွားကြပြီ။

ဈေးမှသည် ရွာလယ်ပိုင်းလမ်းသို့ ကျောက်လမ်းအတိုင်း လျှောက်သွားလျှင် တောင်ဘက်လမ်းဘေး၌ ဆေးပေးခန်းရှိသည်။ ဆေးပေးခန်းတွင် လူတွေတအုံးအုံးနှင့် စည်းကားနေသည်။ ကလေးခါးထစ်ခွင်ချီထားကြသော အမျိုးသမီးတစ်စုသည် မတိုးဝှေ့နိုင်သော လူအုပ်ကြားထဲမှ ဖဲထွက်နေကြသည်။ ကလေးငယ်တို့သည် ကျီကျီလောင်လောင် ငိုသူကငိုကြသည်။

"တို့တော့ တခြားဘာမှမစိုးရိမ်ပါဘူး။ ငုဝါနဲ့ ကလေးတွေ သွေးလွန်တုပ်ကွေးဖြစ်မှာပဲ စိုးရိမ်တယ်"

နွေးနွေးသည် ငုဝါကို လက်တွဲလမ်းလျှောက်ရင်း ပြောလိုက်လေသည်။ စောထူးက ကွမ်းတပြစ်ပြစ်ဝါးရင်း. . .

"မနေ့ညက ဂျစ်တူးဆုံးတာ နှစ်ချက်ထိုးပဲနော်၊ ခွေးတွေ အူလို့ ငါဖြင့် ကြောက်လိုက်တာဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဦးစောထူးကလဲ ကလေးသေတာတောင် ကြောက်ရသလား"

ငုဝါက လူကြီးသူမလေးတစ်ယောက်ပမာ ပြောပြီး ရယ်နေသည်။ မိုးဟိန်းက ပြုံးမိပြီး ငုဝါ၏ ခေါင်းကို လှမ်းပုတ်သည်။ နွေးနွေးက မျက်စိမျက်နှာမကောင်း။

"မနေ့ညက ဂျစ်တူးပဲ မျက်စိထဲမြင်နေတယ်။ ၁၂ နှစ်အောက် ကလေးတွေအားလုံး သတိထားရမှာ၊ နှစ်ရက်သုံးရက် အပြင်းဖျားရင် ဂရုစိုက်တော့၊ သူက အန်လဲအန်တယ်၊ သုံးလေး ရက်လောက် ကြာတော့ အနီဖုတွေ ကိုယ်မှာပေါ်လာတာပဲ၊ 'ဟာမိုရာဂျစ် စပေ့' (haemorrhagic sports)တွေပေ့ါ၊ ဟိုတုန်းကတော့ တို့လဲ ဒီ ရောဂါမျိုးမှ မကုဖူးတာ ဘယ်သိမလဲ မိုးဟိန်းရယ်၊ တို့နာစ်လုပ် တုန်းက ဒီရောဂါမျိုးတွေ ခေတ်မစားသေးပါဘူး၊ ခု သွေးလွန် တုပ်ကွေးက နောက်ဆုံးပေါ်ခေတ်မီရောဂါဆန်း ဖြစ်လာတာ"

စိုးရိမ်တတ်သော မိခင်ကောင်းအမူအရာသည် နွေးနွေး၏ မျက်နှာပြင်ပေါ်တွင် လွှမ်းခြုံနေသည်။ မိုးဟိန်းကတော့ နွေးနွေး၏ ဝါဝင်းသော မျက်နှာလေးကို ငေးကြည့်ရင်း. . .

"မနေ့ညက ငါမောမောနဲ့ အိပ်လိုက်တာ နွေးနွေးအိမ်က ထွက်သွားတာလဲ မသိလိုက်ဘူး၊ ဂျစ်ထူးအိမ်ဘက် သွားမယ်ဆို တာတော့သိပါရဲ့၊ ဂျစ်ထူးအိမ်ဘက်က ဆူဆူညံညံဖြစ်နေတာလဲ အသိဘူး၊ မနက်လင်းပဲငိုသံတွေကြားတော့ ဘာပါလိမ့်မလဲလို့ တို့စိတ်ထဲ မှတ်နေတာ"

"ဂျစ်ထူးအမေက အလောင်းဖက်ဖက်ပြီး ငိုနေတာ"

စောထူးကပြောတော့ နွေးနွေး၏မျက်လုံးများကာ အရည် တလဲ့လဲ့နှင့်ဖြစ်လာပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာရေးသင်တန်းမှူးကလဲ အစွမ်းကုန်ကြိုးစားတာပဲ၊ တို့လဲ ပါတာပေ့ါ၊ တစ်ညလုံးမအိပ်ဘူး၊ ဒိုက်ဦးဆေးရုံအားချင်း ပို့ဖို့ကလဲ အချိန်က မတော် ဆေးဝါးကလဲမရှိ သိပ်ကံဆိုးတဲ့ ကလေးပါကွယ်"

"မနေ့ညနေက ဦးဦးလာတုန်းက ငုဝါတို့ ကုလားမစည်း ကစားတဲ့အထဲ ပါတာ ဂျစ်တူးရဲ့ အစ်မပေ့ါ၊ ခါတိုင်းကစားရင် သူပါ ပါတယ်"

ငုဝါက ဖျက်ခနဲသတိရပြီး ပြောလိုက်သည်။ ထို့နောက် ငုဝါ သည် သူ့အမေလက်ကို ကိုင်လှုပ်ကာ. . .

"အမိုး. . . အမိုး. . . ဂျစ်တူးပါးစပ်ထဲက သွေးတွေထွက်လာ တယ်ဆို၊ သွားဖုံးမှာလဲ သွေးတွေနဲ့ဆို. . ."

"မိုးဟိန်း. . . ဟိုမှာ အစိုးရအထက်တန်းကျောင်း တို့အရင် ကျောင်းနေရာပဲ မှတ်မိသေးလား၊ ဒီနှစ်အထက်တန်းကျောင်းဖြစ် ပြီ၊ ကိုယ်ထူကိုယ်ထ စနစ်နဲ့ပေ့ါ"

နွေးနွေးသည် သမီးလေးငုဝါ၏ စကားကို မနည်းဖြတ်လိုက် သည်။

"စောထူးပြောပြတယ်"

"ဆရာတွေ ဆရာမတွေတော့ ဒုက္ခခံရတာပေ့ါဟယ်၊ အလှူ ငွေတွေ ဝိုင်းထည့်ပြီး လုံးပန်းကြရတာ တို့ဆီမှာက ကိုယ်ကျိုးကို လုံးလုံးစွန့်ပြီး လုပ်ကြရတာ၊ နင်အရင်တုန်းက ပြောခဲ့တဲ့စကား တွေဟာ မှန်ပါတယ်မိုးဟိန်းရယ်၊ လောကကြီးမှာ ဘယ်ဟာက ရန်သူ ဘယ်ဟာက မိတ်ဆွေဆိုတာ ခွဲခြားသိရမယ်လို့ နင်ပြောတဲ့ စကားလေ၊ တို့ဘယ်တော့မှ မမေ့နိုင်ပါဘူး၊ ဒီလိုလူတွေမှာ ဂုဏ် မဲ့မယ်၊ ခနဉစ္စာချို့တဲ့ရင်ချို့တဲ့မယ်၊ ပညာမဲ့ရင် မဲ့မယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



စေတနာတော့ မမဲ့ကြဘူး၊ စိတ်ထားကောင်းကြတယ်၊ ဒါကြောင့် ဒီမှာပဲ တို့ဘဝသစ်ကို စခဲ့ကြတာပေါ့"

နံနက်ခင်း နေခြည်အောက်ဝယ် ခရမ်းနုရောင် ဖော့ရှုန်အထူ လက်ပြတ်၊ ဗေဒါရောင်ပါတိတ်ပွင့်ရိုက်ထဘီနှင့် နွေးနွေး၏အလှသည် ဖူးပွင့်စ အပျိုပေါက်ပမာ ဆန်းသစ်နုပျိုဆဲပင်။ တစ်ပတ်လျှိုထုံးထားသော ဆံပင်ထက်မှ ခရမ်းပြာကြောင်မြီးတူပန်းသည် ငုံအာသစ်စမို့ လန်းနေသည်။

"သမီးကို ကဒုတ်မှာ မွေးတာနော်"

ဗေဒါရောင် ပါတိတ်စကို ဂါဝန်လေးချုပ်ထားသော ငုဝါက မေးလိုက်လေသည်။ နွေးနွေးသည် သူငယ်စဉ်ကလိုပင် အဝတ်အစားများကို သေသေသပ်သပ် ဝတ်ဆင်လေသည်။

"နင်ကံကောင်းလို့ လူဖြစ်လာတာနော်"

စောထူးက သတိလစ်ပြီး လွှတ်ခနဲ ဝင်ပြောလိုက်သည်။ နွေးနွေးက စောထူးအား မျက်လုံးနှင့် လှမ်းသတိပေးလိုက်ပြီး မိုးဟိန်းကတော့ စောထူး၏ ကျောပြင်ကျယ်ကြီးကို ပြန်းခနဲ တစ်ချက်ရိုက်လိုက်ကာ. . .

"နင်လဲ ကံကောင်းလို့"

"ဦးစောထူးက ဘာဖြစ်လို့လဲ"

ကလေးစိတ်အာရုံက ပြောင်းသွားလေသည်။ မိုးဟိန်းက ခပ်ပေ့ါပေါ့ အမူအရာနှင့် ရယ်မောလျက်

"ငယ်ငယ်တုန်းက မီးရထားလမ်းပေါ် လိမ့်ကျပြီး မှောက်လျက်လဲနေရင်းငိုနေတာ ရထားကံကောင်းလို့ကြိတ်မသေတယ်"

"ဟုတ်လား ဦးဦး၊ ခုလဲ ကလေးတွေ ကျောင်းသွားရင် ရထားခဏခဏ ကြိတ်တယ်၊ အမိုးက သမီးကိုသိပ်စိတ်ပူတာ၊ အကြီး

www.burmeseclassic.com

www.burmeseclassic.com



စောနဲ့ ကျောင်းသွားရတယ်၊ နော်နော်တို့မကြြင်မေတို့ မအေးသန်းတို့နဲ့"

ဘောလုံးကွင်းနှင့် ဘိုတဲကိုဖြတ်ကျော်လာကြပြီး ဘယ်ဘက်လမ်းဘေးမှ စာတိုက်ကို လှမ်းမြင်နေရသည်။ ထို့နောက် သမဝါယမဆိုင်။ သမဝါယဆိုင်တွင် လူတွေ စီတန်းနေကြသည်။

"ဆီပေးနေတာလား နွေးနွေး"

စောထူးက ရယ်မလိုမျက်နှာထားနှင့် မေးလိုက်သည်။

"ဟုတ်တယ် စောထူး"

နွေးနွေးက အတည်ဖြေသည်။

"အပြင်မှာ ဘယ်ဈေးလဲ"

"မသိပါဘူး၊ တို့အပြင်ကဝယ်စားတာမှမဟုတ်တာ၊ ဝက်သားချက်တယ်၊ ငါးပိရည်ရယ် တို့စရာရယ် ဟင်းချိုရယ် ဆီမပါဘဲစားတာပေါ့၊ သက္ကလပ်က ဘကြီးကလဲ ဆီပို့ပေးသေးတယ်၊ ဆွေမျိုးတွေ မျှလိုက်တယ်၊ ပြီးတော့ တို့ကရင်ဟင်းက ဆီလဲ မကုန်ပါဘူး"

"ပဲလေး ဘာလေးစိုက်ဖို့ အဖိုးတို့ကို ပြောပါဦးဟာ ဆီဖောဖောစားရတာပေါ့"

စောထူးက အကြံပေးသည်။ မိုးဟိန်းကတော့ နှုတ်ခွန်းတိတ်ဆိတ်ကာ ပြုန်းခနဲ စိတ်ကူးရရာများကို စာရွက်ပေါ် ဘောလ်ပင်မင်ချောင်းနှင့် မှတ်နေသည်။

"ဦးဦး ဘာရေးနေတာလဲ"

"ကာတွန်း"

"ဘာကာတွန်းလဲ"

ငုဝါက စပ်စုနေသည်။ မိုးဟိန်းသည် လမ်းလာရင်း ငုဝါအား

www.burmeseclassic.com

www.burmeseclassic.com



စာရွက်ငယ်တစ်ခုကို ပြလိုက်သည်။ ငုဝါက မျက်မှောင်လေးကြုတ်ကာ ဖတ်နေသည်။ ယောက်ျားကို တုတ်ကြီးကြီးနှင့် ရွယ်ထားသော ကန်စွန်းရွက်ကြော်သော အိမ်ရှင်မကြီးကို လက်နှင့်ထောက်ကာ ငရုတ်သီးထောင်းဟင်းချိုဟု အော်လျက် ဖတ်နေသည်။ အမိပွဲာယ်ရှင်းပြရင်း မိုးဟိန်းနှင့် ငုဝါတို့ အဖွဲ့ကျသွားလေသည်။ ငုဝါက လက်ခုပ်လက်ဝါးလေးတီးကာ ရယ်မောနေသည်။

"ဦးဦးကာတွန်းထဲက လူကြီးအရုပ်ကလဲ ဦးစောထူးနဲ့ တူလိုက်တာ"

"သူ့ကိုပဲ ဆွဲတာပဲ"

"မိန်းမကြီးကရော"

"သူ့မိန်းမ"

"ဟင် ဦးစောထူးမှာ မိန်းမလဲ မရှိဘဲနဲ့"

"ရှိပါတယ်"

"ဘယ်မှာလဲ"

"ရန်ကုန်မှာ"

"ဟုတ်ဘဲနဲ့"

"မိုးဟိန်းလုပ်တာနဲ့ ငါတော့ လာဘ်ပိတ်ပါပြီ"

"ဘာလဲ အဲဒါ"

ငုဝါက နားမလည်။

စကားကို လှီးလွှဲကြပြန်သည်။ ၂၆ နှစ်တင်းတင်းပြည့်တဲ့နေ့မှာ မိန်းမယူမည်ဟု ကြိမ်းလာခဲ့သော စောထူးလည်း ဘာလိုလိုနှင့် ၂၈ နှစ် တင်းတင်းပြည့်ခဲ့ပေပြီ။ မယားတစ်ယောက်ကို ဘယ်လိုများ လုပ်ကျွေးရမည်လဲ စဉ်းစားလို့မရ။ ပေါက်ဖွားလာကြမည့်

www.burmeseclassic.com

www.burmeseclassic.com



သားသမီးအရေးဆိုတာ စိတ်ကူးထဲပင် မထည့်ရဲ၊ ရှုံးလုလင်လစာနှင့် တစ်ကိုယ်တည်းပင် ကြွေးတင်သည်။

ရွာပြန်၍ လယ်လုပ်ရမည်လား အကြိမ်ကြိမ်စိတ်ကူးမိသေးသည်။ တောင်သူယာလုပ်၏ ကြမ်းတမ်းသော ဘဝကိုလည်း စောထူး မသိဘဲရှိမည်လား၊ လယ်ယာအလုပ်ကိုတော့ စောထူး နောက်တွန့်နေတာအမှန်ပင်။ မြို့မှအပြန် ဆံပင်တွေရှည်လျက် နားရွက်ဖုံးနေသော ဆံပင်ကို အပါးကဆွဲကာ မှန်ရှေ့ကိုခေါ် ပြပြီး. . .

"နင်ယောကျ်ားလား မိန်းမလား ကြည့်စမ်းကြည့်စမ်း"

စိတ်ဆိုးဆိုးနှင့် မေးတတ်သည်ကိုလည်း စိတ်ညစ်သည်။ စောထူး ဆွဲထားသော ငွေဆွဲကြိုးကိုလည်း လက်နှင့်ဆောင့်ဆွဲကာ ရှပ်အင်္ကျီအပွင့်ကို တကိုင်ကိုင်နှင့်. . .

"နင်ဖော်ဖော့်ကို တုနေတာ ငါကြားတယ်၊ နင့်မှာ ယောကျ်ားနဲ့ တူတာ ဘာရှိသေးလဲ"

စောထူးအဖြေကို ပွဲကျသည်။ ထို့နောက်. . .

"အပါးကလဲဗျာ" ဟု စောထူး ညည်းမိသည်။

"ဘာအပါးကလဲ"

အပါးကလဲ ကျွန်တော်ရန်ကုန်မှာ ဆော်မငန်းပါဘူးဗျာ၊ ဖိုးမရှုပါဘူးဗျာ၊ ဆရာကြီးလဲ ရှောင်တယ်ဗျာ"

"သွား. . . သွား၊ အလေနတော စကားတွေလာမပြောနဲ့"

စောထူးလာတိုင်း ရန်ဖြစ်နေတတ်သော သားအဖနှစ်ယောက်ကိုကြည့်ရင်းငိုအားထက် ရယ်အားသန်ရမလို ဖြစ်ကြသည်။ စောထူး အပါးသည် စောထူးအားယခုတိုင်အောင်တုတ်နှင့် ရိုက်ဆဲဖြစ်သည်။ ငယ်စဉ်ကတော့ သားသမီးတွေ အပါးသြဇာကိုက်မြဲပင်။ ယခုတော့ အပါးတစ်ယောက် ကျလူဖြစ်နေပေပြီ။ ငယ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



က သူ့ကိုကြောက်ခဲ့သောစောထူးကိုပင် မနိုင်တော့။ တစ်ခါတုန်းကတော့ အပါးက ဆံပင်ကိုခလုတ်တိုက်လွန်းသဖြင့် ခေါင်းတုံးရိတ်ပစ်ပြီး ဘုရားစင်ရှေ့၌ . . .

"ရန်သူမျိုး ၁၀ပါးနှင့် ကင်းဝေးရပါစေဘုရား . . ."

အကျယ်ကြီး ဆုတောင်းသည်။ စောထူး၏ရန်သူမျိုး ၁၀ပါး တွင်ဖြည့်စွက်ထားတာတွေက လေမုန်တိုင်း၊ ငလျင်၊ အကြွေးရှင်၊ အထက်အရာရှိနှင့် အပါးပါ ပါဝင်သည်တဲ့။ နောက်ထပ် ရန်သူမျိုးတွေ ပေါ်လာဦးမည်ဆိုလျှင်လည်း ၁၁ မျိုး၊ ၁၂ မျိုး ထပ်ဖြည့်ဦးမည်ဆိုပဲ။ ပုသိမ်လေဘေးကြောင့် ရန်ကုန်မှာ ငှက်ပျောသီးစားခွင့်မရတော့။ ငှက်ပျောသီးကြိုက်သော စောထူးအဖို့ ကွမ်းယာဆိုင်တွင် ချိတ်ထားသောသီးမွှေးငှက်ပျောသီးတစ်လုံး ပြား ၆၀ ဆိုတော့ လက်များက ငှက်ပျောသီးပေါ်မှာ ခွာလိုက်ရသည်။

"ငါတို့ ဘဝဟာ မျောက်လောင်း မျောက်လောင်းဘဝပါပဲ" ဆိုတဲ့ စကားကို ကတ်ကတ်သတ်သတ်တွေးသည်။ "မျောက်ဖြစ်ရင်တော့ ငှက်ပျောသီး တစ်ဝကြီးစားရမှာပဲ၊ ငှက်ပျောသီးများကိုပစ်ခတ်ဆော့ကစားပြီး ဘောလုံးကန်နိုင်သော ဘဝမျိုးကိုရောက်ချင်ပါသေးရဲ့"

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

ရှုမျှော်၍ မဆုံးနိုင်သော လယ်ကွင်းပြင်ကြီးသည် ရေထဲမျော နစ်နေသည်။ စိုပြည်စိမ်းလန်းသော ကောက်ပင်တို့ကား ရေထဲမှ ခေါင်းပြူနေကြသည်။ ပင်လယ်ပြင်ကြီးကဲသို့ အပြောကျယ်လှ သော လယ်ကွင်းတို့ကား အဆုံးအစမရှိရေနှင့်ဖွေးနေသည်။ နေ သည် တစ်စတစ်စမြင့်တက်လာသော်လည်း ဖြန့်ကျက်လွှမ်းမိုး လိုက်သော ရွှေရောင်ခြည်မှာ တောက်ပသည်ထက် တောက်ပ လာ လေသည်။

သမဝါယမဆိုင်နှင့် မျက်နှာချင်းဆိုင်တွင် ခနေဗလဆန်စက် သည် မီးခိုးတလူလူနှင့် ရှိနေသည်။

မီးရထားသံလမ်းကို ဖြတ်ပြီးသည်နှင့် ကုက္ကိုပင်များ အုပ်အုပ် ဆိုင်းဆိုင်းနှင့် မြေလမ်းငယ်ကို လျှောက်လာကြရသည်။ မြေလမ်း ဘေးတစ်ဖက်တွင် ဗွက်တို့နှင့် မည်းနက်နေသော ကျွဲလမ်း။ ထို ကျွဲလမ်းကို ဖြတ်ကျော်၍ အိမ်ခြံထဲဝင်ရန် သစ်တုံးတံတားများ ခင်းထားသည်။ ကျွဲလှည်းများနှင့် ကျွဲများအုပ်လိုက် ထိုလမ်းကို ဖြတ်နေကျဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်တုံးဝိုင်းဝိုင်းကလေးများကို မြေပေါ်စိုက်၍ တံတားခင်းထားဟန်မှာ ဂျပန်ရုပ်ရှင်ကားထဲမှ ကျေးရွာလေးတွေတွင် မြင်တွေ့နေကျသစ်တုံးတံတားလေးများနှင့် တူလေမလားဟုမိုးဟိန်းအတွေးယဉ်နေမိသေးသည်။ သို့သော် ဗွက်များနှင့်မည်းနေသောသစ်တုံးများနှင့် ရွှံ့များစွန်းထင်းနေသော နွေးနွေးခြေထောက်ဖြူကလေးများကို တွေ့မြင်ရလျှင် မိုးဟိန်းစိတ်ကူးများသည် တစ်မုဟုတ်ချင်း ပျက်ပြယ်လေသည်။

ရွာနေ လူနေမှုအဆင့်အတန်းကတော့ နိမ့်ကျနေဆဲပင်။ မိုးအခါ၌ မွန်အိမ်ခေါ် ဝရန်တာနိမ့်နိမ့်နှင့် ခြေတံရှည်သစ်သားအိမ်ငယ်ကလေးများကား ဗွက်များ ပတ်ခြံရံနေသည်။ လယ်ကွင်းများနှင့် လူနေအိမ်တို့မှာ ဆက်စပ်နေကြသည်။ မှိုနံ့တို့နှင့် စူးရှပြင်းထန်သော ဂုန်နီဝတ်စုတ်များ ကာရံသည့် ရေအိမ်တို့သည် ရေထဲနစ်လုလုဖြစ်နေသည်။ မိုးများလျှင် ရွာထဲရေဝင်တတ်သည်။

“စပါးဈေး ၁၉၀၀ကနေ ၂၀၀၀တောင် ဖြစ်နေပြီတဲ့၊ နင်တို့မချမ်းသာကြသေးဘူးလား”

မိုးဟိန်းအမေးကို နွေးနွေးမဖြေ။ ရယ်၍သာနေသည်။ ပျဉ်းမပင်ပေါ်မှ အကြွင်းအကျန်ပွင့်နေသော ခရမ်းရောင်ပျဉ်းမပန်းခိုင်ကိုငုဝါက လက်ညှိုးညွှန်လျက် မိုးဟိန်း၏ပေါင်ကိုကုတ်ကာ. . .

“ဦးဦး အဲဒါ ဘာပန်းလဲ သိလား”

“ဘာပန်းလဲ

“ဦးဦးပြော”

ငုဝါက လူလည်လုပ်လေသည်။

“ပျဉ်းမပန်း”

“ကျွဲငိုပန်းပါ”

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းက သဘောကျသလို ရယ်မောပြီး ငုဝါ၏မျက်နှာ က လေးကို စိုက်ကြည့်ရင်း. . .

"ဘာဖြစ်လို့ ကွဲငိုပန်းခေါ်လာလဲ"

"သိဘူး၊ အမိုးပြောတာ ကွဲတွေငိုလို့ ကွဲငိုပန်းခေါ်တာတဲ့"

"ဘာလို့ ကွဲတွေ ငိုရတာလဲ"

မိုးဟိန်းက ဆက်မေးတော့ ငုဝါသည် ခေါင်းကလေးကို တွင် တွင် ခါယမ်းနေသည်။

"ပြောတတ်ဘူး"

အရင်တုန်းက မိုးဟိန်းနှင့် နွေးနွေးတို့အတူတကွ ဖွားမြင်ခဲ့ သော ခြံဝင်းကြီးထဲ ရောက်ခဲ့လေသည်။ နွေးနွေးသည် မိုးဟိန်း ထက် နှစ်ရက်နောက်ကျပြီးမွေးသည်။

ထိုစဉ်တုန်းက ပျဉ်းမပန်းတို့ ဝေဝေဆာဆာဖူးပွင့်ချိန် ဖြစ် သည်ဟု လူကြီးများက ဖောက်သည်ချကြသည်။ ပျဉ်းမပန်းတွေ ကို ကွဲငိုပန်းဟုခေါ်သည်တဲ့။ မိုးဦးကျတွင် ပျဉ်းမပန်းတွေ ပွင့်၍ လယ်လုပ်ကြတော့မည်ဆိုပြီး ကွဲများဝမ်းနည်း၍ ငိုကြသည်တဲ့။ ထို့ပြင် လူကြီးတွေပြောစမှတ်ပြုကြတာတော့ အိမ်တွေမှာ ဖွန်းနှင့် အိုးကပ် ခြစ်စားလျှင်လည်း 'ငါတို့ သည်မျှရှာပေးပါလျက်နှင့် မစားလောက်ဖြစ်ရသည်လား'ဟုလည်း ကွဲတို့ ဝမ်းနည်းကြသည် ဆိုပဲ။

မိုးဟိန်းတို့ငယ်စဉ်က အဖီးတို့များ အိုးကပ်များကို တဂျစ်ဂျစ် ခြစ်သံကြားလျှင်. . .

"ဘယ်သူအိုးခြစ်တာဝေ၊ နင်တို့ဒါလောက်ငတ်နေသလား။ နိမိတ်မရှိတာတွေ မလုပ်နဲ့နော်၊ ကွဲတွေ ဝမ်းနည်းအောင်မလုပ်နဲ့"

သည့်နောက် သူပုန်နှင့်အစိုးရတိုက်ပွဲဖြစ်ပြီး ပြေးကြလွှားကြ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အဖိုးက သည့်နောက် 'တကက. . . သုဂလောလို' ကရင်လိုမကြာခဏညည်းသည်။ ငါတို့မှာခေတ်ပျက်ပြီးငတ်တော့မယ်လို့ အဓိပ္ပာယ်ဆောင်သည်တဲ့။ ယခုမှသတိရသည်။ မိုးဟိန်းသည် ကရင်ဘာသာစကား လုံးဝမတတ်။ တစ်ခါတစ်ရံ စောထူးနှင့် နွေးနွေးတို့ သူ့အတင်းပြောလျှင်ခံပြင်းရမြဲပင်။

ငုဝါလေးပင် ကရင်စကား တစ်လုံးစ နှစ်လုံးစပြောတတ်စပြုပေပြီ။

"ယအယ်နား"

သည်တော့မှ သည်စကားကို မိုးဟိန်းသတိရသည်။ ငုဝါ၏ခေါင်းကို ပုတ်ရင်း ရယ်မောမိသည်။

"ယအယ်နား. . . မင်းကို ငါချစ်တယ်တဲ့"

"ဟော. . . ကျွဲကြီးက အော်နေတယ်၊ ဦးဦးကိုကြည့်ပြီး ယအယ်နားတဲ့"

"အေး. . . ဦးဦးကို ကျွဲကြီးတွေကပဲ ချစ်တယ်တဲ့"

နွေးနွေးသည် အမှတ်မထင် ရယ်မောရင်း မိုးဟိန်း၏မျက်နှာကို လှမ်းကြည့်ကာ ငေးသွားလေသည်။

ဦးဦးကရော ကျွဲကြီးတွေကို ပြန်မချစ်ဘူးလား"

"ချစ်တာပေါ့"

"ဟို ကျွဲကြီးက ငိုနေတာလား"

"မျက်ရည်ထွက်ရင် ငိုတာပေါ့"

လှည်းဒေါက်ဖြုတ်ထားသော နေရာနားတွင် ကျွဲနှစ်ကောင်ဝပ်နေကြသည်။ ထိုခြံကျယ်ကြီးတွင် ကျွဲ ၁၅ ကောင်ပင် မွေးထားသည်။ သည်နေရာတစ်ဝိုက်တွင် ကျွဲစာကျက်များရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကဒုတ်ရွာရထားလမ်းအရှေ့ဘက်တွင် ကျွဲအမွေးများသည်။ ကားလမ်းပိုင်းကျတော့ နွားအမွေးများပြန်သည်။ နွေးနွေးတို့သည်ဘက်ပိုင်းသည် ရေမြုပ်သောနယ်မြေမို့ကျွဲနှင့်ပဲ ကိုက်သည်။ ကျွဲဆိုသည်မှာ ရွှံ့ညွန်ရေကွက်တွင် လူးနေတတ်သော သတ္တဝါဖြစ်သည်။ နွားထက်ကိုယ်လုံးကိုယ်ထည်ကြီးမားထွားကျိုင်း၍ ခွန်အားဗလ ပိုသန်ပြီး အကြမ်းလည်းခံ၊ အအေးလည်းရသည်။

ကျွဲရိုင်းတစ်ကောင်တည်း ခြင်္သေ့နှစ်ကောင်သုံးကောင်တို့နှင့် ဖက်ပြိုင်ဝံ့သည်။ လေးလံသော သစ်တုံးကြီးများ ဆွဲရာ၌လည်း အားကိုးရသည့်အပြင် အနံ့ခံကောင်း၍ နားကင်းလည်း ပါးသော သတ္တဝါများဖြစ်ကြသည်။

သို့သော် ကျွဲတို့မှာ နွားတို့ကဲ့သို့ ကျိုးကျိုးနွံနွံမရှိလှ။ ကျွဲများသည် ဝန်စည်သယ်ဆောင်ရင်း ရေအိုင်မြင်လျှင် အတင်းဆင်းသွားတတ်သည်။ ထို့ပြင်နွေကဲ့သို့ခြောက်သွေ့ပူပြင်းသောရာသီတွင် နွားများက ပို၍ခိုင်းကောင်းပြန်သည်။

အစားအသောက်ကျတော့ ကျွဲကမြက်နှင့်ကောက်ရိုးကို ဖြစ်သလို စားတတ်သည်။ နွားလောက်ကရိကထမများလှ။ ကျွဲစောင်းထားထားသော်လည်း ကျွဲစာစဉ်းရန်မလို၊ သပ်သပ်အစာကျွေးရန်မလို၊ စားကျက်ထဲ လွှတ်ထားလိုက်ရုံပင်။

စောထူးသည် ကျွဲကြီးတစ်ကောင်ကျောပေါ် ခွစီးထိုင်လျက် . . .

"ဟေ့ကောင်ကြီး ငါ့ကိုမှတ်မိသေးလား၊ မင်းငယ်ငယ်က ကျောင်းခဲ့ရတာလေ"

ချိုနှစ်ခုကို ကိုင်လျက် မေးလိုက်သည်ကို ငုဝါက လက်ခုပ်လက်ဝါးတီးကာ သဘောကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရင်တုန်းက ကျွဲကျောင်းခဲ့တဲ့ဘဝကို ပြန်အောက်မေ့ပြီလား ဖိုးစောထူး"

ကျွဲရှင် အမျိုးသမီးကြီးက ဆီးမေးလိုက်လေသည်။

"အဒေါ် မဒီ သူ့ကို မှတ်မိသေးလား"

နွေးနွေးက မိုးဟိန်းကို လက်ညှိုးထိုးပြနေသည်။

"ဝေ. . . ဘယ်သူလဲ"

"သေသေချာချာ ကြည့်ပါဦး အဒေါ် မဒီရဲ့"

"မိုးဟိန်းလား. . . မိုးဟိန်း"

"ကျွန်တော့်ကို မှတ်မိပြီလား အဒေါ်"

"မှတ်မိတာပေါ့။ နင့်ကို ဒီအိမ်မှာပဲ မွေးသွားတာ၊ နင့်အမေက မြန်မာမပေမယ့် သိပ်သတ္တိကောင်းတယ်၊ နင် ချောသားပဲ၊ ငါ စောစောကတည်းက ကြည့်နေတယ်၊ နင့်ကို မြင်ဖူးတယ်လို့"

ဒေါ်ဒီက မိုးဟိန်းလက်ကို ဆွဲကိုင်ကာ ဝမ်းသာအားရ ပြောနေရှာသည်။ ထို့နောက်. . .

"ခု ရန်ကုန်က လာတာလား"

"ဟုတ်တယ် အဒေါ်"

"ရန်ကုန်မှာ ဘာလုပ်နေလဲ"

မိုးဟိန်းက ရုတ်တရက်ဘယ်လိုဖြေရမှန်း မသိသဖြင့် ပြုံးနေပြီးမှ. . .

"ကျွန်တော်ပန်းချီကျောင်းတက်ပြီး အောင်လို့ ပန်းချီဆွဲတယ်၊ ခု ကာတွန်းလဲ ဆွဲတယ်"

"ကာတွန်းဆွဲတယ်. . .၊ ဘယ်လိုကာတွန်းလဲ"

"သတင်းစာထဲမှာ"

"စာအုပ် မထုတ်ဘူးလား၊ ပိုက်ဆံသိပ်ရတယ်၊ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"နောက်မှ ထုတ်မယ်၊ ခုတော့ စားနိုင်ရုံပါပဲ"

"မဟုတ်ဘူး အဒေါ် သူငတ်နေတယ်၊ ပိန်နေတာကြည့်၊ ကွဲနို့ရရင် ကောင်းကောင်းတိုက်ပါ"

စောထူးက ရယ်ကျဲကျဲနှင့် ပြောလိုက်သည်။ စောထူးစကားမဆုံးမီပင် ပူပူနွေးနွေးအငွေ့တထောင်းထောင်းနှင့် ကွဲနို့များ ဖန်ခွက်နှင့်အပြည့် လေးခွက်ထည့်၍ တည်ခင်းလေသည်။ ကွဲနို့စစ်စစ်မှာ ပျစ်လျက် မလိုင်အနှစ်မှာ ဖြူဖွေးနေသည်။ မိုးဟိန်းက. . .

"ဒီမှာ ကွဲနို့တစ်ပိဿာ ဘယ်ဈေးရောင်းရလဲ အဒေါ်"

"တစ်ပိဿာ သုံးကျပ်ရောင်းရတယ်"

"ဈေးကောင်းသားပဲ"

"အေး. . . ကောင်းတယ်၊ ဒီက နို့ကပျစ်လဲပျစ်တယ်လေ၊ ဒီက ထွက်တာနဲ့ လမ်းမှာရေရောတော့တာ၊ မြို့ဘက်ရောက်တော့ ကွဲနို့ မကောင်းတော့ဘူး"

"ဒါကြောင့်မို့မြို့မှာ ကျွန်တော်နို့ဝယ်တော့ နို့ထဲ ငါးလေးတွေ ဘယ်လိုပါလာပါလိမ့်လို့ အောက်မေ့နေတာ"

စောထူး၏ပြက်လုံးကို ဒေါ်ဒီက သဘောကျကာ ဟက်ဟက်ပက်ပက် ရယ်မောနေသည်။ စောထူးက ဒေါ်ဒီ့ပေါင်ကိုပုတ်ကာ

"ဩော် အဟုတ်ပါလာတာအဒေါ်ရဲ့၊ နို့ထဲ ငါးအရှင်လေးတွေ ပါလာလို့ မကျိုခင် ကောက်ပစ်လိုက်ရတယ်"

"ဒုက္ခပါပဲ"

ဒေါ်ဒီက ပြောရင်းရယ်ပြန်သည်။

"နွေဘက်ဆို ကွဲနို့ကျဲသွားတယ်နော် အဒေါ်"

နွေးနွေးက ဝင်ပြောသည်။

"အေး. . . ဟုတ်တယ်၊ ပြီးတော့ ဒီမှာက နို့စားကွဲမနဲ့ ခိုင်းကွဲ

www.burmeseclassic.com

www.burmeseclassic.com



က အတူတူပဲ မဟုတ်လား၊ နို့စားရလို့ သူ့ကိုသီးသန့်မွေးထားရ တာကမှ မဟုတ်ဘဲနဲ့”

“နို့တစ်နေ့ ဘယ်နှပိဿာ ထွက်သလဲ”

မိုးဟိန်းက မေးလိုက်သည်။

“မများပါဘူး ကလေးရယ်၊ တစ်နေ့ လေးငါးပိဿာ အများ ဆုံးပါပဲ၊ သုံးပိဿာတော့ မှန်မှန်ထွက်တယ်”

“ဟာ အဒေါ်ကလဲ ကျွဲတွေ ဒါလောက်အများကြီးမွေးထားတာ သူဌေးပေါ့”

စောထူးက လှမ်းပြောလိုက်တော့ ဒေါ်ဒီက ရယ်ရင်း ခေါင်း ခါနေသည်။

“တို့ဆီမှာ သူဌေးမရှိပါဘူးဖိုးစောထူးရယ်၊ ကျွဲမွေးရတာ သိပ် တာဝန်ကြီးတယ်၊ ခုဆိုရင် လုံလဲ မလုံခြုံဘူး၊ ကျွဲသူခိုးတွေ သိပ်ထ တယ်၊ နွေဘက် လယ်ပြီးတဲ့အချိန်ဆိုရင်ပိုဆိုးတယ်၊ ကျွဲနောက် တကောက်ကောက်လိုက် ထိန်းနိုင်မှ တော်ကာကျတာ၊ ကျွဲစောင့် လဲထားရတယ်၊ ကျွဲစောင့်ထားရတဲ့စရိတ်လဲ မနည်းဘူး၊ မင်းတို့ ငယ်ငယ်ကကျွဲကျောင်းဖူးတာပဲ၊ ကျွဲဟာ ဘယ်လောက်အကျောင်း ရခက်သလဲ၊ မင်းတို့မြို့သားတွေ ဖြစ်ကုန်ပြီပဲ၊ ဒါတွေအားလုံး မေ့ကုန်ကြပြီလား”

“မမေ့ပါဘူး အဒေါ်ရယ်၊ ကျွန်တော်တို့ မမေ့ပါဘူး”

စောထူးက ကပျာကယာဖြေလိုက်သည်။

မိုးဟိန်းကမူ ပြုံးရင်းအတွေးနှင့်ငေးသွားလေသည်။

စိတ်ကူးအိမ်ဖွဲ့ စမြဲဖြစ်သော သူ့ခေါင်းထဲတွင် အတွေးပန်းချီ ကားချပ်တစ်ခုကို ထောင်လိုက်သည်။ ပျဉ်းမတွေ ဝေနေသော ပန်းချီကားချပ်တွင် ကျွဲတွေကို လယ်ထဲမောင်းနှင်ဟန်ကို အမိ

www.burmeseclassic.com

www.burmeseclassic.com



အရ ဘယ်လိုရေးခြယ်ရမည်လဲ။ ပျဉ်းမဝေဝေ ကွဲမျက်ရည်၊ ပန်းချီကားနာမည်ကို အလောတကြီးရှာဖွေတပ်ပြီး လူတွေနားလည်နိုင်ပါ့မလားဟု စိတ်ထဲစောနေမိသည်။

အပြစ်ကင်းစင်သော နွေးနွေး၏မျက်နှာလေးကိုလည်း ပန်းချီကားထဲ ဘယ်နေရာတွင် ထည့်သွင်းရမည်လဲ၊ ယနေ့ထက်တိုင် နွေးနွေးကို အပြစ်ကင်းစင်သည်ဟု ယုံကြည်မြဲပင်။ ကဒုတ်ကျေးရွာ သူလေးတစ်ယောက်၏ ဖြူစင်ရိုးဖြောင့်သောသဘောထားသည် အမြဲတေပမာ မပျက်စီးမပျောက်ကွယ်တော့ဘူးဟုတင်စားမြဲပင်။

ထို့အတူ ကဒုတ်နယ်မြေ၏ ခါးမဦးချလုပ်ငန်းတွင် ချရာစိုက်ပျိုးခင်းများ၊ ရွာသူရွာသားတို့၏ လုံ့လဝီရိယနှင့် လှုပ်ရှားမှုအစဉ်အလာများကိုလည်း မေ့ပျောက်လို့မရ။ ဘိုးစဉ်ဘောင်ဆက်ကွဲများနှင့်အတူ ရှုံ့ထဲနစ်ကာ ပင်ပန်းခဲ့ရသောဘဝတွင် ကွဲများပါမက အဖူးတို့အဖိုးတို့၏ မျက်ရည်များကလည်း ရိုးကလေးများထဲ စီးဆင်းခဲ့သည်ကို ယုံမှားစရာမရှိပေ။

မှတ်မိပါသေးသည်။

မိုးဟိန်းတို့ နွေးနွေးတို့ ခုနစ်နှစ်သမီးအရွယ်လောက်က စာလေးများအုပ်လိုက် ဖျက်ဆီးသဖြင့် အဖိုးတို့လယ်၊ တံစဉ်းလွတ်တစ်ပွဲလုံးကျွတ်သည့် အချိန်က မစားနိုင်မသောက်နိုင် အဖိုးတစ်ယောက် အရူးပမာ လျှောက်ပြေးပြီးငိုယိုတာကို မြင်ကွင်းထဲမှ မထွက်နိုင်။

“၁၀ ဧက၊ ၁၀ ဧက၊ နည်းနည်းမှ မရလိုက်ဘူး”

အဖိုးက တတွတ်တွတ်မြည်တမ်းရှာသည်။ အဖိုးကား ချွေးခံအင်္ကျီအပေါ်မှ အပေါ်ဝတ်ပင်မဝတ်နိုင်၊ အနက်ပေါ် အနီစင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကရင်ထဘီကြီး ရင်ရှားလျက် ဟိုပြေးသည်ပြေး ဖြစ်နေတာကို အားလုံးက စိတ်မကောင်းဖြစ်ကြရှာသည်။

"သူတောင်းစား ခွက်ပျောက်တာ သူတောင်းစားခွက်ပျောက်တာ"ဟု အဖိုးက စိတ်မချမ်းမြေ့ဖွယ်စကားများကို ပြောနေသေးသည်။

မိုးအားကြီးပြီး ရွှေကျင်တောင်ကျရေက ဒလဟော အတောမသတ် လှိမ့်ဆင်းလာသည့်အခါတွင် ကဒုတ်လယ်ကွင်းများ ရေနစ်တုန်းက တစ်ကြိမ်၊ နွေးနွေးရော၊ စောထူးရော၊ မိုးဟိန်းရော ကျောင်းမတက်နိုင်ကြ။ အဖိုးတို့အပဝါးတို့ အမိုးတို့ငိုတာ တစ်ကြိမ် တွေ့ခဲ့ရပြန်သေးသည်။

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

ပန်းခိုင်တာကျိုးမည်ကို ပဲခူးသားတို့ စိုးရိမ်ကြသည်တဲ့။ ပန်းခိုင်တာကျိုး ပဲခူးရေလျှံဆိုသော ဆိုရိုးစကားပင်ရှိခဲ့သည်။ ကဒုတ်ဘက်တွင်ရှိသော ပန်းခိုင်တာကို 'မိုးယွန်းကြီးတာ' ဟု ရှေ့သို့ဆောင်းပါးတွင် တခမ်းတနားရေးဖူးတာကို တွေ့ရသည်ဟု မိုးဟိန်းတို့ဆရာတစ်ဦးက ပြောဖူးသည်။

စင်စစ် အဖိုးတို့အပါးတို့မဆုံးခင်က 'မိုးဟိန်းကြီးတာ' ဟုလည်းခေါ်ဝေါ်သည်ကို ကြားဖူးကြသည်။ 'မိုးဟိန်း' ဆိုသည့် သူ့နာမည်ကို ထိုမိုးဟိန်းကြီးတာနှင့် ဘယ်သို့ပတ်သက်သည်ကို ရှင်းမပြကြ။ ပတ်သက်လိမ့်မည်ဟုတော့ မိုးဟိန်းက အတပ်တွေးသည်။

ဘာပဲဖြစ်ဖြစ် ရေလျှံခြင်းသည် တောင်သူလယ်သမားတို့၏ရန်သူမျိုးငါးပါးထဲက တစ်ပါးအပါအဝင်ဖြစ်သည်ကို မငြင်းနိုင်ပေ။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ပင် မိုးတို့သည် အငြိုးကြီးနှင့် သဲသဲမဲမဲရွာချလိုက်လျှင်ချောင်းတွေ လယ်တွေတွင် ရေတွေပြည့်လျှံကာ တစ်စစ ရေတက်လာလေသည်။ မြစ်ရေတက်နှင့်တောင်

www.burmeseclassic.com

www.burmeseclassic.com



ကျရေ ပေါင်းလိုက်သည့်အခါတွင် ကဒုတ်ရွှာ၌ရေကြီးလာသည်။ ‘လမ်းမ’ထိပင် ရေတက်သည်။ နေ့ချင်းညချင် ရေတက်ကား ကြမ်းလှသည်။

ဘယ်နေရာကို ကြည့်လိုက်ကြည့်လိုက် ရေတွေဖွေးနေသည်။ ဖြူဖွေးနေသော လှိုင်းလုံးကြီးများသည်လည်း ဘောင်ဘင်ခတ်နေသည်။

“ဒုက္ခပဲ. . . ဒုက္ခပါပဲ”

“လယ်တွေ ပျက်ပြီ”

“သုဂလောလို. . . သုဂလောလို”

ငတ်တော့မယ်. . . ငတ်တော့မယ်ဟု အဖိုးတို့က ကရင်ဘာသာနှင့် မကြာခဏညည်းကြရှာသည်။

အရှိန်ပြင်းစွာ လှိမ့်ဆင်းလာသောရေတွင် အိမ်ခြေကျွဲနွားများမျောပါကုန်သည်။ လူတွေမှာ ပစ္စည်းများ မသယ်နိုင်တော့ ကိုယ်လွတ် လက်လွတ်ထွက်ပြေးကြရလေသည်။

ရေ. . . ရေ. . . ရေ. . . ။

နေရာတိုင်းမှရေတွေ ပြည့်လျှံဖွေးနေသည်။ မြရောင်စိမ်းမြဖြစ်နေသော စပါးပင်တို့သည် ရေဖွေးဖွေးအောက်တွင် မြုပ်နေလေသည်။ သေတော့မည့်ဆဲဆဲ စိမ်းစိုလန်းဆန်းသော စပါးပင်များကို နွေးနွေးအဖိုးရော၊ မိုးဟိန်းအဖူးတို့ အဖိုးတို့ရော၊ စောထူးတို့ အဖူးအဖိုးရော မျက်ရည်စက်လက်နှင့် ငေးကြည့်ကာ. . .

“ဝေ. . . စပါးသချိုင်းပဲ”

နွေးနွေးအဖိုးက အော်ရင်းပြက်လုံးထုတ်သလို ရယ်လိုက်သည်။ စင်စစ် ရယ်သံသည် အဆုံးမသတ်၊ ခါးတစ်ပိုင်းပြတ်ကာ တုန်ခါလျက် ငိုသံပါနှင့် သက်ပြင်းရှိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လှေများနှင့်ရေဘေးရန် ရှောင်ကာပြေးလာကြသော နွေးနွေးတို့ မိုးဟိန်းတို့၊ စောထူးတို့ မိသားစုသည် နံနက်စာ ထမင်းတစ်နပ် လုံးဝငတ်ကြသည်။ သည်တုန်းက မိုးဟိန်းတို့ ၁၀ နှစ်သားပဲ ရှိဦးမည်ထင်သည်။ ကြောက်ကြောက်လန့်လန့်နှင့် ထဘီစုတ်ထုပ်ကြီး ဆွဲလာသော စောထူးကို သူ့အပါးက မြည်တွန်နေသည်။

လှေချင်းယှဉ်၍ လှော်ခတ်လာသော လှေတစ်ဖက်မှ မိုးဟိန်းသည် လက်ခုပ်နှင့် ရေယူကာ နွေးနွေး၏မျက်နှာကို လှမ်းပက်ကျီစားသည်ကိုလည်း အမှတ်တရရှိနေဆဲပင်။

မိုးဟိန်း၏ အဖူးကလည်း မိုးဟိန်းနှင့် လုံးဝစိတ်ချင်းမတိုက်ဆိုင်သဖြင့် ပူညံပူညံလုပ်နေသည်။ အဖိုးတန်သော အဝတ်အထည်များကို ယူလာမည့်အစားမိုးဟိန်းက သူစုဆောင်းထားသော ရုပ်ပုံကားချပ်များ၊ ကတ်ကြေးနှင့်ကိုက်ညှပ်ထားသောရုပ်ရှင် မင်းသားမင်းသမီး ဓာတ်ပုံပါ လေ့ကျင့်ခန်းစာအုပ်များ၊ ရောင်စုံခဲတံများကို ပြုစုလျက်ရှိသည်။

"ကျွဲစားကျက်တွေ နွားစားကျက်တွေလဲ ရေမြုပ်ကုန်ပြီ"

"ကျွဲတွေ နွားတွေ စားစရာမရှိတော့ဘူးပေါ့"

"လူတွေမှ အနိုင်နိုင်ဟယ်"

ပြောသူတွေက ပြောရင်း ဘယ်သူမှ မျက်စိမျက်နှာမကောင်းကြ။

"ရေထဲအနေကြာတဲ့ နွားတွေလဲ အအေးမိသေကုန်မှာပဲ၊ ကျွဲကတော့ ရေစိမ်တတ်လို့ တော်ပါသေးရဲ့"

နွေးနွေး၏အဖူးက ပြောလိုက်လေသည်။ ထို့နောက် သူ့ကိုယ်ပိုင် ရိက္ခာဖြစ်သော ကွမ်းထုပ်ကိုကိုယ်နှင့်မကွာ သယ်ဆောင်လာကာ ကွမ်းကိုမြိန်ရေရှက်ရေ အစားမပျက်။ သို့ကြောင့် ငွေရောင်

www.burmeseclassic.com

www.burmeseclassic.com



ရေပြင်ကျယ်ဝယ် ကွမ်းသွေးနီဆိုးရန် ကွမ်းတံတွေးကို တဗျစ်ဗျစ်နှင့် ထွေးလိုက်လေသည်။

"အို. . . ဘယ်လိုလဲဟာ၊ ကွမ်းတံတွေးတွေ စဉ်ကုန်ပြီ"

နွေးနွေး၏အဖိုးက သူ့ပါးပြင်ကို လက်ဖမိုးနှင့် သုတ်ကာ သူ့ချစ်လင်ကို မျက်စောင်းတစ်ချက်ဝင့်တော့. . .

"ဝေ. . . နင်ပဲ ကွမ်းစားတဲ့ငါးပါးစပ်နီနီလေးကို ချစ်တယ်ဆို"

"သွားပါ. . . ကလေးကလား"

ရယ်စရာ မောစရာတွေနှင့် ရယ်မိကြသေးသည်။ ရေထဲမျောပါလာကုန်သော ဝက်တွေကို နွေးနွေးအဖူးက တစ်ကောင်စီ ရေတွက်လျက်. . .

"နန်းနုအမျိုးတွေပါလား"

နွေးနွေးအဖိုး ဝဝတုတ်တုတ်ကြီးကို စလို့မဆုံး။

မိုးဟိန်းတို့ ကလေးတစ်သိုက်သည် ရေပေါ်မှကြာနီကြာဖြူပင်များကို လှမ်းခူးကာ ကြာဆစ်ချိုးလျက်ဆွဲကြိုးလုပ်တမ်းကစားကြလေသည်။

ကလေးတွေဆိုတော့ အပူအပင်မရှိလှ။ လူကြီးတွေက ရယ်နေကြပေမယ့် မျက်လုံးအိမ်တို့တွင် မျက်ရည်ပွင့်တို့ တွဲလွဲခိုလျက်စိုစွတ်နေကြသည်။ ကလေးတို့မျက်လုံးတွင်ကား မျက်ရည် အလျဉ်းမရှိ။ ကလေးဘဝလောက် ပျော်စရာကောင်းတာဘာများ ရှိသေးလဲ။ မိုးဟိန်းတို့ လေးတန်းကျောင်းသားဘဝက စွဲလမ်းမြဲ ဖြစ်သောနှစ်လိုဖွယ်ကဗျာတစ်ပုဒ်ကိုလည်း ရင့်ကျူးသီမိသည်။

*ကြာဖြူကြာနီ၊ ကြာညိုနှော့လို့*
*တို့လယ်တောမှာ ပွင့်ကြတယ်*
*ကောက်စိုက်အပြန် ရေကန်ကြီး*

www.burmeseclassic.com

www.burmeseclassic.com



*ကြာတစ်စည်းလောက် ချိုးခဲ့ကွယ်. . .*
*ကြာပွင့်ကြာငုံ၊ ထုံထုံမွှေးကို*
*မလေးဘယ်သို့ သုံးပဲ့ါမယ်။*
*ကြာရိုးကြာနွယ် ဘယ်ညာဆစ်လို့*
*ရွှေကြာဆစ်ကြိုး ဆွဲပဲ့ါမယ်*
*ဆွဲပါမယ့်. . . ဆွဲပါမယ့်။*

မိုးဟိန်းနှင့်အတူတူ နွေးနွေးနှင့်စောထူးတို့က သီချင်းလိုက်အော်ဆိုမြဲပင်။

မိုးဟိန်းတို့ အဒေါ်တော်သော ကျောင်းဆရာမအပျိုကြီးအိမ်တွင် ရေဘေးဒုက္ခသည်များအဖြစ် ခိုလှုံကြသည်။ အဒေါ်၏ နှစ်ဆောင်ပြိုင်အိမ်ကြီးကိုဒုက္ခသည်စခန်းဟု ကင်ပွန်းတပ်ကြသည်။ ကလေးများကလည်း မျောက်ရှုံးအောင် ဆော့သဖြင့် ဆရာမနိုင်နှစ်ဆောင်ပြိုင်ဟုခေါ်ကြပြန်သည်။ ကလေးများအဖို့ တကယ့်ပျော်ပွဲစားကြီးပင်။

ဆော့လိုက် စားလိုက်အိပ်လိုက်နှင့် ထမင်းများကို ပြည်ဝင်အိုးတွေနှင့် ချက်လို့မလောက်နိုင် ရွာနီးချုပ်စပ်က ရေထဲမျောလာသော ဝက်တွေပေါ်ကြသည်။ ဝက်သားတစ်ပိဿာလုံးမှ နှစ်ကျပ်သုံးကျပ်ဈေး၊ အဖိုးတို့သည်တစ်ချိန်လုံးဝက်သားချည်းပဲ ချက်ကြသည်။ သို့သော် ဘယ်လောက်ပေါပေါများများ ချက်ချက် စားလို့မလောက်။ မိုးဟိန်းတို့အဒေါ်က. . .

"မေဂလာဟ. . ."

"မေဂလာဟ. . ."

ကရင်ဘာသာစကားနှင့် ပြောရင်း ရယ်နေသည်။ ထမင်းဘယ်လောက်စားစား စားလို့ မလောက်တာကို 'မေဂလာဟ'

www.burmeseclassic.com

www.burmeseclassic.com



ထမင်းလိပ်ပြာစဉ်တယ်၊ ထမင်းလိပ်ပြာလွင့်တယ်ပေါ့တဲ့။ ထမင်းမှာ လိပ်ပြာမကပ်တော့ စားလို့မလောက်နိုင်ဘူး၊ ကုန်တယ်ခန်းတယ် ဆိုလိုခြင်းပင်။ ဒါလည်း ကောင်းမော်စံတို့လို သူဌေးတွေအတွက် ဆိုလိုတာမဟုတ်ပါဘူး၊ ထမင်းကိုပဲ အားထားနေကြရတဲ့ တောင်သူလယ်သမားဆင်းရဲသားတွေအတွက်ပါပဲ။ မိုးဟိန်းအဖို့ တွေးစရာဖြစ်လာလေသည်။

လယ်ယာမြေများ သယံဇာတမြေထွက်ပစ္စည်းများနှင့်ချမ်းသာသော တိုင်းပြည်လေးဟု နွေးနွေး၏အဖူးက ကျောင်းဆရာပီပီ ဗဟုသုတဖြစ်ဖွယ်ရာစကားများ ပြောလာလေသည်။ မိုးဟိန်းတို့လူလားမြောက်၍ စာတွေဖတ်လာသောအခါ ချမ်းသာသောတိုင်းပြည်မှ ဆင်းရဲသောပြည်သူများ ဆိုသောစကားရပ်ကို အဖူးအားပြောပြလျှင် သည်တုန်းက သူငယ်မပြန်သေးသောအဖူးမှာ ‘ပညာရှိစကား ပညာရှိစကား’ဟု မိုးဟိန်းကျောပြင်ကိုလက်နှင့် သပ်ကာ မိုးဟိန်းအနေခက်အောင် လူပုံလယ်တွင် ချီးမွမ်းတတ်သည်။

တကယ်တော့ ယခုကဲ့သို့သူငယ်မပြန်ခင် အချိန်တစ်ချိန်က အဖူးသည် ပညာရှိတစ်ယောက်ဖြစ်ခဲ့သည်။ တိုင်းရေးပြည်ရေးကိစ္စများကိုလည်း နားလည်သည်။ ကံညီနောင်ကျောင်းမှ ကျမ်းဂန်တတ် ဦးပဥ္စင်းများနှင့်လည်း သင်္ဂြိုဟ်စကား၊ ဘာသာရေးစကားများ ဆွေးနွေးတတ်သည်။ ခေတ်လည်း မီသည်။ ခေတ်သစ်နိုင်ငံရေးအတွေ့အကြုံများလည်း မျက်ခြည်မပြတ်။

သတင်းစာကို နေ့တိုင်းဖတ်သည်။ စာအုပ်စာတမ်း ဂျာနယ်များကိုလည်းဖတ်သည်။ တစ်ပတ်တစ်ခါ ဒိုက်ဦးတို့ ပဲခူးတို့လို မြို့တက်လျှင် ရေဒီယိုနားထောင်မြဲပင်။ သည်တုန်းက ကျေးရွာတချို့၌ လူတွေ မီးတုတ်နှင့်စီတန်းကာ. . .

www.burmeseclassic.com

www.burmeseclassic.com



အမတော်ကြေး. . . ချက်ချင်းပေး. . . ချက်ချင်းပေး

ပြုရိုကရက်. . . အလိုမရှိအလိုမရှိ

သူကြီးဆိုး. . . အလိုမရှိ အလိုမရှိ

လာဘ်စားတဲ့သူကြီး. . . ချေမှုန်းပစ်

ကြွေးကြော်သံများအကြောင်းကို အဖူးက အသေးစိတ်ပြန်ဆွေးနွေးတတ်သည်။

ညီဖြစ်သူ သူကြီးအားလည်း သတိပေးမြဲပင်။ ရာဇဝတ်မှုတွေမှာ သူကြီးတွေ လာဘ်စားတာ၊ ကျေးရွာခေါင်းဆောင်တွေ ကိုယ်တိုင် အရက်ချက်ကြတဲ့အကြောင်းလည်း အဖူးကသတင်းဖောက်သည် ချလေသည်။

အဖူးကား တောင်သူလယ်သမားဘဝ တစ်ဝက်၊ ဆရာတစ်ဝက် အသက်မွေးဝမ်းကျောင်းခဲ့သူမို့ စကားပုံများ စကားဥပမာများနှင့်လည်း စကားဆိုတတ်သည်။

"လောကကြီးမှာလေ အစမကောင်းရင် အနှောင်းမသေချာတတ်ဘူး၊ မှတ်ထားကြ"

ဤကား အဖူး၏ လက်သုံးစကား။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

မှတ်မိပါသေးသည်။

နွေးနွေး မိုးဟိန်းတို့ဘဝနှင့် ဆက်စပ်နေသောအကြောင်း တစ်ခုဟုလည်း စိတ်ကူးယဉ်မည်ဆိုပါက ယဉ်နိုင်ပါသည်။

သည်တုန်းကလည်း ကဒုတ်တွင်ရေကြီး၍ လမ်းမထိပင်ရေ တက်သော အချိန်တစ်ချိန်ဖြစ်သည်။ ကျောင်းသို့ လှေနှင့်တက် သည်။ အသက် ၁၃ နှစ် ၁၄ နှစ်အရွယ်တွေမို့ လှေစီးရသည်ကို ပင် ပျော်စရာတစ်ခုပမာ မှတ်ခဲ့ကြသည်။ စောထူး၊ နွေးနွေးနှင့် မိုးဟိန်းတို့ကား တပူးတွဲတွဲပင်။

အိမ်အပြန် ရုတ်တရက်မပြန်သေးဘဲ လမ်းဘေးခြံစည်းရိုးများ မှ ပန်းတွေကို လိုက်ခူးကြသည်။ ဆည်းလည်းပန်း အနီတွေကို နွေးနွေးက ပန်လာသည်။ လှေထဲလည်း ပန်းတွေအပြည့် ထည့်လာ သေးသည်။

“ဟော့. . . ပန်းနီနီမပန်နဲ့”

မိုးဟိန်းက လှမ်း၍ပြောသည်ကို နွေးနွေးကထုံစံအတိုင်း မျက် စောင်းချိတ်လျက်. . .

www.burmeseclassic.com

www.burmeseclassic.com



"ပန်တော့ဘာဖြစ်လဲ"

"အရင်လူနဲ့ လွဲတတ်တာပေါ့"

"မဟုတ်ဘဲနဲ့"

"ဟုတ်တယ်၊ ပန်းနီနီပန်ရင် ရည်းစားဦးနဲ့ကွဲမှာ မကြောက်ဘူးလား"

"ရည်းစားမှ မရှိဘဲနဲ့. . . "

"နောက် ရှိမှာပေါ့"

"ဘယ်တော့မှ မရှိဘူး"

"ရှိမှာ"

သည်တော့ စောထူးက သူတို့နှစ်ယောက် အချီအချပြောကြသည့်ကြားထဲ. . .

"ခုလဲ နင့်မှာ ရှိတယ်မဟုတ်လား"

"မရှိပါဘူး"

"ရှိပါတယ်"

"ဘယ်သူလဲ. . . ကဲ"

"သူ"

စောထူး၏ လက်ညှိုးက မိုးဟိန်းရှိရာသို့ ညွှန်လိုက်သည်။ မိုးဟိန်းသည် ရုတ်တရက် မျက်နှာနီလာပြီး ရယ်လိုက်သည်။ နွေးနွေးက. . .

"ဘာရယ်တာလဲ"

ရန်လုပ်ပြီး မိုးဟိန်းနှင့်စောထူးရှိရာသို့ ရေတွေနှင့် လှမ်းပက်လိုက်သည်။ မိုးဟိန်းနှင့် စောထူးတို့ကလည်း ပြန်ပက်ကြရင်း လှေသည်ရေထဲတွင်မှောက်သွားကာ လွယ်အိတ်ရောစာအုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ရော ရေတွေစိုကုန်ပြီး နွေးနွေးသည် ကျိုကျိုလောင်လောင် အော်ငို သည်မှာ အိမ်အရောက်ပင်။

နွေးနွေးသည် ထုံးစံအတိုင်း ငိုကြောရှည်မြဲဖြစ်သည်။ အိမ် ရောက်တော့ စောထူးရော မိုးဟိန်းရော လူကြီးတွေအရိုက်ခံရ သေးသည်။ နွေးနွေး၏အဖူးကတော့ ကလေးတွေကို ရိုက်တာ မကြိုက်။ ကလေးဆိုတာ လူကြီးတွေရိုက်စရာမဟုတ်။ လိမ္မာလာ အောင် စကားအချေအတင်ပြောရင်း ဆုံးမရမယ်တဲ့။ မိုးဟိန်းနှင့် စောထူးကိုလည်း သူ့အိမ်ခေါ်သိပ်သည်။ လူကြီးသူမတွေလို နာနတ်ယို၊ လက်ဖက်ရည်ကြမ်းတို့ဖြင့် ဧည့်ခံကျွေးမွေးသေးသည်။

*ပန်းနီနီ မပန်လေနှင့် အမယ်မှာ နတ်ပန်းပွင့်တဲ့*

*အတင့်ငယ်မှ ရဲချင်. . . ပျော်လိုအားနှင့် ခေါင်းဖျားတင်*

*အရင်လူနဲ့ လွဲတတ်တယ်. . .*

ဆိုသော အိုင်ချင်းထဲမှ စာပိုဒ်တစ်ပိုဒ်ကို ရွတ်ပြရင်း မိုးဟိန်း ၏ ပခုံးကိုကိုင်ကာ. . .

'ကိုင်း. . . ပညာရှိလေး၊ ပန်းနီနီမပန်လေနဲ့ဆိုတဲ့စကား ဘယ် က လာသလဲ သိသလား"

မေးခွန်းထုတ်သည်။ မိုးဟိန်းက မဖြေတတ်၊ ခေါင်းကိုခါ ယမ်းပြသည်။ အဖူးက. . .

"တိမ်ခိုးတွေ ဝေတဲ့အချိန်မှာပဲ လေပွေတွေတိုက်လို့ နှောပင် ကြီးက နှောသီးတွေဟာ တဖြုတ်ဖြုတ်နဲ့ ကြွေပြီးလေထဲဝဲတတ် သတဲ့၊ ဥသျှစ်သီးတစ်လုံးကို မြေကြီးမှာမြှုပ်၊ ပြာဖုံးအုပ်ပြီး မီးဖုတ် လိုက်ရင်လဲ ကျန်ဥသျှစ်သီးတွေဟာ မီးနဲ့ကင်လိုက်သလို အားလုံး ကွဲတတ်ကြသတဲ့၊ နောက်ပြီးတော့ ဗေဒင်အရ စနေဂြိုဟ်စားတဲ့ အချိန်မှာ လှေကားဝမှာ ခရေပင်စိုက်မိရင် ဆင်းရဲတတ်သတဲ့"

www.burmeseclassic.com

www.burmeseclassic.com



တိမ်ခိုးငယ်မှ ဝေဝေဆိုသည့်အိုင်ချင်းတစ်ပုဒ် အဓိပ္ပာယ်ကို ရှင်းပြရင်း ဆိုပြနေသေးသည်။ အဖူးသံမှာ ကြည်ကြည်လင်လင် နှင့်အောင်မြင်လှသည်။ မိုးဟိန်းသည် အဖူး၏ မျက်နှာကို မျက်တောင်မခတ်ဘဲ စိုက်ငေးနေသည်။ နွေးနွေးကတော့မူ နှုတ်ခမ်းစူလျက် သူ့စာအုပ်ရေစိုများကို မှန်အိမ်တွင် မီးကင်နေသည်။ စောထူးသည် ကြမ်းပြင်ပေါ် မှောက်ရင်း လက်တစ်ဖက်က သင်္ချာတွက်က ကျန်လက်တစ်ဖက်နှင့် နာနတ်ယိုကို အသာကော်၍ စားနေသည်။

*သူငယ်ချင်းကောင်း၊ ယောင်းမတို့လေ*

*တိမ်ခိုးငယ်မှဝေဝေ၊ နှောပင်ကြီး နှောသီးကြွေ*

*လေပွေတိုက်လို့ ဝဲတတ်တယ်*

*ဥသျှစ်သီးမြေကြီးမှာ မြှုပ်*

*ပြာဖုံးအုပ်လို့၊ မီးဖုတ်လိုက်ရင်*

*သီးဖော်ရယ်မှ သီးဖက်*

*အပင်ထက်မှာ၊ တက်တက်စင်*

*မီးကင်သည့်နှယ် ကွဲတတ်တယ် . . . ။*

*စနေဂြိုဟ်စား၊ ကြိမ်ခိုက်များမှာ*

*ချားရားသစ်ပင်၊ အိမ်လှေကားတွင်*

*စိုက်ထားလျှင်မူ*

*အင်ခွင်ဥစ္စာ နည်းတတ်တယ်”*

ရှေးလူတို့စကား အဘယ်မျှမှန်ကန်မည်လဲ မစဉ်းစားတတ်။ ဒီလောကတွင် ကမောက်ကမတွေ ဖြစ်လာတာတော့ အမှန်ပင်။ မိုးဟိန်းအိပ်မက်များကား ဘယ်တော့မှမလှပေ။ လူ့ဇာတိဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



စ၍ ဘယ်လိုအဆုံးသတ်ရမည်လဲ။ အသစ်ပြင်လို့ ရစတမ်းလား။ သိချင်သည်။

လူ့ဘဝတွင် လူ့အဖြစ်ကား နှောပင်ကြီးမှ နှောသီးနှယ် လေပွေထဲ ကြွေဝဲခဲ့ပေပြီ။ ဥသျှစ်သီးများပမာလည်း သီးဖော်သီးဖက်များ အပင်ထက်တွင် မီးကင်သည့်နှယ် ကွဲကုန်ကြပေပြီ။ လူတွေလည်း ဥစ္စာနည်းပါးကား ဆင်းရဲတွင်းလည်း နက်စွာတူးခဲ့ပြီ။

ထို့နောက်. . .

"မိုးရေကို တိုက်ရိုက်ချိုးတဲ့လူဟာ တံစက်ရေ တွင်းရေချိုးတာနဲ့မတူဘူး၊ ညှင်းဖြူစွဲတတ်တယ်တဲ့၊ ပဝါစိုစိုညစ်ညစ်နဲ့ မျက်နှာသုတ်ရင် ဝက်ခြံတွေ မည်းတတ်တယ်၊ သနပ်ခါးကျောက်ပျဉ်ပေါ်မှာ သောက်ရေအေးနဲ့ ရောသွေးရင် သနပ်ခါးကျဲတတ်တယ်တဲ့"

ရှေးလူတို့သည် မှတ်သားဖွယ်ရာများ၊ ဆင်ခြင်ဖွယ်ရာများကို ညွှန်ခဲ့လေသည်။

*တံစက်ရေနှင့် တွင်းရေမတူ*
*ရေကမိုး ရေချိုးသူ*
*ညှင်းဖြူပြိုးပြောက် စွဲတတ်တယ်။*
*ပဝါပြောက် အထောက်ကယ်မတန်*
*မျက်နှာသစ်လို့ အညစ်ခံ*
*ဝက်ခြံမှည့်လို့ မည်းတတ်တယ်။*
*သနပ်ခါးကျောက်ပြားပေါ်တွင်*
*သောက်ရေအေးနှင့် ရောသွေးလာလျှင်*
*နံ့သာအပေါ် ကျဲတတ်တယ်။*
*ပန်းနီနီ မပန်လေနှင့်*

www.burmeseclassic.com

www.burmeseclassic.com



အမယ်မှာ နတ်ပန်းပွင့်တဲ့
အတင့်ငယ်မှ ရဲချင်
ပျော်လိုအားနှင့် ခေါင်းဖျားတင်
အရင်လူနှင့် လွဲတတ်တယ်. . . ။

၉

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ပတ်ဝန်းကျင် အခြေအနေက သိသာစွာ ခြားနားသွားလေသည်။

ရေကူးကန်မှ ရေပြင်လွှာသည် စိမ်းဖန့်နုစိုနေသည်။ ရေအစိမ်းမှာ ပြကတော့ အစိမ်း၊ မြရည်လိမ်းလျက်ရှိလေသည်။ စိမ်းလဲ့လဲ့နှင့် တောက်ပသော သစ်ပင်တို့သည် ရေကန်ကမ်းနဖူးတို့ဝယ် အလှတန်ဆာဆင်လေသည်။

မိုးဟိန်းအဖို့ ရန်ကုန်သို့ ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းပင်။ မိုးဟိန်း၏ အပါးရော အမေရော ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်စ အချိန်တွင် နွေးနွေး၏ အဖူးနှင့်ရန်ကုန်သို့ လိုက်ပါလာခြင်းဖြစ်သည်။ နွေးနွေးကတော့ ရန်ကုန်သို့မကြာခဏရောက်နေကျဖြစ်သည်။ ရန်ကုန်မှာပဲ ကျောင်းနေတော့မည်ဟု မကြာမကြာ ကြုံးဝါးနေသည်။

တကယ်တော့ တည်းခိုသည့်အိမ်က မိုးဟိန်းနှင့်သားချင်းမကင်း။ လှပသားနားသော တိုက်အိမ်ကြီးထဲတွင် မိုးဟိန်းတစ်ယောက် လမ်းပင်ကောင်းကောင်းမလျှောက်ရဲ။ ထိုအိမ်တွင် မွေး

www.burmeseclassic.com

www.burmeseclassic.com



ထားသော အယ်လ်ဆေးရှင်းခွေးများနှင့် အမွေးပွခွေးများကိုတော့ လုံးထွေးကစားလိုလှသည်။ လည်ပတ်နှင့် ခွေးကြီးများကား ချစ်စရာ ကောင်းလှသည်။

သူတို့သောက်သော နွားနို့မှာ ရွာမှ ကျွဲနို့နီးပါးပျစ်သည်။ မုန့်ကြွပ်နှင့် နို့ဘီစကွက်များကိုတော့ မိုးဟိန်းတို့ ဥပုသ်စောင့်ရင်း စားဖူးသည်။ ခွေးတွေကို အားဆေး အဝါ၊ အနီများ ကျွေးတာကိုလည်း တအံ့တဩတွေ့ရသည်။ အမွေးပွခွေးတွေအတွက် အမွေးရှည်ဆေး ထိုးတာကို ဆရာဝန်အား ဆေးတစ်လုံးတစ်ဆယ်ပေးရသတဲ့။

စောထူးက နွေးနွေးအား . .

နင်လဲ ဆံပင်ရှည်ပြီး မျက်ခုံးထူတာ ဒီဆေးထိုးလို့လား” ဟု မေးလျှင် နွေးနွေးက စောထူးအား မျက်စောင်းတအားထိုးသည်။

အမဲသားနှင့်ကျိုထားသောဆန်ပြုတ်များကိုမြင်လျှင် မိုးဟိန်းတို့ငယ်ငယ် ရေကြီးစဉ်က နေ့စဉ်ရက်ဆက်စားခဲ့ရသော ဆန်ကွဲပြုတ်ကို သတိရမိသည်။

ဦးမြင့်စံတို့အိမ်မှ ခွေးကြီးများသည် ချစ်စရာကောင်းရုံမက ကံကောင်းလှသည်ဟု ကလေးတွေး တွေးမိသည်။ နောင်တွင် မိုးဟိန်းဖတ်ဖူးသော စာအုပ်တွေထဲမှ ‘ခွေးအစားအသောက်အတွက် အဘယ်မျှကုန်ကျသည်၊ ယင်းကုန်ကျစရိတ်မှာ ဗီယက်နမ် လယ်သမားတစ်ယောက်၏ တစ်နှစ်စာဝင်ငွေ၊ ဗီယက်နမ် အရာရှိ တစ်ဦး၏ လစာထက် နှစ်ဆသုံးဆနှင့် ညီမျှနေသည် စသည်တို့ကို ရဲဘော်ဗောင်(ဟိုချီမင်း)၏ဆွေးနွေးချက်ကို ဆင်ခြင် သုံးသပ်ရင်း ဗီယက်နမ်တို့နည်းတူ နာကြည်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အန်တီကြူတို့သည် ခွေးတွေကို အင်္ဂလိပ်အမည်မှည့်ခေါ်ကြသည်။ အင်္ဂလိပ်လိုစကားပြောမှပင် နားလည်ကြသည်။ ငါးတန်းပင် မအောင်သော စောထူးသည် သူတို့ပြောစကားကို လုံးဝနားမလည်။ ကောင်းမော်စံနှင့် တင်လတ်စံတို့၏ ပေါ့ပါးသွက်လက်သော လျှာဖျားများနှင့် အင်္ဂလိပ်စကားပြောဟန်ကိုငေး၍ကြည့်မိလေသည်။

ဦးမြင့်စံသည် ဝါးခြင်းထဲမှဘီယာပုလင်းကို ထုတ်ကာ ရေခဲစိမ်ပြီး သောက်နေသည်။ အန်တီကြူသည် လိမ္မော်ရောင် ရေကူးဝတ်စုံဝတ်လျက် တုတ်တုတ်ခဲခဲနှင့် လှပဖြူဝင်းနေသည်။ တင်လတ်စံက အစိမ်းရင့်မှောင်မှောင် ဘီကီနီ နှစ်လွှာဝတ်စုံ အသားကပ်နှင့် ရေထဲမြူးနေသည်။

"ဘီကီနီ မဝတ်ရဘူးတဲ့ တင်လတ်၊ ဝမ်နင် အပေးခံနေရဦးမယ်"

"မာမီကလဲ ရပါတယ်"

"ရပါတယ် လုပ်မနေနဲ့ သတိပေးခံနေရရင် ရှက်စရာကြီး"

တင်လတ်စံသည် ကန်ပေါင်ပေါ်တက်ကာ အဝတ်လဲခန်းထဲတွင် တစ်အောင့်မျှဝင်၍ အဝတ်လဲပြန်သည်။ ပန်းရောင်ရေကူးဝတ်စုံနှင့် တင်လတ်စံသည်လှပမြဲပင်။ ရေလာကူးကြသော အမျိုးသမီးတွေကလည်း ယိမ်းကသလို တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြလေသည်။

ရေခဲစိမ်ဘီယာ သောက်ရင်း မျက်စိပသာဒဖြစ်ဖွယ်ပင်။ ဦးမြင့်စံသည် ထိပ်ပြောင်ပြောင် အမျိုးသားကြီးနှစ်ဦး၊ ဆံပင်ဖြူနေသူ အမျိုးသားကြီးတစ်ဦးတို့နှင့် ရယ်ကာမောကာ စကားလက်ဆုံကျနေကြသည်။ ဂျပန်ရေချိုးကန်အကြောင်း၊ နိုင်ငံမျိုးစံမှ ကပွဲ

www.burmeseclassic.com

www.burmeseclassic.com



များအကြောင်း၊ အယ်လီဇဘက်တေလာနှင့် ဂျက်ကလင်းကနေဒီတို့အကြောင်း၊ ရှမ်ပိန်နှင့်ကော့ညက်တို့အကြောင်းတို့ကို အာလူးကြော်၊ ဝက်အူချောင်းကြော်တို့နှင့်အတူ မြည်းလေသည်။

အဖူးကား ဘာမျှမပြောတတ်။ ကွမ်းမစားရသဖြင့် ပါးစပ်ထဲတစ်မျိုးဖြစ်နေသည်။ စောထူးနှင့် မိုးဟိန်းတို့သည် ရေကူးဝတ်စုံနှင့် မြန်မာအမျိုးသမီးများကို ဒါလောက်များများ မတွေ့ဖူးသဖြင့် တအံ့တဩဖြစ်နေသည်။ ဒါမျိုး ဘိုင်စကုတ်ထဲမှသာ တွေ့ဖူးတာပဲ။

"ဟိုဟာ မစ္စက်ကျော်စွာ"

"ညိုညိုမြင့်မြင့်လား"

"မဟုတ်ဘူး၊ ဒီဘက်က ဖြူဖြူတောင့်တောင့်နဲ့ဟာ"

"ကိုကျော်စွာက ပက်ထရစ်နဲ့ ဘယ်လိုဖြစ်ကြတာလဲ၊ ပက်ထရစ်က အခြောက်လား၊ ကျော်ထင်က. . ."

စကားမဆုံးမီပင် ညစ်ညမ်းသော စကားတစ်ခုကြောင့် အားလုံး တသောသောရယ်မောကြသည်။

"ပါရမီဆိုတာ ဖြည့်ကောင်းပါတယ်ဗျ"

"မှန်ပါတယ်၊ ကုသိုလ်ရတာပဲ"

ရယ်ကြပြန်သည်။

"ငယ်ငယ်ပဲ ရှိဦးမယ်"

"အသက်တော့ မငယ်ပါဘူး၊ သားတောင် ကောလိပ်ရောက်နေပြီပဲ၊ ရုပ်နုတာပါ"

"ဆိတ်ကြည့်လို့လား"

"ဘာပဲဖြစ်ဖြစ် ဆံပင်ပေါက်တဲ့ဆေးတော့ ရှာထားမှ"

တစ်ယောက်တစ်ပေါက် နောက်ပြောင်နေကြသည်။ ဦးမြင့်စံ

www.burmeseclassic.com

www.burmeseclassic.com



၏ ဘေးမှ စီးကရက်တွင်တွင်သောက်နေသော အမျိုးသားကြီးက. . .

"အစက ကျွန်တော့်ဆံပင်ဗျာ မည်းနက်ပြီး သန်လိုက်တာ၊ အဲဒါ အိမ်ကအမျိုးသမီးက သူ့ဆေးဗျာ၊ ဟိုဒင်း. . . အဲ. . . အဲဒါ လိမ်းလိုက်တာ ရှိသမျှဆံပင်တွေ ပြောင်တာပဲ၊ အသက်ကြီးလို့ မဟုတ်ပါဘူး၊ အပြစ်ကတော့ ဒီလိုပါလို့"

ရှုတည်တည်နှင့် ပြောလိုက်ရာ ရယ်မောသံများ ဝေစည်သွားပြန်သည်။

သူတို့ပြက်လုံးများကို အဖူးရော၊ မိုးဟိန်းရော၊ စောထူးရော နားမလည်လှပေ။ မိုးဟိန်းနှင့် စောထူးတို့သည် ဟိုဟိုဒီဒီလျှောက်သွားနေကြသည်။ ဆလွန်းကားမျိုးစုံကို တစ်ခုစီကိုင်ကြည့်ကာ နံပါတ်ပြားများကို မှတ်နေသည်။

"အဖြူပေါ်က အမည်းစာလုံးနဲ့ဟာ ဘိုတွေဥစ္စာကွ"

မိုးဟိန်းက စောထူးအား ပြောနေသည်။ စောထူးက တအံ့တသြ. . .

"လှလိုက်တဲ့ ကားတွေ၊ အဲဒီကားတွေကို တစ်စီးပြီး တစ်စီး မောင်းပစ်ချင်တယ်"

"တက်မောင်းလေ"

"သော့တွေ ခတ်ထားတာကွ"

မကြာမီသူတို့အဖွဲ့ထဲ နွေးနွေးပါ ရောက်လာလေသည်။

"အန်တီကြူက တို့ကို ရေကူးမလားတဲ့ ခေါ်နေတယ်၊ မကူးတတ်ပါဘူးဟယ်၊ ဖားကူးဆိုလား လိပ်ပြာကူးဆိုလား အဲဒါတွေ၊ တို့က ခွေးကူးပဲကူးတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး၊ နင်ကခွေးမလေးးပဲ"

မိုးဟိန်းက စတော့. . .

"နင်သာခွေး"ဟု နွေးနွေးက အငေါ်တူးတူးနှင့် ချက်ချင်းပြန် ချေပသည်။

စောထူးကတော့ ကားတွေပဲစိတ်ဝင်စားငေးကြည့်ရင်း. . .

"ကဲ ကဲ. . . နွေးနွေး၊ နင်ဘယ်ကားကြိုက်သလဲ၊ ကြိုက်တာ ရွေး ငါဝယ်ပေးမယ်"

"ဘယ်ကားမှ မလိုချင်ပါဘူး၊ ရမှမရနိုင်ဘဲ"

"အေး၊ နွေးနွေး နင်ဖြေတာမှန်တယ်၊ ငါလဲ ဘယ်ကားမှမလို ချင်ဘူး"

မိုးဟိန်းက နွေးနွေးအား ထောက်ခံပြောဆိုလိုက်သည်။

"ထီပေါက်ရင်လေ"

စောထူးသည် မျှော်လင့်အားထားစွာ ပြောနေသေးသည်။

"ငါတို့မှ ထီမထိုးဘဲ၊ နွေးနွေးနဲ့အဖူးတို့ ဆရာတစ်ယောက် ပြောဖူးတယ်လေ၊ ပျင်းတဲ့လူတွေ၊ အလုပ်မလုပ်ချင်တဲ့ လူတွေ ထီထိုးတာတဲ့၊ ထီကိုအားကိုးတာ လူဖျင်းအလုပ်တဲ့"

မိုးဟိန်းက ခပ်တည်တည်မျက်နှာထားနှင့် ပြောလိုက်တော့ စောထူးက မခံချင်။

"သိပ်ဆင်းရဲတဲ့လူတွေလဲ ထီထိုးပါတယ်ဟာ၊ အလုပ်လဲလုပ် တယ်၊ ပျင်းလဲ မပျင်းဘူး၊ ဒါပေမယ့် ဆင်းရဲလွန်းတော့ ဘယ်တတ် နိုင်ပါ့မလဲ၊ ထီပဲ ထိုးရတာပေါ့"

မိုးဟိန်းစကားကို ပြန်ချေပနေသည်။ မိုးဟိန်းက ဆက်၍ အငြင်းအခုံမပြု။ ပြုလည်းမပြုတတ်တော့။ နွေးနွေးသည် ဖီးယက် ကား အဖြူလေးတစ်စီးပေါ် လက်ထောက်နေသည်။ ပန်းရောင်

www.burmeseclassic.com

www.burmeseclassic.com



ပြေပြေတွင် အဖြူအရိပ်ပန်းပွင့်များနှင့် ခရစ်အထူစားကို အပေါ်အောက် ဆင်တူချုပ်ကာ ဝတ်ထားရာ. . .

"နွေးနွေးနဲ့ ဒီကားလေးကတော့ တကယ်ပဲ လိုက်တယ်"

မိုးဟိန်းကချီးမွမ်းနေသည်။ နွေးနွေးက ကျေနပ်စွာ ပြုံးလျက်

"တကယ်လားဟယ်"

"တကယ်ပေါ့"

"ဟာဟ. . . နင့်ကို တို့မုန့်ဝယ်ကျွေးပါ့မယ်"

"အေး. . . ကျွေး"

"အဝတ်ကြောင့်လူလှတာပါဟယ်၊ တို့မှာတော့ ဒီတစ်စုံပဲရှိတယ်"

"ကြွားမနေပါနဲ့ ခတ်သီချင်းတွေကို"

စောထူးက ပြောရင်းရယ်နေသည်။

ဖီးယက်ကားဖြူလေးတံခါးကိုသော့လာဖွင့်သူက ဖွင့်သဖြင့် သုံးယောက်သား စကားအပြောရပ်သည်။

"နွေးနွေးတို့နော်"

ထိုသူကား လူပုံခပ်ချောချော၊ အသားဖြူဖြူ မြင့်မြင့် သွယ်သွယ်၊ အသက် ၂၀ ခန့် ရှိမည်။

"ဟုတ်ကဲ့"

နွေးနွေးက တုံ့ဆိုင်းစွာ ဖြေသည်။

"လိုက်ကြဦးမလား"

သူက အားလုံးကို ရည်စူးဟန်နှင့်မေးလိုက်သည်။ အားလုံးက ဘာကြောင့်ရယ်မသိ မတိုင်ပင်ဘဲ ခေါင်းတွေပြိုင်တူ ခါယမ်းမိကြသည်။ ကားစက်သည် ချက်ချင်းလိုပင် နိုးကာ ကျွမ်းကျင်စွာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်လျက် ကားလေးကိုခပ်ခပ်မြန်မြန်မောင်းနှင်သွားသည်။ ကားထဲမှ လက်ပြသွားသူအား ငွေးငွေးကလှမ်းငေးကြည့်ရင်း . .

"အဲဒါပေါ့ ကိုကောင်းမော်စံဆိုတာ၊ ဦးလေးရဲ့ သားအကြီးဆုံး၊ ဆေးကျောင်းမှာ ဘော်ဒါနေနေတဲ့ဟာ"

ပြောပြနေသည်။

"သူ့ကို ဒါကြောင့် အိမ်မှာမတွေ့ပါဘူးလို့ အောက်မေ့နေတာ"

မိုးဟိန်းက စူးစမ်းလေသည်။

"သိတာပေါ့၊ တို့က ရန်ကုန်ခဏခဏရောက်နေတာပဲ၊ သူက ကျောင်းပိတ်ရက်ဆို အိမ်ပြန်ပြန်လာတာ၊ သူ ရေကူးအားကြီးကောင်းတယ်၊ အီလက်ထရစ်ဂစ်တာလဲ တီးတတ်တယ်၊ စန္ဒရားလဲ တီးတယ်"

"သိပ်တော်မှာပေါ့နော်"

မိုးဟိန်းသည် စိတ်ထဲမှ မပါဘဲ ပြောလိုက်မိသေးသည်။

တကယ်တော့ ဤကမ္ဘာလောက သူတို့လောကပေပဲ။ ဘာမဆို မကြောင့်မကြ လိုတ,ရနေကြသူများပင်တည်း။ မိုးဟိန်းတို့ အဖူး၊ အဖိုး၊ အပါးတို့ အမေတို့က မြေကြီးမှ ရွှေသီးသော လယ်ယာမြေစိုက်သလို ထိုသူတို့ကား ပဒေသာပင်ကို စိုက်ကြသည်။ ပဒေသာပင်မှ အလိုရှိတာတွေကိုဆွတ်ခူးရုံပါပဲ။ ဥစ္စာ ကြေးငွေ၊ ပညာ၊ ဂုဏ် ဘာကိုယူမလဲ။ အရှင်မွေးတော့ နေ့ချင်းကြီးသည်။ ရွှေပင်နားတော့ ရွှေကျေးပေါ့။ အားကျစရာမလိုဟု မိုးဟိန်း ဝမ်းထဲ တိတ်တိတ်မာနထားသည်ကို ငွေးငွေးအားသိစေချင်လှသည်။ စောထူးကသာ. . .

"ငါလဲ ပလွေမှုတ်တယ်၊ ခြင်းလဲ ခပ်တတ်တယ်၊ လှေလဲ လှော်တတ်တယ်၊ လယ်လဲ ထွန်တတ်တယ်၊ ကျွဲလဲ ကျောင်းတတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါးလဲပက်တတ်တယ်၊ အိမ်လဲ ဆောက်တတ်တယ်၊ အဌာရသ ၁၈ ရပ် အကုန်တတ်တယ်. . . ကဲ”

နောက်တီးနောက်တောက်တွေပြောပြီး ဂုဏ်ပြိုင်နေသေးသည်။

မိုးဟိန်းသည် မိဘများသေဆုံးခဲ့ပေမယ့် ကျန်းမာသန်စွမ်းစွာ ကျန်ရစ်သည်။ ဆွေမျိုးတွေလည်း ကျန်ရစ်သည်။ အသင့် လုပ်စရာ လယ်တွေလည်းရှိသည်။ တစ်ပြိုင်နက် ကျောင်းပညာလည်း သူများထက်ထူးပြီး သင်ခဲ့ပြီလေ။ အပင်ပန်းဆုံးအလုပ်ကို လွတ်လွတ်လပ်လပ်လုပ်ခဲ့သည်။ လယ်ကွင်းလေဟာပြင်မှ တိုက်ခတ်လာသောလေကို တစ်ဝကြီး ရှုခဲ့ပြီး ဘဝတိုတိုကို ဖြတ်သန်းလာတာလောက် ပျော်စရာကောင်းတာ ဘာရှိသေးလဲ။

ငယ်ရွယ်သူတွေစိတ်ဓာတ်နှင့် အောင်မြင်ကြီးပွားလိုစိတ်တွေ ဖြိုးဖြိုးဝေခဲ့တာအမှန်ပင်။ ကောင်းမော်စံလိုဆရာဝန်ဖြစ်ချင်သည်ဟု စိတ်ကူးယဉ်ခဲ့သေးတာကိုဘယ်သူက ရယ်မောလှောင်ပြောင်မည်လဲ။ အင်ဂျင်နီယာဖြစ်ချင်သည် ဆိုမိဦးတော့လည်း ကဲ့ရဲ့သဂြိုဟ်စကား ဆိုမည့် နှုတ်ခမ်းများကို မမြင်ချင်ယောင်ပြုလိုက်မည်။

မိုးဟိန်းတို့ နားလည်လာသောတစ်နေ့မှာ သူသဘောကျ နှစ်ခြိုက်သော စာအုပ်တချို့ကိုအထက်တန်းပညာမှ သင်ကြားသော ဇီဝဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ စာအုပ်များနှင့်အတူ တရိုတသေ သိမ်းထားသည်။ ဒီစာအုပ်ပါ အကြောင်းတရား များကိုလည်း ခေါင်းထဲ အလွတ်ထည့်ထားလိုက်သည်။

*ကိုယ့်ဝမ်းဗိုက်ကိုသာ ဂရုမူနေရတဲ့ဘဝထက် မြင့်မြတ်တဲ့ဘဝကို ရောက်မယ့်နေ့ကို ကျွန်တော်မျှော်ကြည့်နေပါတယ်။*

www.burmeseclassic.com

www.burmeseclassic.com



လူသာလျှင်ပဓာန၊ လူသာလျှင်မြင့်မြတ်တယ် ဆိုတဲ့ ခံယူချက် ဆက်လက်ပြီး ကျွန်တော့်မှာရှိနေပါတယ်။ စိတ်ဓာတ်မွန်မြတ်မှု၊ ကိုယ်ကျိုးမငဲ့ကွက်မှုတွေဟာ ကာမဂုဏ်ကျိုးတာတွေကို အောင်မြင်မှာဖြစ်တယ်။

နောက်ဆုံး ကျွန်တော် ယုံကြည်တာကတော့ အလုပ်သမားလူတန်းစားဖြစ်တယ်။တချို့ပြင်သစ်တွေပြောသလို 'အချိန်ကာလဆိုတဲ့ လှေကားကြီးဟာ ခုံဖိနပ်တွေရဲ့တက်သံနဲ့ သားရေပြောင် ဘွတ်ဖိနပ်တွေရဲ့ ဆင်းသံတွေနဲ့မြည်ဟည်းနေတယ်' လို့ ဆိုသလိုပေါ့။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကျေးလက်တောရွာမှာကြည်နူးဖွယ်ကောင်းသော အချိန်တို့သည် ခပ်လွယ်လွယ်ပင် ကုန်ဆုံးခဲ့ပေသည်။

စောထူးရော မိုးဟိန်းရော ရန်ကုန်သို့ အလျှိုလျှိုရောက်ခဲ့ကြသည်။ နွေးနွေးကတော့ ကနဦးတည်းက သူ့အဒေါ်အိမ် သွားနေပြီး ကဒုတ်သို့ တစ်အောင့်တစ်ဖြုတ်ပဲ ပြန်လာတတ်သည်။ လူစုကွဲနေရာမှ ပြန်ဆုံကြသည့်အခါ ဘယ်လိုပျော်နည်းမျိုး ပျော်ကြမှန်းမသိ။

ထယ်ထိုး၊ ကွင်းစမှာ လက်နတ်ကို တင်ကြသည့်အချိန် တစ်ချိန်. . . ။

နွေးနွေးတို့အဖူးအိမ်၌ ညသန်းခေါင်ကတည်းကပင် ကောက်ညှင်းပေါင်းကြသည်။ မုန့်လုံးရေပေါ်နှင့် မုန့်ပိန္နဲစေ့များလည်း လုပ်ကြသည်။ နွေးနွေးတို့အဖိုးက တော်တော်အလုပ်လုပ်နိုင်သည်။ ဆန်မှုန့်များကို ကိုယ်တိုင်ထောင်းသည်။ အုန်းသီးများကိုလည်း ကိုယ်တိုင်ခွဲသည်။

မိုးဟိန်း၏ အဖိုးကတော့ အုန်း၊ ငှက်ပျောပွဲ၊ ကန်တော့ပွဲကို တာဝန်ယူကာ ကိုယ်တိုင်ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းသည် နွေးနွေးနှင့်စောထူးတို့နှင့်အတူ မုန့်လုံးရေပေါ် နှင့် မုန့်ပိန္နဲစေ့ အလုံးလေးများကို ဝိုင်းလုပ်ပေးရင်း ရင်ထဲ ပျော်နေသည်။

"အဲဒါ ရန်ကုန်မှာ မုန့်ကြာစေ့လို့ခေါ်တယ်၊ တို့ကမုန့်ပိန္နဲစေ့ ခေါ်တော့ အန်တီတို့က ရယ်ကြတာပေါ့"

"ဟုတ်တယ်နော်၊ ကြာစေ့လေးနဲ့လဲ တူတယ်နော်"

စောထူးက မုန့်ကိုလုံးရင်း ပြောတော့ နွေးနွေးက ရယ်လျက်. . .

"စောထူး လက်ဆေးရဲ့လား"

"ငါ ဆေးပါတယ်၊ မဆေးတာက ဒီကောင်"

မိုးဟိန်းအား လက်ညှိုးညွှန်ပြလိုက်သည်။ နွေးနွေးက နှာခေါင်း ရှုံ့လျက်. . .

"စောစောက မိုးဟိန်းနှပ်ညှစ်တယ်မဟုတ်လား"

မိုးဟိန်းက တမင်နောက်သလို နှပ်ညှစ်ဟန်ပြပြီး နွေးနွေး၏ လက်ကို လှမ်းသုတ်မည်ရွယ်တော့ နွေးနွေးက ငယ်သံပါအောင် အော်ကာ. . .

"ဟောဒီမှာ အဖူး၊ မိုးဟိန်းရယ် နှပ်တွေလိုက်သုတ်နေတယ်"

တိုင်တန်းလိုက်ရာ မိုးဟိန်းက တသောသော ရယ်မောမိလေသည်။ မီးတောက်လျှံအရောင်နှင့် နွေးနွေး၏ မျက်နှာလေးမှာ ဝင်းပနေသည်။ ကျစ်ဆံမြီးနှစ်ဖက် ကျစ်ထားသော ဆံနွယ်များ ဝဲကျနေသော နွေးနွေးမျက်နှာဝိုင်းဝိုင်းလေးမှာ ပကတိကလေးပမာ နုပျိုရွှင်လန်းနေသည်။ သူနာပြုသင်တန်းတက်စပြုနေသော နွေးနွေးမှာ အလယ်တန်းကျောင်းသူ အပျိုပေါက်စလေးပမာ အပြစ်ကင်းစင်လှသည်။

"မိုးဟိန်း မစနဲ့လေ၊ ဘာလို့ ညစ်ညစ်ပတ်ပတ် ကစားရတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ၊ နင်တို့နှစ်ယောက်ဟာ ခွေးနဲ့ကြောင်လို ကိုက်နေကြတာပဲ နော်”

မိုးဟိန်းအဖူးက လှမ်းအော်သည်။

“အတိုင်းအတော မထူကြနဲ့လေ၊ လူကြီးတွေ အလုပ်ရှုပ်နေကြတာ သိတယ်မဟုတ်လား”

နွေးနွေးအဖူးက လှမ်းဟန့်ပြန်သည်။ နွေးနွေးက သူ့အဖူးက သူ့ကို လှမ်းမာန်တာကိုမကျေနပ်။ မိုးဟိန်း၏ ရင်ဘတ်ကို သူ့လက်သီးဆုပ်လေးနှင့် လှမ်းထိုးသည်။ မိုးဟိန်းသည် နွေးနွေး၏ လက်ကို ဖမ်းဆုပ်ဟန့်တားကာရယ်မောနေသည်။ နွေးနွေး၏ လက်ကို ကပျာကယာလွှတ်လိုက်သော်လည်း ရင်ခုန်တာမပျောက်။

သူသည် နွေးနွေးကို တမ်းတစွဲလမ်းလျက်နှင့် ဘယ်လိုစကားမျိုးတွေ ပြောရမည်၊ ဘယ်လိုနီးနီးစပ်စပ်နေမည်ကို စိတ်မကူးမိတာအမှန်ပင်။ အရင်းနှီးဆုံးပူးတွဲကာနေနိုင်လျက် နွေးနွေးအပေါ် ဖက်လှဲတကင်းထိတွေ့နေဖို့လည်း သတိမရ။ အသာတကြည်နှင့် နွေးနွေးလက်ကလေးများပင် မတို့ထိစဖူး။

နွေးနွေး၏ မျက်နှာပေးကို တစိမ့်စိမ့်နှင့် အဝေးမှ ကြည့်နေရုံနှင့်ပင် ကျေနပ်ခဲ့ရသော မိုးဟိန်းအဖြစ်ပါ။ လင်းအရုဏ် ကျင်းလုလု ဒီနံနက်ကလို မီးပုံဘေး နှစ်ယောက်သား အတူတကွ တွဲထိုင်ခဲ့ရသော ဘဝမျိုးကိုတော့ တမ်းတမိတာအမှန်ပင်။ သိပ်ပျော်တာပဲ နွေးနွေး၊ ဒီလောက်တစ်ခါမှ မပျော်ဖူးပါဘူး။ ဒီလိုပဲ ခဏခဏ ပျော်ပါရစေဟု ဆုတောင်းမိတာ အကြိမ်ကြိမ်ပင်။

ထင်းမီးစကို ထိုးရန် ငုံ့လိုက်သော မိုးဟိန်း၏မျက်နှာနှင့် မီးပြောင်းကိုင်လျက် မီးမှုတ်ရန်ခေါင်းစိုက်လိုက်သော နွေးနွေး၏ မျက်နှာတို့ ထိကပ်လုနီးပါးဖြစ်ကာ နွေးနွေး၏ဆံစလေးများမှာ

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို မထိတထိ လွင့်ပါးဆော့ကစားသည့်အခါ နှလုံးသွေးတို့ တန့်ရပ်လျက် ရင်ထဲ လှုပ်ရှားမိသေးသည်။ သည်တုန်းကတော့ ပထမဦးဆုံးအကြိမ် နွေးနွေး၏ ပါးလေးများကို စိတ်ကူးနှင့်ပင် နမ်းကြည့်မိသည်။

စောထူးက မိုးဟိန်းနှင့် နွေးနွေးတို့အား သိကြားဖန်ဆင်းလှာသော ဖူးစာရှင်များပမာ တင်စားရှာပြီး မီးဖိုဘေးမှ အလိုက်တသိထ,ပြေးလေသည်။

ခြံထဲရှိ ပျဉ်းမပင်အောက်တွင် ကာလသားတစ်သိုက် အိုးစည်ဗုံမောင်းများတီးပြီး သံချပ်အတိုင်အဖောက် တိုက်နေကြသော စည်စည်ဝေဝေ အသံကိုပင် နားထဲ မဝင်။ အသံဗလံများ နားထဲ ဝါးထွေးနေသည်။

၁၈ နှစ်အရွယ်တွေမို့ နုနယ်ကြသေးသည်ဟု ဖြူစင်သန့်ရှင်းစွာ စိတ်ထားနိုင်ဖို့ကို ကြိုးစားခဲ့သည်။ ဒါဟာ လူ့ဘဝအတွက် အမှားတစ်ရပ်လား။ အနည်းဆုံး မိုးဟိန်းနှင့် နွေးနွေးတို့အတွက် အမှားလား။ နောင်တ ရရမည်လား။ မဝေခွဲတတ်။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

စပါးရိတ်သိမ်းပြီးစအချိန်မို့ ရိုးပြတ်တောကြီးမှာ ခြောက်ခြောက်သွေ့သွေ့နှင့် တစ်မျှော်တစ်ခေါ်ကြီးဖြစ်သည်။

နှင်းငွေရည် ပုလဲဥသည်သာ မြေပေါ်စိုစွတ်စေပြီး သိပ်သည်းကပ်လျက်ရိုးပြတ်ရနံ့သည် လေအဝှေ့တွင် ဝှေ့၍ပါလာလေသည်။

နံနက်နေရောင်ခြည်သည် ဖြာ၍လင်းလာပေပြီ။ အုန်း၊ ငှက်ပျော ကန်တော့ပွဲအပြင် ကောက်ညှင်းပေါင်း၊ မုန့်လုံးရေပေါ်၊ မုန့်ပိန္နဲစေ့၊ အုန်းသီးစိမ်း၊ ထန်းလျက်၊ ကွမ်းယာ၊ လက်ဖက်ပွဲများပြင်ဆင်ပြီး လှည်းဦးမှာ တင်လေသည်။

"မုန့်ဖြူမုန့်နီပွဲ ပါပြီလား"

အဖိုးတို့က စုံမစုံမေးသည်။ မုန့်လုံးရေပေါ်နှင့် မုန့်ပိန္နဲစေ့ကို မုန့်ဖြူမုန့်နီပွဲဟု အဖိုးတို့ကခေါ်သည်။ ကောက်လှိုင်းစည်းကြီးကိုလည်း မိန်းမဝတ်စုံ ဆင်ယင်ထားပြီးဖြစ်သည်။ နွေးနွေးတစ်ခါက ဝတ်ဖူးသော ခရစ်ပွင့်ရိုက် ပန်းရောင်ဝတ်စုံကို အပေါ်အောက်ဆင်တူ ဆင်ပေးထားသည်။

**"ပုန်းမကြည်ရှင်**မ က ခေတ်ဆန်တယ်နော်၊ အပျံစားပဲ၊ အဲဒါ နွေးနွေးဆင်တာ" ဟု နွေးနွေးက ကြွားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖီး၏ဆံစုကို ထိပ်တွင်တပ်လျက် ဖဲပွင့်ပန်းရောင်ကိုလှလှပပ ချည်ထားသည်။ ဖဲပွင့်နှင့် ဝတ်စုံမှာ မဥ္စူရေမွှေးနံ့တကြိုင်ကြိုင်နှင့် သင်းပျံ့ထုံလှိုင်နေသည်။

လှည်းဦးတွင် မုန့်ပွဲများအပြင် ကျောက်ပျဉ်၊ သနပ်ခါးနှင့် မှန်များပါ တင်လိုက်သည်။

"အင်္ကျီတွေ ထဘီတွေကအကုန်အသစ်ချည်းပဲ၊ ယိုးဒယားဘော်လီတစ်ထည်ပဲ အဟောင်းပါတယ်၊ အဲဒါ မမတင်လတ်ဆီက ခုနစ်ကျပ်နဲ့ ပြန်ဝယ်တာ တစ်ပတ်ရစ်ကို၊ စိတ်မကောင်းပါဘူး"

နွေးနွေးသည် ကလေးငယ်တစ်ယောက်ပမာ ဝမ်းပန်း တနည်းပြောနေသည်။ စောထူးကတော့သဘောကျသလို လက်ခုပ်လက်ဝါးတီးကာ ကွမ်းတဗျစ်ဗျစ်ဝါးနေရာမှ . .

"ရှင်မက သိပ်ကောင်းတာပဲ ခင်သန်းနုအတိုင်းပဲ၊ နောက်ကနေ ကြည့်ရင် ခင်သန်းနုမှခင်သန်းနုပဲ လှလိုက်တာ"

"ဟယ် . . ဒီကောင်"

နွေးနွေး၏အဖီးက စောထူး၏ခေါင်းကိုလှမ်းပုတ်ပြီး အားလုံးတသောသော ရယ်မောမိကြသည်။

မိုးဟိန်း၏ အဖီးနှင့် နွေးနွေး၏အဖီးတို့က ဝတ်စားဆင်ယင်ထားသော ကောက်လှိုင်းကြီးကို ဖေးမကိုင်ကာ . .

"ကိုင်း . . ပုန်းမကြည်ရှင်မရေ၊ ကျွန်တော်မတို့ လယ်ယာလုပ်တဲ့အခါ မိုးခေါင်လဲ ရေမရှား၊ မိုးကောင်းလဲ ရေမနစ် လုပ်ကိုင်ရာအပျက်အစီးမရှိ နှစ်စဉ်ကောက်ပဲသီးနှံဖွံ့ဖြိုးပြီး ချမ်းသာ ကြွယ်ဝပါစေ၊ စောင့်ရှောက်တော်မူပါ"

နှုတ်မှ တတွတ်တွတ်ရွတ် ဆုတောင်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အိုးစည်ပုံမောင်းများနှင့်အတူ တလင်းထဲရှိ စပါးပုံကို ခုနစ်ပတ်လှည့်ကြသည်။ ကလေးသူငယ် လူရွယ်တို့၏ အတိုင်အဖောက်သံချပ်ထိုးသံတို့သည် ဝေဝေစည်စည် လေဟာပြင်ဝယ် လွင့်ပျံ့လာလေတော့သည်။

*ဖုန်းမဂ္ဂီရှင်မ. . . နို့ဗျင်းကိုးထောင်ကျ။*
*လှည်းဦးမှာပေါ်. . . သုံးထောင်ကျော်တဲ့ တို့စပါး*
*မထွက်သင့်လား ထွက်သင့်လားဟေ့။*
*ထွက်သင့်ပေ . . . ထွက်သင့်ပေ*
*ဟေ့. . . လား. . . မောင်တို့ ဝါး. . . ။*

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

ထိုနေ့ညက နွေးနွေး၏အဖူးပြောသော ပုံကို နားထောင်ရသည်။

စောထူးက တိုင်ကိုမှီ၍ ငိုက်မျဉ်းနေသည်။ နွေးနွေးနှင့် မိုးဟိန်းတို့သည် ဒူးချင်းထိကပ်ထိုင်ကြလျက် အဖူးပုံကို စိတ်ဝင်စားစွာ နားထောင်ကြသည်။

အဖူးက ကျမ်းတတ်ပုဂ္ဂိုလ်မို့ ပါဠိစကားများ ရွတ်ပြပြီးမှ စသည်။

"လုပ်ကြံပုံပြင် ဒဏ္ဍာရီမဟုတ်ဘူးကွ၊ မြတ်စွာဘုရားလက်ထက်က ဖြစ်ခဲ့တဲ့ အဖြစ်ပါ၊ ဓမ္မပဒ အဋ္ဌကထာပါဠိတော်က 'နဟိ ဝေရေန ဝေရာနိဆိုတဲ့ဂါထာနဲ့စတဲ့ ကာဠိယက္ခနီဘီလူးမဝတ္ထုပဲ။

". . . ဟိုး ရှေးရှေးတုန်းက ဖြဟ္မက ပုဏ္ဏားတစ်ယောက်ဟာ သူ့အမေက မျိုးဆက်မပြတ်ရအောင် အိမ်ထောင်ပြုဖို့တိုက်တွန်းလို့ မိန်းမယူတော့ အဲဒီမိန်းမဟာ အမြုံဖြစ်နေတယ်တဲ့၊ နောက်တစ်ခါ သူ့အမေကမိန်းမနောက်ထပ်ယူဖို့ တိုက်တွန်းပြန်တော့. . ."

"ဟင်. . . မိန်းမနှစ်ယောက် ဖြစ်နေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးက မကျေမနပ်နှင့် ဝင်ထောက်သည်။

"ဒါပေါ့၊ ကလေးမှ မမွေးဘဲ၊ မယားကြီးကလဲ နောက်ထပ်ယူဖို့ မိန်းမကို သူသဘောတူတဲ့ဟာ ရှာပြီး သူ့လင်ကိုပေးစားသတဲ့၊ ကံအားလျော်စွာ နောက်မိန်းမမှာ ပဋိသန္ဓေရှိလာတယ်တဲ့၊ ဒီတော့ အရင်မယားကြီးက မနာလိုစိတ်နဲ့ မယားငယ်ရဲ့ အစာထဲအဆိပ်ဆေးတွေ ခပ်ကျွေးတော့ ပဋိသန္ဓေမတည်ဘူး ပျက်ရရှာရောတဲ့၊ ဒုတိယအကြိမ်လဲ ဒီနည်းအတိုင်းပဲအဆိပ် ခပ်ကျွေးပြန်တယ်၊ တတိယအကြိမ်ကျတော့ အဲဒီမိန်းကလေး ကိုယ်ဝန်ပျက်ရုံမကဘူး သူ့အသက်ပါ ပါသွားသတဲ့"

"သိပ်ဆိုးတဲ့ မိန်းမပဲနော်"

နွေးနွေးက မှတ်ချက်ချနေသည်။ စောထူးက မျက်လုံးများမှေးစင်းနေရာမှ . .

"မိန်းမတွေကို အူတိုတယ်"

"ဘာလဲ . . သွား၊ နင်တို့ယောကျ်ား အူတိုရင် သာဆိုးတယ်"

နွေးနွေးသည် စောထူးအား ရန်ထောင်ရင်းမျက်စောင်းတစ်ချက် ဝင့်လိုက်သည်။

"ဆိုးတယ်ဆိုရမှာထက် သူ့စိတ်သူမနိုင်တာပေါ့ကွယ့်၊ တကယ်တမ်းကျတော့ သူက ခွင့်မလွှတ်နိုင်တော့ ပက်ပက်စက်စက် မကြံကောင်းတာတွေ ကြံတော့တာပေါ့၊ မယားငယ်ကလဲ မယားကြီးရဲ့လက်ချက်ကြောင့် ဒီလိုဖြစ်ရတာကို သိရတော့ မသေခင်လေးမှာ ရန်ငြိုးတုံ့ပြန်လိုတဲ့စိတ်နဲ့ ဖြစ်ရာဘဝနိုင်ရပါစေလို့ ဆုတောင်းတယ်တဲ့၊ သေတော့ဒီအိမ်မှာပဲ ကြောင်မလာဖြစ်သတဲ့၊ မယားကြီး ယုတ်မတာကိုလဲ လင်ကသိပြန်တော့ နင်ငါ့အမျိုးအနွယ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြတ်တယ်ဆိုပြီး ထုထောင်းရိုက်နှက်ပုတ်ခတ်လိုက်တာ သေပြန်ရော၊ သေတော့ ဒီမယားကြီးက ဒီအိမ်မှာ ကြက်မ လာဖြစ်သတဲ့”

“ကြောင်နဲ့ကြက်တွေ့ကြပြန်တာပေါ့”

“ကြက်မက ဥတွေဥတော့ ကြောင်မကဥတွေကိုစားပစ်သတဲ့၊ နောက်ဘဝကျတော့တစ်ခါကြက်မက ကျားသစ်မဖြစ်ပြီး ကြောင်မက သမင်ဖြစ်ပြန်ရော၊ သမင်မက မွေးတော့ ကျားသစ်မကစားပြန်ရောတဲ့”

“ဒီတစ်ခါတော့ မယားငယ်က သမင်မအဖြစ်နဲ့ သူ့ကလေးတွေ အစားခံရရောနော်”

နွေးနွေးက ကြားဖြတ်မေးနေသည်။ မှုန်အိမ်မီးရောင်ဝယ် နွေးနွေး၏ မျက်နှာလေးသည် စိတ်အားထက်သန်ခြင်းဖြင့် ဝင်းပြောင်နေသည်။ သူ့ကျစ်ဆံမြီးဖျားကို ဖြေလိုက် ကျစ်လိုက်နှင့် ဆော့ကစားနေသည်။ အဖူးသည် ထုံးတို့ထားသောလက်နှင့် မှုန်အိမ် မီးစာမြှင့်ကာ. . .

“သံသရာဆိုတာလည်းတာပေါ့ ကလေးရယ်၊ ဒီလိုပဲတပြောင်းပြန်ပြန်နဲ့၊ နောက်တစ်ဘဝကျတော့ မယားကြီးဖြစ်တဲ့ သမင်မက ဘီးလူးမဖြစ်၊ မယားငယ်ကျားသစ်မက လူအမျိုးသမီးဖြစ်နဲ့ ဂေါတမမြတ်စွာဘုရား အထင်အရှားရှိတဲ့ သာသနာလဲထွန်းကားလာရော ဘီလူးမနဲ့ လူမတို့ဟာ ဘဝအဆက်ဆက်ကရန်ငြိုးထားကြတဲ့ ဝဋ်ကြွေးအတိုင်း အမျိုးသမီးမွေးတဲ့သားတိုင်း ဘီလူးမက ဥပါယ်တံမျဉ်နဲ့ ကလေးငယ်ကို ယူယူစားလေ့ရှိသတဲ့၊ တတိယအကြိမ်ကျတော့ အမျိုးသမီးဟာ ဘီလူးမအကြောင်းကိုသိတော့

www.burmeseclassic.com

www.burmeseclassic.com



တိမ်းရှောင်ပုန်းအောင်းနေရောတဲ့၊ ဘီလူးမကလဲ သူပုန်းအောင်းတဲ့နေရာ လိုက်ပြန်ရော။

"အမျိုးသမီးကလဲ ဘီလူးမလာတာကို အဝေးကမြင်ရင် ထိတ်ထိတ်လန့်လန့်နဲ့ကလေးချီပြီး ထွက်ပြေးတာ ဘုရားကျောင်းတော်ကို ရောက်လာပြန်ရောတဲ့၊ ဘီလူးမကလဲ အစဉ်တစိုက် လိုက်တော့ ဘုရားကျောင်းအထိ ရောက်လာပြန်ရောတဲ့ သူတို့နှစ်ဦး မြတ်စွာဘုရားရှေ့တော် ရောက်ကြတော့ မြတ်စွာဘုရားက 'နဟိ ဝေရေန၊ ဝေရာနိ' အစချီပြီး ရန်ကိုရန်ချင်း မတုံ့လျှဉ်းရာလို့ ဟောပြောတဲ့တရားတော်ကို နာကြရတာနဲ့ သူတို့နှစ်ယောက် သင့်မြတ်ကြပြီး ကလေးလဲ အသက်ချမ်းသာရာရတယ်တဲ့၊ ဘီလူးမလဲ သောတာပန်ဖြစ်လာတယ်တဲ့"

"သောတာပန်ဆိုတာ ဘာလဲအဖူး"

မိုးဟိန်းက ကြားဖောက်၍မေးပြန်သည်။

"တရားကျင့်ပြီး အဆင့်လေးဆင့်ရှိတာမှ ပထမဦးဆုံးအဆင့်ကို ရသွားတာ၊ သောတာပန်ဖြစ်ရင် အပါယ်တံခါးပိတ်တယ်တဲ့၊ ဘယ်တော့မှ အပယ်ငရဲမကျတော့ဘူးတဲ့"

အဖူးက ကလေးနားလည်လွယ်အောင် ရှင်းပြနေသည်။ နွေးနွေးက. . .

"ဒါနဲ့ ဆက်ပြောပါ အဖူး"

"ဘီလူးမကို အမျိုးသမီးက ခေါ်လို့ သူ့အိမ် မောင်းတင်းကုပ်မှာနေစေတယ်တဲ့၊ ဒါပေမယ့်ဘီလူးမကတော့ ဆိတ်ငြိမ်ရာအရပ်ဖြစ်တဲ့ ရွာနဲ့မနီးမဝေး တောထဲနေပြီး သူ့ကို နေ့တိုင်း ယာဂုထမင်းဦးတို့ကို လုပ်ကျွေးရတယ်တဲ့၊ ဘီလူးမက ကျေးဇူးတုံ့ပြန်သောအားဖြင့် အမျိုးသမီးနဲ့ သူ့သားကို စောင့်ရှောက်ပြီး လယ်

www.burmeseclassic.com

www.burmeseclassic.com



ယာလုပ်ချိန်မှာ မိုးခေါင်လဲ ရေမရှား၊ မိုးကောင်းလဲ ရေမနစ်၊ ကုန်းကြည်းချိုင့်ဝှမ်းအရပ်တွေကို ညွှန်ကြားပေးတဲ့အတွက် လုပ်ငန်းအပျက်အစီးမရှိ၊ အောင်မြင်ချမ်းသာလာသတဲ့”

“အဲဒီ ဘီလူးမက. . .”

“အဖူး ပြောမယ်လေ၊ ဒီလိုကုန်းကြည်းချိုင့်ဝှမ်းရာ မရွေးနိုင်ဘဲ လုပ်ကိုင်ကြတဲ့ တစ်ရွာတည်းနေ လယ်သမားများက ချွတ်ယွင်းပျက်စီးဖန်များလာတဲ့အတွက် စောစောက အမျိုးသမီးနဲ့သားကို ချဉ်းကပ်မေးမြန်းတော့ ဘီလူးမကျေးဇူးကို ပြန်ပြောပြသတဲ့၊ ဒီကနေ တစ်ဆင့်ပြီးတစ်ဆင့်ဘီလူးမကို ရွာနဲ့အဝန်းမြို့နဲ့အလိုက် ပူဇော်ပသကြရာက ခုခေတ်ကာလတိုင်အောင် ဒီအလေ့အထကို လုပ်နေကြတာပဲ”

“ပုန်းမကြည်လို့ သူ့ကို ဘာလို့ခေါ်တာလဲ”

မိုးဟိန်းကမေးခွန်းထုတ်လိုက်သည်။ အဖူးကပြုံးလျက်. . .

“ဒီလိုဟ. . . သူက ဆိတ်ငြိမ်တဲ့နေရာမှာ ပုန်းအောင်းနေရမှ ကြည်လင်တဲ့အတွက် ပုန်းမှကြည်လို့ နာမည်တွင်သတဲ့၊ ကာလကြာတော့ ပုန်းမကြည်လို့ ခေါ်လာတယ်တဲ့”

“ဟ. . . အဖူးနာမည်က အပျံစားပဲ၊ ကြည်စေ အေးစေ ပိစ်ပဲဗျ၊ ပုန်းမှကြည်ဆိုတော့ လှလဲလှတယ်၊ ခေတ်လဲမီတယ်”

စောထူးက သဘောကျနေသည်။

“တချို့ကလဲ ဖုန်းမကျီလို့ ခေါ်ကြတယ်၊ ပုဏ္ဏကျီလို့လဲ ခေါ်တယ်တဲ့၊ ပုဏ္ဏဆိုတာ ပြည့်စုံခြင်းလို့ အဓိပ္ပာယ်ရတယ်၊ ကျီဆိုတာက စပါးကျီ၊ စပါးကျီတွေကို ပြည့်စုံအောင် ဆောင်ရွက်ပေးတဲ့နတ်လို့ဆိုတယ်တဲ့၊ နောက်ပြီး သသ်ကရိုက်ဘာသာနဲ့ ပုဗ္ဗဂြီဆိုတာ ပုဗ္ဗက အဦးတဲ့၊ ဂြီက အိမ်တဲ့၊ အိမ်ဦးနတ်လို့ အဓိပ္ပာယ်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့၊ ဟိန္ဒူနဲ့ မွန်မှာလဲ သူ့ဘာသာနဲ့သူ အခေါ်အဝေါ်ရှိကြသေးတယ်၊ အဖူးမမှတ်မိတော့ဘူး”

“ဒါတောင် အဖူး အများကြီးမှတ်မိပါတယ်”

မိုးဟိန်းသည်အဖူးပြောတာတွေကို စာရွက်၊ ခဲတံတို့နှင့် အသေးစိတ်ရေးမှတ်နေသေးသည်။ အဖူးက သူပြောတာတွေကို လူငယ်တွေက မှတ်သားနာယူသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်။

“ပြီးတော့ နောက်တစ်ခုရှိသေးတယ်ကွ၊ လယ်သမားတွေ စပါးလှေ့တဲ့အခါ ဘီလူးမရေ. . နင့်သား တောင်သူ ပူလှပြီဟေ့၊ ဘီလူးမရေ. . တောင်ပေါ်ကလေ ခေါ်ခဲ့ဟေ့ ပြောပြီး လေချွန်ရင်လဲ စပါးလှေ့နိုင်အောင် လေလာသတဲ့”

“အဖူး. . . ဒီလိုခေါ်ရင် ဒီလိုပဲ လေလာသလား”

မိုးဟိန်းကမေးလိုက်သည်။ အဖူးက ရယ်မောလျက်. . .

“မသိပါဘူးကွယ်၊ အဖူးကတော့ တစ်ခါမှ မခေါ်ဖူးပါဘူး၊ ကိုယ့်ဘာသာကိုယ် လုပ်လိုက်တာပဲ၊ သူများအားကိုးရတာထက် ကိုယ့်ဘာသာကိုယ် အားကိုးရင် မကောင်းဘူးလား၊ ကိုယ့်ကိုယ်ကိုတော့ ခိုင်းချင်သလိုခိုင်းလို့ရတယ်လေ”

အဖူးနှင့် ရောက်တက်ရာရာ ပြောသောအချိန်၌ နွေးနွေး၏ခေါင်းသည် ငိုက်ကျလာလေသည်။ များမကြာမီ နွေးနွေးသည် အိပ်ပျော်ခြင်းသို့ ရောက်လေသည်။ မိုးဟိန်းပေါင်ပေါ် အိပ်နေသော နွေးနွေးကြောင့် ရုတ်တရက် အိပ်ရာထဲမဝင်ဖြစ်။ ထန်းလက်ယပ်တောင်နှင့် ခြင်များကိုလည်း မောင်းနှင်ပစ်ရသည်။

နွေးနွေးနိုးသွားမည်စိုးသောကြောင့် ခန္ဓာကိုယ်ကို ညောင်းလျက်က မလှုပ်ရဲ။ မလှည့်ရဲ။ နွေးနွေးပါးစပ်ဖျားတွင် ဖြတ်လျက်

www.burmeseclassic.com

www.burmeseclassic.com



ကျနေသော ကျစ်ဆံမြီးကို အသာကိုင်မကာ ဖယ်လိုက်ချိန်၌ပင် နွေးနွေးနိုးသွားမှာ စိုးထိတ်လှသည်။

"ဟဲ့ . . . ကောင်မလေး၊ အိမ်ထဲ သွားအိပ်ချေ"

အဖိုးက အော်တော့ မိုးဟိန်းသည်အသာလက်ကာပြရင်း သူ့နှုတ်ခမ်းပေါ် လက်ညှိုးတင်လိုက်သည်။ အဖွားက နွေးနွေးအား အလိုလိုက်ချင်ဟန်နှင့် . . .

"နေပစေဦးလေ၊ ငါနဲ့မိုးဟိန်း စကားပြောနေကြတာပဲ၊ အိပ်ပါစေဦး"

စောထူးကတော့ ဘုရားစင်ရှေ့တွင် ခြင်ထောင်မထောင်ဘဲ တုံးလုံးပက်လက်လှဲကာ အိပ်နှင့်လေပြီ။ မှိုနှင့်စူးရှသော ဖာထေးရာများနှင့် ခြင်ထောင်ကိုအဖိုးက ထုတ်ယူလာကာ ထောင်ပေးလိုက်သည်။

"ဖိုးစောထူး။ နင့်ခြေထောက်က ငါ့ခြင်ထောင်ပေါက်ထဲ ဘောင်းဘီဝတ်သလို မလျှိုလိုက်နဲ့နော်၊ ငါ့မှာ အပိုဆိုလို့ ဒါ တစ်ခုပဲရှိတာ"

နွေးနွေး၏ အဖိုးစကားကို ရယ်မိကြသည်။ အားလုံးမောပန်းနေကြသဖြင့် နွမ်းလျသောမျက်နှာများနှင့် အိပ်ငိုက်မျဉ်းနေကြပြီ။ အဖွားနှင့်မိုးဟိန်းသာ ငုတ်တုတ်ထိုင်ကာ ကျန်ရစ်သည်။

နွေးနွေး၏မျက်ခုံးအောက်မှ မျက်တောင်ကော့တို့သည် မှေးစင်းလျက် နှုတ်ခမ်းလေးများက မပွင့်တပွင့်ဟနေသည်။ တကယ်ကလေးငယ်ပမာ သန့်စင်သောဝိညာဉ်အရိပ်က မျက်နှာလေးပေါ် လွှမ်းခြုံနေသည်။

ငွေလခြမ်းနှင့် ကြယ်ပွင့်များကို ပြတင်းပေါက် ဘောင်ခတ်လျက် ညပန်းချီကားတစ်ချပ်ကို ခြယ်ရေးလေပြီ။ မိုးပြာတိမ်လိပ်

www.burmeseclassic.com

www.burmeseclassic.com



တို့ တရိပ်ရိပ်လွင့်ပါးကာ အဖြူမျှင်ရှည်သွယ်သွယ်နှင့် နဂါးငွေ့ တန်းမှာလည်း ညအရေးကို တင့်တောင်းတင့်တယ်ဖြစ်စေသည်။

အပြင်မှ ပလွေသံသည် ညယံတေးကို သီဖွဲ့ကာနေသည် အဖူး ပြောပြနေသော လောကနီတိသည် မိုးဟိန်းတို့လို လူငယ်တွေအဖို့ အနှစ်သာရဖြစ်သော်လည်း မောပန်းနေသော မိုးဟိန်း၏ မျက်တောင်များကို ညွတ်ကျွေးစင်းမှေးစေသည်။

*ဦးချိုရှိသော သတ္တဝါကို အတောင်ငါးဆယ်ရှိသော အရပ်မှကြဉ်ရာ၊ မြင်းကိုကား အတောင်တစ်ရာမှ ကြဉ်ရာ၏၊ အစွယ်ရှိသော ဆင်ကိုကား အတောင်တစ်ထောင်ကသာလျှင် ကြဉ်ရာ၏၊ သူမကောင်းကိုကား အရပ်ကိုစွန့်သဖြင့် ကြဉ်ရာ၏*

များမကြာမီပင် အဖူးရယ်၊ နွေးနွေးရယ်၊ မိုးဟိန်းရယ် တစ်အိပ်ရာတည်း တစ်ခြင်တောင်တည်း အိပ်ကြလေသည်။ သည်တုန်းက နွေးနွေးအပေါ် နှမငယ်တစ်ယောက်ပမာ ထင်စားမိရှာသေးသည်။ မပြစ်မှားရက်ပါဘူး။ ဘယ်လိုပြစ်မှားကျူးလွန်ရက်မည်လဲ။ ကိုယ့်နှမငယ်ကား နှင်းပမာဖြူစင်လှစွာသည်။

ပလွေသံကား ဆောင်းရယ် နှင်းရယ် ချစ်သူရယ်ကို လွမ်းတွဲ့တွဲ့နှင့် ကြူနေသည်။ ထိုည. . . ထိုအချိန်။

*ဆောင်းရယ် နှင်းရယ် ကိုယ်ချစ်သူရယ် အတူတူပါပဲ၊ အသည်းမှာ အမြဲတင်စား ကမ္ဗည်းခြယ်၊ ဆောင်းဆိုသည်က အေးမြခြင်းကိုသရုပ်ဆောင်တယ်၊ ငွေနှင်းမြူက သန့်စင်တယ်လို့ အဓိပ္ပာယ်ကိုယူမယ်၊ ချစ်သူကကွယ် ဆောင်းနှယ်အေး နှင်းလိုဖြူတယ်၊ ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ် အတူတူပါပဲကွယ်. . . ။*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

ရန်ကုန်ရောက်လာကတည်းက ဂိုဒေါင်တန်းလျားတွင် နေထိုင်ရသော မိုးဟိန်းနှင့် စောထူးတို့ဘဝကို ခွေးခွေးတို့အဖူးရော၊ မိုးဟိန်းတို့အဖူးရောက မကျေနပ်ကြ။

ဦးမြင့်စံတို့နှင့်တကွ ဒေါ်ကြူစံတို့မိဘတွေ လက်ထပ် ကတည်းက ဒုတိယကမ္ဘာစစ် စစ်ပြေးဘဝ အဖူးတို့ ဘယ်လိုထားခဲ့သလဲ၊ ထို့နောက် ဒိုက်ဦးမှ ပဲခူးတစ်လျှောက် ဆန်စပါးအထွက်များသဖြင့် ဓနဗလဆန်စက်လိုခန့်ထည်သောဆန်စက်များ တည်နိုင်သည်အထိ အဖူးတို့ ကူညီခဲ့ကြသည်။

ဦးမြင့်စံတို့ညီအစ်ကိုတစ်တွေ သားစဉ်မြေးဆက်အထိခေတ်ပညာတတ်တွေ၊ အရာရှိကြီးငယ်တွေဖြစ်လာခဲ့ကြတာကို အဖူးတို့ ဝမ်းသာလို့မဆုံး။ သူတို့အသိုက်အဝန်းသည်ဂုဏ်လည်းရှိသည်။ ငွေလည်းရှိသည်။ ထိပ်တန်းပညာလည်း တတ်မြောက်ကြသည်။ ဘာလိုသေးလဲ။

သူတို့အိမ်မှ ပြောင်လက်နေသော ကြမ်းပြင်များ၊ ပါရှန်မွေးပွ ကော်ဇောများအပေါ်တွင် မနင်းရဲသည့်အကြောင်းမှစ၍ အရက်

www.burmeseclassic.com

www.burmeseclassic.com



မသောက်တတ်သော အဖူးတို့ကို တိုက်လိုက်သော မက်မန်းဝိုင် နှင့် စပျစ်ဝိုင်များကိုလည်းဒဏ္ဍာရီပမာ ပြောမဆုံးပေ။

ကုက္ကိုင်းရေကူးကန်နှင့် အနောက်တိုင်းယဉ်ကျေးမှုကပွဲများ အကြောင်း၊ အီလက်ထရစ်ဂစ်တာတီးဝိုင်းနှင့် အဆိုတော်များ အကြောင်းကို ထူးတွေဆန်းပြားစရာအဖြစ် ဖောက်သည်ချကြလေသည်။

ဒိန်ချဉ်နှင့် နယ်ပြီး ကင်သော ကြက်ကောင်များကို လည်းကောင်း၊ သံစည်ပြတ်များပေါ် ဝါးညှပ်နှင့်တင်၍ကင်သော ငါးသလောက်ကင်များနှင့် ကြက်ဥပူတင်းမုန့်များကို လည်းကောင်း တတမ်းတတ ရှိလှသည်။

အစကနဦး၌ အမျိုးမတော်သောစောထူးကို ဦးမြင့်စံရုံး၌ အလုပ်သွင်းပေးထားတာကို ကြီးမားသော ကျေးဇူးတရားအဖြစ် သတ်မှတ်ကြသည်။

စောထူးသည် ခြံအလုပ်လည်းလုပ်ရသည်။ ကားလည်း မောင်းရသည်။ တောက်တိုမည်ရ ခိုင်းသရွေ့ကို အကုန်ပြေးလုပ်ရသည်။ စောထူးလိမ္မာစေရန်အတွက်ဟု အဖူးတို့ယူဆကြသည်။ အဖူးတို့ကား ဤမျှရိုးသားကြသည်။

သားချင်းမကင်းသော မိုးဟိန်းပင် ဦးမြင့်စံ လိုတာမှန်သမျှ ကွက်လပ်ဖြည့်ရသည်။ ၁၀ တန်းကို (ခ)အဆင့်နှင့် နှစ်ခါအောင်ပြီးကတည်းကပန်းချီကျောင်းတက်နေသော မိုးဟိန်းလည်း မအားရ။ ဘဏ်သို့မကြာခဏသွားပေးရသည်။ ဦးမြင့်စံအိမ်သို့ သယ်လာသော ရုံးအလုပ်များကို ဝိုင်းကူလုပ်ပေးရသည်။ အိမ်သုံးစာရင်းလည်း တွက်ပေးရသည်။ ဆေးဆိုင်တွေမှာ ဆေးရှာ ပေးရသည်။ လျှပ်စစ်မီးများ ပြင်ပေးရပြီး စန္ဒရားပျက်လျှင်လည်း ပြင်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ထမင်းစားကျွန်ခံ သက်သက်ပါဟု မိုးဟိန်းက သူ့ကိုယ်သူ ကင်ပွန်းတပ်သည်။

နွေးနွေးလည်း အပေါ်ထပ်မှာ ဘုံကျွန်လေးပါပဲ ပြောလျှင် နွေးနွေးက မခံချင်တတ်။ စကတည်းက နွေးနွေးအတွက် ဘဝင်မကျ။ ငါနဲ့စောထူးလို နင့်အပေါ်ဘယ်သူက ရိုးဖြောင့်နိုင်မှာလဲဟု သတိပေးချင်စိတ်တွေက ရင်ထဲတွင်ပြည့်သိပ်နေသည်။

"နွေးနွေးကို မြှောက်မပေးပါနဲ့၊ ကိုမိုးဟိန်းကို သတိပေးထားရဦးမယ်၊ နွေးနွေးလဲ တို့ညီမပဲ"

တင်လတ်စံက ပြောင်ဖွင့်ပြောလာသည်။

"မြှောက်ပေးစရာ မလိုပါဘူး"

မိုးဟိန်းက ထုံးစံအတိုင်း သူ့နှုတ်ခမ်းကိုတင်းလျက် တုံးတုံးတိတိ ပြောလိုက်သည်။

"နွေးနွေး စိတ်မချမ်းသာအောင် ဟိုပြောဒီပြော ပြောနေတာပဲ"

"အမှန်တရားကိုတော့ ပြောရမှာပဲ"

"ဘယ်လိုအမှန်တရားလဲ"

"လူလူချင်း တင်စီးခံရတဲ့အကြောင်းပေါ့"

"ဘယ်လို တင်စီးခံရတဲ့တာလဲ"

"ပြောရင် သမိုင်းကြောင်းက နည်းနည်းရှည်မယ်၊ ရုတ်တရက်နားလည်ဖို့လဲ ခက်လိမ့်မယ်၊ တို့က စကားလဲသိပ်များများ မပြောချင်ဘူး၊ အထူးသဖြင့်အကြောင်းမထူးရင်ပေါ့"

"ကြီးကျယ်လိုက်တာဟယ်၊ လူကဖြင့်. . ."

"လူကဖြင့် ဘာဖြစ်သလဲ"

"မပြောချင်ပါဘူး၊ လေကုန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ. . . ပြောစမ်းပါ"

မိုးဟိန်းက အော်လိုက်လေသည်။ တင်လတ်စံက တစ်စုံတစ်ခုခုကို ဆက်ပြောလျှင် တစ်ခုခုကို ရိုက်ခွဲပစ်မိမည်ထင်သည်။ 'ရှူး. . . တိုးတိုး'ဟု အန်တီကြူသည် ဧည့်သည်များကို စကားပြောနေရာမှ ဟန့်တားလိုက်သည်။ တင်လတ်စံသည် မျက်စောင်းတစ်ချက်ဝေ့လျက် ထွက်ခွာသွားလေသည်။

အရက်များ လိုက်ငှဲ့ပေးနေသော စောထူး၏လက်သည် ရုတ်တရက် တန့်သွားလေသည်။ စီးကရက်တည်ခင်းရန် လင်ပန်းကိုင်ထားသော မိုးဟိန်းလက်များက ဒေါသနှင့် တုန်နေသည်။ ယခုတလော သူ့ရင်ထဲတွင် မကျေမနပ်ဖြစ်စရာတွေ ပြည့်လျှံနေသည်။ အုံကြွပွင့်ထွက်တော့မည် ထင်ရမတတ်ပင်။

ပလာတာစိတ်ငယ်များကို ကြက်သားဟင်းပန်းကန်ထဲ နှစ်လိုက်သော တောက်ပသစ်လွင်သည့် ငွေခက်ရင်းများ၏ လှုပ်ရှားဟန်ကို အမှတ်မထင် ငေးကြည့်နေမိသည်။

စန္ဒရားခုံပေါ် ကန္တဲ့ကလျလေး လက်ထောက်၍ သီချင်းဆိုနေသော နွေးနွေးကို လုံးဝလှည့်မကြည့်တော့။ ကောင်းမော်စံ၏ စန္ဒရားလက်သံမှာ အကွက်ကျဲပေမင့် မထောင့်မယွင်း ညင်ညင်သာသာတီးခတ်သွားလေသည်။ နွေးနွေးအသံကတော့ နည်းနည်းတုန်ခါကာ အသံမြင့်ပိုင်းတွင် ကြောင်ချင်သည်။ စိတ်မပါသော လက်ခုပ်သံများကို ကြားနေရမြဲပင်။

မှောင်ရိပ်တစ်ဖက်စွန်းတွင် မိန်းမငယ်တစ်ဦး၏ ခပ်အုပ်အုပ်ရယ်သံကြားရသည်။

"တင်လတ်စံနဲ့ ဒေါက်ကလပ်"

စောထူးက တီးတိုးသတင်းပေးလာသည်။ ခက်ရင်းနှင့် ထိုး

www.burmeseclassic.com

www.burmeseclassic.com



ထားသော ပလာတာစိတ်များကို ဒေါက်ကလပ်ဆိုသူ အနောက်တိုင်းသား လူဖြူကြီးက တင်လတ်စံအား ခွဲ့ကျွေးနေသည်။ မဆလာနံ့နှင့် မွှန်နေသော ကြက်သားကြောင့် ဒေါက်ဂလပ်၏ မျက်နှာမှာ သားတစ်ပမာ ရဲရဲတွတ် နီမြန်းနေသည်။

စောထူးသည် ခေါင်းကို ခါယမ်းနေသည်။

“တင်လတ်နှယ်နော် ဘာလို့များ ဒီဒေါက်ဖိနပ်ဆိုတာကြီးကို ကြိုက်ရပါလိမ့်၊ သူ့ရင်ဘတ်က လည်ဆံမွေးတွေ၊ အဲလေ ရင်ဘတ်မွေးတွေနဲ့ ကြောက်စရာကြီး”

သူ့ဘာသာသူ သဘောကျသလို ရယ်မောနေသည်။ ‘ဒေါက်ကလပ်’ကို ‘ဒေါက်ဖိနပ်’ ခေါ်ရတဲ့ အသုံးအနှုန်းအတွက်လည်း သူ့ဘာသာသူ ကျေနပ်နေမိသည်။

“စောထူးက နာမည်ပေးတော့ တကယ်တော်တယ်”

နွေးနွေးကပင် ဩဘာပေးနေသေးသည်။ တင်လတ်စံ၏ သူငယ်ချင်းစုမြတ်နန္ဒာကိုတော့ ‘စုတ်ပြတ်နံဒယ်’တဲ့။ ကောင်မလေးကလည်း သူ့ဆံပင်များကို အမွေးပွခွေးလေးလို အမြဲရှုပ်ထွေးကာ ဖြန့်ချ ထားတတ်သည်။ ဒါတောင်သူတို့က ဆေးကျောင်း သူတွေပဲ၊ ဆရာဝန်ဖြစ်လာတဲ့ အခါတွင် လူနာတို့အတွက် ဖော်စပ်တဲ့ ဆေးရည်ထဲ ဆံပင်ချည်မျှင် မပါတန်ကောင်းပါဘူး။

“စောထူး ဘယ်မှ လျှောက်မသွားနဲ့နော်၊ ဒေါက်ဂလပ်ကို ပို့ရမယ်”

တင်လတ်စံက လေသံခပ်တင်းတင်းနှင့် အမိန့်ပေးသလို ပြောလိုက်လေသည်။ နည်းနည်းတော့ မခံချင်။ ငါဘယ်မှ သွားမယ်လည်း စိတ်မကူးမိပါဘူး၊ ပြီးတော့ ဒီလိုအချိန်မျိုးမှာ ဘယ်သူကရော အပြင်ထွက်ဖူးလို့လဲ၊ စေသည့် ကျွန် ထွန်သည့်နွားပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ မတင်လတ် ပို့ပါ့မယ်"

ကျိုးနွံစွာနှုတ်မှပြောပြီး 'စိတ်ချပါထိပ်ထားရဲ့၊ ဒေါက်ဖိနပ်ကို ကြံတောအရောက် ပို့ပေးပါမယ့်၊ ခင်ဗျားလဲ လိုက်ချင်လိုက်ဦး' ဟု ရယ်စရာပြက်လုံးတစ်ခုကို ဝမ်းထဲရှာဖွေမိရင်း ရယ်ချင်မိလေသည်။

ကောင်မလေးက လှတော့လှသား၊ ပြဒါးပါသော ဖယောင်းကရင် လူးထားသော တင်လတ်စံ၏ မျက်နှာပြင် အသားအရေသည် နဂိုထက် ချောမွတ်နေသည်။ လိမ္မော်ရောင် ဂျပန်ပိုးကို လက်မောင်းရင်းပွပွ လက်ကောက်ဝတ်တွင် စည်းလျက် ရင်စေ့ဘလောက်စ်အင်္ကျီကို ခါးတွင်ပတ်၍ စည်းနှောင်ကာ ရင်တွင်ပွပွချုပ်ထားသည်။ တက်ထရွန်ပြောင်အဖြူဆွတ်ဆွတ်တွင် လိမ္မော်ရောင် ပိုးချည်နှင့် ဖူးတံသေးသေး ထိုးထားသော ထဘီသည် နွဲ့လျသော ကိုယ်လုံးတွင် တင်းရင်းစွာရှိနေသည်။

လိမ္မော်ရောင် ဆိုးဆေးနှင့် လက်သည်းရှည် ခြေသည်းရှည်တို့သည် တောက်ပြောင်ကာ တန်ဆာဆင်အလှကို ဒီလောက၌ ဖန်ဆင်းနေသည်။ မိန်းကလေး တစ်ယောက်တည်းပါသဖြင့် တင်လတ်စံကိုလည်း တစ်အိမ်လုံးက အလိုလိုက်ထားပြန်သည်။

"ကားအဆင့်သင့်ဖြစ်ပြီလား စောထူး"

"ဟုတ်ကဲ့"

ဒေါက်ကလပ်ကို ပြည်လမ်းခြောက်မိုင်ကို ပို့ရမယ်"

"ဟုတ်ကဲ့"

"ပြီးတော့ ဇေယျကျော်စွာနဲ့ စုမြတ်နန္ဒာတို့မောင်နှမကိုလဲ ဝင်ဒါမီယာ ပို့ပေးလိုက်၊ ညဘက် တစ်ယောက်တည်း ဖြစ်နေရင်လဲ ကိုမိုးဟိန်းဖြစ်ဖြစ် ဇော်ဇော်ဖြစ်ဖြစ် အို့ . . . ကိုမိုးဟိန်း မခေါ်ပါ

www.burmeseclassic.com

www.burmeseclassic.com



နဲ့လေ၊ သူက စိတ်မထင်ရင် ဂျစ်တစ်တစ်ရယ်၊ ဖော်ဖော့်ပဲ ခေါ်သွား၊ ဟုတ်လား၊ စောထူး ခေါင်းချည်းညိတ်မနေနဲ့ ပြောတာလဲ သေသေချာချာနားစိုက်ဦး"

တင်လတ်စံသည် ဟန်ပန်လေသံနှင့် ပြောလိုက်လေသည်။ သူသည် လျှာကိုဘယ်လိုအနေအထားနှင့် ပြောလိုက်သည် မသိ၊ နားထောင်ရတာတော့ တစ်မျိုးပါပဲ။ နွဲ့နွဲ့ စကားပြောပုံနှင့်လည်း မတူ၊ အဖိုးတို့ အမိုးတို့ပြောပုံနှင့်လည်း လုံးဝမတူ၊ မိုးဟိန်းကတော့ 'မြို့ကြီးသံ' ဟု ဝေဖန်နေသည်။ မိုးဟိန်းက စိတ်တွေဖောက်လာလျှင်တော့ 'မယားငယ်သံ' ဟု ပတ်စက်စွာ ပုတ်ခတ်ပြောဆိုသေးသည်။ ရယ်တော့လည်း ရယ်ရသည်။ စောထူးကတော့ စိတ်ညစ်လျှင် အလကားနေရင်း ရယ်စရာများကိုသာ ရှာကြံတွေးမိလေသည်။

ကောင်မလေးက လှသလောက် 'ထ'လည်း တော်တော်ထသည်။ သူ့အမေ မမြင်လျှင် စီးကရက်ခိုးသောက်သည်။ သူ့ထက်ငယ်သော ဖော်ဖော့်သူငယ်ချင်းများနှင့် အရောတဝင်နေတတ်သည်။ အတွင်းခံ မပါဘဲ အပေါ်ဝတ် တစ်ထပ်တည်းနှင့် လူထဲ သူထဲ လျှောက်သွားနေတတ်သည်။ တလောက စုမြတ်နန္ဒာ သူနှင့် အတွင်းခံမဝတ်ဘဲ ဆွယ်တာတစ်ထပ်တည်း ဝင်ဒါမီယာလမ်းခေါင်ခေါင်မှာလမ်းအလျှောက် ကောင်းသဖြင့် လမ်းသရဲတစ်အုပ်ကြီး အဆွဲခံရမလို ဖြစ်သေးသည်။ ကံကောင်းထောက်မ၍ ဦးမြင့်စံကားနှင့် တွေ့ပေလို့ပေါ့။

တင်လတ်စံတို့အိမ်မှာ စုမြတ်နန္ဒာတစ်ယောက်ကလည်း ရေချိုးလျှင် ဘယ်တော့မှတံခါးဂလန့်မထိုး။ စောထူးပင် အကြောင်းမသိ၍ အရေးတကြီး တံခါးတွန်းဝင်မိသဖြင့် ရုတ်တရက် ကြက်

www.burmeseclassic.com

www.burmeseclassic.com



သီး ဖြန်းခနဲထပြီး အံ့ဩလန့်ဖျပ်လျက် နဖူးတွင် ချွေးပေါက်သီး လာရင်း အားတောင့်အားနာနှင့် ထိတ်ထိတ်ပျာပျာ. . .

"ကန်တော့ဗျ. . . မတော်လို့"

ကောက်ညှင်းက မစေးရဘဲ ရှက်သလိုလို ဖြစ်မိသေးသည်။

စုမြတ်နန္ဒာက အပြုံးမပျက် စိတ်မဆိုးလို့ တော်ပါသေးသည်။ စိတ်ဆိုးလည်း မတတ်နိုင်ပါ။ ဂျပန်ရုပ်ရှင်ကားထဲမှ ရေအောက် ထဲ ရေကူးနေသော ဂျပန်ရေငုတ်သမ ပိန်ပိန်လေးလောက်တောင်မှ ကြည့်မကောင်းပါဘူး။ ပိုးစိုးပက်စက်ပြောတတ်သော ဇော်ဇော် ကတော့ "နံရံကို လောက်စာလုံး တပ်တာထက်တော့ သာပါတယ်" သက်သက်ညှာညှာပြောတာကို သတိရမိသေးသည်။

မိုးဟိန်းအိပ်ခန်းထဲသို့ရုံဖန်ရံခါ ဝင်လာတတ်သောစုမြတ်နန္ဒာ အတွက် မိုးဟိန်းသည် မကြာခဏ စိတ်ညစ်ရသည်။ သူဆွဲပြီးစနှင့် ဆွဲလက်စ ပန်းချီကားများကို အမောတကောဖွက်ရသည်။ သူ ကြိုက်သော ပန်းချီကားတွေ့လျှင် မိုးဟိန်းအိပ်ရာပေါ် ငွေ ၂၀၀ မျိုး ၃၀၀ မျိုး တင်သွားကာ ပန်းချီကားကို ယူသွားတတ်သည်။ 'ပန်းလေ့' ဆိုတဲ့ ပန်းချီကားတုန်းက အတော်ပြန်တောင်းယူရ သည်။

"ကိုဟိန်းက စုကို မခင်ဘူးလား"

မေးတတ်သည်။

"စု ပုံတူဘယ်တော့ဆွဲပေးမှာလဲ" ဟု မကြာခဏ နားပူတတ် သည်။

"ဆွဲချင်တဲ့စိတ်ဖြစ်လာမှ ပန်းချီဆွဲလို့ဖြစ်တာ"

"စုပုံကိုဆွဲချင်တဲ့စိတ် မရှိဘူးလား"

မေးလျှင်တော့ အဖြေရကျပ်ကျပ်နှင့် ပြုံးနေမိသည်။ သနား

www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်ပြီး ခေါင်းကိုမခါယမ်းမိအောင် သတိထားလိုက်ရသည်။ စုမြတ်နန္ဒာ၏ ရုပ်ပုံကို ဘယ်လိုမှ ကူးဆွဲချင်စိတ်မပေါ်တာ အမှန်ပင်။ ဖြူဖြူသွယ်သွယ်နှင့် လှလှလေးပါပဲ။ မျက်လုံးမျက်ဖန် လှသလောက် နှာတံလည်း လွင်သားပဲ။ ဒါပေမယ့် စုမြတ်နန္ဒာ၏ မျက်နှာတွင် ဘာအဓိပ္ပာယ်မှ ဖော်လို့မရ။ ဘဝအပေါ်၊ အနုပညာအပေါ်၊ အကြောင်းအရာအပေါ် လေးလေးနက်နက်မထားတတ်သော မျက်နှာပြင်မှ အာရုံဖမ်းခက်လှသည်။ စိတ်ပျံ့လွင့်သည်။ တည်ငြိမ်မှုကို ရှာဖွေမရသည့်အတွက် သိမ်မွေ့နူးညံ့သော အရိပ်အယောင်များ ပျက်ပြယ်သွားသည်။

ရန်ကုန် ဂိုဒေါင်တန်းလျားတွင် အငတ်ခံ၊ အပင်ပန်းခံ၊ အနှိမ်ခံ၊ အငြူစူခံပြီး ပညာလာရှာဖွေရာတွင် စုမြတ်နန္ဒာပုံတူရေးဆွဲဖို့ မဟုတ်သည်ကို ပြောင်ပြောင်တင်းတင်းပြောဆိုလျက် အားနာပြီး အသာငြိမ်နေလိုက်ရသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ကံကြမ္မာလို့ ဆိုရမည်လား၊ လူမတန် ကံချရမည်လား။ ကံယုံ၍ ဆူးပုံနင်းခဲ့ရသူ အပြစ်လား။

ကျိန်စာသင့်ခဲ့သည်ဟုဆိုလျှင် မိုးဟိန်းက ထိုကျိန်စာကို ဓားနှင့် နုပ်နုပ်စဉ်း၍ ထောင်းထောင်းညက်ကြေ ချေပစ်လိုက်မည်ဟု ကြုံးဝါးမိသည်။

မိုးဟိန်း၏ ဓားချက်ဖြင့် ပျဉ်းမ၊ ခရမ်းပွင့်ချပ်တို့သည် ကြေမွကာ လွင့်စဉ်ကုန်သည်။

နွေးနွေးသည် ဆေးရုံကပြန်လာကတည်းက ထဘီနီပင်မချွတ်ရသေး။ မျက်လုံးအိမ်တွင် မျက်ရည်စတွေဝေနေသည်။ ဆံထုံးထက်မှ အဖြူရောင် ခေါင်းဆောင်းကို ချွတ်လိုက်ပြီး ဆံထုံးကို ဖြေကာ ဆံပင်တွင် အပူသည်မလို ဖားလျားချလိုက်လေသည်။

"ဒီကိစ္စက တို့ဖြေရှင်းရမယ့်ကိစ္စပါ မိုးဟိန်းရယ်"

မိုးဟိန်း ဓားဝင့်သော လက်ကို လိုက်ဆွဲလည်း မိုးဟိန်းက လက်မခံ၊ ဓားကို ကြောက်မက်ဖွယ်ရာကောင်းအောင် ဝှေ့ယမ်းနေသည်။ မိုးဟိန်း၏ ဓားချက်နှင့် သရက်ပင် အကိုင်းအခက်ရော၊ အသီးစိမ်းတွေရော အခိုင်လိုက် ကျိုးပြတ်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုး . . . သရက်သီးတွေ ကုန်ပါပြီ"

အပေါ်ထပ်မှ စူးစူးဝါးဝါးအော်သံကြားလိုက်ရသည်။ နွေးနွေးသည် . . .

"မိုးဟိန်း"

"မိုးဟိန်း . . ၊ တို့ပြောတာ နားမထောင်တော့ဘူးလား"

ငိုသံပါနှင့် အော်လိုက်သည်။ စောထူးသည် မြေပေါက်ရာမှ ပြေးလာကာ မိုးဟိန်း၏ လက်ကိုဖမ်းဆုပ်လျက် ဓားကိုအတင်း လုယူလိုက်သည်။

"နင်ရူးနေသလား . . . ဖယ်စမ်း"

စောထူးသည် ကွမ်းတံတွေးကို ပက်ခနဲထွေးလိုက်လေသည်။ မိုးဟိန်းသည် စောထူးနှင့်နွေးနွေးမျက်နှာကိုစေ့စေ့ကြည့်ကာ . . .

"ငါ ဒေါသနဲ့ ရူးနေတယ် စောထူး၊ လူသတ်ရမှ ငါကျေနပ်မယ်၊ ငါဒီနေ့တော့ အလောင်းတွေထပ်နေအောင် သတ်ပစ်ချင်တယ်"

"တို့ကိုသတ်ပါ မိုးဟိန်း"

နွေးနွေးကပြောလိုက်လျှင်တော့ မိုးဟိန်းသည် နွေးနွေး၏ပခုံးကို လက်နှစ်ဖက်နှင့် တင်းကျပ်စွာ ဆုပ်ကိုင်ပြီး ကိုင်လှုပ်ကာ . . .

"ငါသတ်ချင်တာက နင့်ကိုမဟုတ်ဘူး၊ ဘယ်သူ့ကို သတ်ချင်တယ်ဆိုတာ နင်မသိဘူးလား"

မိုးဟိန်းက အော်ဟစ်လျက် မေးလိုက်သည်။ နွေးနွေးသည် တုန်ယင်သောလက်နှင့် မိုးဟိန်းလက်မောင်းအိုးကို တအားဆုပ်ကိုင်ရင်း . . .

"နင်က ဒီလိုဖြစ်နေတော့ ငါဘယ်လိုနေရမလဲ၊ ငါဘာပြောရမလဲ၊ ငါမိုက်တာ ငါသိပါတယ်၊ ငါမိုက်တာ ငါသိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ငိုလေသည်။ စောထူးသည် ဖျော့တော့နေသော နွေးနွေး၏ မျက်နှာလေးအားစိုက်ကြည့်ရင်း . .

"နွေးနွေး . . ထိုင်လိုက် . . ထိုင်လိုက်၊ အေးအေးဆေးဆေးစကားပြောတာပေါ့"

ကြင်နာစွာ ပြောလိုက်သည်။ မိုးဟိန်းသည် ပျဉ်းမပင်စည်ကို ခါးနှင့် လှမ်းထောက်ကာ . .

"တကယ်တော့နင်ဟာ တို့နှမလေးပါ၊ ငါနဲ့ ဖိုးစောထူးဟာ နင့်ကို နှမလေးတစ်ယောက်လို စောင့်ရှောက်ခဲ့တာပဲ"

ပြောရင်း မိုးဟိန်း၏အသံသည်လည်းတုန်နေသည်။နွေးနွေးသည် မြေပေါ်ဒူးထောက်ထိုင်ချကာ . .

"အစက သူနဲ့ယူတော့မလို သေချာတာနဲ့"

"တို့နားလည်ပါတယ်ဟာ၊ ပြောမနေပါနဲ့၊ ခုမှတော့ အပြစ်တင်လို့ ထူးတော့မှာမဟုတ်ပါဘူး"

စောထူးကား စိတ်မချမ်းမသာနှင့် ပြောရင်း ရင်ထဲတွင် တက်ခေါက်လိုက်သည်။ မိုးဟိန်းဒေါသဖြစ်မှာစိုးလို့သာ ငါလဲ ကောင်းမော်စံဆိုတဲ့ကောင်ရဲ့ လည်ပင်းကို ခါးနဲ့လှီးပစ်လိုက်ချင်တယ်၊ သူများသားသမီးကို ဟင်းရွက်ကန်စွန်းလို နှမချင်းမစာမနာ . . ။

နွေးနွေးသည် မျက်နှာထားကိုပြန်ပြင်သည်။မျက်ရည်များကို ပြန်ထိန်းရင်း ခေါင်းကို နည်းနည်းမတ်ကာ . .

"တို့ သတ္တိရှိပါတယ်၊ ဒီကလေးအဖေကို တရားဝင် မယူရပေမယ့် ကလေးကို မွေးရပါတယ်၊ အဖေမရှိတဲ့ ကလေးလို မျက်နှာငယ်မယ်ဆိုရင် ဒီကလေးကို ငါက ပတ်ဝန်းကျင်ကို ရင်ဆိုင်ရဲ

www.burmeseclassic.com

www.burmeseclassic.com



အောင် လေ့ကျင့်ပေးရမယ်၊ ဘာပဲဖြစ်ဖြစ် ဒီကလေးရဲ့ အဖေက ဒေါက်တာကောင်းမော်စံပဲဆိုတာ သိကြမှာပဲ”

မိုးဟိန်းက တက်တစ်ချက် ခေါက်လိုက်ပြီး နွေးနွေးမျက်နှာကို စိမ်းစိမ်းကြည့်ရင်း. . .

“ဘာလဲ. . . ကောင်းမော်က နင့်ကို မယူတော့ဘူးတဲ့လား”

“သူက နိုင်ငံခြားသွားရတော့မှာ၊ ဒါကြောင့် ကလေးကိုတောင် သူက မယူချင်ဘူးတဲ့၊ ကလေးကို ဖျက်. . . ဖျက်. . . ”

“ဩော. . . ”

“အမှန်ကတော့ သူလဲ ဆရာဝန်၊ ငါလဲနှစ်ပဲ၊ ကလေးမရှိအောင် နေကြတာပဲ၊ ရှိလာတော့လဲ ဘယ်တတ်နိုင်တော့မလဲ၊ အမေက သူသဘောကျသလို လွတ်လွတ်လပ်လပ်နေပြီးမှ ဒီကလေးကို ဖျောက်ဖျက်ပစ်ရမယ်ဆိုရင် ဘယ်တရားပါ့မလဲဟယ်၊ အရှက်ရချင်သလောက် ရပါစေပေါ့၊ မိန်းမတစ်ယောက်အဖို့ အဆိုးဆုံး ဘဝဆိုတာ ငါနားလည်ပါတယ် မိုးဟိန်းရယ်၊ ငါ့ဘဝက မကောင်းတော့ဘူးဆိုတာ နင်တို့ထက် ငါသိတာပေါ့”

နွေးနွေးသည် ရှိုက်ကြီးတငင် ငိုလေသည်။ မိုးဟိန်းသည် နွေးနွေးအနီးတွင် ထိုင်ချရင်. . .

“နွေးနွေး. . . နွေးနွေး”

နွေးနွေး၏ လက်ကလေးများကို ဆုပ်ကိုင်လျက်သာ နေမိသည်။ နွေးနွေးက. . .

“မိုးဟိန်းသတိပေးကတည်းက ငါလဲ ငါ့ကြမ္မာကို ငါမြင်နေရပြီ၊ ဒါပေမယ့် ငါနဲ့ သူနဲ့ ဖြစ်နေကြပြီဆိုတော့ ဘာတတ်နိုင်တော့မှာလဲ၊ ဆေးရုံမှာ ဘယ်ဆရာဝန်ကိုမှ အရေးမစိုက်မိပေမယ့် သူ့

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ချစ်မိတယ်၊ ချစ်ရုံမကဘူး ယုံလဲ ယုံမိတယ်၊ ကလေးရပြီဆိုတော့ ယူဖြစ်ပြီလို့ ဝမ်းသာခဲ့မိတယ်”

ဗလုံးဗထွေးရှိုက်သံနှင့် ကလေးငယ်ပမာတတွတ်တွတ် ဆက်ပြောနေသေးသည်။ မိုးဟိန်းသည် နားမထောင်ချင်တော့။ ရင်ထဲနာသည်။ ဒီကိစ္စကိုနွေးနွေးအဖူးအား ဘယ်လို ပြန်ပြောမည်လဲ။ မမှန်းဆနိုင်။ အဖူးတို့ အဖိုးတို့၊ အမိုးတို့ ဘယ်လောက် စိတ်မချမ်းမသာ ဖြစ်လိုက်မလဲ၊ နွေးနွေးအား လော်မာသူဟုလည်း မဆိုရက်ပါဘူး၊ ဇာတ်တူသားစားရက်သော ကောင်းမော်အားသာအမျက်သို့ ရန်လိုမိသည်။

ဖြူစင်သန့်ရှင်းမြဲဖြစ်သော ကလေးမျက်နှာလေးလို နူနယ်သောနွေးနွေးအားကြည့်ပင်မကြည့်ချင်တော့ဘူး။ ပုန်းမကြည်ရှင်မကို ပသသောနေ့ရက်က မြင်ကွင်းကို ‘လယ်နတ်ရှင်မ’ (Goddess of farmland) အမည်နှင့် ရေးဆွဲသော ပန်းချီကားချပ်တွင် ထည့်ဆွဲလျက် နွေးနွေး၏ ရုပ်ပုံလွှာပါ ကခုန်နေသူထဲ အမိအရ ဖမ်းထည့်လိုက်လေသည်။ ဘာကြောင့်မှန်းမသိ၊ နွေးနွေး၏ ခေါင်းထက်တွင် ပန်းနီပန်ပေးလိုက်မိသည်ကို သတိရတိုင်း စိတ်မကောင်း ဖြစ်ရသေးသည်။

အိုင်ချင်းကို အသံနေ အသံထားနှင့် ဆိုတတ်သော ‘အဖူး’ ကိုရုတ်ခြည်း သတိရမိလေသည်။

*မိဘဘိုးဘွား၊ ဆိုစကားကို၊ နားမျှင်မဝင်၊ ထီမထင်ဘဲ၊ ကြို့ပင်ကြီးမြောက်၊ ပိတောက်ပင်တောင်၊ ညောင်ပင်ကြီးရင်း၊ ကောက်စိုက်ကယ်ပြန်၊ ထိန်ကန်တွင်းမှာ၊ လာရင်းမျက်မြင်၊ နေမလှန်းတဲ့ ပန်းလွင်လွင်ကို၊ ရှွင်လိုမြူးလို ကစားလို၍၊* ***ဝါဆိုဦးက ပန်ဖူးတယ်၊*** *အမယ်မင်း ဖြစ်ရ*

www.burmeseclassic.com

www.burmeseclassic.com



လေခြင်း၊ ယင်းမာရယ်ပေါ်၊ တော်သလင်းနှင့် မိုးတွင်းဝါဝင်၊ ဟိုဆောင်းဦးသို့၊ မကူးခင်က၊ အရင်လူနှင့် ကွဲရတယ်ရှင်။ အပျိုစင်ငယ်က ကျွမ်းပါတဲ့၊ လွမ်းတုံ့တင်လေး။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

***လူသားတွေရဲ့သမိုင်းစဉ်တစ်ရပ်လုံးဟာ ခြယ်လှယ်ခံရသူနဲ့ ခြယ်လှယ်သူတို့ရဲ့ တိုက်ပွဲပဲဖြစ်တယ်. . .***

ဆိုတဲ့ စကားရပ်ကို မိုးဟိန်းက ဆင်ခြင်သုံးသပ်သည်။

လောလောဆယ်ဆယ်အားဖြင့် နွေးနွေးတို့ အလူးအလှိမ့်ခံရမည်ကို သိလျက်နှင့် တရားစွဲရန် ရုံးတော်သို့လျှောက်စေသည်။ အမှုက နှစ်မှု၊ ကလေးဖျက်ရန် ကြံစည်သည့်အမှုနှင့် သားမယားစရိတ်တောင်းရန် အမှုတို့ပင်တည်း။

သို့သော် နွေးနွေးတို့ မိုးဟိန်းတို့နှင့်ပတ်သက်သော အတိတ်ရုပ်ပုံလွှာသည် မှုန်ဝါးရုံမက အကျည်းလည်းတန်လေသည်။ ရေများတော့ မီးနိုင်သည်။ ငွေများတော့အမှုနိုင်သည်။ သည်လောကကားနွေးနွေးတို့လောက မဟုတ်သည်ကိုသိခဲ့ရသည်။ ယခု ခုနစ်နှစ်တာ ကြာသောကာလ၌. . .

"ခုလိုဆိုတော့လဲ သဘောတစ်မျိုးဖြစ်မှာပေါ့မိုးဟိန်းရယ်"

အဖိုးက သူ့ပေါင်ပေါ် သိပ်ထားသော ငဝါအားယပ်ပေးရင်း ပြောလိုက်လေသည်။ နွေးနွေးသည် စက်ချုပ်ရင်း နှုတ်ဆိတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုလိုဆိုရင် နွေးနွေးရဲ့အမှုက နိုင်ချင်နိုင်မှာ၊ တလောကပဲ ကျွန်တော်မြို့နယ်မှာ ဆရာဝန်တစ်ယောက် သုံးနှစ် ထောင်ဒဏ် ကျသွားတယ်"

မိုးဟိန်းက သက်ပြင်းတရှိုက်နှင့် ပြောလိုက်သည်။

"အို. . . တရားတဘောင်နဲ့ အနိုင်ယူရတာ မကောင်းပါဘူး"

နွေးနွေးသည် ခြင်ထောင်အပေါက်များကို ဂရုစိုက်ဖာထေးနေရာမှ ပြောလိုက်လေသည်။

"ဒါပေမယ့် မတရားတာတော့ ခေါင်းငုံ့ခံနေလို့မရဘူး၊ နွေးနွေး၊ မတရားမှုတွေကို တစ်နည်းနည်းနဲ့ ဟန့်တားပစ်ရမှာပဲ၊ နို့မဟုတ်ရင် ဒါကိုပဲ အခွင့်ကောင်းယူပြီး အနိုင်ကျင့်ချင်တိုင်း ကျင့်နေကြမှာပေါ့"

မိုးဟိန်းက စိတ်ထဲ မခံချိဖြစ်ပြီး ပြောလိုက်လေသည်။ အဖိုးက မိုးဟိန်းအား လှမ်းယပ်ခတ်ပေးကာ. . .

"စောစောက ဆရာဝန်ဟာ. . ."

"အဲဒါ ကျွန်တော်ပြောမလို့ အဖိုး၊ သူတို့ဖြစ်ပုံကလဲ ခုနွေးနွေးဖြစ်ပုံအတိုင်းပဲ၊ နည်းနည်းသည်းခံနားထောင်နော်၊ နွေးနွေး စိတ်မကောင်းလဲ ဖြစ်မနေနဲ့ဦး၊ ဒါတွေဟာ သိထားမှ"

မိုးဟိန်းက နွေးနွေးဘက်လှည့်ပြောတော့ နွေးနွေးသည် ညှိုးငယ်ပေမယ့် ပြုံးယောင်ယောင်မျက်နှာလေးနှင့် ခေါင်းညိတ်ပြလိုက်လေသည်။

"မိန်းကလေးကလဲ ကျွန်တော်တို့ရပ်ကွက်က နာစ့်လေးပဲ၊ ယူမလိုလိုနဲ့ သေချာပေါက် ဆိုတော့လဲ ငြိစွန်းမိကြတာပေါ့၊ ကောင်မလေးက ရိုးရိုးလေးပါ၊ ပျံတန်တန် အစားထဲကလဲ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ နောက် နိုင်ငံခြားသွားမလိုလိုနဲ့ ကောင်မလေးကို ကလေး ဖျက်ခိုင်းတယ်၊ တကယ်တော့ နိုင်ငံခြားသွားရတာ မဟုတ်ဘူး၊ ကလေး ပျက်သွားပြီးတော့လဲ မယူတော့ဘူး”

ဒုက္ခပါပဲဟယ်”

နွေးနွေးသည် စက်ခုံမှ ထလာပြီး လက်ဖက်ရည်ကြမ်းကို ငှဲ့ သောက်လိုက်သည်။ ထို့နောက် ငုဝါအား ပုဆိုးပိုင်းတစ်ခုကို လှမ်း ခြုံပေးလိုက်လေသည်။ ငုဝါလက်ထဲမှ ဆည်းလည်းပန်းနီနီလေး များကို နွေးနွေးက အသာဆွဲဖယ်ပစ်လိုက်သည်။ မိုးဟိန်းသည် နွေးနွေး၏ လှုပ်ရှားမှုဟူသမျှကို အလွတ်မပေးဘဲ ငေးနေမိပြီး. . .

“ဒီအမှုကို ရုံးတော်က တရားစွဲတာပေါ့၊ ဒီတုန်းက လူမှုဝန် ထမ်းက အမျိုးသမီးအရာရှိက တရားသူကြီး တို့အသိထဲကပါပဲ၊ သူက တရားသူကြီးအဖြစ် တစ်နှစ်နဲ့ရှစ်လ လုပ်သွားတာ မှတ် မှတ်ရရ ဒီဖြစ်ကလဲ နွေးနွေးနဲ့တိုက်ဆိုင်တော့ တို့လဲလေ့လာ မိတာပေါ့၊ ဆရာဝန်ဘက်က တရားရုံးအကျိုးဆောင်ကလဲ အ လျှောက် သိပ်ကောင်းတာ၊ တရားရုံးအကျိုးဆောင် ဆိုတာက တရားခံတို့ တရားလိုတို့ရဲ့ ရှေ့နေကိုပြောတာ၊ သီချင်းတွေ ဥပမာ ဥပစာတွေနဲ့ သိပ်နားထောင်ကောင်းတာပဲ၊ ဥပဒေ ဝန်ထမ်းတွေ ပါတဲ့ တရားရေးအဖွဲ့ကလဲ သိပ်ပွဲကျကြတာ၊ ဒါပေမယ့် နာ့စ်မလေး ဘက်က အမှုနိုင်သွားတယ်၊ ဆရာဝန်လဲ ထင်ရှားတဲ့ ပြစ်မှုက နှစ်မှု ဆိုတော့ ထောင်ကျသွားရော”

“ဒါပေမယ့် ကလေးကတော့ သက်သက်မဲ့ သေသွားရတာပေါ့ နော်”

နွေးနွေးသည် ခပ်လေးလေးပြောမိသည်။ ငုဝါ၏ ပါးပေါ်မှ ဆံ ယဉ်စလေးများကို အသာသပ်ပေးလိုက်သည်။ မိုးဟိန်းကတော့

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်တွင် ကျနေသော ဆည်းလည်းပန်းနီနီများကို အစိတ်စိတ် ခြေမွပစ်လိုက်သည်။

အဖူး၏ လက်သုံးစကားများကိုလည်း ရုတ်ခြည်း အမှတ်ရမိပြန်သည်။

"လောကကြီးမှာလေ. . . အစမကောင်းရင် အနှောင်းမသေချာတတ်ဘူး၊ မှတ်ထားကြ. . ."

လူ့ဘဝကိုက သည်ပုံစံနှင့် ဖန်တီးလာသည်ထင်သည်။ အထူးသဖြင့် ဆင်းရဲရသည့်ဘဝ၊ မျက်နှာငယ်ရသည့်ဘဝ၊ ထို့နောက် ဒါဟာ လူများစုရဲ့ ဘဝ။

"တိပ်ခိုးတွေ ဝေတဲ့အချိန်မှာ လေပွေတိုက်လို့ နှောပင်ကြီးက နှောသီးတွေဟာ တဖြုတ်ဖြုတ်နဲ့ ကြွေပြီးလေထဲ ဝဲတတ်သတဲ့၊ ဥသျှစ်သီးတစ်လုံးကို မြေကြီးမှာ မြှုပ်ပြီး ပြာဖုံးအုပ်ပြီး မီးဖုတ်လိုက်ရင်လဲ ကျန်ဥသျှစ်သီးတွေဟာ မီးနဲ့ ကင်လိုက်သလို အားလုံး ကွဲတတ်ကြသတဲ့၊ နောက်ပြီး စနေဂြိုဟ်စားတဲ့အချိန်မှာ လှေကားဝမှာ ခရေပင်စိုက်မိရင် ဆင်းရဲတတ်သတဲ့"

ဤကား မြန်မာရှေးလူကြီးသူမတို့၏ စကား၊ ဘဝဆိုတာက ပရမ်းပတာ ဖရိုဖရဲနှင့်ဖြစ်ချင်သလိုဖြစ်လာသည်။ မဖြစ်သင့်တာတွေလည်း ဖြစ်လာရသည်။ ဘဝကို ပေးဆပ်ခြင်းဖြင့် အချိန်ကုန်ရသည်။ အခွင့်အရေးသမားများအတွက်တော့ ဘဝဆိုတာ ရယူခြင်း သက်သက် ဖြစ်သည်မှာအမှန်ပင်။

အဖူးတို့ ဘဝကိုပေးဆပ်ပုံကတော့ ကာလရှည်လွန်းလှသည်တကား။

နွေးနွေးကိစ္စကြောင့် အဖူးတစ်ယောက် အဖီးထက်ပင်ပို၍ စိတ်ဆင်းရဲရသည်။ တစ်ခါမှ မျက်ရည်မကျဖူးသော အဖူးသည် မျက်

www.burmeseclassic.com

www.burmeseclassic.com



ရည်တောက်တောက် ကျမိသည်။ မျက်ရည်ကျလျက်ကပင် 'ဟယ်' တစ်ခွန်းသာ ပြောပြီး အဖူးခေါင်းအုံးအောက်ထားအိပ်နေကြ ခားကို ဆွဲလိုက်သည်။

ဂျပန်တော်လှန်းရေးတုန်းက ဂျပန်အသားကို ပြတ်စေခဲ့သော အဖူးခားသည် ယခု မတရားမှုကို ပြုကျင့်ကြသော လူမိုက်သားတို့၏ အသားကို ခုတ်ထစ်မည်ဟုကြုံးဝါးသည်။

သို့ကြောင့် အဖိုးတို့က အဖူးရန်ကုန် သွားမည်စိုးသောကြောင့် အလစ်မပေးရဲ၊ အဖူးကို ချော့မော့ထားကြသည်။ သည်တုန်းက အဖူးသည် အသည်းရောင်ရောဂါနှင့် နေမကောင်းဖြစ်ပြီးခါစ ဖြစ်သည်။ အမောပန်းသိပ်ခံလို့လည်း မရ၊ မျက်ရည် တတွေတွေ ကျလို့သာနေသည်။ စကားလုံးဝမပြောဘဲ အိမ်ဦးခန်း ဘုရားစင်ရှေ့မှာ ထိုင်နေတာ နှစ်လနီးပါးခန့် ကြာသည်။

သည်သတင်းတွေ ပြန်ကြားကတည်းက မိုးဟိန်းသည် ကဒုတ်ရွာကို ခြေဦးမလှည့်ဖြစ်တော့။

နွေးနွေးကတော့ ငယ်ရွယ်နုနယ်သော မိန်းမသားဖြစ်ပေမယ့် သူ့ဘဝအတွက် ရဲဝံ့စွာ အသင့်ပြင်လိုက်သည်။ သူ့အပေါ် ကျရောက်လာသမျှ ကျိန်စာ ဟူသရွေ့ကို အပြုံးမပျက် လက်ဝေခံယူလိုက်သည်။

မိုးဟိန်းကတော့ ခံပြင်းသောစိတ်ဓာတ်နှင့် ရင်ထဲ အမြဲတစေ လှုပ်ရှားကာနေသည်။

လူ့သမိုင်းစဉ်တစ်လျှောက်လုံးတွင် တစ်ခုနှင့်တစ်ခု မတူညီသော ဆန့်ကျင်နေတဲ့ အင်အားစုနှစ်ရပ် ရှိနေကြောင်းကို မျက်ဝါးထင်ထင် မြင်တွေ့နေရပါသည်။ အခွင့်ထူးခံလူတန်းစားနှင့် အခွင့်မဲ့ လူတန်းစား အင်အားစုနှစ်စု၊ သို့ကြောင့် လူသားတွေရဲ့ သမိုင်း

www.burmeseclassic.com

www.burmeseclassic.com



စဉ် တစ်ရပ်လုံးသည် ခြယ်လှယ်ခံရသူနှင့် ခြယ်လှယ်သူတို့၏ တိုက်ပွဲဖြစ်သည်ကို မည်သူငြင်းဆိုနိုင်မည်နည်း။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

"အရှုံးထဲက အရှုံးထပ်ဖြစ်ရတာတော့ တို့မခံချင်ဆုံးပဲ"

သည်တစ်ခါတော့ နွေးနွေးက နာကြည်းစရာစကားများကို တစ်လမ်းလုံး ပြောလာလေသည်။ အတိတ်ဆိုး ဆိုတာကတော့ ဘယ်နည်းနှင့်မှာ အနာဂတ်ရဲ့ လမ်းစမဖြစ်နိုင်၊ ထိုအတိတ်ဆိုးကို ချေဖျက်လိုက်မှ ဘဝဆန်းသစ်လာနိုင်မှာပေါ့။

တရားရုံးက ပြန်လာကတည်းက နွေးနွေးနေမကောင်း၊ ခေါင်းတွေ တရိပ်ရိပ်နှင့် မူးနေသည်။ မဉ္ဇူရေမွှေးနံ့ကို ရှူလည်း ပို၍ပြီး စီစီဖြစ်လာသည်။ အမူအရာတော့ သိပ်မပျက်လှ။ နွေးနွေးကို သတ္တိကောင်းလှသည်ဟု မထင်စဖူး ထင်လာမိသည်။ သွေး အေးအေးနှင့် နေတတ်သည်ကိုပင် ချီးမွမ်းမိသည်။ ဂိုဒေါင်တန်းလျား သို့အထုပ်ကလေးဆွဲလျက် ရောက်လာကတည်းက နွေးနွေးအား ကြင်နာစွာ လက်ကမ်းကြိုဆိုမိသည်။ စောထူးက မျက်ရည်တွေ လည်လာသဖြင့် နွေးနွေးမျက်နှာကို မကြည့်ဘဲ ကပျာကယာ မျက်နှာလွှဲလိုက်သည်။

"နွေးနွေး"

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းသည် တစ်ခုသော ယတိပြတ်ဆုံးဖြတ်ချက်နှင့် နွေးနွေးအား စကားစဆိုရန် လမ်းခင်းလိုက်လေသည်။ နွေးနွေးသည် ထုံနေသလားမသိ။ တည်ငြိမ်သောမျက်နှာနှင့် မိုးဟိန်းအား လှမ်းကြည့်လိုက်သည်။ သေသေချာချာကြည့်မှ နွေးနွေး၏ မျက်လုံးအိမ်နက်နက်ကလေးမှာ ငိုချင်းရှည်တစ်ပုဒ်နှင့် ငိုနေဟန်ကို မြင်တွေ့နေရသည်။ မျက်လုံးအိမ်မှာမသိမသာ စိုစွတ်လျက်နေသော်လည်း နှုတ်ကပြုံးမလိုနှင့် ဟန်ဆောင်အားတင်းထားလေသည်။

မိုးဟိန်းသည် ရင်ထဲ ဖျက်ခနဲခုန်လျက် လက်နှစ်ဖက် ပိုက်ထားကာ နံရံကိုမှီထိုင်လျက်. . .

"ဒီအချိန်မှာမှ ဒီစကားမျိုး ပြောလာရတယ်လို့ ငါ့ကိုတော့ စိတ်မဆိုးပါနဲ့ နွေးနွေးရယ်၊ အမှန်ကတော့ ခုပြောလာရတာကလဲ နင့်အပေါ်ထားတဲ့ စေတနာက ရာခိုင်နှုန်း ၉၀ ပါတယ်ဆိုတာ နင်ယုံ"

"ဘာများလဲဟယ်"

"နင့်ကို ဒီစကားပြောဖို့ ငါစဉ်စားခဲ့တာ ပုန်းမကြည်ရှင်မကို ပူဇော်တဲ့နေ့ကတည်းကပဲ၊ ဒါပေမယ့် နင့်မျက်နှာလေးက ကလေးမျက်နှာလေးမို့ ငယ်သေးတယ်ထင်ပြီး မပြောဖြစ်ခဲ့တာပဲ၊ ဒါဟာ ငါ့အမှားလား နွေးနွေး၊ ပြီးတော့ ဒီတုန်းက နင့်အဖို့ရွာနားမြက်ရွာနွား စားချင်မှ စားမှာပေါ့၊ ရွာနားဘုရား ရွာသားမကြည်ညို ဆိုတာလိုပေါ့၊ ငါပြောတဲ့ စကားတွေကို နင်လေးစားချင်မှ လေးစားမယ်၊ နားဝင်ချင်မှလဲ ဝင်မယ်၊ ခုတော့ လေးလေးနက်နက် နားထောင်ပြီး စဉ်းစားပါလို့ ငါတောင်းပန်ချင်တယ်"

"မိုးဟိန်းကလဲ. . . နင်ကတို့သူငယ်ချင်းပဲ၊ ပြီးတော့ တို့. . . Comrade (ရဲဘော်ရဲဘက်)လဲ ဖြစ်တယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်း၏ လက်မောင်းအိုးကို လှမ်းကိုင်လိုက်သည်။ မိုးဟိန်းသည် နွေးနွေး၏ မျက်နှာလေးကို စိမ်းစိမ်းစားစား စိုက်ကြည့်နေရာမှ နွေးနွေးထံမှမျက်နှာလွှဲကာရှေ့ရှေ့တည့်တည့်မှ လယ်နတ်ရှင်မပန်းချီထဲမှ က,နေသော နွေးနွေး၏ ရုပ်ပုံလွှာကို လှမ်းငေးစိုက်ရင်း. . .

"ငါက နင့်ကို ချစ်နေတာ၊ ခု လက်ထပ်မယ်လို့ပြောမယ်ဆိုရင် နင့်အနေနဲ့ ငါ့ကိုနောက်ကျသွားပြီ အပြစ်တင်ချင်လဲတင်မှာပေါ့၊ ငါ့အဖို့ကတော့ နောက်မကျဘူးဆိုတာ ပြောချင်တယ်"

နွေးနွေးသည် မိုးဟိန်းလက်ကို ကိုင်ထားသော သူ့လက်ကို ပြန်ရုပ်လိုက်သည်။ မအံ့သြလှသော်လည်း မျှော်လင့်သော စကားများလည်း မဟုတ်သည့်အတွက်တော့ ရုတ်တရက်နှုတ်ဆွံ့နေမိသည်။ အတွေးနှင့် တစ်အောင့်မျှငိုင်နေရာမှ. . .

"နောက်ကျတယ် မကျဘူးရယ်လို့တော့ အပြစ်တင်စရာမရှိပါဘူး မိုးဟိန်းရယ်၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"နင်ပြောတာကို တို့ လက်မခံနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"လက်မခံချင်လို့ပေါ့"

"နင် တို့ကို လက်ထပ်ရင် အားလုံးအဆင်ပြေမှာပဲ၊ နင့်ဘဝလဲ ကောင်းလာမယ်၊ ဘဝသစ်ကို စ,ကြတာပေါ့ နွေးနွေးရယ်"

နွေးနွေးသည် ခေါင်းခါလျက်က မျက်ရည်တွေ လည်လာသည်။

"မဖြစ်ပါဘူး မိုးဟိန်းရယ်"

"ဘာလို့ မဖြစ်ရမှာလဲ"

"သူများ ခေးခုတ်ရာကို လက်မလျှိုချင်ပါနဲ့ဟယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီသဘောလို့ ငါတော့မယူဆဘူး၊ ငါက ထာဝရသစ္စာကို ယုံတယ်၊ နင်တို့ငါတို့ဟာ အဖိနှိပ်ခံလူတန်းစား၊ တို့မှာက ဂုဏ်မရှိဘူး၊ ဥစ္စာမဲ့တယ်၊ ပညာမတတ်ဘူး၊ ဒါပေမယ့် စစ်မှန်တဲ့ မေတ္တာဆိုတာရှိတယ်၊ ကိုယ်ချင်းစာနာမှု၊ ကြင်နာမှုရှိတယ်၊ သူတို့က ဖိနှိပ်သူတွေ၊ ဂုဏ်ရှိတယ်၊ ဥစ္စာရှိတယ်၊ ပညာလဲ ထိပ်တန်းကပဲ၊ ဒါပေမယ့် မေတ္တာတရား ခေါင်းပါးတယ်၊ သစ္စာတရားကို သူတို့ လုံးဝကျော်ခိုင်းထားတယ်၊ အကြင်နာလဲမဲ့တယ်၊ တစ်ကိုယ်ကောင်းလဲဆန်တယ် နွေးနွေး၊ သူတို့ဆီက ဘာအခွင့်အရေးမှ နင် ဒူးထောက်တောင်း၊ ဘယ်တော့မှ မရဘူး"

"နင်ပြောတာ မှန်ပါတယ်၊ နင်အရင်တုန်းက သတိပေးခဲ့တာတွေလဲ တို့ သတိရပါတယ်၊ ဒါပေမယ့်. . ."

မိုးဟိန်းက စကားကို ဖြတ်လျက်. . .

"ခုကိစ္စမှာ ငါ့အကျိုးအတွက် လုံးဝမပါဘူး၊ နင့်အတွက် ငါပြောနေတာ"

"တို့ နားလည်ပါတယ်၊ ဒါပေမယ့် တို့မှာ. . . တို့မှာ. . ."

နွေးနွေး၏စကားများမှာ ထစ်အနေပြီး မျက်နှာမှာ နီမြန်းလျက်. . .

"ကလေးသာ မရှိရင်တော့ နင်ပြောတာ လက်ခံနိုင်စရာ ရှိပါတယ်"

ထူးဆန်းသော စကားတစ်ခုကို ဆိုလိုက်သည်။ မိုးဟိန်းသည် ရုတ်တရက် နားမလည်။

"ငါပြောနေတာက နင့်မှာကလေးရှိလို့. . ."

မိုးဟိန်းက ဘယ်လိုဆက်ပြောရမည်မသိ၊ ပြောရတာ တော်တော်ပဲ ခက်သည်။ ပြောရသည့် အခြေအနေက နည်းနည်းမှ

www.burmeseclassic.com

www.burmeseclassic.com



မကောင်း။ နှမငယ်တစ်ယောက်လို ဖြစ်နေပြန်တော့လည်း အတော်ပင် ကသိကအောင့်ဖြစ်လှသည်။ မျက်နှာလည်းပူလှသည်။ နွေးနွေးကလည်း ကာယကံရှင်ဖြစ်သည်မို့နှုတ်ဆွံ့ကာ အတန်ကြာ ငိုင်နေပြီးမှ. . .

"ကလေးအဖေကတစ်ယောက်၊ နာမည်ခံတာက တစ်ယောက်ဆိုတာမျိုး တို့မဖန်တီးချင်ပါဘူး၊ လူတွေကိုလိမ်ရတဲ့ အလုပ်ကိုငါမလုပ်ချင်ဆုံးဘဲ မိုးဟိန်းရယ်၊ နင်လဲ လိမ်တတ်တဲ့လူမှ မဟုတ်ဘဲ၊ တို့ပြောတာ နားလည်ပါတယ်နော်"

ရေလည်စွာ ပြောလိုက်သည်။ မိုးဟိန်းက တစ်စုံတစ်ခုသော စကားကိုပြောရန်စီစဉ်ပြီးမှ သတိမေ့သွားပြီး. . .

"ဒါပေမယ့်. . ."

"တို့မလိမ်ချင်ပါဘူး. . . တို့မလိမ်ချင်ဘူး. . ."

နွေးနွေးက ထပ်တလဲလဲပြောရင်း မျက်ရည်တွေကျကာ ငိုလိုက်လေသည်။

စောထူးသည် သူတို့အနီးတွင် ငိုင်နေရာမှ ကွမ်းတစ်ရာကိုပါးစပ်ထဲ ထိုးထည့်ပြီး ဖြုန်းဆိုအိမ်ထဲသို့ ထထွက်သွားလေသည်။ မိုးဟိန်းသည် နွေးနွေး၏ပခုံးကိုလှမ်းဖက်ကာ 'နွေးနွေး . . . နွေးနွေး' ဟုသာ ညည်းမိလေသည်။

နွေးနွေးကို နမ်းချင်လျက်နှင့် မနမ်းရက်ဘဲ အသာအယာ ထွေးပိုက်ထားမိသည်။ သည်လိုပါပဲ နွေးနွေးကို နမ်းချင်လျက်နှင့် မနမ်းရက်ခဲ့တာ တစ်ကြိမ်ဖြစ်ဖူးသေးသည်။ အပင်မှာ ကိုယ်တိုင် စိုက်ထားပြုစုထား၍ ဖူးပွင့်လာသော ပန်းကလေးပမာ မခူးရက် မထိရက်ဘဲ နေလာရာမှ အနိုင်ကျင့်တတ်တဲ့သူက ပန်းကိုခူးခြွေ၍ အားရအောင် နမ်းပြီးမှ ခြွေမွနင်းချေလိုက်သလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးသည် ပြုန်းဆိုသတိရပြီး မိုးဟိန်းအား တွန်းဖယ်လိုက်သည်။ မိုးဟိန်း၏ပါးနှစ်ဖက်ကို သူ့လက်ကလေးနှစ်ဖက်နှင့် ကိုင်ကာ ကြင်နာတတ်သောမျက်နှာကိုအားရပါးရစိုက်ကြည့်ရင်း. . .

"သူငယ်ချင်းရယ်. . . တို့ကိုမယူပါနဲ့ သူများအကျကြီးကိုယူရမှာ မရှက်ဘူးလား"

ရှိုက်သံတစ်ဝက်နှင့် မေးလိုက်လေသည်။ ထို့နောက် သူ့လက်ကိုဖယ်လိုက်ကာ ပါးပြင်ပေါ်တွင် လိမ့်ဆင်းလာသော မျက်ရည်တို့ကို သုတ်ပစ်လိုက်လေသည်။ မိုးဟိန်းသည် စိတ်နှလုံးကြေကွဲဖွယ်ရာအဖြစ်ကို ဘယ်လိုချေဖျက်ပစ်ရမည်ကို တွေးမရတိုင်း ခေါင်းအုံကိုက်ခဲကာ မူးဝေနေသည်။ ရင်ထဲတွင် တင်းကျပ် ဆို့ပိတ်နေသည်။

ပြုန်းဆို နွေးနွေးထိုင်ရာမှ ထလိုက်လေသည်။

"တို့တော့ မိုးဟိန်းကို ဘယ်တော့မှမယူဘူး၊ ယူလဲ မယူရက်ဘူး၊ တို့ဆုံးဖြတ်ပြီးသား၊ တို့ကို မချစ်ပါနဲ့"

"မချစ်နဲ့. . . "

ပြောပြောဆိုဆို မိုးဟိန်းအနီးမှ ကပျာကယာဖယ်ထွက်ကာ ဂိုဒေါင်တန်းလျားလေးမှ ပြေးထွက်ခဲ့လေသည်။ ရင်မှ လှိုက်လှဲသော ရှိုက်သံတို့သည် ဝမ်းနည်းကြေကွဲဖွယ်ရာ ဖိတ်စဉ်ပျံ့နှံ့ကာ ကျန်ရစ်ခဲ့လေသည်။

ထိုအချိန်၌ အခြေအနေတို့မှာ မထင်မှတ်ဘဲ တင်းမာလာလေသည်။

တိုက်ကြီး၏ဆင်ဝင်အောက်တွင် ထိုးဆိုက်လိုက်သော ဖီးယက်ကား အဖြူလေးမှ သားနားသော အနောက်တိုင်း ဝတ်စုံနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသော ကောင်းမော်စံအား နွေးနွေးကဘာမပြော ညာမပြောနှင့် အရှိန်ပြင်းစွာ တွန်းပစ်လိုက်လေသည်။

ကောင်းမော်စံမှာလည်း ရုတ်တရက်မို့ ယိုင်သွားကာ မျက်နှာနီလာပြီး ကြောင်အမ်းနေသည်။ ကားထဲ အတူတူပါလာသော တင်လတ်စံနှင့် ဇော်ဇော်တို့ကမူ နွေးနွေးကို ဝိုင်းအုံလာကြသည်။

"နင်က ဘာလူပါးဝတာလဲ"

တင်လတ်စံ၏ နင့်သီးသော စကားကို ကြားရပြီးနောက် နွေးနွေး၏ "ဘယ်မှာ လူပါးဝလို့လဲ" ဟု ပြန်လှန် အော်ဟစ်သံလည်း ကြားရသည်။ ထို့နောက် ဇော်ဇော်နှင့် တင်လတ်စံတို့က နွေးနွေးအား ဝိုင်းရိုက်ကြသည်။

ထိုအခိုက်ဗြုန်းဆို မိုးဟိန်းတစ်ယောက်အပြေးအလွှားရောက်လာကာ ဇော်ဇော်ရော တင်လတ်စံကိုရော တအားဆောင့်တွန်းပစ်လိုက်သည်။ တဒင်္ဂဟန်မျှပင် လျှပ်ပြက်သလို မြန်ဆန်လွန်းလှသည်။ ဘယ်ကဘယ်လိုဖြစ်သည် သတိမရတော့၊ မိုးဟိန်းနှင့် ဇော်ဇော်တို့ လုံးထွေးသတ်ပုတ်နေတာပဲ အမှတ်ရတော့သည်။

စောထူးတစ်ယောက် ဝါးလုံးတစ်ချောင်းကိုင်လျက် အနီးသို့ ပြေးလာသည်ကိုလည်း မှတ်မိသေးသည်။ အားလုံးရှုပ်ယှက်ခတ်သွားသော အခြေအနေသို့ မထင်မှတ်ဘဲ ရောက်လာလေသည်။

များမကြာမီ ရဲကားတစ်စီးရောက်လာကာ ရဲသားများက မိုးဟိန်းနှင့် စောထူးတို့အား ဖမ်းချုပ်လိုက်လေသည်။

ချွေးတွေသံတွေ၊ သွေးစပေသော ဒဏ်ရာတွေနှင့် ညိုမည်းနေသော မိုဟိန်း၏မျက်နှာထားသည် နည်းနည်းမှမလျော့တင်းမာနေမြဲပင်။ စောထူးကလည်း ကွမ်းတံတွေးကို ဟန်မပျက်'ပျစ်ခနဲ' တစ်ချက်ထွေးထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဌာနရောက်တော့မှ ဘယ်သူတရားခံ ဖြစ်သင့်ဖြစ်ထိုက်တယ်ဆိုတာ ကျုပ်ပြောပြမယ်"

မိုးဟိန်းက ပြောမိအောင် ပြောလိုက်သေးသည်။ မတူညီဘဲ ဆန့်ကျင်တဲ့ အင်အားစုနှစ်ရပ်ရဲ့ နောက်ဆုံးတိုက်ပွဲကာလပဲ ဖြစ်ပါစေဟု ရင်ထဲ၌ ဆန္ဒပြုလိုက်သည်။

ထို့နောက် လူလူချင်းတင်စီးမှု၊ သွေးစုပ်ခြယ်လှယ်မှု၊ ဖိနှိပ်မှု၊ လူတန်းစားကွဲပြားမှုနှင့် လူတန်းစားတိုက်ပွဲတွေက လွတ်မြောက်ချင်လျှင် လူ့ဘောင်တစ်ရပ်လုံး လွတ်မြောက်အောင်လုပ်မှသာ ဖြစ်မယ်ဆိုတာကို ဘယ်မှာဖတ်မိပါလိမ့်တွေးပြီး အချုပ်ကားထဲတွင် အတွေးအိမ်ဆောက်လာခဲ့မိသေးသည်။

မိုးဟိန်း၏နားထဲတွင် အိုးစည်ဗုံမောင်းသံများ ဆူညံလာသည်။ ကောက်လှိုင်းကြီးကို အဝတ်ထဘီဝတ်ပေးထားသော ပုန်းမကြည်ရှင်မ၊ သခင်မဆိုရှေ့မှာထား၍တလင်းထဲရှိ စပါးပုံကို ခုနစ်ပတ်လှည့်ပတ်ကြလျက် ကလေးသူငယ်လူရွယ်တို့၏ အတိုင်အဖောက်သံချပ်ထိုးသံတို့သည်လည်း ဝေစည်လာပြန်သည်။

***လှည်းဦးမှာပေါ် . . . သုံးထောင်ကျော်တဲ့ တို့စပါး***

***မထွက်သင့်လား. . . ထွက်သင့်လားဟေ့. . .***

ထို့ပြင်နှစ်စဉ် အဖိုးတို့ ဆုတောင်းမြဲဖြစ်ကြသော

*ပုန်းမကြည်ရှင်မရေ. . . ကျွန်တော်မတို့ရဲ့ လယ်ယာမိုးခေါင်လည်း ရေမရှား၊ မိုးကောင်းလည်း ရေမနစ်၊ လုပ်ကိုင်ရာ အပျက်အစီးမရှိ၊ နှစ်စဉ်ကောက်ပဲသီးနှံဖွံ့ဖြိုးပြီး ချမ်းသာကြွယ်ဝပါစေ၊ စောင့်ရှောက်တော်မူပါ. . .။*

တိုင်တည်သံကို ကြားယောင်နေမိသည်။ မိုးဟိန်း ရင်ထဲ၌ ကား. . .

www.burmeseclassic.com

www.burmeseclassic.com



*အဖူးတို့ အဖီးတို့နဲ့ တောင်သူလယ်သမားအားလုံး လူဆင်းရဲဘဝက လွတ်မြောက်ကြပါစေ၊ လူတိုင်းလူတိုင်း အဖို့ လူနဲ့ခြယ်လှယ်စိုးပိုင်ခွင့် မရှိတဲ့၊ လူတိုင်း လူတိုင်း စားဝတ်နေရေးတို့မှာ ပူပင်ကြောင့်ကြမှုမရှိတဲ့၊ လူတိုင်း လူတိုင်း ဘဝလိုအပ်ချက်တွေ ပြည့်ဖြိုးလျှံတက်တဲ့ ဘဝ သစ်ကို၊ ရက်တိုတိုနဲ့ ရောက်ကြပါစေ၊ အဖူးတို့ လူတန်း စေ့စေ့နဲ့ အထက်တန်းကျကျ မြို့အနေအစားမျိုး နေနိုင် ကြပါစေ. . . ။*

*ဆန္ဒပြုလိုက်ပါရဲ့ နွေးနွေး. . . ။*

ညပေါင်းများစွာ အိပ်မပျော်ခဲ့တဲ့ နွေးနွေးတစ်ယောက် ဒီညအဖို့ အေးအေးချမ်းချမ်း အိပ်နိုင်ပါစေလို့ဆုတောင်းခဲ့ရပါရဲ့။ အိပ်မက် ဆိုးများ မက်ဦးတော့လည်း အကျည်းတန်အိပ်မက်ဆိုးမှ အမြန် ဆုံးနိုးထနိုင်ကာ အိပ်မက်ဆိုးကြောင့်မတုန်လှုပ်သောကိုယ်အဖြစ် တည်လိမ့်မည်ဟု မျှော်လင့်ကြီးစွာ အားထားမိလေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

နံနက် အစောကြီးရှိသေးသော်လည်း ငုဝါ၏ သီချင်းသံနှင့် အတူ နိုးထမိလေသည်။

ပျို့အန်ပြီးစ ပတ္တမြားရောင်နီဝယ် ကုက္ကိုတို့သည် မြစိမ်းရောင် ထွန်းလင်းလာသည်။ နေ၏အစသည် လှပသလောက် အင်အား ပြည့်ဝလျက်ရှိသည့် တစ်ခြမ်းပဲ့လနှင့် ကြယ်ပွင့်တို့သည် တစ်စစ လောကမှ ခွာလေပြီ။ မွှေးထုံသင်းပျံ့သော စံပယ်ရနံ့သည်မိုးဟိန်း နှာဝမှ ဖြတ်သန်းကာ ဘုရားစင်ပေါ်တွင် ပျံ့နှံ့ကြိုင်လှိုင် နေကြ သည်။

မိုးဟိန်းအိပ်ရာ ခေါင်းရင်းမှ ဘုရားစင်ရှေ့တွင် အငွေ့တ ထောင်းထောင်းနှင့် ဆွမ်းပန်းကန်များ ရောက်နှင့်နေလေသည်။ နွေးနွေး ဘယ်အချိန်ကများ ဆွမ်း ထချက်ပါလိမ့်။

*လိပ်ပြာလေးတွေ*
*လိပ်ပြာလေးတွေ*
*လှလိုက်တာ*
*လှလိုက်တာ*
*ပန်းဝတ်ရည်ကို စုပ်ပါ။*

www.burmeseclassic.com

www.burmeseclassic.com



*ပန်းဝတ်ရည်ကို စုပ်ပါ။*

*ချစ်စရာ*

*ချစ်စရာ. . . ။*

ငုဝါ တစ်ရောက်လည်း သူ့တစ်ကိုယ်လုံး ယောဂီရောင် တဘက် ပတ်ရင်း အလုပ်ရှုပ်နေသည်။ နှုတ်မှ သီချင်းညည်း မပျက်။ တဘက်စလေးမှာ ရစ်ပတ်ခြုံရင်း တိုလိုက် ရှည်လိုက်နှင့် ငုဝါ စိတ်ညစ်နေသည်။ 'ဩော်. . .'ဆိုကာ စုတ်တစ်ချက်သပ် လိုက်သည်။ ထို့နောက် လိပ်ပြာလေးတွေ သီချင်းကိုမဆုံးပြီ. . . ။

"ငုဝါ. . . သမီး"

"ရှင်. . . အမိုး"

"ဘုရားကန်တော့လေ၊ သီချင်းဆိုတာ တော်ရောပေါ့"

"တော်သေးပါဘူး"

"တော်ရောပေါ့"

"သီချင်းက ဆိုလို့ကောင်းတယ်"

"ဒီသီချင်းက မကောင်းပါဘူး"

"ဘာဖြစ်လို့. . ."

"ရောင်စုံဘောလုံး သီချင်းကမှ ကောင်းတာ"

"လိပ်ပြာလေးတွေလဲ ကောင်းပါတယ်၊ သမီးကလိပ်ပြာလေး တွေကို ချစ်တယ်"

"မချစ်ပါနဲ့၊ လိပ်ပြာလေးတွေက အကျည်းတန်တယ်၊ ပန်း ဝတ်ရည်ကို စုပ်တယ်၊ သူတို့ကြောင့်ပန်းလေးတွေလဲ ဒုက္ခရောက် ရတယ်၊ ကျွဲကောသီးတို့၊ ရှောက်ချိုသီးတို့လိုအသီးတွေလဲ အရည် ခန်းပြီး ခြောက်ကုန်ရော၊ ဒါကြောင့် အဲဒါတွေကို လိပ်ပြာစုတ်တဲ့ အသီးတွေလို့ ခေါ်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးသည် မီးဖိုထဲမှ ရှင်းပြနေသည်။ ငုဝါသီချင်းသံလေးက ပျောက်သွားပြီး အတွေးနှင့် ငေးငိုင်နေသည်။ သူ့အမိုးနွေးနွေးက သူခံစားချက်နှင့်သူ သီချင်းမဆိုရန် တားသည်။ ငုဝါသည် မသန့်စင်သော အတွေးတွေနှင့် ရှုပ်ထွေးသွားမည်ကို စိုးရိမ်မိသေးသည်။

"ငုဝါ. . ."

"ဟင်. . . ဦးဦး၊ နိုးပြီလား"

"အေး. . ."

"သမီးတို့ လယ်ထဲဆင်းမယ်လို့"

"အစောကြီးပါလား"

"ဒါတောင် နောက်ကျနေပြီတဲ့အမိုး ပြောတယ်၊ ဘုန်းကြီးတွေ ဆွမ်းလောင်းပြီးရင် သွားမှာ"

ငုဝါသည် ထဘီလေးကို ဖိုသီဖတ်သီနှင့် ဝတ်ထားသည်။

"ဒီနေ့ ကျောင်းမသွားဘူးလား"

"ဥပုသ်နေ့လေ ဦးဦးကလဲ"

"သြော်. . . မေ့လို့ မေ့လို့"

ငုဝါက မိုးဟိန်းအပြောကို သဘောကျကာ ချစ်စဖွယ်ရယ်မောနေလေသည်။

"ဦးဦးရော ကောက်စိုက်တတ်လား"

"ဟင့်အင်း"

"ညာတာ၊ အမိုးက ဦးဦးလဲ ငယ်ငယ်က ကောက်စိုက်တယ်တဲ့၊ ဒီကန်ညီနောင်က လယ်တွေကအရင်က ဦးဦးအဖူးလယ်တွေဆို၊ ဦးဦးမှာ ဘကြီးလဲရှိတယ်တဲ့"

ကန်ညီနောင်ပိုင်း မြောက်ဘက်မှ လယ်တွေကို နွေးနွေးတို့

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းတို့ ဘိုးဘွားဘီဘင်တို့ အစဉ်အဆက်လုပ်ခဲ့ကြသည်။ နှစ်ဦးပေါင်း ဧက ၇၀ခန့်ရှိခဲ့သည်။ မြောက်စူးစူးဘက်တွင် ဥဒေါင်းစုကျေးရွာရှိသည်။ ထိုနေရာတစ်ဝိုက်ကား ကျယ်ပြန့်သော လယ်ကွက်များ တစ်မျှော်တစ်ခေါ်ကြီးဖြစ်နေသည်။

အနောက်မှ အရှေ့သို့ ချောင်းမတစ်ခု ဖြတ်စီးဆင်းနေသည်။ ထိုချောင်း၏ တောင်ဘက်တွင် မိုးကောင်းဘုရားရှိပြီး ဘုရားအနီးတွင် ကန်နှစ်ခုရှိသည်။ ဘုရားအနောက်ဘက်မှ ပတ်၍ ချောင်းတစ်ခု ရှိသေးသည်။ ချောင်းများကား ရေစီးသန်လှသည်။ အရင်လိုပဲ လယ်ကွင်းတွေတွင် ရေများပြည့်နေဦးမည်ထင်သည်။

နွေးနွေးတစ်ယောက် မိုးထဲလေထဲ နေထဲ ရာသီဥတု၏ ပြင်းထန်သော ဒဏ်ကို အံတုရင်း လယ်ထဲ ဇာတ်မြှုတ်နေတော့မည်လော။

"လယ်လုပ်တာ ပင်တော့လဲ ပင်ပန်းတာပေါ့ မိုးဟိန်းရယ်၊ ဒါပေမယ့် တို့မှာဘဝအတွက် ပေးစရာငွေလဲ မရှိဘူး၊ ဘဝဒုက္ခတွေကလွတ်မြောက်အောင် ပြေးစရာလဲ မြေမရှိဘူး၊ ပြီးတော့ ငုဝါနဲ့ အဖိုးတို့ အဖွားတို့ကို ဘယ်သူက လုပ်ကျွေးမှာလဲ"

နွေးနွေးက ပူပန်ရှာသည်။ ထို့နောက် သူ့အသားများနေနှင့်လေဒဏ်ခံနိုင်ရန် သနပ်ခါးပပ်ကြားအက်လည်း လိမ်းရသည်။ အဝတ်ထူထူ၊ သင်တိုင်းရှည်ကြီးကိုလည်း တစ်ကိုယ်လုံး ဖုံးအုပ်ဝတ်ထားသည်။ မျက်လုံးနှစ်ပေါက်သာချန်၍ မျက်နှာကိုလည်း ဖုံးထားပြီး လက်တွေကအစ လက်အိတ်ကို ဝတ်သည်။ ကဒုတ်ရွာမှ နွေးနွေးတို့အရွယ်မှစ၍ အရွယ်နုနယ်သော မိန်းမငယ်တို့သည် အသားကို နေမလောင်စေရန် ဤသို့ကာကွယ်ကြသည်။

"မကြင်မေရဲ့ ညီမလေးမခင်သက်လဲ ဒီနှစ် ၁၀ တန်းအောင်

www.burmeseclassic.com

www.burmeseclassic.com



စာရင်းထဲ မပါရင် လယ်ထဲဆင်းလုပ်တော့မယ်တဲ့၊ မကြင်မေက တော့ ပညာရေးတက္ကသိုလ် တတိယနှစ်ရောက်နေလို့ တော်ပါ သေးရဲ့၊ နော်နော်တို့အစ်ကို အုံ့မောင်တောင် ဆေးကျောင်းက သဒ္ဒ်အမ်ဘီ ငါးနှစ်ရောက်မှ ထွက်လိုက်ရတာလေ၊ ဆရာတချို့ နဲ့ မပြေလည်လို့ ကျောင်းဆက်မနေရတော့ ခုတို့ဆီမှာ လယ်လုပ် နေတယ်"

"သူ လယ်လုပ်နိုင်လို့လား"

"သူလဲ လယ်သမားသားသမီးပဲ လုပ်နိုင်တာပေါ့၊ ဒါပေမယ့် ပင်တော့ ပင်ပန်းတာပေါ့ဟယ်၊ သူ့ဖြူတဲ့အသားတွေကလဲ နေ လောင်ပြီး နီရဲညိုမှောင်နေတာပဲ၊ ဘဝဆိုတာ ဒါပဲ၊ ဖြစ်ချင်တိုင်း ဖြစ်ကြတာမှ မဟုတ်ဘဲ၊ ကံတရားဆိုတာကလဲ တို့လို လူတွေကို မသိကျိုးကျွန်ပြုခဲ့တာပဲ၊ မျက်နှာလွှဲခဲပစ်သလို ဆိုတော့ တို့ဟာ ကံမကောင်းဘူးပေါ့ဟယ်၊ ဒါပေမယ့် ကံတရားဆိုတာကို လူက ဖန် တီးလို့ ရမယ်ဆိုရင်တော့. . ."

မနေ့ညကပဲ နွေးနွေးနှင့် စကားတွေအကြာကြီးထိုင်ပြောမိ သည်။ မိုးဟိန်းက နွေးနွေးစကားမဆုံးခင်ကပင်. . .

"လူကလဲ ဖန်တီးလို့ ရပါတယ်၊ ရတယ်လို့လဲ ငါယုံချင်တယ်"

ဖျက်ခနဲဝင်ပြောလိုက်သည်။ နွေးနွေးသည် သဘောမတူလို့ လားမသိ၊ ခေါင်းကိုသာ ခါယမ်းမိသည်။ မိုးဟိန်းကသာ ဆက် ၍. . .

"တို့ဟာ ကံကြမ္မာရဲ့ ဆရာသခင်ဖြစ်တယ်ဆိုတဲ့ စကားကို တော်တော်ထောက်ခံချင်တယ်၊ နို့မဟုတ်ရင် ငါတို့အရှုံးချည်းပဲ ထွက်နေမှာပေါ့၊ ရှုံးပြီးရင်း ရှုံးနေရရင် လူ့ဘဝမှာ ဘယ်နေရကျိုး နပ်မလဲ၊ နင်က သိပ်စိတ်လျှော့တာပဲ နွေးနွေးရာ၊ ဒီလို လျှော့ချည်း

www.burmeseclassic.com

www.burmeseclassic.com



နေရင် လူလူချင်းကလဲ တို့တွေကို အမြတ်ထုတ်မယ်၊ ကံကြမ္မာကလဲ စေတနာကောင်းမှာ မဟုတ်ဘူး”

“တို့ စိတ်မလျှော့ပါဘူးနော်၊ စိတ်မလျှော့လို့ ဒီလိုနေနေလာတာ ဘယ်နှနှစ်ရှိပြီလဲ”

နွေးနွေးက ဝန်မခံ ချက်ချင်းချေပသည်။

“နင်က တို့ကိုရန်ထောင်ဖို့တော့ စိတ်တက်ကြွပါတယ်”

သည်တစ်ခါ မိုးဟိန်းက ဝမ်းနည်းစကားပြောသည်။ နွေးနွေးသည် မျက်နှာလွှဲချနေသည်။ မည်းနက်သော မျက်တောင်ရိပ်ဝန်းတို့သည် မျက်ခမ်းပေါ်တွင် မှေးစင်းနေကာ မသိမသာပြုံးရင်း ခေါင်းကို အသာခါယမ်းလိုက်လေသည်။ ထို့နောက် စကားကိုလှီးလွှဲရင်း အံ့မောင်အကြောင်းကို ရောက်သွားသည်။

“အံ့မောင်ကတော့ တကယ့်ကို ချီးကျူးဖို့ကောင်းပါတယ်”

အံ့မောင်တစ်ယောက် အခြေအနေအရ ဆေးထိုးအပ်ကိုစွန့်လွှတ်ခဲ့ရကာ ထွန်တုံးကိုင်ခဲ့သည့်အဖြစ်ကတော့ ဒဏ္ဍာရီ မဟုတ်ပေ။ အံ့မောင် ရန်ကုန်တွင် ကျရာရမည့်အလုပ်လည်း မစောင့်။ စိတ်လေလည်း မလွင့်ဘဲ ကဒုတ်သို့ရုတ်ခြည်းပြန်လာပြီး ဘိုးဘွားဘီဘင်၏ ဓားမဦးချလယ်ယာလုပ်ငန်းကို တစ်ခါတည်း ဇောက်ချလုပ်သည်။

စပါးလှေ့ရင်း သီချင်းတွေတစ်ပုဒ်ပြီး တစ်ပုဒ် ဟစ်တတ်သော အံ့မောင်အသံကြားလျှင် အံ့မောင်၏အမေက မျက်ရည်ဝဲသည်။ အံ့မောင်အမေသည် မိုးဟိန်းအမေလို မြန်မာမဖြစ်သော်လည်း ကဒုတ်တွင်ပဲအခြေစိုက်ခဲ့သည်။ သားကိုတော့ ဆရာဝန်ဖြစ်စေလိုလှသည်။ သူတို့တစ်မျိုးလုံးတွင် ဆရာဝန်ဆို၍ မူးလို့ရှူစရာမရှိပြောရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါလဲ နွေးနွေးလို ရှူစရာ ကောင်းမော်လို ဆရာဝန် တစ်ယောက် ရှာဦးမှပဲ ထင်ပါရဲ့"

နောက်တီးနောက်တောက် ပြောချင်ရာပြောသေးသည်။ ထို့နောက် မခံချင်သဖြင့် 'ငဝါ'ကို ဆရာဝန်မ လုပ်ခိုင်းဟု အားပေးအားမြှောက် ပြောသည်။ သူ့လင်ကို အသက်တစ်မျှချစ်ရှာပြီး 'ငါ့လင် ကရင်ကြီး'ဟု နောက်ပြောင်တတ်လျက် အံ့မောင်အဖေ ဆုံးတော့ ရင်ကွဲမတတ် ကြေကွဲရှာသည်။ ထို့နောက် သူ့ချစ်လင်ဇာတိမြေကို မစွန့်တော့။ ကောက်ညှင်းဘိန်းမုန့်၊ ရွှေထမင်း ငွေထမင်းတို့ကို ဒိုက်ဦး-ကဒုတ်ကားဆိပ်မှ လက်ဖက်ရည်ဆိုင်တွေပေါ် တင်ရင်း သားဖြစ်သူကို မဖြစ်ဖြစ်အောင် ကျောင်းထားရှာသည်။

စပါးလှေ့ကြရင်း တွံတေးသိန်းတန်၊ မောင်မောင်ညွန့်၊ ဟသ်ာတထွန်းရင်၊ မာမာအေးသီချင်းများနှင့် စတူရီယိုဇာတ်ထုပ်များကို ပါးစပ်ဓာတ်ပြား ဖွင့်မြဲဖြစ်သော်လည်း အံ့မောင်၏ သီချင်းသံကြားလျှင် အံ့မောင်အမေဒေါ်ငြိမ်းသည် နေစရာမရှိ။

*သူများကို စစပြီးတော့ထွက်မပြေးနဲ့*
*ရင်နာလိမ့်မယ်. . . မချစ်နဲ့ အချစ်ရေ*
*ဆင်းရဲတာ. . . ဆန်းသလားအချစ်ရယ်*
*ဂုဏ်မမက်နဲ့. . . ရင်နာလိမ့်မယ်*
*ချစ်လို့ပြောမယ်. . .*

စပါးလှေ့ရင်း သီဆိုသောစတီရီယိုတေးကိုတော့ ဒေါ်ငြိမ်းရနေတတ်ပြီး ပြာသို့တပို့တွဲ စာခြောက်ချိန်ကျလျှင်တော့ အံ့မောင်နှင့်အတူ လယ်ထဲမဆင်းတော့။ စာခြောက်ရတဲ့ ဘဝကို ဘယ်လောက် ဆင်းရဲပင်ပန်းသည် ဆိုသည်ကို လယ်သမားများသာ

www.burmeseclassic.com

www.burmeseclassic.com



သိသည်။ စက္ကန့်မလပ် အသံကုန်အော်ရဟစ်ရသည်က တစ်ဌာန။ လူတစ်ကိုယ်လုံး လှုပ်ရှားနေရသည်မှာလည်း အချိန်တိုင်းမို့ ခြေပန်းလက်ပန်းကျလှသည်။ နှင်းသဲသဲတွင် စောင်ကို ခေါင်းမြီးခြုံလျက် အုံ့မောင်တစ်ယောက် စာခြောက်ရသောဘဝကို ဒေါ်ငြိမ်းက စိတ်ဆင်းရဲလျက် ငိုရသည်မှာ ခဏခဏ။

"စာခြောက်ရင် အသံပျောက်မယ်နော် နွေးနွေး"

နွေးနွေးကို သတိပေးရင် သူ့အသံသည်လည်း လည်ချောင်းက လုံးဝပေါ်မလာတော့ဘဲ လက်ပြခြေပြစကားပြောရသော အခြေအနေကို နွေးနွေးတို့သည် ငိုအားထက် ရယ်အားသန်မိသည်။

"ငုဝါကိုတော့ လယ်ထဲမဆင်းစေနဲ့၊ နွားစ်လဲ မလုပ်နဲ့၊ ဆရာဝန်ပဲ လုပ်ခိုင်း၊ ကဒုတ်ရွာအတွက် ဆရာဝန်တစ်ယောက်၊ တို့အမျိုးအတွက် ဆရာဝန်တစ်ယောက်လိုတယ်"

အုံ့မောင်ပြောတိုင်း သူ့အမေက ငိုသည်တဲ့၊ နွေးနွေးကလည်း ငုဝါ၏ ဆံပင်လေးများကို ဆံကျစ်ကျစ်ပေးရင်း မျက်ရည်လည်နေတတ်သည်။

စိတ်ညစ်တာတွေ ဖျောက်ပြီး ပျော်စရာကိုပဲ ရှာနေကြသူမို့ မျက်ရည်လည်ရင်းလည်း ရယ်မိကြပြန်သည်။ ရွံ့များ လူးကျံ၍ မည်းနေသော သစ်တုံးဝိုင်းများနှင့် တံတားငယ်လေးကို အုံ့မောင်သည် ဂျပန်ဓားသမားပမာ ဓားတဝင့်ဝင့်နှင့် ဟန်လုပ် လျှောက်တတ်သည်။ ကိုစောထူးက 'ဇာတိုအီးရှူ'ဟု နောက်ရင်း ပြောင်ရင်းခေါ်တတ်သည်။

လယ်တော၏ ဝန်းကျင်ကတော့ သာယာလန်းဆန်းမြဲပင်။ ငွေဖျိုင်းတစ်အုပ်သည် ဝဲပျံလျက် ဖျိုင်းတချို့သည် နွတ်သီးရှည်ကြီးများနှင့် ကတွတ်ပေါက်တွင် ငါးကောက်နေကြသည်။ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



၍ မဆုံးနိုင်အောင် တစ်မျှော်တစ်ခေါ် ကျယ်ပြောသော လယ်ကွင်းပြင်ကြီးကား မိုးရေတက်ရေ၊ ချောင်းရေမြောင်းရေ တဖွေးဖွေးနှင့် ကြည်နူးဖွယ်အတိပေ။

ရှည်လျားသော နှစ်ကာလအပိုင်းအခြားအတွင်း မိုးဟိန်းအဖို့ ပထမဦးဆုံးအကြိမ်လယ်တောသို့ အလည်ရောက်ခြင်းပင်။ ရွှံ့မြေစိုင်ခဲကို ကောက်ယူလျက် ရေထဲပြန်ချလိုက်လျှင် စက်ဝိုင်းငယ်သည် ကျယ်ပြန့်လာသည်။

ကြာဖြူကြာနီတို့သည် လှိုင်းရေတွင် လူးလိမ့်ကာဆော့ကစားနေကြသည်။ လေအဝှေ့တွင် ကောက်စိမ်းပင်ပျို့တို့သည် လှိုင်းပမာ တလိပ်လိပ်နှင့် တွန့်ပြေးနေကြသည်။ မိုးဟိန်းရင်ထဲ၌ ကဗျာတစ်ပုဒ်သည် နွဲ့မှီလာသည်။

*မိုးရေ တက်ရေ တဖွေးဖွေး*
*ကွင်းကျယ် အဝေးဝေး*
*လယ်စောင့်တဲလေး ခြေတံရှည်*
*မိုးကုပ်အောက်မှာတည်*
*ကြာနီတစ်ပွင့် ဖြူတစ်ပွင့်*
*တဲနဲ့ ပန်းတင့်။*

မိုးဟိန်းသည် လယ်ကန်သင်ရိုးပေါ်တွင် ထောင်ထားသော သုံးချောင်းထောက် ခုံပေါ်သို့ ရွက်ဖျင်ကားတစ်ခုကို တင်လိုက်သည်။

"တို့ကို ပန်းချီဆွဲမလို့လား မိုးဟိန်း၊ တို့ပုံကို အရင်လို လှအောင် ဆွဲရမှာ မဟုတ်ပါဘူး၊ တို့က အရင်လိုမှ မလှတော့ဘဲ"

နွေးနွေးကရယ်မောလို မျက်နှာထားနှင့် ဝမ်းနည်းစကားပြော

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ နွေးနွေးအား ဘယ်သို့နှစ်သိမ့်ရမည်မသိဘဲ ငိုင်နေမိရာမှ. . .

"အလှထက် ဘဝက ပိုအဓိပ္ပာယ်လေးနက်ပါတယ်၊ ဘဝဆိုတာ လှချင်မှလဲ လှမှာပေါ့၊ ဒါပေမယ့် အစစ်အမှန်ဆိုတာက ဘဝမှာပဲရှိတာ နွေးနွေး၊ ခုလဲ နွေးနွေးလှနေသေးတာပဲ၊ ဒါပေမယ့် နွေးနွေးရဲ့ဘဝကို တို့ ပန်းချီဆွဲမှာပါ"

နွေးနွေးတို့၏ ရဲဘော်ရဲဘက်ဖြစ်ကြသော 'ပျဉ်းမ'နှင့်'ဇော်ဟိတ်'ဆိုသည့် ကျွဲများကိုအဖော်ပြု၍ မိုးဦးကျကတည်းက လယ်ထဲ ဆင်းရသည့်ဘဝက ဘယ်မှာလှနိုင်ပါမည်နည်း။ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်ကို ကျွဲများနှင့်အတူ ဥတုသုံးပါးသုံးလီ အလုပ်နှင့် လက်ပြတ်သည်မရှိ။

နေရပြန်တော့ ဝါးအိမ်ကုပ်ကုပ်၊ စားရပြန်လည်း တစ်လုတ်တစ်ဆုပ်၊ ချဉ်ပေါင် ငါးပိ၊ ကန်စွန်းရွက်တို့သည် နွေးနွေးတို့အဖိုးတို့၊ အဖွားတို့အတွက် ခံတွင်းမြိန်သော အစာပင်တည်း။

မြစိမ်းလဲ့လဲ့နှင့် ကောက်ပင်တို့သည် လေချိုသိမ်းအဖွဲ့တွင် ယိမ်းနွဲ့နွဲ့နှင့် တိမ်းငဲ့နေကြသည်။ ငုဝါသည် ထဘီတိုတိုဝတ်ကာ ရေထဲ တစွတ်စွတ်နင်းကာ လျှောက်သွားနေသည်။

"ဟဲ့ ဒီကောင်မလေး. . . မလှုပ်နဲ့၊ မျှော့တွေ လာနေပြီ"

နွေးနွေးအဖော်များက ဝိုင်းအော်နေကြသည်။ ငုဝါသည် သူ့လက်သီးဆုပ်လေးထဲ ထည့်ယူလာသော ထုံးကို သူ့ ဒူးဆစ်နေရာမှ ခြေသလုံးတိုင်အောင် တစ်သုတ်တည်း သုတ်ရင်း. . .

"ဦးဦး"

"ဦးဦး. . . စောစောက ငုဝါမျှော့တွယ်တာ ပန်းချီထဲ ရေးလိုက်သေးလား"

www.burmeseclassic.com

www.burmeseclassic.com



"ရေးတာပေါ့"

"ဘယ်မလဲ. . . ပြ"

"နောက်မှကြည့်ပါ ငုဝါကလဲ"

"မျှော့ရော ပါလား"

"အေး"

မိုးဟိန်းသည် စိတ်လက်ပေါ့ပါးစွာ ရယ်မိလေသည်။ ငုဝါက မျက်မှောင်ကြုတ်လျက်. . .

"သြော်. . . ဒုက္ခပါပဲ"

လူကြီးသူမလေးပမာ ညည်းညူနေသည့် ငုဝါအဖြစ်ကို နွေးနွေးက လှမ်းကြည့်ရင်း ရယ်နေမိသည်။

မိုးဟိန်း၏ ပန်းချီပုံကြမ်း သွန်းလောင်းရာ၌ ငုဝါကိုယ်လုံးသေးသေးလည်း ထည့်လိုက်သည်။ ထဘီတိုတိုလေးနှင့် လုံးတုံးတုံး ကိုယ်လေး ကိုင်းညွတ်ဟန်မှာ တဖြည်းဖြည်းပေါ်လွင်လာသည်။ လက်တုတ်တုတ်တိုတိုလေးသည် ရေထဲစိုက်နှစ်တော့မည့်နှယ် ဟန်ပြင်နေပြီး ငုဝါလက်ထဲ ကောက်ပင်တွေထည့်ထားသည်။

မြကွင်းပြင်ကြီးကတော့ မြသားပကတိပမာ လှလွန်းသည်။ နေရာတိုင်း စိမ်းသည့် အစိမ်းကား ငှက်ခါးတောင်ဖြန့်လိုက်သလို စိမ်းဖန့်ဖန့်နှင့် တောက်ပနေသည်။ သို့ကြောင့်. . .

*နတ်ချောင်းရေယာဉ်၊ မြကွင်းပြင်မှာ*
*ကောက်ပင်စိမ်းလဲ့၊ ယိမ်းနွဲ့နွဲ့နှင့်*
*တာဖွဲ့ကျယ်ဝင်း၊ လယ်မြေခင်းလည်း*
*နတ်မင်းမချို့၊ ဖန်၏သို့ပင်။*

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

"ငါ့ဖို့ ဘယ်မှာလဲ. . . ငါ့ဖို့ပေး"

"ဩော်. . . အဖူးရယ်၊ အဖူးကြောင့် ခက်ပါတယ်"

အဖိုးက ညည်းလိုက်သည်။

နွေးနွေးကလည်း စိတ်ညစ်ညစ်နှင့် ခေါင်းကိုခါယမ်းလိုက်သည်။ အဖူး မှောက်ပစ်သော ထမင်းရည်ပန်းကန်ကြောင့် ကြမ်းပြင်ပေါ် ယိုစီးလိမ်းကျံနေသော ထမင်းရည်တွေကို နွေးနွေးက သုတ်ပစ်လိုက်ရလေသည်။

"ငါ့ကို ဟောလစ်တိုက်မယ်ဆိုပြီးတော့"

"အဖူးကို ဘယ်သူကဟောလစ်တိုက်မယ် ပြောလို့လဲ၊ ဘယ်က ဟောလစ်ရမှာလဲ အဖူးရယ်၊ ထမင်းတောင်မှ အနိုင်နိုင်ရယ်၊ ဟောလစ်ကို ဘယ်လိုသောက်ရမှာလဲ"

"ဟိုတုန်းက ငါခဏခဏသောက်ရတာပဲ"

အဖူးကနှုတ်ခမ်းစူနေသည်။ မိုးဟိန်းသည် စီးကရက်သောက်ရင်း အဖူးအား စိုက်ငေးနေမိသည်။ အဖူးတစ်ယောက် သူ့စာရေးသောက်ရေးကိစ္စတွေကလွဲလို့ ဘာကိုမှ မသိတော့။ ဘယ်သူ့ကိုမှလည်း မမှတ်မိတော့။ အရင်က ထက်ထက်မြက်မြက်နှင့် ဗဟု

www.burmeseclassic.com

www.burmeseclassic.com



သုတ ဟင်းလေးအိုးကြီးပမာ နွေးနွေးတို့ မိုးဟိန်းတို့အား ပုံတိုပတ်စ ပြောလာခဲ့သော 'အဖူး'ကား သတိများချွတ်ယွင်းလာခဲ့ပေပြီ။

"အရင်တုန်းက အဖူးညီက သူကြီးပဲ၊ အဖူးအဖို့ စားချင်တာစားလို့ရတာပေါ့၊ ခု ခက်ပါတယ်အဖူးရယ်၊ အဖူးက မရှိတာထက် မသိတာ ခက်တယ်"

နွေးနွေးက မြည်တွန်နေသည်။

ထမင်းရည်ထဲ သကြားခပ်ထားတာပဲ၊ သောက်ကြည့်စမ်း၊ ဘယ်လောက်ချိုလဲ၊ ငဝါတောင် သကြားမစားရတာ တော်တော်ကြာသွားပြီ၊ အဖူးက သိပ်ကံကောင်းတာပဲ"

ငဝါသည် သူ့လက်ဝါးလေးကို ရှေ့ဖြန့်ထုတ်ကာ ရန်တွေ့သလို ပြောနေသည်။

"ဘာကံကောင်းတာလဲ၊ ဟောလစ်မှမသောက်ရဘဲ၊ ဟောလစ်သောက်ရမှ"

"ဒါဖြင့် ရန်ကုန်သွား၊ အဖူးကိုအဖူးတူတွေ တူမတွေက ခေါ်သွားပဲ သွားပေါ့၊ ဒါတောင် နို့မှုန့်ပဲ သောက်ရမှာ၊ အဖူးကို နို့မှုန့်တွေ ဖျော်ပြီး ဟောလစ်လို့ ညာတိုက်လိုက်တာကျတော့ သိပ်ကောင်းတယ် ပြောတယ်မဟုတ်လား"

နွေးနွေးသည်ပြောပြီး စိတ်ရှုပ်ရှုပ်နှင့်ရယ်မောနေသည်။ အဖိုးသည် ကွမ်းသီးခြမ်းတွေ စိပ်ရင်း. . .

"ကွဲနို့လဲ မသောက်၊ ခက်တာက ကွဲနို့ကျတော့ နံတယ်၊ မကောင်းဘူးတဲ့ ညှီတာကိုပြောတာ၊ သေသေချာချာကျိုရင်မညှီပါဘူး၊ ကြေးသိပ်များတာပဲ၊ သူငယ်သာပြန်တာ အစားကျတော့ အကုန်သိတယ်"

ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းသည် အဖိုးတို့ နွေးနွေးတို့ ပြောသမျှကိုငေး၍ နား ထောင်ပြီး အဖူးနားကပ်ကာ အဖူးလက်ကိုဆွဲကိုင်လျက်. . .

"အဖူး. . . ဟောလစ်သောက်ချင်ရင် ကျွန်တော် နောက် တစ်ခေါက် ဝယ်ခဲ့မယ်"

အဖူးနားနား ပါးစပ်နှင့်ကပ်ပြောလိုက်သည်။ အဖူးသည် နားများလည်း လေးနေပေပြီ။ ခေါင်းတော့ ညိတ်ပြနေသည်။

"အဖူး. . . သီချင်းမဆိုတော့ဘူးလား"

"ဆိုသားပဲ"

"ဟိုသီချင်း ရသေးလား"

"ဘာလဲ"

"တိမ်ခိုးငယ်မှဝေဝေ. . . နှောပင်ကြီး၊ နှောသီးကြွေ၊ လေပွေ တိုက်လို့ ဝဲတတ်တယ်ဆိုတာလေ အဖူး"

အဖူးသတိမရတော့။ ရီဝေသော မျက်လုံးများနှင့် ကြောင်ငေးနေသည်။ အဖူးကိုယ်တိုင် လူငယ်များကိုလက်ဆင့်ကမ်းပို့ချပေးခဲ့သော လူမှုရေးပညာကို အဖူးမေ့နေပေပြီ။

လောက၏ အခြယ်လှယ်ခံ၊ အဖိနှိပ်ခံအဖြစ် ထုထောင်းခံရသောဒဏ်၊ ဇရာဖိစီးခြင်းဒဏ်တို့ကြောင့် အဖူးတစ်ယောက် သုညဖြစ်ချေပြီ။ ငုဝါကိုတု၍ သီဆိုသော ရောင်စုံဘောလုံး. . . ရောင်စုံဘောလုံး. . . တစ်လုံးငါးပြား. . . တစ်လုံးငါးပြား. . . သီချင်းကလွဲ၍ဘာမှမသိ၊ မရှိတာလည်းမသိ၊ မသိတာလည်းမသိတော့ပေ။

"အဖူးတစ်ယောက်တော့ မသေခင်ကတည်းက သေနေပါပြီဟယ်"

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေး သည်စကားမျိုးပြောလျက် အဖူးကို ကြင်နာစိတ်နှင့် မျက်ရည်လည်နေတတ်သည်။

အဖူးသည် သီချင်းသံကြားရလျှင်တော့ စိတ်ပျော်ရွှင်တတ်သည်။ အဖူးငယ်စဉ်တုန်းက တီးခဲ့သော ဗျတ်စောင်းကို စောထူးက တီးပြီး အံ့မောင်ကသီချင်းဆိုလျှင် အဖူးမှာ က,နေတတ်သည်။

*အို့ . . မယ်တလင်. . . ယာသာဗို. . . သာဗိုး . .*

*အဲ့ . ယယ်အဲ့ . . (ယပ်)၂ ပါမီနဲ့*

*လုံ . . လုံ . . . အဲသာဗိုး။*

"ဦးဦး၊ အဲဒါ ဘာဆိုတာလဲ သိလား"

"ငုဝါရော သိလား"

"သိပါဘူး၊ ဦးဦးသိရင် ပြောပါ"

"ဦးဦးလဲ သိပ်မသိပါဘူး၊ သာဗိုးဆိုတာကတော့ အသက်ဘူးတဲ့"

"နောက်ပြီးတော့ကော"

"နှင့်ကို ငါချစ်တယ် အသက်ဘူးလေးရယ်တဲ့၊ ဘာလို့တုံးပြန်မချစ်တာလဲတဲ့"

"အမိုးရေ. . . ဟုတ်လား" ငုဝါကစိတ်မချသဖြင့် သူ့အမိုးကို လှမ်းမေးလိုက်သည်။

"အေး. . . "

အအားမနေတတ်သောနွေးနွေးသည် လွယ်အိတ်ကို ဂျပ်ခုတ်နှင့် ရက်ရင်း လှမ်းဖြေလိုက်သည်။

ဝါးလုံးချောချောကို ဖြတ်ထားသော ရက်ကန်းခေါင်း (ထားခိုး) ကို အိမ်ဦးသစ်သားတိုင်တွင် ကန့်လန့်ချည်ထားပြီး ရက်ကန်း

www.burmeseclassic.com

www.burmeseclassic.com



အခြေကို သားရေခါးပတ်နှင့် တွဲဆိုင်းထားသည်။ နွေးနွေးသည် သားရေနှင့် ခါးပတ်ကို ပတ်ထားသည်။

အဖြူရောင်နှင့် ခရမ်းရောင်ချည်မျှင်ကို ရက်ကန်းခေါင်းမှ အောက်ခြေထိ ပက်လက်ကုလားထိုင်တစ်ခြမ်းမျှအရွယ်ထိ ချည်ယှက်ထားသည်။

အောင်ခြေမှလက်တစ်ဝါးမျှရက်ပြီးသောအထည်သည် အဖြူနှင့် ခရမ်းရောင် ကြျုထရံကွက်စိပ် ဖြစ်သည်။ ချည်အတိုင်များကို အပင်လိုက် အတိုးအလျှော့လုပ်ရန် ဝါးတံများနှင့် ထိုးညှပ်ထားသည်။ ထိုညှပ် (ထားဒီ)များကား ခရမ်းရောင် ချည်နေရာ လိုချင်လျှင်တစ်မျိုး၊ အဖြူနေရာ လိုချင်လျှင်တစ်မျိုး၊ ရှေ့တိုး နောက်ငင် အတိုးအဆုတ် လုပ်လို့ရသည်။ လက်သုံးလုံးသာသာမျှသာရှိသော သစ်သားထဲကို ဂျပ်အဖြစ် ပြုလုပ်ထားသည်။ ချည်မျှင်ယှက်ပြီးသောအခါ ဂျပ်နှင့်စေ့စေ့သိပ်အောင် ခုတ်သည်။

နွေးနွေးသည် သူ့စိတ်ထဲ၌ ဇဝေဇဝါ မသေချာသော ရက်ပြီးချည်များကို အဖြူဘယ်နှကြိုး၊ ခရမ်းရောင်ဘယ်နှကြိုး ပြန်ရေတွက်ကြည့်ပြီးမှ ဆက်၍ရက်သည်။ အဖီးက ချားတွင် ချည်နက်များ ရစ်ပတ်ရင်း. . .

"အနက်နဲ့ အဖြူမှ သိပ်လှတာ နွေးနွေး"

"ဟုတ်တယ် အဖီးရဲ့၊ ဒါပေမယ့် မှာတဲ့လူက ခရမ်းရောင်ပဲ မှာတာကိုး"

"ဘယ်သူက မှာတာလဲ"

မိုးဟိန်းက နွေးနွေးအနီးတွင် ထိုင်ရင်း မေးလိုက်သည်။

"ကောလိပ်က ဆရာတစ်ယောက်ပါ ကရင်လွယ်အိတ်ကို သူတို့ သိပ်သဘောကျတယ်၊ ခိုင်လဲခိုင် လှလဲလှလို့ တဲ့၊ ကောလိပ်

www.burmeseclassic.com

www.burmeseclassic.com



ကလူတွေက သိပ်မှာတာပဲ၊ ဒါပေမယ့် တို့က ဂျပ်ခုတ်ချိန် ဘယ်မှာ ရှိလို့လဲ၊ ညနေ နေမဝင်ချိန်လေးပဲ လုရက်ရတာ”

“လွယ်အိတ်တစ်ခု ဘယ်လောက်ကြာကြာရက်ရလဲ”

“ဆက်တိုက်ရက်ရင်တော့ သုံးရက်နဲ့ပြတ်ပါတယ်၊ ဒါပေမယ့် တို့မှာ အချိန်မရှိဘူး”

အဖိုးက ကြားဖြတ်၍ဖြေသည်။

“လွယ်အိတ်တစ်လုံး၊ နှစ်ဆယ်ကျော် နှစ်ဆယ့်သုံးကျပ်ထိ ရောင်းရတာ၊ လက်သိပ်ဝင်တယ် ရက်ရတာ၊ ခုဆို ချည်တွေက ရှားတော့ ပိုဆိုးတယ်၊ ချည်ရလဲ တို့တစ်ယောက်တည်း ဆက်တိုက် မရက်နိုင်ပါဘူး၊ နောက်ကျောသိပ်တက်တယ်မိုးဟိန်းရယ်”

နွေးနွေးသည် ခေါင်းကို ဘယ်စောင်းညာစောင်းချိုးရင်း ပြော လိုက်ပြန်တော့ အဖိုးက. . .

“အငယ်တွေထဲကတော့ နွေးနွေးအတော်ဆုံးပဲကွယ့်၊ ဘယ် မိန်းမမှ နွေးနွေးလို လွယ်အိတ်ရက်ဖို့ စိတ်မရှည်ကြဘူး၊ တတ်လဲ မတတ်ကြဘူး၊ နွေးနွေးက ဇွဲကောင်းတယ်”

အာရုံစိုက်လွန်းသော နွေးနွေး၏ မျက်လုံးအိမ်မှမျက်သားများ နီနေသည်။ နဖူးတွင် ချွေးများစို့နေသည်။ နွေးနွေး ဇွဲကောင်းတာ ကို စကတည်းကပင် သိခဲ့ပါသည်။ အဆိုးမှာရော အကောင်းမှာ ရော နွေးနွေးဇွဲကောင်းခဲ့သည် မဟုတ်လော။ မှန်တယ်ထင်တာ ကိုဇွတ်လုပ်တတ်သည့် နွေးနွေး၏ အကျင့်စရိုက်များကိုလည်း မမေ့နိုင်ပေ။ အမှားကို အမှန်ထင်ခဲ့သော နှမငယ် နွေးနွေးကို လောကက သင်ခန်းစာပြခဲ့ပေပြီ။

မိုးဟိန်းသည် ငုဝါ၏လွယ်အိတ်စုတ်လေးကိုကတ်ကတ် သတ် သတ်မြင်မိပြန်ပြီ။ အပြင်မှဝယ်ယူသော အပေါစား ချည်လွယ်

www.burmeseclassic.com

www.burmeseclassic.com



အိတ်ကလေးကား မင်းကြိုက်စိုးကြိုက် ဂျပ်ခုတ်ကရင်လွယ်အိတ်နှင့် ဘာမှမဆိုင်ပေ။ ငုဝါသည်လွယ်အိတ်အမြိတ်များကို ဖွတ်မြီးကျစ်သလိုကျစ်ပြီး. . .

"အမိုး. . . ငုဝါလဲ လွယ်အိတ်သစ်တစ်လုံး ရက်ပေးနော်"

"အေး. . . အေး၊ ရက်ပေးမယ်"

"လွယ်အိတ်က စုတ်နေတာကြာပြီ"

"အေးပါဟယ်"

"အမိုးလွယ်အိတ်ကိုဝယ်မှာပါ၊ ခုတောင် သမီးပိုက်ဆံစုထားတာ"

"ဘယ်လောက်ရှိပြီလဲ"

မိုးဟိန်းက မေးလိုက်လျှင်. . .

"တစ်ကျပ်နဲ့ ငါးပြား၊ တစ်နေ့ကို ငါးပြားစုတာ"

"ဘယ်မှာထားလဲ"

"ဟို. . . ဘုရားစင်က ဝါးကျည်တောက်ထဲမှာ"

"ဦးဦး ရန်ကုန်ပြန်ရင် စရိတ်ခဏချေးမလား"

"နေဦး. . . စဉ်းစားဦးမယ်"

"ဘယ်လောက်ကြာကြာ စဉ်းစားမှာလဲ"

"တစ်ည နှစ်ညလောက်ဆို ရပါတယ်"

မိုးဟိန်းက ရယ်မိလေသည်။ ငုဝါ၏ပါးလေးကိုလည်း အသာလိမ်ဆွဲမိသည်။

ငုဝါသည် ရှက်ရှက်နှင့် မျက်နှာနီလာပြီး မိုးဟိန်း၏ ပေါင်ကိုလက်သီးနှင့် ထုကာ သူ့မျက်နှာလေးကို မိုးဟိန်းပေါင်ပေါ်ဝှက်ထားလိုက်လေသည်။ မိုးဟိန်းသည် ငုဝါခေါင်းကို အသာသပ်ပေးလိုက်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး ရန်ကုန်မပြန်ခင် ငုဝါရဲ့ စဘူးထဲ ပိုက်ဆံထည့်ပေးမှာပေါ့၊ ပြီးတော့ ပန်းချီကားက ပိုက်ဆံရရင်လဲ အမိုးဆီက လွယ်အိတ်ကို ဦးဦးက ဝယ်ပေးမှာပေါ့"

ထို့နောက်သည်ညနေကပင် လွယ်အိတ်ကို ဂျပ်ခုတ်ရက်နေသော နွေးနွေးကို ပန်းချီရေးဆွဲမိပြန်သည်။ နွေးနွေး၏ ညှိုးငယ်သောအပြုံးကိုပါ အမိအရ စုတ်ချက်သွင်းလိုက်လေသည်။ ငုဝါရဲ့အမေ ငယ်ရွယ်သော တစ်ခုလပ်မလေးဘဝကိုဆီဆေးနှင့် ဘယ်သို့ ပီပြင်စေရမည်လဲ။ ဖောင်စီးရင်း ရေငတ်နေသောသူ ဆင်းရဲမဘဝကိုလည်း ဘယ်သို့ပေါ်လွင်စေရမည်လဲ။ နွေးနွေး အနီးမှ လွယ်အိတ်အစုတ်လေး ကိုင်ငေးနေသော ငုဝါသေးသေးလေးကို ပုံထဲထည့်ဆွဲရမည်လား။

ရန်ကုန်မှ မိုးဟိန်းယူလာသော ရွက်ဖျင်လိပ်များကို စောထူးသည် မငြိုငြင်သစ်သားဘောင်တစ်ခုပြီးတစ်ခု လုပ်ပေးရသည်။ စောထူးသည် လက်ဖြစ်သည်။ ပဉ္စလက်တပ်ထားသလိုပင် သူ့လက်က လက်မှုပညာ၌ ဘာမဆို အလုပ်ဖြစ်သည်။ အဖူးတို့ အပါးတို့သားသမီးပီသသည်။ မိုးဟိန်းကတော့ လူပျိုပေါက် အရွယ်တုန်းက မိုးဟိန်းတို့၏ အဖူးက စိတ်တိုင်းမကျ။ အိမ်မိုးခေါင်မချုပ်တတ်လို့တဲ့။ အဖူးတို့များ ရောက်လေရာအရပ်နေဖို့ အိမ်အတွက် ဘယ်တော့မှမပူ။ ဝါးရှိလျှင်၊ နီးရှိလျှင်၊ ဝါးအိမ် ဆောက်တတ်သည်။ သစ်သား၊ သွပ်နှင့် သံရှိလျှင်လည်း သစ်သားအိမ်ဆောင်တတ်သည်။

စောထူးတစ်ယောက်ကတော့ အဖူးတို့ခြေရာ ကောင်းကောင်းနင်းသည်။ ပန်းချီဘောင် ဖွဲ့ပုံလည်းသေသပ်လှသည်။ သစ်သားကို ကော်ပတ်စားပြီး အရောင်တင်ပေါလစ်သုတ်လိုက်သည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



တကယ်သားနားသော ကားချပ်တစ်ချပ်ဖြစ်လာလေသည်။ တစ်ခါ တလေတော့လည်း သဘော်ဆေးအညို၊ အနက်၊ ပန်းရောင်များဖြင့် ပန်းချီကားဘောင်ကို အလှတန်ဆာဆင်သေးသည်။

"ကဒုတ်ကအပြန် သယ်ပေဦးတော့ ပန်းချီကားတွေ၊ မိုးဟိန်းရေ. . . မင်းကပဲ သယ်နိုင်မလား ငါကပဲ ကားဘောင်တွေ လုပ်ပေးနိုင်မလား၊ လောကကို ဒီအလှတန်ဆာဆင်လိုက်စမ်း"

စောထူးက ခမ်းနားစွာ ပြောလိုက်လေသည်။ မိုးဟိန်းကတော့ သူ၏နှစ်လိုဖွယ်အပြုံးနှင့် ပြုံးမြဲဖြစ်လျက်. . .

"လောကကတော့ လှပါတယ်၊ ဒါပေမယ့် မလှတဲ့ဘဝကိုတော့ လှအောင် ရေးလို့မရပါဘူး စောထူးရာ၊ တကယ်တော့ တို့ဘဝဟာလဲ လှမှမလှဘဲ ဘယ်လိုလုပ် လှအောင်ဆွဲရမလဲ"

ဠွေးဠွေးသည် သူ၏တောက်ပသော မျက်ဝန်းများဖြင့် မိုးဟိန်းအား စိုက်ကြည့်နေသည်။ မျက်လုံးနှစ်လုံးမှ လျှပ်တစ်ပြက် ရောင်ခြည်တို့သည် လမ်းခုလတ်တွင် ခလုတ်တိုက်မိကြပြီးရင်ခုန်သံသည် ရင်ထဲမြည်ဟည်းလျက် လှုပ်ရှားမှုအရှိန်သည် တစ်စ တစ်စ တက်လာလေသည်။

"သာဖံတစ်ယောက်လဲ မိန်းမယူပြီးမှ လုပ်မကျွေးနိုင်လို့ မိန်းမကို ဘားအံပို့ထားရတယ်၊ လက်ထပ်ပြီး တစ်လပဲ ပေါင်းလိုက်ရတယ်၊ ခုသူက ရန်ကုန်မှာ ရုံးစေလုပ်နေတယ်၊ တောပြန်လယ်လုပ်မယ် ပြောလိုပြော၊ မှောင်ခိုလုပ်မယ်ကြံလိုကြံ အမျိုးမျိုးပဲ"

အဖိုးကလည်း သူ့အဓိပ္ပာယ်နှင့်သူဝင်ပြောသည်။ စောထူးက နှာခေါင်းရှုံ့ကာ ခေါင်းကိုခါယမ်းလျက်. . .

"တို့တော့ သာဖံထက် ကံဆိုးတယ်၊ မိန်းမဆို တစ်လ မပြောနဲ့ တစ်ရက်တောင်မှ ပေါင်းခွင့်မကြုံပါဘူး၊ ကိုယ့်ဝမ်းတောင် ကိုယ်အနိုင်နိုင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ဒါနဲ့ နင့်မှာ ရည်စားတွေ ရှိတယ်ဆို"

"ဟာအဖီးကလဲ ခေါက်ဆွဲတစ်ခွက်၊ ရုပ်ရှင်လက်မှတ်တစ်စောင်နဲ့ လဲလို့ရတဲ့ ရည်းစားတွေအကြောင်းတော့ မပြောပါနဲ့၊ ကြောက်ပါတယ်။

မိုးဟိန်းသည် စီးကရက်တစ်လိပ်ကို မီးညှိသောက်ရင်း အတွေးပေါင်းစုံနှင့် ဆိတ်ဆိတ်နေမိပြန်သည်။ လျှပ်စစ်မီးမရှိသော နွေးနွေးအိမ်သည် မှန်အိမ်မီးနှင့် ဝါမှိန်ကာ မလင်းတစ်ဝက် လင်းတစ်ဝက်၊ အရောင်မှာ အားနည်းဖျော့တော့နေသည်။ နွေးနွေးသည် နေဝင်ကတည်းက ဂျပ်ခုတ်ရက်ကန်းခုံမှ ထလိုက်လေသည်။

ပိုစုန်းကြူးတစ်ကောင်သည် ဘုရားစင်ဘက်ပြတင်းပေါက်ဝမှ ဝင်လာသည်။ ပုစဉ်းရင်ကွဲတို့ အော်သံသည် အမှောင်ထဲမှ စူးရှစွာ အဆက်မပြတ် မြည်နေသည်။

စောထူးသည် စကားတွေ ဖောင်ဖွဲ့ကာ ပြောနေသည်။

"ကျွန်တော် သူဌေးဖြစ်မယ်နေ့ တစ်နေ့နေ့ကတော့ လောကနိဗ္ဗာန်ပေါ့"ဟု ပြောရင်းဆိုရင်း ကရင်ဘာသာဖြင့် . . .

"ဒူးလယ်ခိုက မူးခိုဘောမူ" ပြောသေးသည်။

"ဒူးလယ်ခိုက လောကကြီး မူးခိုဘောမူက နိဗ္ဗာန်တဲ့ မိုးဟိန်းရေ၊ ဖိုးစောထူးက ဒီစကားနှစ်လုံးကိုတွဲပြောနေတာဂါတော့ ဒီလို့တွဲပြောတာ တစ်ခါမှကြားဖူးပေါင်"

အဖီးက ပြောရင်း ရယ်လေသည်။

"ခုကြားဖူးပြီမဟုတ်လား အဖီးရဲ့၊ ဒူလယ်ခို မူးခိုဘောမူဆိုတာ လောကနိဗ္ဗာန်ပဲအဖီး . . . မှတ်ထား"

"အေးပါ အေးပါ၊ သက်ငယ်စကား သက်ကြီးကြားတဲ့၊ မှတ်ရသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အဖီးက ရယ်ပြန်သည်။ မိုးဟိန်းသည်အတွေးထဲ ကိုရွှေသိမ်းမင်း၏ ကဗျာလေးတစ်ပုဒ်နှင့်အတူ အိပ်ငိုက်မျဉ်းတော့မည့်ဟန်နှင့် ငိုင်နေသည်။

*နေလုံးနီကြီးရယ်. . .*
*ဝင်မသွားပါနဲ့ဦးကွယ်. . .*
*အိပ်တန်းရှာနေတဲ့ ငှက်ကလေးရယ်. . .*
*မြို့ကပြန်လာတဲ့ ဈေးသည်ကလေးရယ်. . .*
*လွယ်အိတ်ပြင်နေတဲ့ ညကျောင်းသူလေးရယ်*
*လျှပ်စစ်မီး မရောက်သေးတဲ့ ရွာလေးရယ်*
*လူမရှိသေးတဲ့ ကင်းတဲလေးရယ်*
*ပျော်နေသေးတဲ့ ကြာပန်းလေးရယ်*
*ခရီးလွန်နေတဲ့ လပြည့်ဝန်းရယ်*
*ပြီးတော့. . .*
*ပြန်မလာသေးတဲ့ ချစ်သူရယ်*
*သူတို့အတွက်*
*ခဏလောက် ဆိုင်းပါဦး။*

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

တကယ်အိပ်တော့မည် ဆိုတော့လည်း အိပ်ပျော်သည် မဟုတ်။

ငွေလက ထိန်ထိန်သာနေသည်။ သို့ကြောင့် ငွေလရောင်၏ ဆွဲဆောင်မှုနောက်သို့ ကောက်ကောက်ပါအောင် လိုက်မိသည်။ အိမ်အောက်သို့ အသာဆင်းခဲ့လျက် အိမ်အောက်မှ အိမ်ဦးဘက်သို့ ခေါင်းငုံ့လျှိုးကာ ထွက်လာလေသည်။

စင်ထိုးထားသော ခဝဲပင်အောက်ရောက်မှ ကိုယ်တစ်ယောက်တည်း မဟုတ်သည်ကို သတိထားမိသည်။

"နွေးနွေး. . ."

နွေးနွေးသည် ရုတ်တရက်မို့ လန့်သွားသည်။ နွေးနွေးလက်ထဲတွင် ဆန်ခါခုံးငယ်တစ်ခု ကိုင်ထားသည်။

"နွေးနွေး၏ မျက်နှာသည် အမှောင်ရိပ်ထဲ ကျနေလျက်ကပင် အမှောင်ထဲ မျက်နှာကိုတစ်ဖက်သို့လှည့်ကာ ခဝဲညွန့်ကို အမှတ်မထင် လှမ်းဆွတ်ရင်း. . .

"မနက်ဖြန် မနက်အစောကြီး ဒေးစွန်ပါကို မိုးဟိန်းကိုအဖီးက ပို့မယ်ဆိုလို့ ငါးပိချက်နဲ့တို့ဖို့ ဟင်းရွက်ခူးနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ညကြီးမင်းကြီး နွေးနွေးရာ"

"ဟုတ်တယ်၊ မနက်ကျ အချိန်မီမှာမဟုတ်ဘူး၊ အဖိုးက သိပ်ဝီရိယကောင်းတယ်၊ အစောကြီးနိုးမှာ"

"နွေးနွေး အိပ်မပျက်ဘူးလား"

"အိပ်ပျော်ပါတယ်၊ နွေးနွေးက ခေါင်းချတာနဲ့ အိပ်ပျော်တတ်တဲ့ မိန်းမပဲ၊ ဘာဖြစ်လို့လဲ"

နွေးနွေးသည် ရယ်မလိုမျက်နှာထားနှင့်ဖြေလိုက်သည်။ မိုးဟိန်းသည် နွေးနွေး၏မျက်လုံးများကို စိုက်ကြည့်ရင်းခေါင်းကို ခါယမ်းကာ. . .

"မဟုတ်သေးပါဘူး နွေးနွေးရယ်"

"ဟုတ်ပါတယ် မိုးဟိန်းရယ်၊ တို့အကြောင်း မသိဘူးလား၊ တို့ကလေ သူများတွေစကားဝိုင်းဖွဲ့ပြောတဲ့ကြားမှာ အိပ်ပျော်ချင်ရင် ခဏလေးရယ်၊ ထိုင်လျက် အိပ်ငိုက်သွားတာ"

"အိပ်မပျော်တဲ့အခါတော့ ရှိမှာပေါ့၊ ဒီနေ့ညမျိုးဆိုရင် နွေးနွေးမအိပ်ပါဘူး တို့သိပါတယ် မလိမ်နဲ့၊ နွေးနွေးမလိမ်တတ်ဘူး"

"တို့မှာ ဘာမှတွေးစရာအကြောင်းမှ မရှိတာ မိုးဟိန်းရယ်"

"နင့်မှာ တွေးစရာအကြောင်းရှိတယ်လို့လဲ တို့ကမစွပ်စွဲရပါလား"

သည်တော့ နွေးနွေးက ရယ်သည်။

သူတို့နှစ်ယောက်သား မတိုင်ပင်ဘဲ ပျဉ်းမပင်အောက်တွင် ထိုင်မိကြသည်။ နွေးနွေးသည် အမှုမဲ့လား၊ ဆင်ခြင်တာလား မသိ။ မိုးဟိန်းနှင့် အလှမ်းဝေးဝေးတွင် ထိုင်လိုက်သည်။ လက်ထဲမှ ဆန်ခါခုံးကို ပေါင်ပေါ်တင်လိုက်ပြီး. . .

"မနက်ဖြန် ငုဝါခုနစ်နှစ်ပြည့်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပုရစ်ပိုမွှားတို့ တစီစီမြည်သံကြားထဲမှ နွေးနွေး၏ ညင်သာသော လေသံသည် ဖောက်၍ ထွက်လာသည်။

"သူ့အတွက် နွေးနွေးစိတ်သောက ရောက်နေတာလား"

"ဆိုပါတော့၊ အားလုံးအတွက်လဲ ပါတာပေါ့၊ တို့အိမ်သားတွေရဲ့ စားဝတ်နေရေးပေါ့ မိုးဟိန်းရယ်၊ နေစရိတ် စားစရိတ်တွေက တစ်နေ့တခြား ကြီးကြီးလာတယ်၊ တို့မှာအသက်ရှူပေါက်မရှိသလိုဘဲ"

နွေးနွေးက ညည်းရှာသည်။

"မြို့တက်ပြီး နှစ်ပဲ လုပ်ရင်ကော"

"မဖြစ်ပါဘူး၊ မဖြစ်တာက အကြောင်းနှစ်ချက်ရှိတယ်၊ တစ်ချက်က. . ."

နွေးနွေးသည် စကားပြောနေရာမှ ခဝဲသီးများကိုထိပ်ဖျားချိုးကာ လျှာနှင့် တို့ကြည့်ရင်း စကားစပြတ်သွားသည်။

အဲဒီအကြောင်းနှစ်ချက်က. . ."

မိုးဟိန်းက မအောင့်နိုင်ဘဲ မေးလိုက်လေသည်။ နွေးနွေးသည် သူ့စကားကို ဆက်၍. . .

"တစ်ချက်ကတော့ မြို့မှာလခလည်း နည်းနည်းနဲ့ဘယ်နည်းနဲ့မှ လောက်မှာမဟုတ်ဘူး၊ အဖီးတို့ အဖီးတို့လဲ ရှိသေးတယ်လေ၊ အဖူးဆေးဖိုးဝါးခနဲ့ စားတာသောက်တာနဲ့တွက်ကြည့်ပေါ့၊အို. . . ဘာပဲဖြစ်ဖြစ် တို့ ကဒုတ်မှာက ဆန်တော့လုံလောက်အောင်စားနိုင်တယ်၊ ကိုယ်တာနဲ့ ဒိုင်ကိုရောင်းရပေမယ့် ဝမ်းစာတော့ လောက်အောင် ချန်လိုက်တာပဲ၊ ဟိုတစ်နှစ်ကပဲ ဝမ်းစာမကျန်လို့ အပြင်က ဝယ်စားရတာ၊ ဒါလဲ ရန်ကုန်ထက် အများကြီးသက်သာတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြသည်။ နွေးနွေးသည် သူ၏အုပ်ထိန်းသူကင်းမဲ့သော ဘဝကိုလည်း ကြောက်လန့်နေရှာသည်။

"ပြီးတော့ တို့မှာက လင်သားမရှိတော့ ဘယ်သူကလေးစားမှာလဲ၊ အုပ်ထိန်းသူမရှိတဲ့ဘဝပဲ မိုးဟိန်းရယ်၊ ဒါကိုပဲ တချို့က အကွက်ချောင်းနေတာ၊ တို့နှစ်ဘဝက လူပေါင်းစုံနဲ့ မလွှဲနိုင် မရှောင်နိုင်ဆက်ဆံရတာ၊ ငယ်ငယ်တုန်းက မိုက်ခဲ့တာလဲ မိုက်ခဲ့တာပေါ့၊ ခုကတော့ ကိုယ်က မမိုက်လဲသူတို့က ဘယ်လိုအငိုက်ဖမ်းမလဲဆိုတာ တွေးပူနေရတဲ့ဘဝ၊ မရှိလို့လုပ်စားရတဲ့ကြားထဲ စိတ်ပါဆင်းရဲရမယ်ဆိုရင် . . ."

နွေးနွေးက စကားဆုံးအောင်မပြောတော့။ပြောလည်းမပြောတော့ပေ။ အတွေးနှင့် မြေပြင်ကို စိုက်ငေးနေသည်။

"ဒါတော့ ဒါပေါ့ဗျာ"

မိုးဟိန်းသည် ဖြည့်စွက်စရာစကားများ မရှိတော့သလိုဖြစ်ပြီး နွေးနွေးစကားကို ဤမျှသာ အထောက်အကူပြုလိုက်နိုင်သည်။သူ့ရင်ထဲတွင် ပြောစရာစကားတွေကပြည့်နေသည်။ ဒါပေမဲ့ ဘယ်ကဘယ်လိုစ,ရမည်လဲ။ သည်တစ်ခါတော့အရင်တုန်းက နွေးနွေး မဟုတ်တော့သည်ကိုလည်း သိပါသည်။ ပြောလို့ဆိုလို့လည်းခက်မည်မထင်။ ဆိုနိုင်ခက်ခဲသည့် အချိန်အရွယ်လည်း မဟုတ်တော့။

သို့သော နွေးနွေးအား ယနေ့ထက်တိုင် တန်ဖိုးထားဆဲဖြစ်ကြောင်းကိုတော့ နွေးနွေးအား နားလည်စေချင်လှသည်။

"စောထူးဆို သိပ်မရှိစကားပြောတာပဲ၊ အားလုံး ဒီလိုပဲ ထင်ပါရဲ့နော်" နွေးနွေးက အဖော်ညှိသည်။

"အားလုံး မဟုတ်တောင် အများတကာ့ အများကတော့ဒီလိုပါပဲ နွေးနွေးရယ်၊ အံ့မောင်ပြောသလိုမျိုး ပြောရရင် ဒူးယားတစ်

www.burmeseclassic.com

www.burmeseclassic.com



လိပ် ပြားသုံးဆယ်၊ ပေါင်မုန့်တစ်ချပ် ပြားသုံးဆယ်၊ လက်ဖက်ရည်တစ်ခွက် ပြား ၇၀ အကြောင်းမပြောရတဲ့ ပြဿနာကြီးသာဖြစ်လိုက်ချင်တယ်တဲ့၊ နင်တို့ငါတို့ဟာ ပြဿနာတွေ မဟုတ်ဘူး နွေးနွေး၊ တို့ရန်ကုန်မှာလေ နင် ဘာလိုချင်သလဲပြော၊ လေဟာပြင်ဈေးကို သွားရင်လေ”

ပြုန်းဆို မိုးဟိန်းသည် ကာရံ့မဲကဗျာ အဆန်းတေးတစ်ပုဒ်ကို သတိရပြီး. . .

“ရုရှား အရက်၊ အမေရိကန် စီးကရက်၊ ပြင်သစ် ရေမွှေး၊ အင်္ဂလိပ် ပေါင်ဒါ၊ ဂျပန် ကက်ဆက်၊ ဂျမေကာ ခေတ်ပြား၊ ယိုးဒယားဖော့၊ အင်ဒိုနီးရှား ပါတိတ်၊ ဟောင်ကောင် ချိုချဉ်၊ အင်္ဂလန်ထောပတ်၊ ဩစတြေးလျ ပန်းသီး အားလုံးရှိတယ်၊ မရှိတာကဒါ. . .”

ပြောရင်းလည်း လက်ညှိုးနှင့်လက်မ ဝိုင်းပြသည်။

“ဒါဖြင့် တို့ရန်ကုန်မှာ မနေမိတာကံကောင်းတာပေါ့၊ နို့ မဟုတ်ရင် သူများဝယ်တာ သွားရည်ယိုပြီး စိတ်ဆင်းရဲနေရဦးမယ်၊ စုမြတ်နန္ဒာတို့ တင်မလတ်တို့တော့ အရမ်းကြွနေမှာပဲထင်ပါရဲ့၊ လောကကြီးမှာ သူတို့လုပ်တိုင်း ဘာမဆို တင့်တယ်နေမှာပါ ထင်ပါရဲ့ဟယ်”

“အားမကျစမ်းပါနဲ့ဟာ၊ ဒါမျိုးက အားကျသင့်တာ မဟုတ်ဘူး”

“အံမယ်. . . အားကျလို့ပြောနေတာ မဟုတ်ပါဘူးဟဲ့”

နွေးနွေးက ခပ်ဆတ်ဆတ်ပြန်ဖြေသည်။ နောက်မိုးဟိန်းကို နွေးနွေးက မျက်စောင်းတစ်ချက်ဝင့်သည်။ ထုံးစံအတိုင်း သူတို့နှစ်ယောက် ရန်ဖြစ်ရန် ဟန်ပြင်မိကြပြန်သည်။ သို့ကြောင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးသည် ထိုင်နေရာမှ ပြုန်းဆို ထလိုက်သည်။ မိုးဟိန်းက. . .

"နွေးနွေး. . ."

"တို့စိတ်က အရင်လိုမဟုတ်တော့ဘူး မိုးဟိန်း၊ တို့ဘယ်သူနဲ့မှ ရန်မဖြစ်ချင်ဘူး"

"ဘယ်သူကရော ဖြစ်ချင်လို့လဲ"

"ဘယ်သူ ရန်စသလဲ"

"ဒါ ရန်စတာလား၊ သေလိုက်စမ်းပါဟာ"

"နင်သေလိုက်"

"သွားစမ်းပါဟာ၊ ငါအကောင်းပြောနေတာကို"

"မပြောနဲ့၊ အကောင်းလဲ မပြောနဲ့၊ အဆိုးလဲမပြောနဲ့ တို့က ဘယ်သူ့စကားမှ နားမထောင်တတ်ဘူး ငါမှားရင် ငါခံမယ်. . . ဒါပဲ"

"အေး. . . ဒါကြောင့် နင်. . ."

မိုးဟိန်းသည် စကားကိုအဆုံးမသတ်ရက်။ နွေးနွေးသည် ရယ်လိုက်ကာ. . .

"စကားကို ဆုံးအောင်ပြောလေ"

"မပြောတော့ဘူး"

"ပြောပါ. . . နင်ပြောချင်တာ ပြောပါ၊ တို့ခံနိုင်ပါတယ်"

"ဒီလိုဆို ငါတစ်ခုပဲပြောမယ်"

"ဆယ်ခုပြော"

"မနောက်နဲ့"

"မနောက်ပါဘူး"

နွေးနွေးသည် စိတ်လက်ပေါ့ပါးစွာ ရယ်မိလေသည်။ မိုးဟိန်း၏ မျက်နှာသည် လရောင်အောက်တွင် မှုန်ကုပ်နေသည်။ ဘူးစင်

www.burmeseclassic.com

www.burmeseclassic.com



မှ အရွက်ရိပ်တို့သည် မျက်နှာများပေါ်တွင် ပြောက်တိပြောက်ကျား ထိုးကျနေသည်။ ဆံယဥ်စလေးများ ဖရိုဖရဲနှင့် နွေးနွေး၏ မျက်နှာလေးကား အပြစ်ကင်းပဖြူစင်မြဲပင်။ မိုးဟိန်းသည် ဘူးညွှန့်တစ်ညွှန့်ကို လက်နှင့်အမှတ်မဲ့ လှမ်းဆွဲလိုက်ရင်း. . .

"တို့က နင့်ကို ချစ်နေတုန်းပဲဆိုတာ ပြောမလို့ပါ"

မိုးဟိန်း၏စိတ်ထဲ၌လူပျိုပေါက်အရွယ်ပမာ လှုပ်ရှားပြီးအသံတုန်နေတာကို အသာပြန်ထိန်းလိုက်ရလေသည်။ အသံကလည်း နည်းနည်းတိုးသွားပြီး နောက်ဆုံးစကားလုံးများကို မျိုချလိုက်မိလေသလား မသိ၊ နွေးနွေးတစ်ယောက်ကြားမှ ကြားပလေစဟု စိတ်ထဲပူပင်မိသည်။ ရင်ထဲ၌လည်း ဖျတ်ခနဲခုန်နေသည်။

နွေးနွေး၏ မျက်နှာသည် ရယ်နေရာမှ ရုတ်တရက်တည်သွားပြီး ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။ နက်မှောင်ရှန်းလဲ့သော မျက်လုံးတို့သည် အရည်ကြည်ဖြင့် တလဲ့လဲ့စိုလာပြီး မျက်လွှာအရိပ်မည်းနှင့် အသာအယာဖုံးကွယ်လိုက်ပြီး. . .

"ဒါတွေ မပြောပါနဲ့ဟယ်၊ တို့က ငဝါအမေဆိုတော့ လူကြီးဖြစ်ပြီပေါ့၊ လူကြီးကို အဲလိုပြောရင် နင်ငရဲကြီးလိမ့်မယ်"

"တော်စမ်းပါဟာ၊ စကားနဲ့မစီးပိုးစမ်းပါနဲ့"

"ဘယ်မှာ စီးပိုးလို့လဲ"

"နင်က ငါ့ထက်ငယ်တာပဲ"

"ဒါပေမဲ့ တို့က လူကြီး၊ နင်က ကလေး"

"သေစမ်းပါဟာ"

"တို့ကို ဒါမပြောနဲ့တော့ဟာ. . . အပြတ်ပဲ"

နွေးနွေးသည် လူကြီးသူမတစ်ယောက်ပမာ ပြောပြီးမှ အိမ်လှေကားခြေရင်းတွင် ဘာမပြောညာမပြောနှင့် ထိုင်ငိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းက နွေးနွေး၏ပခုံးကို လှမ်းကိုင်ကာ အသာအယာချော့လည်း မတိတ်။ နွေးနွေးက ငိုပြန်တော့လည်း ပြကတေ့ ကလေးငယ်နှင့် တူလှသည်။ သူသည် ငယ်ငယ်တုန်းကလိုပင် ငိုသည်။

"ငုဝါကို သူတို့ခေါ်သွားရင် ဘယ့်နှယ်လုပ်မလဲ"

ဗလုံးဗထွေးပြောသေးသည်။

"သူတို့ ငုဝါကိုတောင်းနေတယ်၊ ငါဘယ်ပေးနိုင်မလဲ၊ ငုဝါသူတို့နဲ့နေရင် ချမ်းသာမှန်းတော့ သိတာပေါ့၊ ဒါပေမယ့် ငုဝါမရှိရင် တို့သေမှာ"

သည်တစ်ခါတော့ မိုးဟိန်းရင်ထဲ၌ မခံချိဖြစ်ပြီး ဒေါသမီး ဟုန်းဟုန်းတောက်လျက်. . .

"တောက်. . . နင်က သူတို့နဲ့အဆက်အဆံရှိတာပေါ့ ဟုတ်လား၊ နင် မမှတ်သေးဘူးလား နွေးနွေး"

"တိုက်ရိုက်သွားတွေ့တာတော့ ဘယ်ဟုတ်ပါ့မလဲ မိုးဟိန်းရယ်၊ အို. . . အကောင်းဆုံးကတော့ ဒါတွေ ဘာမှမပြောတာဘဲ၊ အဖီးဆိုရင် ဒီအကြောင်းတွေ လုံးဝအပြောမခံဘူး၊ ပြောရင် ပြောလာတဲ့လူကို စိတ်ဆိုးတယ်"

နွေးနွေးက ယတိပြတ်ပြောပြီးအိမ်ပေါ်ပြန်တက်သည်။ နွေးနွေးကိုပြောစရာစကားတွေ မိုးဟိန်းရင်ထဲ ပြည့်ကျပ်လျက်ကျန်ရစ်သည်။

နွေးနွေးရော၊ အဖီးရောအပြောမခံချင်တာတော့ အပြစ်ဆိုဖွယ်မရှိ။

"ဒါပေမယ့် နွေးနွေး၊ အနိုင်ခံပြီးရင်းခံနေရမယ်ဆိုရင် တရားပါ့မလား၊ ဒီလောကကြီးမှာ အခွင့်အရေးဆိုတဲ့ အဖိုးတန်ရတနာတွေကို မယူတတ်ရင် ဆွဲငင်မယူနိုင်ရင် မပိုင်ဆိုင်ဘဲနေကြရတော့

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့လို့ ဂျက်လန်ဒန်က ကာလီဖိုးနီးယားက သူ့ရဲဘော်တွေကို ရေးလိုက်တဲ့ စာထဲမှာ ငါဖတ်ရဖူးတယ်။ ဒီအခွင့်အရေးဆိုတာက လဲ ကောင်းမော်စံဆိုတဲ့ နင့်လူက သိမ်းသွင်းတာကို နင်ကနောက် ဖေးပေါက်က လက်ခံလိုက်မယ်ဆိုရင် နင်ဘာဖြစ်သွားမလဲ၊ ဒီလို ဆိုရင် နင်ဟာ ဒုက္ခပင်လယ်ဝေ့ရဲ့ အောက်ဆုံးထပ်ကို ကျသွားမှာ ပဲ”

မိုးဟိန်းက သည်လိုပြောလျှင် နွေးနွေးကတော့ စိတ်ရှုပ်ရှုပ်နှင့် ခေါင်းတခါခါ လုပ်နေပေလိမ့်မည်။ ပြီးနောက်. . .

“နင်ပြောတာ တို့နားမလည်ပါဘူး”ဟု ညည်းညူနေလေဦး မည်။

မိုးဟိန်းကတော့ နွေးနွေးခေါင်းခါညည်းညူတာတွေကို စိတ် ပျက်လက်လျှော့မဖြစ်ဘဲ နွေးနွေးနားလည်သည်အထိ ကြိုးစားချင် သည်။ နဂို စိတ်တိုတတ်ပေမင့် သည်တစ်ခါတော့ စိတ်ရှည်ရပေ တော့မည်။

“အဲလို နွေးနွေးနားလည်လာတဲ့တစ်နေ့မှာ နွေးနွေးဘယ်သူ က အနိုင်ကျင့်တာမှ မခံရဘူးပေါ့၊ နွေးနွေးကို ဘယ်သူမှ မချုပ် ချယ်ရဲဘူးပေါ့၊ နွေးနွေးရဲ့ အနိဋ္ဌာရုံဘဝကလဲ လွတ်မြောက်ပြီပေါ့”

ထိုနေ့ညက တစ်ညလုံးအိပ်မပျော်သော မိုးဟိန်း၏နားထဲတွင် နွေးနွေး၏ ကြိတ်ရှိုက်သံသည် နားထဲကတ်ကတ်သတ်သတ် လိုမ့် ဝင်လာလေသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၇)

ဝိုးတဝါးအိပ်မက်နှင့်အတူ ထွေပြားရှုပ်ထွေးနေသော စိတ်သည် အတိတ်အရပ်ဆီသို့ လွင့်ပါးသွားလေသည်။

တကယ်တော့ ဘဝဆိုတာ အိပ်မက်မဟုတ်။ သို့ကြောင့် မလှပမသေသပ်သော အကြောင်းခြင်းရာများနှင့် ပြည့်နှက်နေသည်ကို မိုးဟိန်းသိခဲ့ပါသည်။

စောထူးနှင့်အတူ တောင်ဥက္ကလာပရပ်ကွက် တစ်နေရာမှ တဲအိမ်လေးနှင့်နေခဲ့ရတုန်းက အချိန်တွေကို ပြန်မတွေးချင်သူ၊ သူ့ထက် နိမ့်ကျသော စောထူး ကျွေးထားရတဲ့ဘဝကို စက်ဆုပ်လှသည့်အပြင် စောထူး၏ ထမင်းရည်ကို ကူသောက်ရသောဘဝကိုလည်း စိတ်ဆင်းရဲမိသည်။

မနက်စာထမင်းအစား၊ အဟုတ်တကယ် ထမင်းရည်သောက်ကာ ညနေကျမှ ထမင်း အဝစားသောက်ကြရသည်။ အဖူးတို့၊ အဖီးတို့ ကရင်သွေးမို့ ထမင်းပဲ အာသီသထားပြီး ထမင်းဝဝ စားရမှ ကျေနပ်လှသည်။

ပန်းချီကျောင်းဆင်းပြီး ပထမတော့ သက်မွေးဝမ်းကျောင်းအတွက် သက်လုံမကောင်းသေး၊ မဂ္ဂဇင်းတွေကို ပို့သော ဒီဇိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရေးခကလည်း ရတစ်ချက် မရတစ်ချက်။ သူလိုကိုယ်လို ကြုံရာပို့ အပျော်တမ်းတွေကလည်း ပြည့်နေသည်။

လူငယ်တွေစုပြီး ကာတွန်းတစ်အုပ် ထုတ်ကြမည် ကြံစည်တာလည်း အထမမြောက်သေး။ သည်တုန်းက ဝမ်းရေးအတွက် ပြေးလိုက် လွှားလိုက်ဖြစ်နေခဲ့ရတာတွေကို မှတ်မိသေးသည်။

တစ်ရက်တော့ ထီပေါက်သလို 'လယ်နတ်သခင်မ'ကို နိုင်ငံခြား ဒုတိယသံအရာရှိတစ်ဦး၏ ဇနီးက ငွေ ၅၀ဝိနှင့် ဝယ်ယူသည်။ ဘောင်မကြိုက်သဖြင့် လဲပေးရမည်ဆို၍ ထိုမျက်နှာဖြူမကြီးနှင့် စကားအကြိတ်အနယ် ပြောရသေးသည်။

သည်ပိုက်ဆံထက်ဝက်ကို ရုပ်ပြကာတွန်းစာအုပ် ထုတ်ဝေသည့် အစုစပ်ထဲထည့်ပြီး ကျန်တစ်ဝက်ကို နိုင်ငံခြားဘာသာသိပ္ပံကျောင်းတွင် ကျောင်းတက်ရန် ဝင်ကြေးနှင့်လခအဖြစ် သွင်းရန် ဖယ်လိုက်သည်။ စောထူးအတွက် ဆိုင်ကြွေးလည်း ဆပ်လိုက်သည်။

စိမ်းစိုတောက်ပသော မြက်ခင်းများ လေချိုသိမ်းအဖွဲ့တွင် ယိမ်းနွဲ့နေကြသော ရွှန်းမြမြနှင့် ပင်ဝါးရုံများ၊ ဇာမျှင်ခက်နှင့် ထင်းရှူးပင်များအကြားမှ အုတ်နီနီ အဆောက်အအုံလေးများကား စိတ်တက်ကြွဖွယ်ရာကောင်းသော နိုင်ငံခြားဘာသာသင် သင်တန်းများပေတည်း။

မြေနီလမ်းမာဘေးတွင် ထိုးဆိုက်ထားသော ကားကြီးကားငယ် အသွယ်သွယ်တို့သည် မိန်းမလှများကို တင်ဆောင်လာကြသည်။

ဖော့ရှန်အထူစနှင့် ဂျပန်ကီမိုနို၊ အင်ဒိုနီးရှားပါတိတ် အထက်အောက်ဆင်တူ၊ ကြိုးသိုင်းဖိနပ်ရောင်စုံ၊ မျက်ခွံစိမ်းနှင့် အိုင်းရှဲဒိုး

www.burmeseclassic.com

www.burmeseclassic.com



များ၊ တောက်ပသော ဒိုင်ခွက်များနှင့် တစ်တိုနီလေးထောင့်နာရီများ၊ ရှာနယ်(၅) ရေမွှေးရနံ့များ သင်းပျံ့နေသော ပိတုန်းရောင်ကေမှင်ဖားရရားတို့ တိုင်းပြည်ကိုရုတ်ခြည်းရောက်လာလေသည်။

"ကိုဟိန်း"

ရှေ့တူရူမှ တစ်စုံတစ်ယောက်သည် လှမ်းနှုတ်ဆက်လိုက်သည်။ လိမ္မော်ရောင်တောက်ပနေသော ကားတံခါးပိတ်သံကိုလည်း တစ်ပြိုင်နက်တည်း ကြားလိုက်ရသည်။

"ကိုဟိန်း. . . ဘာလာလုပ်တာလဲ၊ ယူကလပ်စ်တက်နေတယ်"

စုမြတ်နန္ဒာသည် မိုးဟိန်းအနားသို့ တိုးကပ်လာလေသည်။ ညိုရောင်ဖျော့ဖျော့ဆံပင်သည် ပခုံးထက်၌ ဝဲကျနေသည်။ လိမ္မော်ရောင် ခံသီးပုံ ပလတ်စတစ်နားကပ်သည် ဝါဝင်းသော နားတွင် ထည်ဝါစွာ ဝင့်နေသည်။ အဝါခံတွင် အနက်ရောင်ပင့်ကူပန်းများနှင့် အင်ဒိုနီးရှားပါတိတ် အထက်အောက်ဆင်တူသည် စုမြတ်နန္ဒာ၏အသားကို ပို၍ပွင့်စေသည်။ အနက်ရောင် ကြိုးသိုင်းဖိနပ်သည်းကြိုးမှ လိမ္မော်ရောင်ခြေသည်းတို့သည် တောက်ပရွှန်းစိုနေသည်။

"ကျွန်တော် ကလပ်စ်တက်နေတယ်"

"ဘာကလပ်စ်လဲ"

"ပြင်သစ်"

"ဟယ်. . . ယူ ဒီနားကဖြတ်သွားတာလဲ မတွေ့ပါလား၊ စုစုက ဂျက်ပနီးစ်(ဂျပန်) တက်နေတာ"

"ဟုတ်ကဲ့"

"ကြာပြီလား တက်နေတာ"

"ဒီနှစ်မှပါ၊ မနေ့ကမှ စ ကျောင်းတက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"စုစုက ဒီနှစ်ဒုတိယနှစ်၊ ဒက်ဒီက ဂျပန်စာက အသုံးဝင်မယ် ဆိုလို့ စုစုတက်တာ၊ ယူကော ဘာဖြစ်လို့ ပြင်သစ်ဘာသာ တက်တာလဲ"

"ပြင်သစ်စာပေကို ဖတ်ချင်လို့ပါ၊ ပြီးတော့ ပန်းချီပန်းပု အကြောင်း ဆောင်းပါးတွေလဲ ဖတ်တတ်ချင်တယ်"

"ဒါထက် ပန်းချီကားတစ်ချပ် မစ္စက်(. . . . .)ကို ရောင်းရတယ်ဆို"

"ဘယ်သူပြောလဲ"

"ဒီလိုပေါ့၊ ကိုယ်တို့မမနဲ့ မစ္စက်နဲ့ ခင်တာပဲဟာ၊ သူတို့အိမ် တောင် ရောက်ဖူးသေးတယ်၊ ယူရဲ့ ဘာလဲ ကောက်ရိုးရှင်မဆိုပဲ"

"လယ်နတ်သခင်မပါ"

"အေး အေး. . . အဲဒါတွေ့ခဲ့လို့၊ ယူ သိပ်တော်တာပဲ၊ ကွန်ဂရက်ကျူလေးရှင်း"

"ကျေးဇူးတင်ပါတယ်"

"မိန်းမလှလှလေး က,နေတဲ့ပုံ ဆွဲပါဦးကွယ်၊ စုစုပုံကော မဆွဲတော့ဘူးလား"

မိုးဟိန်းကပြုံး၍သာနေမိသည်။ စုမြတ်နန္ဒာသည် မိုးဟိန်းအား သူ့လက်ဆွဲသားရေအိတ်နှင့် လှမ်းရိုက်ပြီး. . .

"ဟန်လုပ်ပြီးတောင် ဆွဲပေးမယ်မပြောဘူးကွယ်၊ သူ သိပ်ဖြစ်တာပဲ"

"ကျွန်တော်က လုပ်မပေးနိုင်ရင် သိပ်ကတိမထားချင်ဘူး"

"ဖိုးစောထူးတို့ရော နေကောင်းတယ်နော်"

စုမြတ်နန္ဒာသည် စကားလမ်းကြောင်းကို ချက်ချင်းလွှဲလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းပါတယ်"

"နွေးနွေးကော"

"ကဒုတ်မှာ"

"ယူကော မသွားဘူးလား"

"မသွားပါဘူး"

"ဘာဖြစ်လို့လဲ စိတ်နာလို့လား"

"မပြေလည်သေးလို့ပါ"

"ဒေါက်တာကောင်းမော်လဲ ကြည်ပြာနဲ့ လက်ထပ်တော့မယ် နော်၊ သူတို့လဲ ဝင့်လိုက်တာပဲ. . . ကြည်ပြာက နိုင်ထားလိုက်တာ ဆို ဒေါက်တာကောင်းမော်ကို၊ နွေးနွေးကလဲ သိပ်မိုက်တာပဲ၊ သူ့ကို ဒေါက်တာကောင်းမော် မယူဘူးဆိုတာ စကတည်းက. . .' သူ့ စကားမဆုံးမီပင်. . .

"နွေးနွေးက ဟိုတုန်းက ကလေးပဲ၊ ရှေ့က နှစ်ဂဏန်းမရောက် သေးတဲ့အရွယ်ဆိုတာ ငယ်လွန်းပါတယ်"

"စုစုဆိုတာ အဲဒီအရွယ်ကတည်းက စ,ပါးရတာ"

"မစုစုတို့က မြို့သူပဲဗျာ"

"ခုတော့ သမီးလေးတောင် ကြီးနေပြီလား၊ တင်မလတ်တို့က နွေးနွေးတို့ကလေးကို လိုချင်လို့တဲ့၊ မွေးစားချင်တာတဲ့"

မိုးဟိန်းသည် ပြုန်းစားကြီး နှုတ်မဆက်မိဘဲ ထွက်ခဲ့မိသည် ထင်သည်။ ဝေဒနာတစ်ရပ်သည် ရင်ထဲမှီတွယ်လာခဲ့သည်။ သည် ဝေဒနာနှင့်အတူ သေသပ်ခြင်းကင်းမဲ့သော လူ့ဘဝဖြစ်စဉ်က မိုးဟိန်းအား ကလူကျီစယ်လေသည်။ ၁၆ကားပေါ်က လမ်းနီလေး မှတ်တိုင် အဆင်းတွင် မိုးဟိန်း၏ ပင်ဖြူတိုက်ပုံ အင်္ကျီအတွင်း အောက်ဘက်ထောင့်သည် မှတ်ဆိတ်ရိတ်ဓားလှီးရာနှင့် ကျန်ရစ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလခနှင့်ဝင်ကြေး ၂၅/ပေးပြီး ကျန်ငွေ ၇၀ ကို လက်ဖက်ရည်ဆိုင် ကြွေးဆပ်ဖို့ထည့်လာမိရာမှ တိုက်ပုံအင်္ကျီအိတ်ကို ဓားနှင့်ဟင်းလင်းဖွင့်ပြီးနောက် မရှိတော့ပေ။

ရင်ထဲ ဒိတ်ခနဲခုန်ကာ အသက်ရှူများပင် ရပ်သွားသည်။ နဖူး၌ ချွေးများသီးလျက် တက်တစ်ချက်ကို ပြင်းထန်စွာခေါက်လိုက်လေသည်။ သူ့ရှေ့မှ လျှောခနဲဖြစ်သွားသော လိမ္မော်ရောင်ကားထဲမှ လှမ်းပြသွားသည့် လက်ဖြူဖြူလေးများ၏ ယဉ်ကျေးဖွယ်ရာ နှုတ်ဆက်သော အမှတ်အသားကို ဘယ်လိုမှ မတုံ့ပြန်မိ။

နောက်ဆုံး နှုတ်ဆက်လိုက်သည်ဟုတော့ ယူဆမိသည်။ မိုးတို့သည် ဆုပ်ပက်လိုက်သည့်ပမာ ဖွဲဖွဲကျလာတော့ ထီးမရှိသော မိုးဟိန်းသည် မိုးရေထဲ သည်အတိုင်း ပေရပ်နေမိသည်။ စုမြတ်နန္ဒာ၏အပြုံးသည် ကားထဲမှ လွင့်ကာ မိုးဖွဲတွင် တည်နေသည်။ စုမြတ်နန္ဒာ၏ဖခင်သည် အရာရှိလား၊ ကုန်သည်လား ပြန်စဉ်းစားလို့ မပေါ်၊ ချမ်းသာလှသည် ဆိုပဲ။ ဒါကို အားကျရမည်လား။

မိုးဟိန်းပညာကိုတော့ လေးစားပုံရသည်။ သို့သော်လည်း မိုးဟိန်းခေါင်းထဲ စာတွေထဲမှ အတွေးတွေ တန်းစီကာ ဝင်လာသည်။ ဂျက်လန်ဒန်၏ ဘဝနှင့်စာပေ. . .

*ဦးနှောက်ကုန်သည် တစ်ယောက်အနေနဲ့ ကျွန်တော်ဟာ အောင်မြင်ပါတယ်။ လူ့အဖွဲ့အစည်းကြီးဟာ ကျွန်တော့်ကို တံခါးဖွင့်ပေးပါတယ်။ ကျွန်တော်ဟာ ဧည့်ခန်းထဲ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်သွားပါတယ်။ လူ့ဘောင်ရဲ့ အရှင်သခင်များနဲ့ ကျွန်တော် ထမင်းလက်ဆုံစားရပါတယ်။ လူ့ဘောင်ရဲ့ အရှင်သခင်များရဲ့ ဇနီးသား*

www.burmeseclassic.com

www.burmeseclassic.com



သမီးတွေနဲ့လည်း အတူ ထမင်းလက်ဆုံစားရပါတယ်။ အမျိုးသမီးတွေဟာ သိပ်လှပတဲ့ အဝတ်အစားတွေ ဝတ်ထားကြပါတယ်။

နောက်ပြီး သူတို့ဟာ မဆင်မခြင်နိုင်လောက်အောင်ဘဲ တစ်ကိုယ်ကောင်းဆန်လှပါတယ်။ တစ်ချိန်လုံး သူတို့စားသောက်နေတာတွေဟာ ကလေးသူငယ်တွေရဲ့ လုပ်အားနဲ့ သွေးအလိမ်းလိမ်းလူးနေတဲ့ အမြတ်တွေ၊ ချွေးသီးစွန်းထင်နေတဲ့ အမြတ်တွေ၊ မတရားယူထားတဲ့ အမြတ်တွေနဲ့ ဝယ်ထားတဲ့ အစားအစာတွေဖြစ်တယ်. . . ။

ကျွန်တော်ဟာ ဒီလိုပြောလိုက်ရင် ဂျူလီအိုဂရေဒီရဲ့ညီမတွေဟာ သွေးနဲ့ဆိုးထားတဲ့ ပိုးထည်ဖဲထည်တွေ၊ သွေးနဲ့လုပ်ထားတဲ့ လက်ဝတ်တန်ဆာတွေကို ချွတ်ပစ်လိုက်ကြလိမ့်မယ်လို့ ရိုးရိုးသားသားပဲ ယူဆထားပါတယ်။ ဒါပေမယ့် သူတို့ဟာ ဒေါသထွက်လာကြတယ်။ နောက်ပြီး လူ့ဘောင်ရဲ့ အောက်လွှာမှာ ဆင်းရဲကြတာတွေဟာ အသုံးအစွဲ မချွေတာလို့၊ မကျစ်လျစ်လို့၊ အရက်သောက်လို့၊ အတိတ်ကံမကောင်းလို့ဆိုပြီး ငြီးငွေ့လာအောင်ကို သူတို့က ဟောပြောကြပါတယ်။

အသုံးအစွဲမချွေတာတာကြောင့်၊ အရက်သောက်တာကြောင့် တောင်ပိုင်းဝါဂွမ်းစက်တွေမှာ မဝရေစာ စားနေရတဲ့ သက်ခြောက်နှစ်လောက်ရှိတဲ့ ကလေးတွေ ညတိုင်း ၁၂ နာရီလောက် အလုပ်လုပ်ရတာလို့ ကျွန်တော် မထင်ဘူးလို့ ပြောလိုက်တဲ့အခါမှာ ဂျူဒီဂရေဒီညီအစ်မတွေဟာ ကျွန်တော့်ကို ပုဂ္ဂိုလ်အရ ရန်ထောင်ကြပါတယ်. . . ။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကြိုးကြိုးစားစားလုပ်ပြီး ရိုးရိုးသားသားနေထိုင်ပါလျက် မရှိတာလည်း တွေ့ဖူးသည်။ ဒါကို 'ဂျက်'ကတော့ သူတို့ဆီမှာ မဝရေစာ စားရတာတွေ၊ နေစရာမရှိတာတွေဟာ တိုင်းပြည် 'ပွကိန်း' ကြုံနေတဲ့ကာလတွေမှာတောင် ရှိနေတော့ ပျောက်ပျက်အောင် ဘယ်တော့မှ လုပ်မရမယ့် ဆင်းရဲခြင်းရဲ့ နာတာရှည်အခြေအနေ ဖြစ်ပါတယ်ဟု ပြောခဲ့ဖူးတာ သတိရမိသေးသည်။

မိုးဟိန်းသည် ကားခအတွက် အိတ်ထဲမှ ၁၀ ပြားစေ့တစ်စေ့ ထုတ်လိုက်သည်။ လေးထောင့် ၁၀ ပြားစေ့ကို မမြင်ဖူးတော့သလို ငေး၍ကြည့်မိသည်။ ခါးပိုက်နှိုက်ခံရသော ငွေ ၇ဝိ ဖိုး ပြား၇၀၀၀ ဟု စိတ်တွက်တွက်မိပြီး ရင်ထဲ၌ ဝေဒနာပြင်းပြ ခံစားမိသေးသည်။ တကယ်တော့ ငွေ ၇ဝိ ဆိုတာ ဇော်ဇော်နဲ့ ဟိုတယ်သွားပြီး ထမင်း တစ်နပ်စားတောင် မရှိပါဘူးဟု တွေးမိပြန်တော့လည်း အသုံး လွှယ်သလောက် အရှာလွယ်လျှင် ဘယ်လောက်ကောင်းမည်လဲဟု တမ်းတဖွယ် စိတ်ကူးအိပ်မက်ကို မက်မိသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၈)

ပဲခူးမြို့နယ် ဝမ်းဘဲအင်းနယ်မြေအခြေမှ လှမ်းကြည့်လိုက်လျှင် အနောက်ဘက်ရိုးမတောင်တန်းသွယ်ကို စိမ်းညို့ညို့နှင့် လှမ်းမြင်နေရသည်။

ဒေးစွန်ပါဘုရားသည် ပဲခူးနယ် ဝမ်းဘဲအင်းမြို့မှ သုံးမိုင် အကွာ မနိမ့်လွန်း မမြင့်လွန်းသော တောင်ကုန်းပေါ်တွင် တည်ရှိသော တန်ခိုးကြီး စေတီတော်ဖြစ်သည်။

ရန်ကုန်မှ ဝမ်းဘဲအင်းအထိ မိုင် ၇၀ နီးပါး၊ ဝမ်းဘဲအင်းမှ အနောက်ဘက်ရိုးမသို့ မျက်နှာမူ၍ သုံးမိုင်ခန့် ခြေလျင်ခရီးနှင့်သွားလျှင် ဒေးစွန်ပါတောင်ခြေသို့ ရောက်လာမည်ဖြစ်သည်။

"ဦးဦး. . . ပလယ်ပါးခို"

ငဝါက မနက် ၄ နာရီကတည်းက အစောကြီးနိုးနေသည်။

မိုးဟိန်း၏ ခြင်ထောင်ဘေးတွင် ရစ်သီရစ်သီနှင့် ဝေ့နေသည်။

"ပလယ်ပါးခို"

မိုးဟိန်းက ပြန်ပြောတော့ သဘောကျသလို ရယ်မောကာ. . .

"ဦးဦးလဲ သိတယ်ဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရ ပြောနေသည်။

“ဘုရားဖူးတာကို ပလယ်ပါးရှာလို့လဲ ပြောသေးတယ်ငုဝါ. . . သိလား”

“သိပါဘူး၊ အမိုးကမှ မသင်ဘဲ”

ငုဝါက မခံချင်၊ ထို့နောက်. . .

“ဦးဦးက ဘယ်တုန်းက တတ်တာလဲ”

“ငယ်ငယ်လေးတည်းကပေါ့”

“ဦးဦးအမေက မြန်မာဆို”

“မြန်မာလဲ ကရင်စကား တတ်တာပေါ့၊ အမေ့ကို ဒီရွာက ကရင်တွေက သိပ်ချစ်ကြတာပဲတဲ့၊ ဦးဦးကို မွေးတော့ အိမ်နဲ့ လူနဲ့ အပြည့်ပဲ အမေ့ကိုမတွေ့ဖူးတဲ့ ဆွေမျိုးတွေက ‘ပရောမူဖိုးနိုသာကီ’ လို့ ပြောကြတယ် သိလား”

“သိတယ်”

“ဘာလဲ”

“မြန်မာမလေး လှတယ်တဲ့၊ ဦးဦးကိုလဲ သမီးပြောမယ် ပရော ခွားဖိုး နိုသာကီ”

“ဦးဦးကလှတယ်တဲ့၊ ဟုတ်ရဲ့လား”

“ဟုတ်တယ်”

“ဝိသားစူး ငုဝါ၊ ဝိသားစူး”

“ကျေးဇူးတင်ရင်. . . ပေးပိုက်ဆံ”

ငုဝါ၏ လက်ဖဝါးကို အသာဆိတ်ပြီး နှစ်ယောက်သား နံနက် အစောကြီး တသောသော ရယ်မိကြသည်။

ဒေးစွန်းပါသို့ နံနက် ၅ နာရီ သာသာတည်းက အိမ်ကထွက်ခဲ့ ကြသည်။ ဒိုက်ဦးဘက်မှ မောင်းနှင်လာသော ကားကိုစောင့်စီးကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နွေးနွေးတို့အုပ်စုချည်း လူကိုးယောက်လောက် ရှိသည်။

"ကိုးယောက် သွားကောင်းရဲ့လား၊ မောင်ကျောက်ဖြစ်ဖြစ် ခေါ်ခဲ့ကြဦး"

အံ့မောင်၏ အမေဒေါ်ငြိမ်းက အစွဲအလမ်းနှင့် မေးလိုက်သည်။

"သွားရပါတယ်၊ ဒီဘက်က ကိုးယောက်သွားလို့ ဘာမှမဖြစ်ပါဘူး"

အဖိုးက ဖြေသည်။ နော်နော်တို့ မောင်ကောင်းစိန်တို့ မကြင်မေတို့ကို လူငယ်လူရွယ်တွေ ချိုင့်တွေ ခြင်းတွေ ဝိုင်းကိုင်ပေးကြသည်။ စောထူးက ထမင်းတောင်းကို ထမ်းလာခဲ့သည်။

"အမှန်က တန်ခူးလဘုရားပွဲကျမှ သွားလို့ ပျော်စရာကောင်းတာ၊ မိုးတွင်းကတော့ အသွားအလာ အပေါက်အရောက်မရှိဘူး"

ဒေါ်ငြိမ်းက ပြောနေသည်။

"မိုးဟိန်းနဲ့ ဖိုးစောထူးလေ ပြန်မယ်တကဲကဲ ဖြစ်နေတယ်၊ ကဒုတ်လာတာ ဖင်နွေးအောင် မနေကြဘူး၊ ရောက်တုန်း ပေါက်တုန်း နေကြလို့ပြောတာ မရဘူး၊ ရန်ကုန်နဲ့ ကဒုတ်နဲ့ ဘာဝေးတာမှတ်လို့၊ အိမ်ဦးကြမ်းပြင်လို သွားနိုင်လျက်နဲ့ မိုးဟိန်းတစ်ယောက်များ ပေါ်တောင်မလာဘူး"

အဖိုးက မြည်တွန်နေသည်။

"မိုးဟိန်းက ဘာလို့ ကဒုတ်နဲ့ အဆက်အသွယ်ဖြတ်ရတာလဲ"

ဒေါ်ငြိမ်းက မေးလိုက်လေသည်။ မိုးဟိန်းက မဖြေ ရယ်၍သာ နေသည်။ စောထူးက ရယ်လျက်. . .

"ဩော်. . . အကြောင်းရှိလို့ပေါ့ အဒေါ်ရယ်"

နွေးနွေးကို တစ်ချက်မျက်လုံးကစားရင်း အဖြေပေးသည်။ ဒေါ်ငြိမ်းက အကင်းပါးလျက် ချက်ချင်းရိပ်မိကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"သိပြီ. . . သိပြီ၊ ဒါကြောင့် မိုးဟိန်းတစ်ယောက်ဆီက စာမလာ သတင်းမကြား ဖြစ်နေတာကိုးလို့ မှတ်နေတာ"

မိုးဟိန်း၏မျက်နှာမှာ အနီရောင်တက်လာပြီး ရုတ်တရက် ပြေမသွားဘဲ စီးကရက်တစ်လိပ် မီးညှိသောက်လိုက်ကာ မီးခြစ်ဆံနှင့် စောထူးအား လှမ်းပစ်ပေါက်လိုက်သည်။ နွေးနွေးသည် အဖီးအား မရဲတရဲနှင့် လှမ်းကြည့်ပြီး. . .

"ဖိုးစောထူးကလဲကွယ်"ဟုသာ လှမ်းမာန်လိုက်သည်။

အဖီးက မသိကျိုးကျွန်ပြုလျက် နှုတ်ဆိတ်နေသည်။ အံ့မောင်က သူ၏ ပြာလဲ့လဲ့အသံကို ချောင်းတစ်ချက်ဟန့်လျက်. . .

*စာမလာ သတင်းမကြားရသည်မှာ ကြာပြီဖြစ်ပါ၍ အောက်မေ့လွမ်းဆွတ် သတိရနေသည်သာ. . .*

စောထူးက ရယ်မောလျက်. . .

"အံ့မောင် အံ့မောင်. . . ကြိုးစားလိုက်ပါ အံ့မောင်ရေ"

အားပေးအားမြှောက်ပြုသည်။ နွေးနွေးသည် စောထူးကို မျက်စောင်းတစ်ချက် ဝင့်လိုက်သည်။ အံ့မောင်က. . .

*ချစ်သူထွေးရင်၊ နွေးလျက်အစဉ်သာ၊ ချစ်သူမွှေးလျှင် အေးလျက်ရင်မှာ၊ ချစ်သူကွေးရင် ဆေးဖက်ဝင်တာ ခုတော့လဲ ချစ်သူအဝေးတွင် ပြေးလျက်မမြင်သာ၊ စာမလာ သတင်းမကြားရသည်မှာ ကြာပြီဖြစ်ပါ၍ အောက်မေ့လွမ်းဆွတ် သတိရနေသည်သာ. . .*

အံ့မောင်သီချင်းတစ်ပုဒ်အဆုံးတွင် စောထူးက ကြားဖြတ်ဝင်၍. . .

*"စာမလာ သတင်းမကြားရသည်မှာ သေပြီဖြစ်ပါ၍"*

*သီချင်းကို ဖျက်လိုက်လေသည်။ ငဝိက ရယ်မောလျက်. . .*

www.burmeseclassic.com

www.burmeseclassic.com



"ဦးစောထူး သီချင်းကို ဘယ်လိုဆိုတာလဲ၊ နိမိတ်မကောင်းဘူး၊ အဲလိုမဆိုနဲ့"

ဟုတ်တယ်ဟဲ့ တောင်ပေါ်ရောက်ရင် စကားအပြောအဆို သတိထားကြ၊ လမ်းပျောက်တတ်တယ်၊ ကျားတွေဘာတွေ တွေ့နေမယ်"

အဖိုးက လှမ်းသတိပေးသည်။

ဦးသိဒ္ဓိကျောင်းသို့ ရောက်လာကြပြီး ကျောင်းထိုင်မတွေ့သဖြင့် ကျောင်းစောင့်ကိုရင်ကြီးအား ဖယောင်းတိုင်ထုပ်များ၊ ချိုချဉ်ထုပ်များ လှူဒါန်းခဲ့ပြီး ထွက်ခဲ့ကြသည်။ လယ်ကွက်အကြား ဝါးရုံပင်အုပ်အုပ်ကြားမှ သစ်သားဆောင် ကျောင်းလေးမှာ ခဏချင်းပင် ခပ်လှမ်းလှမ်းတွင် ကျန်ရစ်သည်။

သို့နှင့်ပင် တောလမ်းသို့ ရောက်လာကြသည်။ ဝါးရုံပင်များ၊ ပျဉ်းမပင်များ အုပ်အုပ်ဆိုင်းဆိုင်းနှင့် အရိပ်ကောင်း ချောင်များသည့် တောလမ်းပေါ်မှ စီးမိုးနေသည်။

"အဲဒါ ဆင်ပုန်းတောရကျောင်းလမ်းနော်"

မိုးဟိန်းက ပြောလိုက်သည်။

"မိုးဟိန်း. . . မှတ်မိသေးတယ်နော်"

နွေးနွေးက အတည်ပြောတာလား ခနဲ့တာလား မသိ။ မိုးဟိန်းက မဖြေ။ ပွဲတော်ရက်များတွင် လှည်းနှင့် ဘုရားဖူးလာကြတာကို မမေ့။ ဒီတုန်းက နွေးနွေးသည် ငုဝါအရွယ်ပဲ ရှိဦးမည်။ နွေးနွေး ခြေထောက်တွင် ငုတ်စူးသဖြင့် အဖူးက နွေးနွေးအား ထမ်းခေါ်ရလေသည်။

"နွေးနွေး အီးပေါလော"ဟု မိုးဟိန်းနှင့် စောထူးတို့က စလျှင် အဖူးပခုံးထက်မှ နှုတ်ခမ်းတစူစူနှင့် နေသည်။ မျက်စောင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



တွင်တွင်ထိုးတက်သည်။ မိုးဟိန်းကို ပြောမနိုင်လျှင် အပေါ်မှ တံတွေးနှင့် လှမ်းထွေးသဖြင့် အဖီးက ဝါးခြမ်းပြားနှင့် ရိုက်တာလည်းအမှတ်ရမိသေးသည်။

သနပ်ခါးအဖွေးသားနှင့် ငှက်ပျောကြော်စားလာသော နွေးနွေး၏ ပါးစပ်တွင် ဆီကွက်အဝိုင်းကြီးဖြစ်နေသည်။ မျက်ရည်စတွေကလည်း မျက်လုံးတစ်ဝိုက်တွင် စို့နေသည်။ နှပ်ကြောင်းအစင်းကလည်း ပါးပေါ်ကန်လန့်ဖြတ်နေသဖြင့် နွေးနွေး၏မျက်နှာကို ကြည့်ရသည်မှာ ရယ်စရာကောင်းလှသည်။

မိုးဟိန်းနှင့် စောထူးတို့ကား တစ်လမ်းလုံး ဘောင်ဘောင်သီးများ ကစားလာကြသည်။ အဖီးတို့၏ ရှုံသားဖြူဖြူဖွေးဖွေး အင်္ကျီများ အစေးတွေ စွန်းထင်းကုန်၍ အရိုက်ခံရတာကိုလည်း သတိရမိသေးသည်။ အဖီးတို့က မိုးဟိန်းနှင့် စောထူးတို့အား ကရင်ဘာသာနှင့် ညစ်ညစ်ပတ်ပတ် ဆဲရေးကြတာကို တွေးမိတိုင်း ရယ်မိသည်။

မြေလမ်းဖြစ်သောကြောင့် မိုးရာသီအတွင်း အသွားအလာ တော့ခက်သည်။ စောင်းတန်းအုတ်လှေကားများ လုံးဝမရှိ။ ဘုရားကုန်းတော် အတက် မြေလှေကားထစ်များ ပြုထားသည်ကို ခက်ခက်ခဲခဲ တက်ကြရသည်။

မြေကတော့ ရွှံ့မြေမဟုတ်သဖြင့် တော်ပါသေးသည်။ သဲလမ်းများဖြစ်သဖြင့် နင်းလို့လျှောက်လို့ ကောင်းသည်။ သဲပေါ်မှဖြတ်စီးဆင်းသွားသော ရေတိမ်ချောင်းရေတို့သည် မှန်သားပကတိ ကြည်လင်နေကြသည်။

ရှေးတုန်းက ဒီနေရာဟာ ပင်လယ်ဝဖြစ်ခဲ့တယ်တဲ့၊ ဇမ္ဗူလ မြို့ဟောင်းဆိုပဲ”

www.burmeseclassic.com

www.burmeseclassic.com



အဖိုးက ဦးပဥ္စင်းတစ်ပါး မိန့်စကားနှင့် နွေးနွေးတို့အား ဖောက်သည် ချနေသည်။

"ဒါကြောင့်မို့ ဒီနေရာတစ်ခုလုံး သဲချည်းပဲနော်"

နွေးနွေးက သဲတွေပေါ် သူ့ခြေထောက်လေးများနှင့် ရှပ်တိုက်နင်းပြီး ပြောလိုက်သည်။

"ဒေးစွန်ပါဆိုတာ မွန်ဘာသာနဲ့ စံကားဝါတောင်တဲ့"

အံ့မောင်က ရှင်းလင်းချက်ထုတ်ပြန်သည်။

"ဒီမှာကတော့ စံကားဝါပင်နဲ့ ဆီးဖြူပင်တွေ အပေါက်များတာပဲ၊ မဟာဗောဓိအောင်တော်မူဘုရား ကျော်သွားပြီ၊ လှိုနားတစ်ဝိုက်မှာ စံကားဝါပင်တွေပေါမှပေါ"

ဒေါ်ငြိမ်းက ပြောလိုက်သည်။

လမ်းတွင် ပဥ္စဝဂ္ဂီငါးဦး လက်အုပ်ချီလျက် ဂေါတမမြတ်စွာတင်ပျဉ်ထိုင် ကိုယ်တော်ကို ဖူးမြော်ကန်တော့ခဲ့ကြသေးသည်။ အံ့ဆိုင်း၍ ရိပ်ကောင်းချောင်နှင့် လှိုမြောင်စခန်းတို့တွင် ဇရပ်များကိုလည်း တွေ့ရသည်။

ချောက်တစ်ခုပေါ်တွင်ကား သစ်သားတံတားတစ်ခု ဖြတ်ဆောက်ထားသည်။ ချောင်းရေတို့သည် လှိုင်းလုံးကြွလျက် အရှိန်အဟုန်ပြင်းထန်စွာ စီးဆင်းနေသည်။

နွေးနွေးသည် တံတားပေါ်သို့ ခပ်မြန်မြန် သူများထက် ဦးအောင် လျှောက်လာကာ တံတားဦးတွင် ရပ်လျက်. . .

"လက်ညှိုးတစ်ချောင်းထောင် ကိုယ်ယောင်ပျောက်စေ"

"မောင်ကြီးနှမနွေးနွေးရေ" ဟု စောထူးက နွေးနွေးအနီးရောက်လာကာ နွေးနွေးကို မြင်လျက်နှင့် မမြင်သလိုလုပ်ပြီး တကြော်ကြော်ခေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . မလုပ်ကောင်းဘူးလို့ဆို"

အဖိုးက စောထူး၏ ကျောကုန်းကိုထုပြီး ဆိုမြည်နေပြန်သည်။ နွေးနွေးက ရွှင်လန်းစွာ ရယ်နေသည်။ ငုဝါသည် မိုးဟိန်း၏ လက်ကို လှုပ်ကာ. . .

"အဲဒါ ဘာလုပ်တာလဲဟင် ဦးဦး"

"သိုက်သမိုင်းရုပ်ရှင်ကား ရိုက်နေတာ"

"ဘာပြောတာလဲ"

သည်တော့ မိုးဟိန်းက ရယ်လျက် စီးကရက်တိုကို ချောင်းထဲ ပစ်ချပြီး. . .

"ငုဝါရဲ့ အမိုးကကြည်ကြည်ဒွေးလေ"

"ဟင်. . . ဟုတ်ဘဲနဲ့"

"ဟုတ်ပါတယ်၊ နွေးနွေးက ဥစ္စာစောင့်၊ အလွမ်းမင်းသမီး လေးလေ"

"ဦးဦးကလဲ. . . ဟုတ်ဘဲနဲ့၊ အမိုးက ဥစ္စာစောင့်မဟုတ်ပါဘူး၊ တစ်ခုတော့ရှိတယ်"

"ဘာရှိတာလဲ"

ငုဝါက ရယ်လျက်. . .

"ဦးဦးကလဲ နေပါဦး သမီးပြောမယ်၊ အမိုးက လှတယ်၊ ဥစ္စာ စောင့်ကလဲ လှတယ်တဲ့၊ ဆံပင်က အဲလောက်ကြီး ရှည်တယ်တဲ့၊ အဖိုးပြောတော့. . . သူလာရင် သိပ်မွှေးတာပဲတဲ့၊ ပန်းနံ့ သနပ်ခါးနံ့ တွေနဲ့တဲ့"

မိုးဟိန်းကလည်း ရယ်မိသည်။

"ငုဝါတွေ့ဖူးလို့လား"

"ဘယ်တွေ့ဖူးရမှာလဲ၊ မတွေ့ဖူးတာဘဲ ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"သူတို့သိုက်နန်းကို ခေါ်သွားမှာပေ့ါ"

"ခေါ်ရင် လိုက်သွားပေ့ါ၊ ရောက်ဖူးတာပေ့ါ"

မိုးဟိန်း. . . ဘာတွေပြောနေတာလဲ"

အဖိုးက လှမ်းမာန်ပြန်သည်။

စောထူးသည် ရေထဲ ခဲတစ်လုံးပစ်ချကာ "လိုက်သွား. . . လိုက်သွား၊ အဲဒီမှာ ပေါ်ဆန်မွှေးထမင်းက သိပ်မွှေးတာပဲ၊ ပေါင်မုန့်ကလဲ နူးနူးညံ့ညံ့ ပျော့ပျော့အိအိလေး၊ စပျစ်သီးတွေလဲ သိပ်ချိုတယ်၊ အိုက်စကရင်ကလဲ မလိုင်ပူတင်းအပြည့်၊ ခန်းဆီးတွေက ဖော့ရှန်တွေ၊ ဂျော့ဂျက်တွေ၊ ကစားစရာတွေလဲ အများကြီးပဲ၊ ပြီးတော့ လမ်းလျှောက်တဲ့အရုပ်၊ ဒက်ဒီ မာမီခေါ်တဲ့အရုပ်. . . "

"ဟုတ်ဘဲနဲ့"

ငုဝါသည် အသံလေးများ ချစ်စဖွယ်ထွက်၍ ဟက်ဟက်ပက်ပက် ရယ်မောနေသည်။

"သိုက်နန်းရှင်တို့စံရာ. . . ဒေးစွန်းပါ"

အံ့မောင်က စိတ်ကူးနည်းနည်း ယဉ်လိုက်သည်။ လှပသော ဥစ္စာစောင့်မလေးက အံ့မောင်ကို သဘောကျကာ လိပ်ပြာနုတ်ပစ်လိုက်ပြီး သူ့သိုက်နန်းသို့ ခေါ်သွားသည်။ သိုက်နန်းထဲတွင် စောင်းသံနှင့်အတူ ဥစ္စာစောင့်မလေးနှင့်တွဲလျက် ဒန်းစီးကြသည်။ သည်မှာက စပါးကို ရေဖျက်မှာလည်း မပူရ၊ ကြွက်တို့ စာကလေးတို့ ဖျက်မှာလည်း မပူရ။ ဆိုင်ကြွေး အထည်ကြွေးလည်းမပူရ။

မိုးဟိန်း၏ စိတ်ကူးထဲတွင်တော့ နွေးနွေးပါ အတူပါသွားမည်ကို ငြင်းစရာမလိုပေ။ ငုဝါကိုလည်း ချန်မထားခဲ့ရက်။

ရန်ကုန်တွင် ကျင်လည်နေဆဲဖြစ်သော မြင်နေ၊ တွေ့နေ၊ ကြား

www.burmeseclassic.com

www.burmeseclassic.com



နေကျဖြစ်သည့် ဥဒဟိုပြေးလွှားကာ အလုပ်ခွင်သို့ ဝင်ကြသော လူအုပ်ကြီးများ၊ လူနာတို့နှင့် ပြည့်လျှံနေသော ဆေးရုံခုတင်များ၊ သွေးလွှန်တုပ်ကွေးနှင့် အန်ကြသော ကလေးတို့၏ ကော်ဖီရောင် အန်ဖတ်များ၊ လက်ဖက်ရည်ဆိုင်မှ စတီရီယိုအဆိုတော်များ ဖြစ်သော သန်းနိုင်၊ စိုးပိုင်၊ သိန်းတန်၊ ပုလဲနှင့် ကေဂျာနူး၏အရှိုက် အဟဲတေးသံများ၊ ဟီးနိုးကားဟွန်းသံများ၊ စီးကရက်ပြာ၊ မြေပဲ ခွံများ၊ ဖရဲသီးစေ့ခွံများ၊ ပြည့်နှက်နေသော ဆိုင်ကြမ်းပြင်များ၊ လူတို့၏ ချွေးနံ့ ဖုံးလွှမ်းနေသော ဘတ်စ်ကား ခြေနင်းခုံနေရာနှင့် ပလက်ဖောင်းများ၊ ခေါင်းလောင်းဘောင်းဘီဝတ် ညောင်နာနာ ကောင်လေးများ စသည်တို့နှင့် ကင်းဝေးမှာ သေချာသည်။

"ဂျပန်နဲ့ တရုတ် ရုပ်ရှင်ကားတွေနဲ့ စတီယိုတေးတွေကို ထားပစ်ခဲ့ရမှာတော့ နှမြောပါတယ်၊ ကျောက်သေတ္တာအဖုံးကို ဖွင့်လို့ရရင့် သိုက်နန်းထဲ ဝင်သွားချင်ပါရဲ့၊ ဥစ္စာစောင့်မလေးတွေဟာ မာမာအေးလို ချစ်တေးသံနဲ့ နွဲ့တတ်မယ်လား၊ ကေဂျာနူးလို ပုလဲလို အသံမျိုးစုံနဲ့ သက်မလေးတချချနဲ့ လှိုက်လှဲရှိုက်ဆွဲတတ်မယ်လား. . ."

စောထူး အတွေးကလည်း ရယ်စရာလည်းကောင်း၊ အားကျစရာလည်း ကောင်းလှသည်။ လောလောဆယ်အားဖြင့်တော့ ရွှေမန်ကျည်းတောင့် ပေးမည့် ဥစ္စာစောင့်မလေး တစ်ယောက်ယောက်နှင့် အမြန်ဆုံး တွေ့လိုလှသည်။

၀

www.burmeseclassic.com

# အခန်း (၂၉)

ဒေးစွန်းပါနှင့် ပတ်သက်၍ အဖိုးတို့ပုံပြင်လေးတွေ ထားခဲ့သည်။ ဘုရားသိုက်သမိုင်းအနေနှင့်လည်း အဖိုးတို့ ယုံကြည်ကြသည်။ သည်ဘုရားစေတီကို တောင်ငူမင်းများ လက်ထက်က တည်ခဲ့ကြသည်ဟု အဖိုးတို့ ဆွေမျိုး ဦးပဥ္စင်းတစ်ပါးက ဘယ် အမှတ်အသားနှင့် မိန့်သည်မသိ မိန့်လေသည်။

အထက် ဝိဇ္ဇာပုဂ္ဂိုလ်များ အစောင်အမနှင့် တည်သော ဘုရားကို ရုက္ခစိုးများ၊ ဥစ္စာစောင့်များလည်း ဝိုင်းကူကြသည်ဟု အဖိုးတို့ ယုံကြည်စွဲမြဲကြသည်။ ဤမျှခေါင်သော နေရာတွင် လူချည်း သက်သက် မတည်နိုင်ဘူးဟု ယူဆမိကြသည်။ ဤနေရာဌာနကား မြေအောက်သိုက်နန်းတွေ ရှိသည်ဆိုကာ သူပုန်သူကန်၊ ခိုးသားဓားပြများ ကိန်းအောင်း ပုန်းခို့လို့မရဟု ယုံကြည်ကြပြန်သည်။

ရှေးတုန်းက ဆရာသိုင်း၊ ဆရာကြိုင်းဆိုသော သိုက်ဆရာ ညီနောင်သည် ကင်ပလင်နက်ကို သွေးသောက်ထားသဖြင့် အာဟာရ သိဒ္ဓိပြီးကာ လောကီပညာအတတ်လည်း ဆန်းလျက် တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ကမ်းခတ် တော်ကြသည်ဆိုပဲ။ ထို့နောက် သူတို့သည် သိုက်တွေ ပေါ်အောင် စွမ်းနိုင်သည်တဲ့။

တောင်ပိုင်တွေကို သူတို့ အလိုရှိသည့်အခါ ယမထာကြိမ်လုံးနှင့် မြေပြင်ရိုက်ခေါ်သည်။ အကြောင်းမသင့်၍ ခေါ်တာချက်ချင်း မလာတဲ့ အချိန်၌ တောင်ပိုင်များကို လျော်နီကြိုးနှင့် လက်ပြန်ကြိုး ချည်နှောင်ထားသည်တဲ့။

သည်လို အနိုင်ကျင့်တာမျိုးကို တောင်ပိုင်တွေကလည်း အင်မတန် စိတ်ဆိုးကြသည်။ ဤတွင် ညီအစ်ကိုချင်း မသင့်မြတ်အောင် ချောက်တွန်းကြသည်။ အစ်ကိုဆရာသိုင်းသည် နေဝင်ဖျိုးဖျချိန်၌ ချောင်းထဲ ရေဆင်းချိုးရာ ညီဖြစ်သူက ‘ဝက်’အဖြစ် အမြင်မှားပြီး ဓားနှင့် ထိုးလိုက်လေသည်။ ယနေ့ထက်တိုင် ဓားထိုးတောင် အမည်နှင့် တောင်တစ်လုံးရှိသည်။ အစ်ကိုသည် ဘဝတစ်ပါး ပြောင်းပြီး သိုက်စောင့်ဖြစ်သွားသည်။ ညီဖြစ်သူသည် စိတ်မကျေပွဲသိုက်ကို ဆက်ဖော်သည်။ ဖော်လို့မရသဖြင့် အစ်ကိုသည် ကိုယ်ထင်ပြပြီး ‘အင်းတစ်ကွက်’ လိုကြောင်း ပညာပြရာ ညီက စိတ်ဆိုးလျက် နွားလွှတ်လိုက်ရာ ‘နွားဘွေ့တောင်’ လည်း တွင်လာရသည်။

ဇာတ်ကတော့ အဆုံးမသတ်ဘဲ ဒီတင် တစ်ဝက်ရပ်သည်။ မိုးဟိန်းတို့ငယ်ငယ်က ‘ဒွေးစွန်ပါ သိုက်သမိုင်း’ ဆိုတဲ့ ရုပ်ရှင်များ ဘယ်လို ရိုက်ကူးပြသည်မသိ၊ ဘယ်လို ယုံရမည်မသိ။ သိပ္ပံသမားနှင့် ရုပ်ဝါဒသမားတို့ကတော့ လုံးဝယုံကြည်မည် မထင်ပေ။ အနောက်နိုင်ငံတွင် တစ္ဆေဆိုတာကို ဓာတ်ပုံရိုက်လို့ ရသလို သိုက်နန်းကို ဓာတ်ပုံရိုက်လို့ မရဘူးလား။ စောထူးက ကတ်ကတ်သတ်သတ် မေးသည်။ လောကီပညာလိုက်စားသော ဦးပဥ္စင်းတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ကတော့ တစ်နေ့နေ့တော့ ရိုက်ဖို့ ကြိုးစားဦးမည်ဟု ရယ်ရယ်မောမော အဖြေပေးသည်။

ထိုဦးပဥ္စင်းက စေတနာထက်သန်လှစွာ စောထူးတို့ အုပ်စုအား ငွေလက်ဖွဲ့လေးများ ပေးလိုက်လေသည်။

"ဒါဆောင်ထားရင် တပည့်တော်တို့ ချမ်းသာမလား" ဟု စောထူးက သူစိတ်သန်ရာကို မေးလိုက်သည်။ ဦးပဥ္စင်းက ရယ်မောလျက်. . .

"ဒါက အန္တရာယ်ဘေးရန်ကင်းအောင် ပေးတာပါ၊ ချမ်းသာမချမ်းသာတာကတော့ အတိတ်ကံလဲ ပါသေးတယ်"

"တပည့်တော် တစ်ခုလျှောက်တင်ပါရစေ"

မိုးဟိန်းက ရှေ့သို့ နည်းနည်းတိုးပြီး. . .

"တပည့်တော်တို့ ဉာဏ်အားလုံ့လအားနဲ့ အဲဒီအတိတ်ကံကို ချေဖျက်လို့ မရဘူးလား"

ဦးပဥ္စင်းသည် မိုးဟိန်းအား အထူးတဆန်း ငေးကြည့်နေပြီးမှ

"ဘုရားကတော့ ကံဉာဏ်ဝီရိယအကြောင်းသုံးပါးကို ဟောခဲ့တာပဲ ဒကာလေးရေ၊ လောကကြီးမှာ ကံချည်းလဲ အားကိုးလို့မရဘူး၊ ဝီရိယနဲ့ ဉာဏ်က ကူပါမှ အကျိုးပေးမြန်တာဗျ၊ တစ်ခါကံမလိုက်ရင်လဲ ကံမရှိဉာဏ်ရှိတိုင်းမွဲ ဆိုတဲ့စကားလဲ ရှိတာပဲဗျ"

"အဲဒီ နောက်စကားအဆုံး တပည့်တော် ဘဝင်မကျဆုံးဘဲဘုရား၊ ကံမရှိ ဉာဏ်ရှိတိုင်းမွဲဆိုတာ တော်တော် စိတ်ဓာတ်ကျဖို့ကောင်းတယ်"

ဒါကတော့ဗျာ၊ ကံအင်မတန်မှနည်းတဲ့လူတွေကို ဆိုတာနေမှာပါဗျာ၊ ဓမ္မပဒတရားတော်လာရှိသားပဲ၊ အကြင်သူသည် မိမိပြုခဲ့ဖူးသော မကောင်းမှုကံကို ကောင်းမှုကံဖြင့် တားဆီးပိတ်ဆို့၏၊

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် တိမ်တိုက်မှ လွတ်သော လကဲ့သို့ ဤလောကကို ထွန်းလင်းစေခဲ့၏တဲ့၊ ကံဆိုတာ ပြုပြင်လို့ရတယ်လို့ ဆိုလိုတာပဲဗျ၊ကျုပ်ကတော့ လောလောဆယ် လောကီပညာကို အပူတပြင်း လိုက်စားနေတော့ကာ ဉာဏ်နဲ့ ဝီရိယကို အင်မတန်အားကိုးတာဗျ"

ထို့နောက် ဦးပဥ္စင်းက သူ့တရားကို ဆက်ပြန်သည်။

"ကံဆိုလို့ ကျုပ်တို့ဝိပဿနာတရားတော်ရဲ့ ဆရာသခင် မိုးကုတ်ဆရာတော်ကြီး ဟောကြားတဲ့တရား သွားသတိရတယ်၊ ကံပေါ်မှာ ကံသာလျှင် ငါ့ဥစ္စာဆိုတော့ ကမ္မဝါဒီ ဒိဋ္ဌိသွားစွဲတယ်တဲ့၊ ကံကို အတ္တလုပ်တဲ့အတွက် ကမ္မဝါဒီဖြစ်တယ်တဲ့၊ ဒီလိုဖြစ်နေတော့ နိဗ္ဗာန်ရောက်ပါ့မလား၊ တစ်ခုသောဒိဋ္ဌိရှိရင် မရောက်ဘူးလို့ ပါဠိတော်တွေမှာ ဆိုထားတယ်တဲ့၊ နိဗ္ဗာန်ကို ကံဖြတ်မှ ရမယ်၊ အဘိဇ္ဈာသုတ်နဲ့ ညှိလိုက်မယ်ဆိုရင် ကံဖြတ်ရှိတယ်၊ ကံကို အားကိုးရမှာလား၊ ဖြစ်ပျက် ရှုရမှာလား၊ ဖြစ်ပျက်ကို ရှုရမယ်။ ဒီလို ရှုလိုက်တဲ့အခါကျတော့ သမ္မာဒိဋ္ဌိ သူရလာမယ်၊ ဒီတော့ ကံဆိုတာ အတ္တမဟုတ်ဘူး၊ အနတ္တ"

ဦးပဥ္စင်းဟောကြားလိုက်သော တရားတော်ကို နားမလည်လှသော်လည်း စိတ်နည်းနည်းအေးသည်။ ဦးပဥ္စင်း၏ ကြည်လင်ဝါဝင်းသော အသားအရေကို ငေးကြည့်ပြီး စိတ်လည်း ချမ်းမြေ့ရွှင်လန်းသည်။ သို့သော် မိုးဟိန်းသည် 'နိဗ္ဗာန်သာ ကံဖြတ်လို့ ရသလား၊ လောကီလူ့ဘုံမှာရော ကံဖြတ်လို့ မရဘူးလား' ဟု မေးချင်ပြီး အားနာကာ မမေးဖြစ်ပေ။

ထို့နောက် မိုးဟိန်းသည် သူမှတ်သားဖူးသော စကားလုံးများထဲမှ နယူးယောက်သူဌေးတွေရှေ့မှောက်တွင် ဟောကြားခဲ့သော 'ဂျက်'၏ မိန့်ခွန်းများကို သတိရမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



*ခင်ဗျားတို့ကို ကမ္ဘာကြီးက ယုံစားခဲ့တယ်၊ ခင်ဗျားတို့ကလဲ ကမ္ဘာကြီးကိုရှုပ်ယှက်ခတ်အောင် လုပ်တယ်၊ ခင်ဗျားတို့ဟာ ဘာအရည်အချင်းမှ မရှိတော့ဘူး၊ လူတွေအသက်မသေအောင် ဘာမဟုတ်တဲ့ အစားလေးတစ်လုတ်မှ ရအောင် လုပ်မပေးနိုင်ဘူး၊ ခင်ဗျားတို့ဟာ ကမ္ဘာကြီးကို မတရားအုပ်စိုးတယ်၊ ဒါ့ကြောင့် ဒီကမ္ဘာကြီးကို ခင်ဗျားတို့ လက်ထဲက ပြန်ပြီးယူရတော့မယ်။*

မြစွန်ပါဘုရားရောက်သည်အထိ မိုးဟိန်းသည် အတွေးနှင့်ငြိမ်သက်လာသည်။ ငုဝါပြောလာသော စကားများကိုပင် ကြားတစ်ချက်မကြားတစ်ချက်။

ကျောက်ပြားအဝါရောင်များနှင့် တည်ထားသော ဘုရားစေတီကို အဝေးမှ လှမ်းမျှော်ဖူးလျှင် ရွှေချထားသော စေတီတစ်ဆူဟုပင် ထင်ရသည်။ လက်ရာသေသပ် သပ်ရပ်သလောက် ကြည်ညိုဖွယ် သပ္ပာယ်လှသည်။

ဘုရားဖူးအားလုံး ပြိုင်တူလိုပင် ဦးချမိကြသည်။ စောထူးက

"မြစွန်ပါစေတီရှင်ဘုရား၊ ရွှေမန်ကျည်းတောင့်များပေးမယ့် ဥစ္စာစောင့်နဲ့ အမြန်ဆုံးတွေ့ရပါစေဘုရား"

ခပ်ကျယ်ကျယ်အော်ကာ ဆုတောင်းနေသည်။

"ဟဲ့. . . ဟိုကောင်လေး ရှူးတူးပေါ်တောနဲ့ လမ်းပျောက်ကုန်မယ်။ နင်လဲ ဒုက္ခတွေ့မယ် ဘာမှတ်သလဲ တောပြောတောင်ပြောနဲ့"

အဖိုးက လှမ်းကြိမ်းသည်။ စောထူးကတော့ စိတ်ကူးအလှနှင့်ပြုံးကာ. . .

*ခင်နဲ့သာ အတူတွဲကာ၊ မြစေတီရှင်ပင်ဦးမှာ ဆုထူး*

www.burmeseclassic.com

www.burmeseclassic.com



*ဖြာ။ ပတ္တမြားရောင်ဝါ ကုံကော်ဦးမှာလ (ဆုထူးကို ပန်ရှယ်ကာ) နန်းနိဗ္ဗူခေမာလမ်းကို တက်လှမ်းမကြာ. . . ။*

*နွယ်နီပန်းတွေနဲ့ နတ်နန်းသက်လျှာ၊ ထားဆိုတဲ့ နှစ်ကိုယ်သစ္စာ ကြာနီပန်းတွေနဲ့ မြတ်ဘုရားရှေ့မှာ၊ မြဲစေဖို့ ပန်ကြားလှည့်ပါ။*

သီချင်းသီလိုက်သည်။ အံ့မောင်က နော်နော့်ပုလွေကို လှမ်းယူကာ သီချင်းအလိုက်ကို ကြူလိုက်လေသည်။ နွေးနွေးသည် ဘုရားဦးချပြီး ကပျာကယာ ငုဝါအနီးကို လျှောက်လာကာ ငုဝါအား လှမ်းဖက်ပြီး မြစွန်ပါစေတီကုန်းတော်ပေါ်မှ ဆင်းလာသည်။

မြစွန်ပါ စေတီကုန်းတော်မှအဆင်း ဝါးရုံပင်အကိုင်းအခက်များ ယှက်မိုးနေသော လှိုတစ်ခုသို့ရောက်လာကြသည်။

"ဒီလိုနေရာမျိုးတွေမှာ ကျားတွေဘာတွေ တွေ့တတ်တယ် ငါပြောတော့လဲ နင်ယုံမှာမဟုတ်ဘူး၊ ဒီကို ယမထာကြိမ်နဲ့ လျှော်နီကြိုးလုံးဝယူလာလို့မရဘူး၊ ကျားတစ်သံ ချက်ချင်းကြားရပြီး ကျားအကိုက်ခံရတာပဲ"

"စမ်းကြည့်ချင်တယ်"

စောထူးကပြောသည်။ ဒေါ်ငြိမ်းက. . .

"စမ်းကြည့်ပါလား၊ မင်းတစ်ယောက်တည်း လာကြည့်လေ"

"ဟာ. . . အဖော်လေးဘာလေးပါဦးမှပေါ့ အဒေါ်ရဲ့၊ အံ့မောင်တို့၊ မိုးဟိန်းတို့ပါမှ ကျွန်တော်က ရွှေမန်ကျည်းတောင့်ပေးမယ့် ဥစ္စာစောင့်နဲ့တွေ့ရင်သာ သူတို့ကိုမခေါ်ချင်တာ၊ ဒုက္ခရောက်ဖို့ကျတော့ အဖော်နဲ့မှ"

"အင်း. . . တယ်တရား"

ဒေါ်ငြိမ်းသည် ပြောရင်းဆိုရင်း ရှေ့ဆုံးမှဆင်းလာပြီး လက်

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချီလျက်“အရှင်ကြီး အရှင်ကောင်းများ. . . အမိုက်အမဲများကို ဗွေမယူပါနဲ့၊ သည်းခံတော်မူပါ” ဟု တောင်းပန်လိုက်လေသည်။ မိုးဟိန်းက ရယ်မောလျက်. . .

“ကိစ္စမရှိပါဘူး အဒေါ်ရဲ့၊ ဒီအရှင်တွေဟာ သူတို့ပိုင်နယ်မှာ သူတို့စိတ်ကို ထိခိုက်မယ့်အလုပ်ကို လုပ်မှ ဒဏ်တပ်တာပါ၊ သူတို့က တရားမျှတပါတယ်၊ ဆိုးတာက လူနဲ့လူချင်းပဲ၊ ဘာမှမလုပ်ရဘဲနဲ့ အချင်းချင်း ဗိုလ်ကျလိုကျ၊ နှိပ်စက်လိုနှိပ်စက်နဲ့ လုပ်တတ်တယ်၊ အားကြီးတဲ့လူက အားနည်းတဲ့လူကို အနိုင်ကျင့်တယ်၊ ဂုဏ်ရှိတဲ့လူက ဂုဏ်မဲ့တဲ့လူကို နှိမ်တယ်”

စကားတွေအများကြီး ဆက်ပြောချင်ပြီး ပြောစရာစကားစရှာမတွေ့သဖြင့် သည်တင်ပဲ ရပ်လိုက်ရလေသည်။

“အေးဟယ် မိုးဟိန်းပြောတာ မှန်လိုက်တာဟဲ့၊ မိုးဟိန်းစကားပြောပုံ လေယူလေသိမ်းက နွေးနွေးတို့အဖူးနဲ့ တကယ်တူတယ်၊ ချက်နဲ့လက်နဲ့ စကားပြောတတ်တဲ့ အဖူးတစ်ယောက် သူငယ်ပြန်သွားတာ စိတ်မကောင်းပါဘူး”

ဒေါ်ငြိမ်းက မှတ်ချက်ချနေတော့ အဖိုး၏မျက်နှာတွင် ညိုရိပ်သန်းနေသည်။

များမကြာမီပင် မဟာဗောဓိအောင်တော်မူဘုရားကို ကျော်လွန်လာခဲ့သည်။ လျှိုတစ်ခုကို ထပ်တွေ့ပြန်သည်။ လျှိုထဲဝင်လိုက်သည်နှင့်တပြိုင်နက် အအေးဓာတ်နှင့် စိမ့်နေသည်။ မိုးဟိန်းသည် ငုဝါ၏လက်ကလေးများကို ဆုပ်ကိုင်လိုက်တော့ အေးစက်နေတာတွေ့ရပြီး လက်တွေကို ဆုပ်နယ်ပေးရင်း. . .

“ငုဝါ စောစောက ရေဆော့သေးလား”

“ဟုတ်ကဲ့၊ ချောင်းရေတွေ သွားကိုင်လို့”

www.burmeseclassic.com

www.burmeseclassic.com



"အေးတာပေါ့၊ မိုးတွေတောင် အုံ့လာပြီ၊ မိုးရွာရင် အအေးပတ်မှာ စိုးရတယ်"

"ဦးဦးကလဲ သမီးက လယ်ထဲမှာ တစ်နေ့လုံးနေနေတာ"

"ဟုတ်ပါပြီလေ၊ ငုဝါ တော်တာ ဦးဦးသိတာပဲ"

"ဟင် . . . ဦးဦးကလဲ"

လှိုမှုကုန်းအတက်တစ်ခုရှိပြီး ကုန်းမှအဆင်းတွင် သဲချောင်းတွေ ဖြတ်ဆင်းတာ မကြာခဏတွေ့ရလေသည်။ သည်နေရာ တစ်ဝိုက်တွင် ဆီးဖြူပင်များနှင့် စံကားဝါပင်များ ပေါက်ရောက်နေကြသည်။ ပင်ယံထက်မှ ငှက်ငယ်တို့၏ မြည်ကြွေးသံသည် တောရပ်ဝန်းကျင်၏ ဂီတသံကို ဖွဲ့နွဲ့ဖန်ဆင်းနေသည်။

ငုဝါနှင့်နွေးနွေးတို့သည် သဲချောင်းထဲဆင်းကာ ရေတိမ်ချောင်းရေကို ခြေနှင့်ခတ်လျက် လွတ်လပ်ပျော်မြူးစွာ ဆော့ကစားကြပြန်သည်။

"ငုဝါနဲ့ နွေးနွေးကို ဓာတ်ပုံရိုက်ထားရင် သိပ်ကောင်းမယ်"

အဖိုးကပြောပြီး ငုဝါတို့ကိုငေးလျက် "ဒီကလေးကံကောင်းပါစေ၊ နတ်ပေးတဲ့ကလေးလို့ပဲ မှတ်ရမှာပဲ၊ ငုဝါက သူ့အဖေရော လို့မေးရင် နွေးနွေးက ခေါင်းမာမာနဲ့ပဲ အမှန်ဖြေတယ်၊ အဖေတော့ ရန်ကုန်မှာ ရှိတယ်၊ ဒါပေမယ့် အဖေလို့အခေါ်မခံရလို့ ရှောင်နေတယ်၊ ဒါကြောင့်မို့ ငုဝါမှာ အဖေမရှိဘူး မှတ်ရမယ်လို့ သူက ကလေးကိုပြောတယ်၊ ပြီးတော့ သူများတွေ ပြောနေကျလို့ မသေဘဲနဲ့ သေပြီလို့လဲ မပြောနိုင်ဘူးတဲ့၊ ကလေးအဖေက နောင်တရလို့ ပေါင်းကြမယ်ဆိုရင်လဲ ဘယ်နည်းနဲ့မှ မပေါင်းနိုင်ဘူးတဲ့၊ ငုဝါဘဝမှာ 'အမိုး' ဆိုတာပဲရှိစေရမတဲ့ ငါ သိပ်ဝမ်းနည်းတာပဲ"

မျက်ရည်လည်နေသဖြင့် မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မိုးဟိန်းသည် ဆီးဖြူပင်မှ ဆီးဖြူသီးကို အမှုမဲ့လှမ်းဆွတ်လိုက်ပြီး လက်ပွတ်ကာ. . .

"စိတ်မကောင်းစရာမရှိပါဘူး အဖိုးရယ်၊ နွေးနွေးရော ငုဝါရော ချစ်စရာကောင်းအောင် လိမ္မာကြသားပဲဟာ၊ သူတို့နှစ်ယောက်စလုံး ကံကောင်းကြမှာပါ"

"ငါတော့ စိတ်ပူတယ်တဲ့၊ သူ့အဖူးကလဲ စိတ်ကမမှန်၊ ငါကလဲ နေမကောင်း၊ ငါမျက်စိကွယ်သွားရင် ဘယ်လိုလုပ်မလဲ၊ တစ်လောက မငြိမ်းက အံ့မောင်နဲ့စပ်ကြတုန်းကလဲ နွေးနွေးက လက်မခံဘူး"

မိုးဟိန်း၏ရင်ထဲ၌ ဒိတ်ခနဲခုန်ပြီး စိတ်မှာ သိသာစွာလှုပ်ရှားသွားလေသည်။

"အံ့မောင်က သဘောကျတယ်တဲ့လား"

"တို့ ကရင်တွေကတော့ အပျိုတွေ အအိုတွေ မရွေးပါဘူး၊ အချင်းချင်း စောင့်ရှောက်ကြတာပဲ၊ အံ့မောင်နဲ့ နွေးနွေးတို့က မောင်နှမလို နေနေကြတော့ တစ်ယောက် တစ်ယောက် ကြိုက်ချင်မှကြိုက်မှာပေါ့၊ ဒါပေမယ့် လူကြီးတွေက အဆင်မပြေလို့ စဉ်းစားကြတာပေါ့"

"နွေးနွေးက ဘာလို့ လက်မခံတာလဲ"

"ငုဝါဘဝမှာ ပထွေးဆိုတာ မရှိစေချင်ဘူးတဲ့"

"အံ့မောင်ပဲ အဖိုးရယ်"

"ပြောလို့မရပါဘူး မိုးဟိန်းရယ်၊ အံ့မောင်ကလဲ ပြောတယ်၊ မိန်းမဆိုတာ အမေရယ် အစ်မရယ် နှမရယ်ပဲ ရှိဖို့ကောင်းတာတဲ့၊ ကျန်တဲ့ မိန်းမတွေကတော့ ဘယ်လိုမှ ပတ်သက်ဖို့မကောင်းဘူးတဲ့၊ နွေးနွေးကတော့ သူ့နှမလေးပဲလို့ ပြောပြန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းရင်ထဲ၌ မရှင်း။

မတင်မကျပြဿနာတွေနှင့် စိတ်ရှုပ်နေမိသည်။ အဖိုးကိုပြော ချင်သောစကားများကား နှုတ်ဖျားမှမထွက်၊ ပြောဖို့ အချိန်မကျ သေးဘူးဟုလည်း ထင်သည်။ ဘဝအတွက် သက်လုံကလည်း မကောင်းသေး။ အာမခံချက် မရှိသေးတဲ့အချိန်တွင် ဘယ်လို စကားစ၍ ဘယ်သို့ပြောရမည်လဲ။ နွေးနွေးအား ချစ်လှပါသည် ဆိုသည့် စကားမျိုးထက် တစ်ဆင့်တက်ပြောစရာစကားမရှိ။

တစ်လတစ်လ ဝင်ငွေ ထွက်ငွေစာရင်းဇယားတွက်တာနှင့် အချိန်ကုန်သည်။ ဝင်ငွေက မတိုးလာသော်လည်း ထွက်ငွေ(ဝါ) သုံးငွေက ထိုးတက်သွားသည်။ အဝင်နှင့်အထွက်မမျှ၊ ၁၅ဝိ လောက်သာဝင်ပြီး ၂၀ဝိလောက် ပြန်သုံးမိသည်ကို ဘယ်လိုသို့မှ မတတ်နိုင်။ ဒီလ ထမင်းဆိုင်အကြွေးလည်း ကျန်သေးသည်။ ပင်မင်းပေးထားသော အင်္ကျီကိုပင် မရွေးနိုင်ဘဲ ထားထားရသည်။

တလောက ပန်းချီကားမှရသောငွေများကို ရွက်ထည်ဖျင်နှင့် ဆီဆေးများကို အပြင်မှဈေးကြီးပေး၍ ဝယ်လိုက်ရသည်။ ဘာပဲ ဖြစ်ဖြစ် လက်ဖက်ရည်ဆိုင်တွင် ချိတ်ထားသော မိုးဟိန်း၏ ပန်းချီ ကားချပ်ကို လူတွေအံ့ကြည့်နေလျှင် စိတ်ကျေနပ်ကာ လူ့ဘဝတွင် လူဖြစ်ရတဲ့ဘဝကို တစ်ဒင်္ဂပဟန်မျှ ကြည်နူးရသည်။

လက်ထဲတွင် ငွေစ တစ်စမှမရှိလည်း စိတ်ညစ်ညူးခြင်း မရှိ တော့။ လက်ဖက်ရည်ဆိုင်ကြွေးကို ပန်းချီကားကို ဈေးပေါပေါနှင့် ချရောင်းလိုက်ရသည့်အတွက်လည်း စိတ်မဆင်းရဲတော့။

စိတ်ပြေလက်ပြေ စာအုပ်အဖော်ပြုရင်း အကြွယ်ဝဆုံး တိုင်း ပြည်မှ နယူးရော့မြို့တော်တွင် ကလေးပေါင်း ၅၀,၀၀၀ သည်

www.burmeseclassic.com

www.burmeseclassic.com



နံနက်စာမစားရဘဲ ကျောင်းတက်ရသောအကြောင်းကို သိရပြန်တော့ စိတ်သက်သာရာရသည်။

သည်လောက၌ ကိုယ်တစ်ယောက်တည်းမဟုတ်သည်ကို ဆန်ဖရန် စစ္စကိုမြို့ အမှတ် ၃၂၊ စတုတ္ထလမ်းမှာရှိတဲ့ ဆိုတိုရိပ်သာမှာ ဒဗလျူဂျီရော်ဘင်၏ အလောင်းကို ခုတင်ပေါ်မှာ ဖွင့်ထားလျက် တွေ့ရပြီး သူနှင့်အတူထားခဲ့သော နေ့စဉ်မှတ်တမ်းကို ဖတ်ခြင်းအားဖြင့် စိတ်အတန်အသင့်ဖြေသာသည်။

**မတ်လ ၃ ရက်။** ။ ဘယ်နေရာမှ ဘာအလုပ်မှ ရဖို့မရှိပါဘူး၊ ကျုပ် ဘာလုပ်ရမလဲ။

**မတ်လ ၇ ရက်။** ။ ဘာအလုပ်မှ ရှာမတွေ့နိုင်ပါ။

**မတ်လ ၈ ရက်။** ။ တစ်နေ့ ငါးဆင့်နဲ့ မုန့်စိမ်းကြော်ပဲ စားနေရတယ်။

**မတ်လ ၉ရက်။** ။ ကျန်တဲ့ ၂၅ ဆင့်လည်း အခန်းငှားခ ပေးရလို့ ကုန်ပြီ။

**မတ်လ ၁၀ရက်။** ။ ဘုရားသခင် စောင်မတော်မူပါ၊ ငါးဆင့်ပဲ ကျန်တော့တယ်၊ အလုပ်ရှာလို့လဲ မရဘူး၊ နောက်ထပ်ဘာလုပ်ရမလဲ၊ ငတ်မယ်၊ ဒါမှမဟုတ် နောက်ဆုံး ငါးဆင့်ကိုဒီနေ့ည သုံးလိုက်ရပြီ၊ ကျုပ် ဘာလုပ်ရမလဲ၊ ခိုးရမလား၊ တောင်းရမလား။ ဒါမှမဟုတ် သေပစ်ရမလား၊ ကျုပ်ဟာ အသက် ၅၀ ရှိပေမယ့် ဘယ်တုန်းကမှ မခိုးခဲ့ဘူး၊ မတောင်းခဲ့ဘူး၊ မငတ်ခဲ့ပါဘူး။ ဒါပေမယ့် ကျုပ်ဘဝဟာ အစွန်းဆုံးအခြေ ရောက်နေပြီ၊ သေမင်းထံကိုသာ ခိုလှုံရဖို့ ရှိတော့တယ်။

**မတ်လ ၁၁ရက်။** ။ တစ်နေ့လုံး နေမကောင်းဘူး၊ နေ့လယ်

www.burmeseclassic.com

www.burmeseclassic.com



က စပြီးဖျားတယ်၊ ဒီနေ့ ဘာမှမစားရဘူး၊ မနေ့ နေ့လယ်က စပြီး တော့ပေါ့၊ ကျုပ်ဘဝတော့ နောက်ဆုံးအခြေ ရောက်နေပြီ၊ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၀)

အရိပ်ကောင်းသော ချောင်ထဲ၌ ဇရပ်တစ်ဆောင် တွေ့ခဲ့သော်လည်း မနားကြတော့။ အားလုံး ဒေးစွန်ပါသို့ ရောက်ရန်သာ စိတ်စောနေကြသည်။ သည်နေရာတွင်လည်း တောင်ကုန်းကို တက်ကြရပြန်သည်။

“ဒီနေရာမှာ မျက်စိခဏာခဏာ လည်ကြတာပေါ့၊ ဘုရားကို တော်တော်နဲ့ မရောက်နိုင်ဘူး၊ နွေးနွေးငယ်ငယ်က သူ့အပါးနဲ့ ဒီမှာ ပျောက်နေလို့ မနည်းရှာခဲ့ရတာ မှတ်မိသေးလား”

အဖိုးက ပြောသည်။

“ဟုတ်တယ်၊ နွေးနွေးက အဲဒီတုန်းက အပါးပခုံးပေါ်မှာ ငိုမဲ့ငိုမဲ့နဲ့”

နွေးနွေးက ရယ်ရင်းဝင်ပြောသည်။ အံ့မောင်သည် စောထူးကို မြင်လျှက်နှင့် ဟိုရှာဒီရှာဟန် လုပ်ပြီး

“ဖိုးစောထူးရော. . . ဖိုးစောထူးဘယ်မလဲ”ဟု တကြော်ကြော် ခေါ်နေသည်။

“ဟဲ့. . . မလုပ်ကောင်းဘူးဆို”

www.burmeseclassic.com

www.burmeseclassic.com



အဖိုးက ဟန့်တားသည်။

မိုးဟိန်းသည် အပြုံးနှင့်ငေးနေမိသည်။ သည်နေရာမျိုးမှာ မိုးဟိန်းနှင့် နွေးနွေးတို့နှစ်ယောက် လမ်းပျောက်နေရင် သိပ်ပျော်မှာပဲ။ ပျော်စရာဘယ်လောက်ကောင်းလိုက်မလဲ။ တစ်တောဝင် တစ်တောထွက်၊ တစ်မှော်ငုပ်လျှိုး၊ တစ်ချုံတိုးလို့ပေါ့။ တစ်မိုးသောက်လျှင် တစ်နေဝင်မှာကိုလည်း မပူပါဘူး။ တစ်ပင်ငယ်မြိုင်ကြီး ဂနိုင်ဆီးတဲ့ တောင်ကြီးမြိုင်ယံမှာ တစ်ယောက်ကို တစ်ယောက် လက်တွဲနွဲ့မှီနေရလျှင် တစ်သက်လုံး နေနိုင်မယ် ထင်သည်။

အို့ . . ငုဝါလေးလည်း မထားရက်ခဲ့ပါဘူး။ ငုဝါ သေးသေးလေးကိုလည်း လက်တွဲခေါ်လျက် ဝါးကျည်တောက်ကစားစရာလေး လုပ်ပေးကာ ဝါးသေနတ်လေးတကိုင်ကိုင်နှင့် ပျော်ပါစေပေါ့။ ပျော်စရာဆိုတာ စိတ်ကူးအလှမှာပဲ ရှိလေသလား။ ခံပြင်းစိတ်နှင့် တွေးပြန်သည်။

ကော်လာနှင့် တက်ထရွန် အနီကွက်စိပ် လက်ပြတ်လေးဝတ်လျက် အနက်ခံတွင် အလယ်မှ အနီကန့်လန့်ဖြတ် ကရင်ထဘီလေး တိုတိုဝတ်ထားသော နွေးနွေးသည် နှစ်အတန်ကြာခဲ့သော်လည်း ရုပ်သိပ်မပြောင်း။ တက်ထရွန်အနီကွက် ဂါဝန်တိုတိုလေးနှင့် ငုဝါသည်ပင် လူ့လောကထဲသို့ ဝင်ဆံ့လာခဲ့သည်မှာ ခုနစ်နှစ်ကျော် ရှစ်နှစ်ထဲ ရောက်ခဲ့ပြီတကား။ နွေးနွေးဆိုသည့် ရုပ်ဒြပ်ကား အရင်အခြေအနေအတိုင်းပင်။

ဘဝတိုက်ပွဲတွင် သတ္တိရှိသူ ကြံ့ကြံ့ခံသည်။ အသည်းကြောင်သူသည် စိတ်ဓာတ်ကျသည်။ ဘဝကပေးသော ပြဿနာလေးတွေ၊ အဆိုးလေးတွေကို ပုံကြီးချဲ့အားငယ်နေတတ်သည့် ရည်းစားကွဲ

www.burmeseclassic.com

www.burmeseclassic.com



ရှုံမှု၊ ချစ်သူဖောက်ပြန်ရှုံမှုနှင့် မျက်ရည်လည်ရွဲမနေတတ် မထိုင်တတ်။ အိမ်မြှောင်အမြီးပြတ်သူတွေ ဒီလောကတွင် ဒုနှင့်ဒေး။

နွေးနွေးကိုတော့ သတ္တိရှိသူဟု ယုံစားသည်။ နွေးနွေးငိုတာမြင်ဖူးသလို ရယ်တာလည်း မြင်ဖူးသည်။ ငိုတော့လည်း ငိုတာပေါ့။ စိတ်ညစ်လို့ငိုတာ မဆန်းပါဘူး။ ဒါပေမယ့် အရေးကြီးတာက မျက်ရည်တွေ မြန်မြန်သုတ်ပစ်ပြီး ပြုံးနိုင် ရယ်နိုင်အောင် အမြန်ဆုံး ကြိုးစားဖို့ပဲ။

*ပူဆွေးမှုဆိုတဲ့ သဲမှုန့်တွေ မျက်လုံးထဲ ဝင်နေတာကို မျက်ရည်က ဆေးကြောပစ်နိုင်တယ်ဆိုရင်တော့ ခဏ တစ်ဖြုတ်လောက် ငိုကြပေါ့။ ဒါပေမယ့် ယူကျုံးမရဖြစ်မနေကြပါနဲ့။ ကျွန်တော် လောကကြီးမှာ နေခဲ့တာဟာ ပျော်ရွှင်မှုအတွက်ပါ၊ အခုလည်း ပျော်ရွှင်မှုအတွက် အသက်ကိုပေးတော့မယ်။ ကျွန်တော့်ဂူပေါ်မှာ ဝမ်းနည်းမှုနတ်သမီးရဲ့ ရုပ်တုကို တင်ထားကြမယ်ဆိုရင်တော့ ကျွန်တော့်အပေါ် မတရားရာ ကျနေလိမ့်မယ်. . .*

ယခင် မိုးဟိန်းဖတ်ခဲ့ဖူးသော ဂျူးလီးယက်ဖူးချစ်၏ ကြိုးစင်ပေါ်မှ မှတ်တမ်းများကို အမှတ်ရလျှင်တော့ တော်ရုံပြဿနာကို အသေးအဖွဲ့မျှသာ ထင်လာသည်။ အသေးအဖွဲ့အတွက် စိတ်ညစ်မိသည့်အတွက်လည်း ရှက်လာသည်။

နတ်ရေတွင်းနေရာသို့ ရောက်တော့ ရေတစ်ဝကြီး လက်ခုပ်နှင့် ယူသောက်လိုက်သည်။

နောက်နားမှ ကပ်လျက်လိုက်လာသော နွေးနွေး၏ မျက်နှာကို ရေနှင့်လှမ်းပက်လိုက်သည်။

"မိုးဟိန်းရာ သိပ်ဆိုးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးက မျက်နှာပေါ်မှရေစက်များ သုတ်ပစ်ပြီး မိုးဟိန်း မျက်နှာကို ရေတွေပြန်ပက်သည်။ မိုးဟိန်း၏ ရင်ဘတ်တွင် ရေရွှဲ ကုန်သည်။ မိုးဟိန်းသည် ရေတွင်းငယ်ထဲမှ ရေတွေကို သူ့မျက်နှာ ပေါ် သစ်လိုက်ဆဲ နွေးနွေးက ရေထဲ သူ့လက်လေးများနှစ်ပြီး. . .

"ဒီရေက ဘယ်တော့မှ မခန်းဘူး၊ အမြဲတမ်း မိုမောက်နေတယ် တဲ့၊ ဒါကြောင့်မို့ သူ့ကို နတ်ရေတွင်းလို့ ခေါ်တာ"

"ရေက အေးလည်းအေးတယ်၊ ကြည်လဲ ကြည်တယ်၊ ငုံ့ကြည့် စမ်း. . . နွေးနွေးဘယ်လောက်လှလဲလို့ ကြည့်ရအောင်"

နွေးနွေးသည် သူ့မျက်နှာလေးကို ရေတွင်းထဲ အရိပ်ပေါ်အောင် ငုံ့ကြည့်ပြီး. . .

"မပြောက်ပါနဲ့၊ တို့က အရင်လိုမလှတော့ပါဘူး"

"ဘာလို့ မလှရမှာလဲ"

"လှလဲ မလှချင်ပါဘူး"

နွေးနွေးသည် မျက်လုံးပြူးပြူးလေးနှင့် မိုးဟိန်းအား တစ်ချက် မျှ စောင်းငဲ့ကြည့်ပြီး ကပျာကယာ ရေတွင်းမှဖယ်ခွာခဲ့လေသည်။ မိုးဟိန်းသည်လည်း နတ်ရေတွင်းကို နှုတ်ဆက်ခဲ့သည်။ နတ် ရေတွင်းမှ လမ်းနှစ်သွယ်ရှိသည့်အနက် အထက်ဘက်က သိမ် လမ်းကို ရွေးချယ်ခဲ့သည်။ ခပ်သုတ်သုတ်လေး တက်လာကြသဖြင့် နောက်မှလူအုပ်က ပြတ်ကျန်ခဲ့သည်။

"အမှန်ကတော့ အရေပြားတစ်ထောက်အလှက ကြာရှည်ခံတဲ့ အလှမဟုတ်ပါဘူး နွေးနွေးရာ၊ ဒါမျိုးလဲ လှဖို့မလိုပါဘူး၊ နွေးနွေး လှတယ်ဆိုတာကလည်း နွေးနွေးဘဝနဲ့ပတ်သက်လိမ့်မယ်လို့ တို့ ထင်တယ်၊ အရင်တုန်းက နွေးနွေးလှခဲ့တာက တစ်မျိုး၊ ခု လှတာက တစ်မျိုး"

www.burmeseclassic.com

www.burmeseclassic.com



"မိုးဟိန်းကလည်း. . တို့က မိုးဟိန်းလို မပြောတတ်ဘူး"

နွေးနွေးသည် ပြောရင်းဆိုရင်း ရယ်မောနေသည်။ မိုးဟိန်းက

"လူတွေမှာ အင်အားရှိသလို ပျော့ညံ့တယ်၊ သတ္တိနဲ့ ကြောက်စိတ်၊ ခိုင်မြဲမှုနဲ့ ယိမ်းယိုင်မှု၊ သန့်ရှင်းမှုနဲ့ ညစ်နွမ်းမှုဆိုတာတွေ ရှိတာပဲ၊ ဒါပေမယ့် လူမှာ တစ်ခုမဟုတ်တစ်ခုသာ ကျန်နိုင်တယ်၊ တစ်ခုခုဘက်တော့ လိုက်ရမှာပဲ၊ နွေးနွေးဘယ်ဘက်လိုက်နေသလဲ၊ သတ္တိရှိသလား ကြောက်သလား၊ အင်အားရှိသလား ပျော့ညံ့သလား၊ ခိုင်မာသလား ယိမ်းယိုင်သလား၊ ငုဝါရဲ့ အမိုး နွေးနွေးဟာ ဘယ်လိုရပ်တည်နေသလဲဆိုတာ ထင်ရှားလာမယ်၊ ဒါ ဆန်းစစ်ပြီးရင် နွေးနွေးရဲ့ဘဝ နွေးနွေးရဲ့အလှဆိုတာ ပေါ်လာမှာပဲ"

နွေးနွေးသည် တောင်အတက်ဘက်ကို မျက်နှာမူပြီး ငေးမောနေမိသည်။ သူ့မျက်နှာလေးမှာ ချွေးများစို့နေသဖြင့် ပိုဝါဝင်းနေသည်။ ပါးပေါ်မှ ဘီးခြစ်အစင်းနှင့် သနပ်ခါးပါးကွက်ကျားသည် စတင်ပျက်ပြယ်စ ပြုလေပြီ။ သူ့ခေါင်းထက်မှ သနပ်ခါးပန်းရနံ့သည် သင်းထုံဆဲ ဖြစ်သော်လည်း ညှိုးနွမ်းစပြုနေပေပြီ။

တောင်ကတော့ မမြင့်လွန်း မနိမ့်လွန်း။

"ကျိုက်ထီးရိုးတောင်လောက်တော့ မခက်ခဲပါဘူးနော်၊ ဒါက အများကြီးသက်သာတာပဲ၊ ဒါပေမယ့် တို့က ကျိုက်ထီးရိုးကို နောက်တစ်ခေါက် ထပ်သွားချင်သေးတယ်၊ သိပ်ပျော်ဖို့ကောင်းတယ်၊ တို့တွေ စုသွားရအောင်လားဟယ်၊ အဲလေ ပြောလို့သာ ပြောရတယ် အခြေအနေက ပေးပါ့မလား၊ တို့ဘဝက အိုးအိမ်စွန့်ပြီး ဘယ်ကိုမှ ကြာကြာမသွားနိုင်ဘူး၊ အဲဒီတစ်ဝိုက် စခန်းတွေမှာ တောင် တို့အမျိုးတွေ ရှိသေးတယ်လို့ အဖိုးတို့ပြောတယ်၊ ကွဲနေကြတာ ကြာပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘားအံမှာလဲ နွေးနွေးတို့အမျိုးတွေ ရှိတယ်ဆို"

"အမျိုးတွေလား၊ အမျိုးတွေကတော့ နေရာအနှံ့ပဲ၊ ခရမ်းသုံးခွမှာလဲ ရှိတယ်၊ ထုံးကြီးမှာ တချို့၊ ကျောက်တန်းမှာတချို့ ရှိတယ်၊ ရန်ကုန် အင်းစိန်မှာလဲ ရှိတယ်၊ ကံဘဲ့သုတေသနဝင်းထဲမှာတော့ တို့အမျိုးတွေ ရွာလေးတစ်ရွာလို တည်နေတာ"

"အေးလေ၊ အဲဒီဝင်းထဲတော့ ငါတောင်ရောက်သေးတာတဲ့၊ ငါ့အမျိုးတွေလဲ ဒီမှာ ရှိတာပဲ"

"အေးလေ ဟုတ်ပါရဲ့၊ တို့နဲ့ မိုးဟိန်းက သူစိမ်းတစ်ရံဆံတွေမှ မဟုတ်ဘဲ၊ နင်ကလဲဟယ်. . . တို့နဲ့ အဆက်အသွယ်ဖြတ်ထားတာတောင် တော်တော်ကြာနေပြီ၊ ကြည့်ပါဦး. . . နေနိုင်လိုက်တာ၊ အဖိုးတို့ဆိုတာက တသသနဲ့ မေးရရှာတာ"

သည်တော့လည်း နွေးနွေးနှင့် ရောက်တတ်ရာရာ ပြောဖြစ်ကြသည်။

တောင်ခြေမှသည် စေတီရင်ပြင်အထိ သွားသောလမ်းသည် စောင်းတန်းအုတ်လှေကားဟူ၍မရှိ သဘာဝမြေလမ်းသာဖြစ်သည်။ သို့ကြောင့် အတက်ခက်သည်။

"စစ်ဖြစ်တုန်းကရော သူပုန်ထတုန်းကရော အနှစ် ၂၀ လောက် ဒီစေတီကို ဖူးခွင့်မရကြဘူး၊ ၁၉၅၉ ခုနှစ်ကျမှ အစိုးရက ပြန်သိမ်းနိုင်ပြီး အဲဒီနှစ် တန်ခူးလမှာပဲ ဘုရားပွဲတော်ကျင်းပကြတာလို့ အဖူးပြောဖူးတယ်၊ သိပ်စည်တာပဲ တို့သွားကြတဲ့နှစ်ကပေါ့၊ အဲဒီတုန်းက တို့က ၁၂ နှစ်သမီးလားရှိသေးတာ ငုတ်စူးလို့ အဖူးနဲ့အပါးတို့ကို တစ်လှည့်စီထမ်းရတာလေ"

သစ်ရိပ်ညိုညို အုပ်အုပ်ဆိုင်းဆိုင်းကြားထဲတွင် စေတီ၏ ရွှေရောင်ပြောင်ဝင်းသော အလှသည် ထင်းခနဲသပ္ပာယ်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပြားဝါညိုရောင်တို့နှင့် တည်ထားသော စေတီသည် ရွှေစေတီသဖွယ် ထင်ယောင်ယိုးမှားလောက်သည်။ ဝါးရုံစိမ်းမြမြရွက်ရှည်ဖားတို့သည် လေအန္တဲ့တွင် လှုပ်ယိမ်းနေကြသည်။

ခက်လက်ညွှန့်ဖူး၊ ယှက်ကူးသိုင်းမို့၊ စိမ်းညိုညိုနှင့် သစ်ပင်အုပ်အုပ်တို့သည် စေတီဝန်းကျင်တွင် အေးမြသော အရိပ်ကောင်းကိုလည်း ပေးပေသည်။

"စကားဝါတောင်"

မိုးဟိန်းသည် ရေရွတ်လိုက်ပြီး ဘုရားစေတီကို လှမ်းမျှော်ကြည့်လိုက်လေသည်။ နွေးနွေးသည် ပန်းတစ်ခက်ကို လှမ်းဆွဲခူးလျက်

"ရှေးတုန်းက ဒီမှာ ဥစ္စာစောင့်သိုက်သမိုင်းကို လူတွေ စိတ်ဝင်စားကြတယ်၊ ဒေးစွန်ပါဘုရားသမိုင်းကို 'နတ်မောင်မယ်' နာမည်နဲ့ ရုပ်ရှင်ရိုက်သေးတယ်တဲ့၊ စောစောက ဦးပဥ္စင်းမိန့်တာက ဇာတ်တစ်မျိုးနော်"

ပြောလိုက်သည်။ မိုးဟိန်းသည် နွေးနွေး၏မျက်နှာလေးကိုသာ ငေးကြည့်နေမိပြီး. . .

"နွေးနွေးရော သိုက်သမိုင်းတွေကို ယုံလား"

"ဒါတော့ မဖြေတတ်ဘူး၊ ဒါပေမဲ့ တို့ဥစ္စာတောင့်တော့ ဖြစ်ချင်တယ်၊ သူများတွေကတော့ ဝဋ်ကြွေးကြောင့် အစိမ်းဘဝရောက်တာတဲ့၊ တို့ကတော့ ဒီလိုမထင်ပါဘူး၊ ရုပ်လဲလှ ပိုက်ဆံလဲ ချမ်းသာတဲ့ ဘဝမျိုးရချင်ပါတယ်၊ ပိုက်ဆံချမ်းသာရင် ဘာမဆို လုပ်လို့ရတာပဲ၊ ဘယ်သူကမှလဲ စော်ကားလို့ မရဘူး"

"နွေးနွေးကို တို့အပြစ်မဆိုချင်ပါဘူး၊ လောကကြီးမှာ ငွေဟာနေရာတကာမှာ ကြီးစိုးလွှမ်းပါတယ်၊ စကားတစ်ခုတော့ငါတော်တော်သဘောကျတယ် 'ကျွန်တော်တို့ဟာ ရွှေဆိုတဲ့ နဖားကြိုးတပ်

www.burmeseclassic.com

www.burmeseclassic.com



ခံရပြီး ဒုက္ခခံခဲ့ကြရတာ ကြာပါပြီ၊ငွေဆိုတာဟာယဉ်ကျေးမှုရဲ့ အခြေခံ မဖြစ်သင့်ပါဘူး’ ဆိုတာလေ”

နွေးနွေး နားလည်ပါ့မလားမသိ။ နွေးနွေးကတော့ ရှည်လျား မည်းမှောင်သော မျက်တောင်များနှင့် မျက်ခမ်းကို ဖုံးအုပ်အောင် မျက်လွှာချပြီး ခေါင်းတစ်ချက်ညိတ်လိုက်သည်။ အခြေခံပညာ အတန်အသင့်ရှိခဲ့သော နွေးနွေး သိသင့်မည်ဟုလည်း ယုံကြည်မိ သည်။ လူတွေသည် ငွေ၏ကျေးကျွန်ဖြစ်ခဲ့တာ တော်တော်ကြာခဲ့ ပေပြီ။

နှစ်ယောက်သား မတိုင်ပင်ဘဲ စေတီရင်ပြင်တွင် ထိုင်ကာ ပြိုင် တူလို ဦးချမိကြသည်။ နွေးနွေးက ဘုရားစာများကို ခပ်ရှည်ရှည် ရွတ်နေသည်။ မိုးဟိန်းက ဦးချရုံတင်ဦးချကာ စေတီရင်ပြင် အုတ် အကာဘောင်တစ်ခုတွင် ထိုင်စောင့်ရသည်။

မကြာမြင့်မီပင် အုံ့မောင်၏ ပလွေသံနှင့်အတူ စောထူး၏ သီ ချင်းဟစ်သံကို ကြားလိုက်ရသည်။

“ခင်နဲ့သာ အတူတွဲကာ. . . မြစေတီရှင်ပင်ဦးမှာ ဆုထူးဖြာ”

ဆုလည်း မတောင်းမိတာ အမှန်ပင်။ တကယ်တော့ နွေးနွေး အနားမှာ မိုးဟိန်းကြာရှည်မထိုင်ဖြစ်။ ရုပ်ရှင်တွေထဲမှ မင်းသား မင်းသမီးတွေလို တူနှစ်ကိုယ် ကြည်နူးပြုံးလေးနှင့် ပြုံးပြပြီး တစ် ယောက်ကိုတစ်ယောက်ကြည့်ကာ အချစ်ရွှန်းသော မျက်ဝန်းလဲ့လဲ့ များနှင့် အကြည့်ချင်း ဖလှယ်ရမည်လား။

နွေးနွေးတစ်ယောက် ရွတ်ဖတ်သရဇ္ဈာယ်သော ဂါထာတွေ ကလည်း ရှည်လျားထွေပြားလွန်းလှသည်။ ပရိတ်ကြီးပါဠိရော၊ မေတ္တာသုတ်ရော၊ ပရိမိတ္တဇာလသုတ်ရော၊ သီလရှင် ရှုံးလောက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေး သီလရှင်များ ဝတ်နေမှာလား" ပူပန်မိသေးသည်။

စိတ်ကူးအလှနှင့် ကြည်နူးလွမ်းဆွတ်စရာကောင်းသော ဝတ္ထုတွေထဲကဆိုလျှင် နွေးနွေးဆိုသည်မှာ အကောင်အထည်ဖော်ခွင့်မရခဲ့သော လင်ဟောင်း ဒေါက်တာကောင်းမော်စံနှင့်လည်း မရ။ သူနှင့်မောင်နှမလို အကျွမ်းဝင်သော အံ့မောင်နှင့်လည်း အကြောင်းမပါ။ သူ့ကို ချစ်လှစွာသောမိုးဟိန်းဆိုတဲ့ လူ့ခွစာနှင့်လည်း မပေါင်းဖြစ်ဘဲ သီလရှင်ဝတ်ဖြစ်ချင်ဝတ်ဖြစ်မည်။

သို့သော နွေးနွေးဆိုတာက ထမင်းတစ်လုတ် ဝမ်းတစ်ထွာအတွက် လှုပ်ရှားနေသော မနုဿတစ်ဦး။ အဘိုးအို အဘွားအို များလုပ်ကျွေးနေရသော မြေးမတစ်ဦး၊ ငုဝါဆိုတဲ့ အဖမဲ့ကလေးငယ်တစ်ဦးကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် စောင့်ရှောက်ကျွေးမွေးရမည့် မိခင်တစ်ဦး။

လူ့ဘဝဆိုတာ သက်သောင်သက်သာ နားခိုစရာလား။ နူးညံ့ထူထပ်သော မွေ့ရာထက်တွင် အေးချမ်းစွာ မှေးစက်ပျော်ပါးစရာလား။ လေအေးစက်တပ်ထားသော အခန်းထဲတွင် ချောကလက်မြုံလျက် စိုရွှန်းသော သစ်သီးစုံကို စားနေစရာအရပ်လား။

*လူ့လောကကြီးတစ်ခုလုံး. . .*
*အလင်းကိုရောက်အောင် ချီတဲ့လမ်းဟာ. . .*
*ဆုံးကိုပဲ မဆုံးနိုင်သေးဘူး။*
*ဒီလမ်းတစ်လျှောက်မှာ. . .*
*လုပ်စရာအလုပ်တွေ အများကြီးရှိသေးတယ်. . .*
*ဒါကြောင့် အားပြည့်သွားအောင်. . .*
*အိပ်လိုက်ပါဦး. . .။*

www.burmeseclassic.com

www.burmeseclassic.com



*ယေရှုကလေး။ အိပ်လိုက်ပါ့လေး။*

ချက် ကဗျာဆရာကြီး နဲရူဒါ၏ ခရစ္စမတ် ကလေးချော့သီချင်း ကဗျာကို ပန်းကရောစ် အကျဉ်းထောင်မှ မျိုးချစ်အကျဉ်းသမား ကြီးဖူးချစ် ပြင်ရေးလိုက်ပုံကိုလည်း သဘောကျပြီး နွေးနွေးအား ဖောက်သည်ချလိုလှသည်။

*အို့ . . နဲရူဒါရဲ့ ယေရှုကလေး. . . ။*

*လူ့လောကကြီး တစ်ခုလုံး. . .*

*အလင်းကို ရောက်အောင် ချီတဲ့လမ်းဟာ. . .*

*ဆုံးကိုပဲ မဆုံးနိုင်သေးပါကလား။*

*ဒါပေမဲ့. . .*

*ခုတော့ဖြင့် အိပ်မနေနဲ့တော့. . .*

*အိပ်မနေနဲ့တော့. . . ။*

လူအပေါင်းကို လုံ့လဝီရိယနှင့် နိုးကြားထကြွလော့ဟု မှာကြား သတိပေးခဲ့တာလေလား။

မိုးဟိန်းရင်ထဲ၌ အတွေးပေါင်းစုံဖြင့် ယှက်မြွေးရစ်ဖုံးနေပြန် သည်။ နှလုံးသားကို စိတ်ကူးပင့်ကူမျှင်တို့ဖြင့် ယှက်နွယ်ရှုပ်ထွေ စေပြန်သည်။

“ဦးဦး. . . ဘုရားရှိခိုးပြီးပြီလား”

ငုဝါလေးက မိုးဟိန်း၏ပင့်ကူမျှင်အိမ်အတွေးတွေကို ဖြုန်းစား ကြီး ဖြတ်ပစ်လိုက်လေသည်။

“အေး. . . ငုဝါရော ကန်တော့ပြီးပြီလား”

“ပြီးပြီလေ ဦးဦးကလဲ”

“ဘယ်တုန်းက ကန်တော့တာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟင်‌. . . ခုပဲလေ၊ ဟိုညောင်ပင်ကြီးနားက ဇရပ် တွေလား၊ အဲဒီကနေ လှမ်းကန်တော့တာ၊ အဖီးက မိုးရွာလိမ့်မယ်တဲ့၊ အပေါ် မတက်ရဘူးတဲ့"

"သြော်. . . သြော်"

"ဦးဦး ဘာဆုတောင်းလဲ"

"ဦးဦးလား. . ."

မိုးဟိန်းက ဘာဖြေရမှန်းမသိသဖြင့် ရယ်လိုက်လေသည်။

"ပြောလေ. . ."

"ဦးဦးက ဆုတောင်းဖို့ မေ့သွားတယ်"

"ဒုက္ခပါပဲ၊ ဘာလို့ ဆုမတောင်းတာလဲ၊ ပြန်ဆုတောင်းဦး၊ ဒီ ဘုရားက ဆုတောင်းသိပ်ပြည့်တာ"

"ဟုတ်လား"

"အင်း. . . ဟုတ်ကဲ့"

"ငုဝါရော ဆုတောင်းသေးလား"

"ဆုတောင်းတာပေါ့"

"ဘာဆုတောင်းသလဲ"

ငုဝါ၏ မျက်နှာလေးသည် ရှက်အမ်းအမ်းအမူအရာနှင့် နီမြန်း နေသည်။ ပြီးနောက် သူ့ဘေးဘီကို လူသိမည်စိုးတော့သလို ဟိုကြည့် သည်ကြည့်ကြည့်ပြီး. . .

"ဦးဦး. . . ဒီနားတိုး. . . အမိုးကို ပြန်မပြောနဲ့နော်"

သူ့ပါးစပ်လေးကို မိုးဟိန်းနားနား ကပ်ကာလေသံနှင့်. . .

"နောက်ဘဝမှာ အဖေရှိပါစေလို့၊ ပြီးတော့ အဲဒီလူကြီးက သမီးအဖေမဟုတ်ပါစေနဲ့လို့၊ အမိုးလဲ ဒီလူကြီးနဲ့ မရပါစေနဲ့လို့"

မိုးဟိန်း၏ ရင်ထဲ၌ ထိခိုက်ပြီး စိတ်လှုပ်ရှားလွယ်လွန်းသော

www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုမျိုးနှင့် ရုတ်တရက်အသက်ရှူရပ်မခန်းဖြစ်ပြီး ငုဝါ၏ ကိုယ်သေးသေးလေးကို လှမ်းချီပွေ့ဖက်လိုက်လေသည်။

"ငုဝါ"

"ငုဝါ"

ငုဝါ၏ ဆံပင်နုနုလေးပေါ် မျက်နှာအပ်လိုက်မိလေသည်။ ရုတ်တရက် မျက်ရည်လည်း လည်လာမိသည်။ လောက၌ ဤမျှအပြစ်ကင်းစင်သန့်ရှင်းသော ကလေးငယ်များထက် ကြင်နာစရာကောင်းတာ ဘယ်သူများရှိသေးသနည်း။

www.burmeseclassic.com

## အခန်း (၃၁)

"ဦးဦး မနက်ဖြန်ပြန်မယ်ဆို. . . တကယ်လား"

မိုးဟိန်းက အဖြေပေးရန် ဝန်လေးနေသဖြင့် ပြုံးရုံသာ ပြုံးမိလေသည်။

"တကယ်လား"

ငုဝါ ထပ်ဆင့်မေးလိုက်သည်။

"တကယ်ပေါ့"

မိုးဟိန်းထုပ်ပိုးနေသော လက်များက တုံ့နှေးသွားလေသည်။ ပန်းချီကားချပ်သုံးချပ်ကို စက္ကူများခံလျက် ပုဆိုးနှင့် ပြန်ရစ်ပတ်ထုပ်ကာ ကြိုးနှင့်သေချာစွာ ချည်နှောင်ရလေသည်။ ငုဝါသည် ပန်းချီကားထုပ်ကို စိုက်ငေးရင်း. . .

"ပြန်ပါနဲ့ဦး"

"ဦးဦးမှာ အလုပ်ရှိတယ် ကလေးရဲ့"

"ဘာအလုပ်လဲ"

"ပိုက်ဆံရမယ့် အလုပ်ပေါ့"

"အမိုးဆီက လွယ်အိတ်ဝယ်ဖို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေ့ါ"

မိုးဟိန်းသည်စိတ်ညစ်နေရာမှ ရယ်မိလေသည်။

"မိုးဟိန်းရောက်တာ လေးရက်လောက်ရှိသွားပြီနော်"

အဖိုးက လှမ်းမေးလိုက်သည်။

"ဟုတ်တယ်အဖိုး"

"ငါးရက်လောက် နေပါဦးလားကွယ်"

"ကျွန်တော် နေလို့မရလို့ပါ၊ စက္ကူတွေ ထုတ်ပေးတော့မယ်တဲ့၊ အလုပ်တွေ ဆက်တိုက်လုပ်စရာရှိသေးတယ်"

"နောက်လဲ ခဏခဏလာဦးပေ့ါ၊ ကိုယ့်ဇာတိမြေနဲ့ အဆက်အသွယ်ဖြတ်ထားဖို့တော့ မကောင်းဘူး"

"ဟုတ်ကဲ့အဖိုး. . . ကျွန်တော်လဲ လာချင်ပါတယ်၊ အဆင်သင့်ရင်ပေ့ါ"

တကယ်တော့လည်း အံ့မောင်၏ သီချင်းဆိုသံ၊ နွေးနွေး ဂျပ်ခုတ် ရက်သံ၊ အဖိုး၏ မောင်းထောင်းသံ၊ အဖွား၏ တေးဟောင်းများ၊ နော်နော်တို့၏ ပလွေသံများနှင့် သာယာသောအရပ်ကို မစွန့်ချင်။

ငုဝါ၏ တေးသီဖွဲ့ဆိုသံကလည်း ခွာရက်နိုင်စရာ မရှိ။ အဖွားကိုယ်တိုင် ဟိုစဉ်တုန်းက သီဆိုခဲ့သောသီချင်းကိုပင် သူ့ဘာသာသူပင်ကိုယ်သံသွင်း၍ သီချင်းဖြစ်အောင် ဆိုတတ်သော ကလေးပေတကား။

*နေမလှန်းတဲ့ ပန်းလွင်လွင်ကို*
*ရှင်လိုမြူးလို ကစားလို၍*
*ဝါဆိုဦးက ပန်ဖူးတယ်။*
*ဝါဆိုဦးက ပန်ဖူးတယ်။*

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးတို့ မိသားစုမြင်ကွင်းကား မျက်စိထဲမှ မျက်ကွယ်ပြု တော့မည် မထင်ပေ။

နံနက်လင်းအားကြီး ဆွမ်းထချက်ပြီးနှင့်သော နွေးနွေးသည် အဖိုးနှင့်အတူ သံဃာတော်များအား ဆွမ်းထွက်လောင်းဟန်မှာ ရွာသူ့စရိုက် ပီပြင်လှပေသည်။ အဖိုးသည် သူ့အတွက် ထမင်း လျှော့စားပြီး ဆွမ်းခံကြွလာသော သံဃာများအား ဆွမ်းဝတ်မပျက် ဝါတွင်း၌ တစ်ခါတလေ ဟင်းဝတ်ခွက်ပါ တတ်နိုင်သလောက် ဖြည့်သည်။

သီတင်းပတ် ဥပုသ်နေ့တိုင်းလည်း သီတင်း သီလ ရှစ်ပါး၊ ဆယ်ပါးတို့ကို စောင့်ထိန်းမြဲ။ သုတေသနဝင်းထဲရှိ အဖိုးတို့ ဆွေ မျိုးများသည်လည်း ဥပုသ်နေ့များ၌ နံနက် (၄)နာရီ အိပ်ရာထ ကာ ရွှေတိဂုံ ကုန်းတော်ပေါ်သို့ တက်ရောက် ဖူးမြော်တတ်ကြ သည်။

နံနက်စောစော ကြေးသည်ရိုက်သံကြားရသောအိမ်ကို သိပ် ကျက်သရေရှိတဲ့ အိမ်ပဲဟု အဖိုးတို့ မှတ်ချက်ချတတ်သည်။

ရိုင်းစိုင်းနီးကပ်၊ မကိုင်းညွှတ်ဘဲ၊ မတ်တတ်တိုး၍ မသွားနှင့်။

စားဖွယ်စားရာကပ်သောခါလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံနေ၍၊ ရိုသေကိုင်းညွှတ် ချဉ်း၍ကပ်။

ဘုဉ်းပေးဆိုတမ်း၊ ရဟန်းတို့အား၊ စားမလားဟု၊ စကားသည့် နှယ် မမေးနှင့်။

မိဦးဘဦး၊ ဆရာဦးကို၊ ခူး၍လျှင် မစားနှင့်။

အမှုနည်းများ၊ ခန့်ထားရှိသော်၊ တစ်ခွန်းခေါ်က ကြားသော် ခဏ ချဉ်းကပ်ကြ။

စသော ဆုံးမစကားများနှင့် နားယဉ်ခဲ့သော မိုးဟိန်းသည်

www.burmeseclassic.com

www.burmeseclassic.com



အဖိုး၏ ရှေးမူမပျက်ဆုံးမသံကိုလည်း ပြန်လည်လက်ဝေခံရသည့်အတွက် စိတ်နှလုံးအေးချမ်းသိမ်မွေ့ ယဉ်ပါးရသည်။

ရန်ကုန်တွင် နေထိုင်ခဲ့ရစဉ်က နူးညံ့သိမ်မွေ့သောစရိုက်တို့ မေ့မေ့ပျောက်ပျောက် ဖြစ်ရသည်။ ဘုန်းကြီးများနှင့် တစ်ပြေးတည်း ထိုင်တတ်သော ဒေါက်တာကောင်းမော်စံမိသားစုကို တွေ့ရသလို ဘုန်းကြီးကို တွန်းထိုးတက်လျှင် လူစီး ဘတ်စ်ကားခြေခုံတွင် သပိတ်ကျကွဲသော ဖြစ်စဉ်ကိုလည်း မထူးဆန်းတော့သလို မြင်ရသည်။

မိန်းမများကို ပက်ပက်စက်စက် ဆဲရေးသော အမျိုးကောင်းသားများကို တွေ့ဖူးသလို အမျိုးသမီး နားနားကပ်၍ ညစ်ညမ်းသောစကားကို ဆိုဝံ့သော အံ့ဖွယ်သရဲ သူရဲကောင်းများလည်း တွေ့ဖူးသည်။ မိန်းမကို 'စ'ဝံ့သောသတ္တိကား နည်းနည်းနောနော သတ္တိမဟုတ်၊ ထိုသတ္တိမျိုးနှင့် အညံ့စား မနုဿလူသားဖြစ်နေရတဲ့ဘဝအတွက် ဝမ်းနည်းရမည်လား၊ ဝမ်းသာရမည်လား။

တစ်ဖန် လူပုံအလယ် အထူးသဖြင့် အမျိုးသားအလယ်တွင် တင်ကို ခါယမ်းလျက်လျှောက်ရဲသော သတ္တိသည် အဖိုးတို့ အမိုးတို့တွင် လုံးဝရှိမည်မထင်ပေ။ ဆံပင်ကို ခါဖြန့်လျက် ညို့မျက်လုံးများနှင့် မဆွတ်ခင်က ညွတ်ချင်သောအပြုအမူမျိုးကို ဘယ်အဖိုးကရော လုပ်ရဲသလဲ။ မိုးဟိန်းအမေဘက်က ဘယ်အဘွားကရော လုပ်ရဲသလဲ မေးလိုလှသည်။ ဘဝအကြောင်းမလှသဖြင့် ကလေး တိတ်တိတ်ပုန်းရခဲ့သော ရွှေးရွှေးကော ဒီလိုမျက်လုံးမျိုးနှင့် ကြည့်တတ်သလားဟု မေးလျှင် မျက်လွှာချကာ မျက်တောင်များဖြင့် မျက်ခမ်းကိုဖုံးအုပ်လျက် ခေါင်းသာခါယမ်းပစ်မည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



*မုန်းဖွယ်လည်းတတ်၊ မျောက်မျက်စိကို၊ မျက်စဉ်းခပ်သို့၊ လျှပ်လျှပ်ပေါ်ပေါ်၊ လော်လော်လည်လည်၊ မတည်မျောက်နှယ်၊ စက်ဆုပ်ဖွယ်ဟု၊ သည်နှယ် မဆိုရစေနှင့်။*

ဘာလို့များ သည်လိုလှူကျင့်ဝတ်များနှင့် အလှမ်းဝေးနေကြရပါသနည်း။

*ကွယ်ရာမရှေး၊ မျက်နှာဝေးက၊ တွေးလေကြံဘိ၊ မိမိသဘော၊ သို့ကျင့်သောဟု၊ ပြောရလူချင်း၊ မေတ္တာ ကင်းအောင်၊ သတင်းမပုပ်ပါစေနှင့်. . .။*

ရိုးဖြောင့်သောစိတ်၊ ဖြူစင်သောနှလုံးသား၊ ထက်သန်မြဲဖြစ်သော စေတနာ၊ ဟန်ဆောင်မှု ကင်းပသော နွေးနွေးတို့၊ အုံ့မောင်တို့၊ အဖိုးတို့၊ ငုဝါတို့နှင့် ဘယ်လိုကင်းကွာနေရမည်ကိုပင် မစဉ်းစားတတ်။

ချို့တဲ့နွမ်းပါးသောအခြေအနေတွေကိုလည်း မြင်နေကြားနေရသည်။ မြို့မှနွေးနွေးတို့အဒေါ် ဒေါ်ရွှေတင့်တစ်ယောက် အထည်ထုပ်နှင့် လာပြီဆိုလျှင် အထည်ထုပ်နား ပျားအုံသလို ဝိုင်းအုံနေကြသည်။

အထည်အသစ်လည်းပါ၊ ဖာရာထေးရာနှင့် အရောင်အဆင်းမပေါ်သော အင်္ကျီလုံချည် အဟောင်းများလည်း ပါသည်။ ကြိုးပြတ်လုဆဲနှင့် ဝါကျင်စုတ်ရိနေသော ချွေးခံအဟောင်းများလည်း ပါသည်။ နွေးနွေးအဖော်တစ်သိုက်သည် ဒါကိုပင် ဝတ်ကောင်းစားလှပမာ ကိုယ်မှာကပ်ကြည့်ကြသည်။

မြို့တွင် အနေကြာသော နွေးနွေးတစ်ယောက်သာ. . .

"အသစ်မပါဘူးလား အဒေါ်တင့်ရဲ့"

"ပေါ်ပလင်ပွင့်ရိုက်ပဲ ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင့်က ရှိတင်အဖြူခံတွင် ပန်းရင့်ရောင် အပွင့်ကျဲကျဲရိုက်ထားသော အစကို ဖြန့်ပြလိုက်သည်။ အကောင်းကြိုက်တတ်သော နွေးနွေးက စိတ်တိုင်းမကျ။

"ဟင်. . . အသားကလဲ ဖုံပွပွကြီး"

"ဩော်. . . သူ့ဈေးနှင့်သူကိုး ကလေးရဲ့"

"ဘယ်လောက်လဲ"

"မှန်တဲ့အတိုင်းပြောရရင် နန္ဒဝန်ဈေးက ၂၄ ကျပ်နဲ့ ကောက်ခဲ့ရတယ်၊ အဒေါ်က သုံးကျပ်အမြတ်ယူမယ်၊ ၂၇ ကျပ်နဲ့"

ဒေါ်ရွှေတင့်ကလည်း ခပ်ရိုးရိုးပင် ဈေးရောင်းသည်။

"အသားက မာပါတယ်နော်၊ ကောက်စိုက်ရင်း ဝတ်ရမှာ"

"ဩော်. . . စိတ်ချ၊ မခိုင်မှာတော့ မပူနဲ့"

ငုဝါသည် အရောင်အဆင်းကင်းမဲ့သော ဂါဝန်ဟောင်းလေးများ တစ်ထည်ပြီးတစ်ထည် မက်မက်စွဲစွဲ ကောက်ကောက်ဝတ်နေသည်။ နွေးနွေးသည် ငုဝါ၏လက်ကို ဆွဲဖယ်ကာ. . .

"ငုဝါရယ်. . အမိုးအသစ်ဝယ်ပြီး ချုပ်ပေးမှာပေါ့၊ ဒါတွေဖယ်စမ်း"

"မယူပါဘူးအမိုးရဲ့ . . . ဝတ်ကြည့်တာပါ" ငုဝါကဆင်ခြေပေးသည်။

အဖိုးကတော့ ကုပ်နေရာမှ စုတ်ပြဲနေသော ဖလန်နယ် အနွေးထည်ကို ယူသင့်မယူသင့် ချီတုံချတုံဖြစ်နေသည်။ အဖွားကတော့ ဒေါ်ရွှေတင့် အထုပ်ကို လက်ညှိုးတစ်ထိုးထိုးနှင့်။

"ငါ့အတွက် ဟောလစ်မပါဘူးလား. . . ဟောလစ်မပါဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



တကြော်ကြော်အော်မေးနေသည်။ ဒေါ်ရွှေတင့်က စိတ်ရှုပ်ရှုပ်နှင့် ရယ်မောရင်း. . .

"အဖူးရဲ့မြေးသမက် ကောင်းမော်က နောက်တစ်ခေါက်မှ ပေးလိုက်မယ်တဲ့"

ဖြေလိုက်သည်။ အဖီးကတော့ မကြိုက်လှ။ မျက်နှာညှိုးနေသည်။ ဒေါ်ရွှေတင့် နောက်ပြောင်ပြောသည်ကို သိလျက်နှင့် ထပ်မပြောရန် လက်ကာပြလိုက်လေသည်။ ဒေါ်ရွှေတင့်က အားနာစွာပြုံးလျက်. . .

"ဒါကတော့ အဝါခံအနက်စက်ဝိုင်းဆိုတော့ အဆင်ပေါ်တာပေါ့"

"ဒါလား. . . ရှာဖွေရေးမျက်လုံးဆိုတဲ့ အဆင်"

အဖီးက မေးလိုက်သည်။

"မပြောတတ်ပါဘူး အဖီးရယ်၊ ကျွန်မတွေ့တာတော့ လိပ်ပြာရုပ်တွေပါ"

ဒေါ်ရွှေတင့်က ဖြေသည်။

"ဒီပန်းရောင်အပွင့်တွေနဲ့ဟာကကော"

နွေးနွေးက မေးလိုက်လေသည်။

"ဒါကတော့ 'ချစ်သူကိုယ်စီ'တဲ့"

ဒေါ်ရွှေတင့်က အဖြေပေးသည်။

နွေးနွေးသည် စိတ်လက်ပေါ့ပါးစွာ ရယ်နေသည်။

"ကဲ. . . နွေးနွေး ရွေး. . . ဘယ်အဆင်ကြိုက်သလဲ"

"နှစ်ခုစလုံးတော့ မကြိုက်ဘူး၊ ဒါပေမယ့် ရှာဖွေရေးမျက်လုံးကိုပဲ ယူမယ်"

နွေးနွေးကပြောရင်း သူ့ဘာသာသူ သဘောကျသလို ရယ်နေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ သို့သော် ခဏသာရယ်ပြီး ရုတ်ခြည်း မျက်နှာတည်သွားကာ. . .

"ဒါတွေအားလုံး နှစ်လဆပ်မယ်နော်"

"အံမယ်လေး. . . သူတို့ ရောင်းရတာ ရှုံးသမားထက်တောင် ဆိုးသေးတယ်၊ ကျုပ်က အကြွေးမရောင်းဘူးတော့်"

"အဒေါ်တင့်ရယ်. . . ဒီလိုတော့မရက်စက်ပါနဲ့၊ နွေးနွေးတို့လဲ ပိုက်ဆံလုံးခနဲပေးလို့မရဘူး၊ ငွေထုပ်ပိုက်ထားတာမှ မဟုတ်ဘဲ"

"ကောင်းပါပြီတော်. . . ကောင်းပါပြီ၊ အမိတို့သဘောပါပဲ"

"ဒါဖြင့် မှတ်၊ စာနဲ့ရေးမှတ်ပါ အဒေါ်ရဲ့၊ အဖိုးတို့ ဖလန်နယ်က လေးကျပ်၊ ငုဝါဂါဝန်အတွက် ၂၇ ကျပ်၊ ပေါင်း ၃၀ ကျပ်၊ ခု ၁၆ ကျပ်ပေးမယ်၊ နောက်လ ၁၅ ကျပ်ယူနော် အဒေါ်၊ အဒေါ်က လိမ္မာပါတယ်"

"အေးပါ. . . အေးပါ၊ လိမ္မာရတာပေါ့"

"ဘော်လီအပေါင်းက နည်းနည်းကောင်းတာ မရှိဘူးလား"

"မရှိဘူးကလေးရဲ့၊ ယိုးဒယားဘော်လီတော့ မကြိုက်ဘူးဆို"

"မကြိုက်ဘူး. . . မဝတ်ရဲဘူး"

နွေးနွေးအား ငေးကြည့်ရင်း မိုးဟိန်းသည် သက်ပြင်းတစ်ချက်သာ ချမိသည်။

အိပ်မပျော်ပါဘဲနှင့် အိပ်မက် မက်နေသည့် ငွေစက္ကူရောင်စုံ အထပ်လိုက် ရာထုပ်ထောင်ထုပ်များ၊ ခဲသားအပြာ ကြက်ဆီအဝါ သွေးနှင့် စိန်ခြယ်နားကပ်၊ စိန်ရံပတ္တမြားနှင့် မြလက်စွပ်များနှင့် ကျီးမျက်လုံးများပမာ ရွှေ့လျားကာ အငမ်းမရခေါင်းငုံ့စိုက်လျက် မှန်ဘီလူးတပ် ပုံကြီးချဲ့စရာနှင့် တပ်မက်သော မျက်နှာအဆီ တပြောင်ပြောင်နှင့်ပွဲစားများ၊ ကားနောက်မှန်အပြည့်စက္ကူညိုအိတ်

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဖော့ရောင်စုံ ဆင်တူဝတ်စုံများ၊ ၇၀ ကျပ်တန် ရက်ဗလွန် နှုတ်ခမ်းဆိုးဆေး၊ ၂၅ ကျပ်တန် မျက်တောင်တုနှင့် အရိပ်မည်း ဆွဲတံ၊ ၃၀ ကျပ်ကျော်တန် ကိုယ်လိမ်းပေါင်ဒါနှင့် ၂၆ ကျပ်တန် မိန်းမလက်ညှိုးလောက်ရှိသော ရေမွှေးပုလင်းငယ်များနှင့် ဂုဏ် သရေရှိ မြို့သူများ။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၂)

"တို့ကို ခေါင်းမာတယ် မပြောပါနဲ့၊ တို့ကို ခေါင်းမာတယ် မပြောပါနဲ့၊ အဖိုးပြောသလို မိုးဟိန်းလဲ ပြောမယ်ဆိုရင် တို့ဘယ် စိတ်ကောင်းမလဲ၊ တို့မှာ တို့သိပ်မပြောချင်တဲ့ အကြောင်းရှိပါ တယ်"

နွေးနွေးသည် မျက်ရည်တလည်လည်နှင့် ခေါင်းကိုခါယမ်း နေသည်။ ရှေ့ဆက်ပြောမည်ဆိုလျှင် နွေးနွေးသည် ကလေးငယ် တစ်ယောက်ပမာ ငိုပစ်မည်မှာ သေချာသည်။ နွေးနွေးသည် ငို ချင်စိတ်ကို ထိန်းထားသဖြင့် မျက်နှာလေးမှာ သနားစရာကောင်း လောက်အောင် နီမြန်းနေရှာသည်။

အဖိုးသည် သနပ်ဖက်ဆေးလိပ်ကိုလိပ်ရင်း ခပ်မဆိတ်နှုတ် ဆိတ်ကာနေသည်။ အဖိုးအနီးတွင် ဘေးတိုက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ နွေးနွေး၏ပေါင်ကို ငုဝါလေးကလည်း ခေါင်း အုံးအိပ်ရင်း အိပ်မောကျနေသည်။

မိုးဟိန်းသည် အတွေးများနှင့်အတူ စိတ်ထွေပြားပြန်သည်။ အတွေးတို့သည် စီးကရက်မီးခိုးနှင့်အတူ နွယ်ယှက်တွန့်လိမ်ကာ

www.burmeseclassic.com

www.burmeseclassic.com



သွယ်တန်းတက်သွားသည်။ စီးကရက်တိုကို စဥ့်ပြာခံခွက်ကိုထိုး ခြေကာ မီးသတ်လိုက်တော့ ရန်ကုန်မှ သယ်ဆောင်လာသော စီးကရက်များအနက် နောက်ဆုံးစီးကရက်ပင်။ အံ့ဖွယ်တိုက်ဆိုင်မှုပင်။ မနက်ဖြန် ရန်ကုန်သို့ပြန်ရချေတော့မည်တကား။ စောထူးတစ်ယောက်လည်း မနေ့က ပြန်နှင့်သည်။

ပုရွက်ဆိတ်အစာရှာသလို ရန်ကုန်တွင် အစုလိုက်အအုံလိုက်တိုးဝှေ့ကာ ပရိယေသနဝမ်းစာအတွက် အစာရှာဖွေရပေဦးမည်။ ရုန်းရလှုပ်ရှားရပေဦးမည်။ ရန်ကုန်နှင့်ကဒုတ်ဆိုတာ ဘာမှ ဝေးလှတာမဟုတ်။ ၇၅ မိုင်မျှသာဝေးသည် ဆိုကြသည်။

သို့သော် မြို့တွင်အလုပ်လုပ်နေကြပြန်တော့လည်း ညီအစ်ကိုအရင်းချင်း၊ ညီအစ်မအရင်းချင်းပင် ခြောက်လ ခုနစ်လမျှ မဆုံနိုင်ကြသည်ကို မျက်မြင်ပင်။ တစ်ခါတလေ တစ်အိမ်တည်းနေနေကြသော စောထူးနှင့်ပင် စကားပြောချိန်မရ။

ကမာရွတ်စက်ရုံသို့ အလုပ်ပြောင်းဆင်းတာ မကြာသေးသော စောထူးသည် နံနက်အစောကြီးထသွားလျှင် မိုးဟိန်းက မနိုးသေး။ ပဲပြုတ်ထမင်းကြော်နှင့် လက်ဖက်ရည်ချိုကို ပန်းကန်လုံးထဲထည့်အုပ်ထားသည်ကိုသာ တွေ့ရသည်။ စောထူးပြန်လာသော ညနေကျတော့ မိုးဟိန်းသည် သော့ကို အိမ်နီးချင်းကို အပ်ခဲ့ကာ ည အယ်ဒီတာများနှင့် တွေ့ဆုံရန်သော်လည်းကောင်း၊ မိတ်ဆွေ စီးပွားဖက်များနှင့် ဆုံရန်သော်လည်းကောင်း ထွက်သွားရပြန်တော့ အိမ်ပြန်လာသောအချိန်၌ စောထူးက ကုလားသေ ကုလားမောအိပ်နေနှင့်ပေပြီ။

ချဥ်စော်နံသော စောထူး၏ အပြာရောင်ဝတ်စုံရနံ့ကသာ ဆီးကြိုသည်။ စနေနေ့ညမျိုးဆိုလျှင်တော့ သူ့ဝတ်စုံတွေကို လျှော်

www.burmeseclassic.com

www.burmeseclassic.com



ပေးရပြီး တနင်္ဂနွေညနေ မီးပူထိုးဖို့ ဆိုင်သို့ပို့နိုင်ရန် စီမံရသည်။ တနင်္ဂနွေနေ့ကျတော့လည်း သူ့ကိစ္စ ကိုယ့်ကိစ္စနှင့် အချိန်ကုန်ကြပြန်သည်။

သည်တော့ နွေးနွေးတို့၊ အဖိုးတို့၊ ငုဝါတို့နှင့် ပြန်ခွဲခွာလာရပေတော့မည်။ တစ်နှစ်ကြာလျှင်လည်း ကြာမည်။ သုံးနှစ် လေးနှစ်ရော မကြာနိုင်ဘူးလား။ နွေးနွေးဆိုသည်က ရန်ကုန်သွားဖို့ကို မမျှော်မှန်းရဲအောင် ဖြစ်နေသည်။

"ကံဘဲ့ သုတေသနဝင်းထဲက အမျိုးတွေက ခေါ်တာတောင် မရောက်နိုင်တာ ကြည့်၊ ငုဝါလဲ ရန်ကုန်တစ်ခေါက်မှ မရောက်ဖူးသေးဘူး၊ အဲလေ. . . ရောက်လဲ မရောက်ဖူးစေချင်ပါဘူး၊ ဘာလုပ်ဖို့လဲနော်၊ သူ့အတွက် ကဒုတ်ကပိုပြီး ပျော်စရာ မကောင်းဘူးလား၊ လွတ်လပ်တဲ့ လေကောင်းလေသန့်လဲ ရှူရတယ်၊ ကွဲနို့လဲ ဝဝ သောက်ရတယ်၊ 'ပျဉ်းမ' တို့ 'ဇော်ဟိတ်'တို့လဲ စီးရတယ်၊ ဘုရားပွဲတွေလဲ အနှံ့ ဆွေမျိုးတွေနဲ့ လည်ရတယ်၊ ဘာလိုသေးလဲ"

နွေးနွေးသည် သူ့ဘဝကို သူ့ဘာသာသူ မဲတင်းသည်။

တစ်ခါတလေတော့လည်း နွေးနွေးသည် ငုဝါ၏အနာဂတ်ရေးရာကိုမျှော်တွေးပြီးလည်း ပူပင်ပြန်သည်။

"ငုဝါကိုတော့ တို့လိုမပင်ပန်းစေချင်ဘူး၊ မဆင်းရဲစေချင်ဘူး၊ ပညာတော့ တတ်အောင်သင်ရမှာပေါ့၊ အနည်းဆုံး မကြင်မေလို ပညာရေးတက္ကသိုလ်တော့ လွှတ်ရမယ်၊ ကဒုတ်နယ်မြေအတွက် အထက်တန်းပြဆရာမလေး ဒေါ်ငုဝါကို တို့ဖန်တီးပေးရမှာပေါ့၊ ဒါမှ ဘယ်သူမှ ဝမ်းမသာနိုင်မှာ"

"ဝမ်းမနည်းမှာလို့ ပြောစမ်းပါဟာ"

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာ အမျိုးမျိုးပဲလေ၊ တချို့ကတော့ သူများကောင်းစားတာကို ဝမ်းသာအားရ ရှိကြရှာတယ်၊ စိတ်နှလုံးကောင်းတဲ့ လူတွေကတော့ သူများကောင်းစားတာမြင်ချင်တတ်ကြတယ်၊ အချို့ကတော့ အဲလို ကောင်းစားတာကိုပဲ ဘဝင်မကျကြဘူး၊ အလကားနေရင်း အဘိဇ္ဈာ ပွားတတ်ကြတဲ့လူတွေလဲ ရှိသေးတာပဲကွယ်၊ သူငယ်ချင်းလဲ သိမှာပါ"

သည်တော့လည်း နွေးနွေးအား ကြင်နာစိတ်နှင့်ငေးမောကြည့်နေမိရုံမှလွဲ၍ ဘာမှမတတ်နိုင်ချေ။ နွေးနွေးတွင်လည်း ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်နေလိမ့်မည်ဆိုတာလည်း မှန်းဆနိုင်ပါသည်။ လူတိုင်း ပြဿနာနှင့်မကင်းတတ်။ ရှောင်လွှဲ၍လည်း ရနိုင်မည်မထင်။ အဆိုးဆုံးကတော့ ငွေရေးကြေးရေး ပြဿနာ လောကတွင် ငွေမရှိဘဲ လုံးဝအသက်ရှုလို့မရတာအမှန်ပင်။ နွေးနွေးအားမှီခိုအားထားသူများကား ငုဝါတစ်ယောက်တည်းလည်း မဟုတ်။ အဖူးနှင့် အဖီးလည်းရှိသေးသည်။

သည်ကြားထဲတွင် နွေးနွေးသည် ပျားနှင့်အုပ်စုတူ နကျယ်မိခင်ကြီးနှင့်လည်း တူလှစွာသည်။ နကျယ်လေးတို့၏ မိခင်သည် သားငယ်များ၏ အလိုကို အလွန်လိုက်ရရှာသည်။ သားငယ်များသည် အစားအသောက်တွင် များစွာလောဘကြီးကြ၏။ အရှင်လတ်လတ် သတ္တဝါတို့၏ အသားကိုစားရမှသာလျှင် ကျေနပ်နှစ်သိမ့်ခြင်းရှိကြရာ မိခင်နကျယ်သည် နကျယ်ကလေးများကိုလုံခြုံစွာ မွေးမြူပြုစုရသည့်တာဝန်မျှသာမက နေ့ချင်းညချင်းကြီးထွားလာမည့် နကျယ်လေးများအတွက် လတ်ဆတ်သောအစာကိုအရန်သင့် ရှာဖွေသိမ်းရသည့် တာဝန်ကိုပါ ထမ်းဆောင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်နကျယ်သည် အသိုက်ပြုလုပ်လိုသောအခါ မြေကြီးကို တွင်းတူး၍ သော်လည်းကောင်း၊ နှုတ်သီးဖြင့် အိမ်ထရံတွင် ကပ်၍သော် လည်းကောင်း ပြုလုပ်၏။ ထို့နောက် ပျံထွက်သွားပြီးလျှင် သူ့ ကိုယ်နီးပါးမျှ ကြီးမားသော ပေါက်ဖတ်များကို တစ်ကောင်ပြီး တစ်ကောင် သယ်ဆောင်လာကာ အသိုက်အတွင်း၌ ထားခဲ့သည်။ ထို့နောက် ထိုပေါက်ဖတ်များပေါ် ဥတွေ တစ်လုံးပြီးတစ်လုံး ဥလေ သည်။

အံ့ဖွယ်အကောင်းဆုံးမှာ နကျယ်မကြီးသည် ထိုပေါက်ဖတ် ကောင်များကို မသေရုံ အကြောသေရုံသာ မိမိ၏ အဆိပ်စွယ်ဖြင့် ထိုးနှံထားခြင်းဖြစ်၏။ ဥမှပေါက်လာသော နကျယ်ကောင်ငယ် ကလေးများသည် ထိုမသေမရှင် ပေါက်ဖတ်များကို အစာအဖြစ် စား၍ တစ်စတစ်စ ကြီးပြင်းလာကြသည်။

နွေးနွေး၏ဘဝသည် အထီးတည်းနေ နကျယ်မိခင်ဘဝနှင့် ဘာမှမခြား။ ငုဝါသာလျှင် နွေးနွေး၏အသက်ဘူးဖြစ်ချေသည်။ ထို့ကြောင့် နွေးနွေးသည် တစ်ခါတလေ ငုဝါအား 'သာဗိုးရေ' (အသက်ဘူးရေ) ဟု ခေါ်တတ်သည်။

"ငုဝါကို မျက်စိအောက်က အပျောက်မခံနိုင်တော့ အဖိုးက ဆူတယ်၊ သိပ်စိတ်ပူသွားတာက တင်မလတ်တို့ဆီက ငုဝါကို မွေး စားမယ် သတင်းကြားကတည်းကပဲ၊ သူတို့က ပြောတာက ငုဝါဟာ နွေးနွေးနဲ့ မတန်ပါဘူးတဲ့"

"ဒါဖြင့် ဘာလို့. . ."

မိုးဟိန်းသည် ဒေါသထိန်းရန် သတိလွတ်သွားလေသည်။ နွေးနွေးက လေအေးအေးနှင့်ပြုံးလျက်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေ မိုးဟိန်းရဲ့၊ သူတို့ဘက်က တရားဥပဒေတွေ ဘာတွေနဲ့ စကားပြောလို့မှ မရတော့ဘဲ"

"ဘယ်ပြောလို့ရမလဲ နွေးနွေးရဲ့၊ အရင်တုန်းက နင့်ဘက်က တရားဥပဒေနဲ့ စကားပြောခဲ့တုန်းက သူတို့က အမှန်တရားကို ပြောင်းပြန်လှန်ခဲ့တာပဲ၊ ခုမှ"

"ခုမှ ဒီဇာတ်ကို ပြန်ဆက်ချင်နေတာ"

"ဒီဇာတ်က ပြီးခဲ့ပြီပဲ နွေးနွေး၊ ပြီးလဲ ပြီးဆုံးသင့်ပါပြီ"

"ဟုတ်တယ်၊ ပြီးပြီလို့ပဲ တို့လဲ ယူဆပါတယ်၊ ငုဝါဟာ တို့အသက်ပဲ၊ ငုဝါကို လိုချင်ရင် တို့ကိုသတ်ပြီးမှပဲ ယူလို့ရမယ်"

"သူတို့ယူချင်တိုင်း ယူလို့မရပါဘူး နွေးနွေးရာ"

"ဟုတ်ပါတယ်လေ၊ ဒါပေမယ့် တစ်ခါတလေလဲ အတွေးခေါင်ပြီး တို့က စိတ်သောကရောက်နေတာ၊ တစ်ရက်ရက်လာများ ခိုးသွားမလားလို့ စိတ်ပူလိုက်ရတာလေ၊ ရန်ကုန်ကို ငုဝါနဲ့အတူတူ လာမလည်ရဲတာ ဒီအကြောင်းလဲ ပါတယ်"

"ဖြစ်မှဖြစ်ရလေ နွေးနွေးရယ်၊ နင်ကလဲ ကလေးကျနေတာပဲ၊ နင်နဲ့ငုဝါနဲ့ လွတ်လွတ်ကျွတ်ကျွတ် ပြေးဖို့ ကော်ဇောပျံတွေ ဘာတွေ စီးနေဦးမှာလား"

သည်တော့လည်း မိုးဟိန်းသည် စိတ်ရှုပ်ရှုပ်နှင့် ရယ်မောမိလေသည်။

"မနှစ်က အုန္နဲဘုရားပွဲသွားပြီး တခြားဘာမှ ဆုမတောင်းခဲ့ဘူး၊ ခမဲပြင်ဘိုးဘိုးကြီးရှေ့မှာ သမီးတော် နွေးနွေးဟာ ငုဝါနဲ့ ရှင်ကွဲ သေကွဲ မကွဲပါရစေနဲ့လို့ ဆုတောင်းခဲ့တာ၊ အဖိုးတောင် ပါသေးတယ်"

"အုန္နဲဘုရားပွဲ သွားသေးတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



“တို့အမျိုးတွေတောင် မိုးဟိန်းနဲ့ ဖိုးစောထူးကို သတိရကြသေးတယ်၊ အဲဒီတုန်းက တို့ ၁၀ တန်းဖြေမယ့်နှစ်နော်၊ တို့က ရန်ကုန် ရောက်နေပြီ၊ မိုးဟိန်း ရောက်မယ့်နှစ်ပေါ့၊ သိပ်ပျော်စရာကောင်းတာပဲ၊ အဲလို ပျော်စရာကောင်းတာတွေကိုပဲ ပြန်တွေးနေရတယ်၊ ခုတော့ အဲဒီပျော်စရာတွေလဲ ဘယ်ပျောက်ကုန်ပြီလဲ မသိပါဘူး၊ သြော်. . . အိပ်မက်နဲ့ တူလိုက်တာနော်၊ ဒါကြောင့်မို့ ဝတ္ထုစာအုပ်တွေထဲမှာ လူ့ဘဝဟာ အိပ်မက်ပါပဲလို့ ရေးကြတာပဲ၊ တစ်ခါတလေတော့လဲ အိပ်မက်ထဲမှာတောင် ဝမ်းနည်းစရာကောင်းတာတွေ တွေ့နေတော့လဲ မဆန်းလှပါဘူးလို့ အောက်မေ့နေရတယ်”

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၃)

ရေဖောင်ဖောင် စီးနေသည်။

လှိုင်းရေပြင်ကျယ်မှာ အစလည်းမရှိ အဆုံးလည်း မရှိအောင် ရှည်လျားပြန့်ကျယ်လှသည်။ အချို့နေရာတွင် ကမ်းမမြင်။ ကမ်းသည် အမြင်တွင် ပျောက်သွားသည်။ ဘုရားဖူးများ သယ်ဆောင်လာခဲ့ကြသော ပဲ့ထောင်တို့သည် ရေပြင်ခရီးတွင် စက်ခုတ်မောင်းသံများနှင့် သော့လျှင်စွာ ပြေးနှင်လာကြလေသည်။

ရှုလိုက်တိုင်း ရေပြင်ကျယ်ကြီးကသာ လွှမ်းနေသည်။ မူလက လယ်ကွင်းများဖြစ်သော်လည်း စီးဆင်းနေသော ရေအရှိန်အားက များလွန်းသောကြောင့် သမုဒ္ဒရာနှင့် ပင်လယ်တို့ကိုပင် တုပြိုင်နိုင်အံ့ထင်သည်။

ပဲခူး၊ သနပ္ပင်ဆိပ်မှ ထွက်လာကတည်းကပင် ရေပြင်ကျယ်ကြီး ဖြစ်စပြုနေပေပြီ။

ရေပေါ်တွင် မှော်ပင်များ၊ မြက်ရိုင်းပင်များ၊ ဗေဒါနှင့် ဒိုက်သရောပင်များ ရောထွေးမျောပါလာကာ ရေပေါ်တွင် လှိုင်းစီးနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူအပြည့်တင်ဆောင်လာသော ပဲ့ထောင်သည်လည်း လှိုင်းပေါ် တလူးလူးတလိမ့်လိမ့်။

"အရှင်ကြီး အရှင်ကောင်းများ ဘေးအန္တရာယ်ကင်းရှင်းအောင် စောင်မတော်မူပါ"

အဖိုးတို့က တောင်းပန်လိုက်ကြသည်။

"မိုးဟိန်းနဲ့ နွေးနွေး လှေနံရံမကိုင်ကြနဲ့"

နွေးနွေး၏အမိုးက လှမ်းအော်လိုက်သည်။

"ဘာဖြစ်လို့လဲ"

မိုးဟိန်းက စောဒကတက်သည်။

"အေး. . . မကိုင်ကောင်းလို့ပေါ့၊ လှေနစ်တတ်တယ်"

သည်တုန်းက နည်းနည်းကတ်ကတ်သတ်သတ်လုပ်ချင်သော မိုးဟိန်းသည် လူကြီးတွေအလစ်တွေ လှေနံကို ခဏခဏ ကိုင်ကြည့်ပြီး စိတ်ပူမိသေးသည်။ ဘာမှမဖြစ်တော့မှ စိတ်အေးသည်။ ဒါတောင် အပြန် လမ်းပျောက်ကာ ကမ်းသို့ တော်တော်နှင့် မကပ်နိုင်သဖြင့် ကိုယ့်အပြစ်နှင့်ကိုယ် စိတ်မလုံ။

"လေ့လာကြည့်တာပါဗျာ၊ လေ့လာကြည့်တာပါဗျာ"

ကိုယ့်သင်္ကေတနှင့် ကိုယ်ရေရွတ်နေခဲ့မိတာကို ယခုမှ ရယ်စရာကောင်းလှသည်ကို သတိရမိသည်။ နွေးနွေးကတော့ သီချင်းတအေးအေးနှင့် ပျော်လှသည်။

ကမ်းစပ်ဘက်မှာ ပေါက်နေသော တရုတ်မန်ကျည်းပင်များ၊ ဆီးချုံပင်များ၊ ဝါးရုံပင်များသည် အစီအရီ တန်းစီနေကြသည်။ အစိမ်းနုတွင် ပန်းနုရောင် ပြေလျော့လျော့နှင့် တရုတ်မန်ကျည်းသီးအကောက်လေးများသည် ပြွတ်ခိုင်သီးမှည့်နေကြသည်။

ကျွဲများကို ပင်စည်တွင် ချည်နှောင်ထားသော ကြိုးရှည်ရှည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် လှန်ထားလေသည်။ သျှောင်ပေစူးလေးများနှင့် လုံချည်ကွင်း သိုင်းထားသော ကျွဲကျောင်းသားလေးများသည် လောက်လေးခွများ ကိုယ်စီကိုင်ထားလျက် နှင်တံတစ်ချောင်းနှင့် ကမ်းစပ်တစ်ဝိုက်တွင် လူးလာခေါက်တုံ့သွားနေကြသည်။

*မန်ကျည်းပင်ကောက်ကွေး၊ လောက်လေးနဲ့ဆော်*
*အပျိုမလေး နောက်ဖေးကအော်။*

နွေးနွေးကစတင်ပြီး တိုင်လိုက်သည်ကို စောထူးတို့က နောက်မှ လိုက်အော်ကြသည်။ ပဲ့ထောင်လှေဝမ်းထဲတွင် ငြိမ်ငြိမ် သက်သက်လိုက်လာကြရသော ကလေးငယ်တစ်စုသည်လည်း လူက ငြိမ်နေရသည်ကို အတိုးချ၍ ပါးစပ်များကို အလုပ်ပေးကြသည်။

*မန်ကျည်းပင်ကောက်ကွေး၊ လောက်လေးနဲ့ဆော်*
*အပျိုမလေး နောက်ဖေးကအော်။*

လှေတစ်ဝမ်းလုံး ဆူညံလာပြန်တော့ လူကြီးတွေက တဟဲ့ဟဲ့နှင့် ကြိမ်းမောင်းရပြန်သည်။

နံနက်(၇)နာရီ ထွက်လာခဲ့သော ရေပြင်ခရီးကား နံနက်စာစားရမည့်အချိန် (၁၀)နာရီမှ ခမဲပြင်ဘုရားစေတီသို့ ရောက်မည်ဟု ခန့်မှန်းကြသည်။

ရေပြင်လယ်၌ ကြာတောကြီးများက တွင်ကျယ်နေသည်။ ကြာရိုး ကြာစွယ် ကြာဖူးများနှင့် ကြာရွက်ဖားဖားကြီးများသည် စိမ်းမြရောင်လျှံလျက် ရေကို အစွမ်းကုန်အလှတန်ဆာဆင်ပြန်သည်။ ကြာဖြူအပွင့်များလျက် သည်ဆီမှ ကြာညိုခေါ်သော ခရမ်းရောင် ကြာပွင့်တို့သည်လည်း အန္တံတောပြား ပွင့်လာကုန်သည်။

ပုဂံ ညောင်ပင် ပြွန်ပေါက်ဆိုသည့် နေရာတွင် တံတားအောက်

www.burmeseclassic.com

www.burmeseclassic.com



မှ ပွဲထောင်တို့၊ ပွဲချိတ်တို့ ဖြတ်လာရရာ ရေစီးသန်လှသဖြင့် လှေတို့ ပဲချိတ်တို့ မှောက်တတ်သည်။ မှောက်လည်း မှောက်ဖူးသည်။ သို့ကြောင့် နွေးနွေးတို့ အဖိုးတို့ အဖွားတို့အားလုံး ပွဲထောင်မှ ဆင်းကာ ကုန်းကမ်းစပ်မှ တံတားကို ခြေလျင်ကျော်ကြရသည်။ ပွဲထောင်နှင့် တွဲထားသော စက်ကို အဖွားနှင့်တစ်ယောက်က ထမ်းလာရသည်။

ပွဲထောင်ပေါ် ပွဲထောင်သမားနှင့်အတူ နွေးနွေးအပါ၊ မိုးဟိန်းအပါးနှင့်အတူ မိုးဟိန်းပါသွားသည်ကို နွေးနွေးက လုံး၀ မကျေနပ်။

"ဟဲ့. . . ဘာမလိုတာလဲ၊ မိုးဟိန်းက ရေကူးတတ်တယ်"

နွေးနွေး၏အဖိုးက လှမ်းမာန်သည်။ မိုးဟိန်း၏ ၀င့်ကြွားသော အမူအရာကို နွေးနွေးက မထီမဲ့မြင်နှင့် လျှာထုတ်ပြောင်ပြလိုက်လေသည်။

"အဖိုးရေ. . . ခရီးမရောက်သေးဘူး၊ ဆာလို့တဲ့ လျှာထွက်တဲ့ ခွေးမက လျှာထွက်နေပြီ၊ အမဲသားလေးဘာလေး ကျွေးလိုက်ပါဦး"

ပွဲထောင်ပေါ်ရောက်သောအခါ နွေးနွေးသည် မိုးဟိန်း ကျောပြင်ကို တအုံးအုံးနှင့် ထုလေသည်။ ၀ါဆိုလပြည့်ကျော် (၁) ရက်နေ့က မိုးကသည်းပြီးကာလ ရွှံ့စေးမြေကို ဖိနပ်ချွတ်ကာ လာခဲ့ရသော နွေးနွေးသည် နဂိုတည်းက စိတ်တိုနေကာ အဖိုးခေါင်းခေါက်တာက နည်းနည်း စိတ်ဆိုးမာန်ဆိုးနှင့် မျက်ရည်တွေ ကျလာလေသည်။

မြို့ပေါ်မှ ဘုရားဖူးလာကြသူများထဲမှ မိန်းမတစ်တွေလည်း မျှော့တွယ်သဖြင့် အော်ဟစ်သူက အော်ကြသည်။ ငိုသူက ငိုကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နွေးနွေးသည် တွယ်လာသော မျှော့တစ်ကောင်ကို လက်နှင့်ပင် ခွာချလိုက်လေသည်။ သို့ကြောင့် မိုးဟိန်းက နွေးနွေး မျှော့တွယ်ခံရလို့ ငိုတာပါဟု စလျှင် ပို၍ပင်စိတ်ဆိုးမိလေသည်။

"မိုးဟိန်းကို ခမဲပြင်ဘိုးဘိုး ဒဏ်ခတ်ပါစေ"ဟု ကျိန်တွယ်လျှင် လူကြီးတွေက နွေးနွေးကို ဆူပူကြိမ်းမောင်းကြပြန်သည်။ သည်တော့ နွေးနွေးသည် မိုးဟိန်းကိုမကျေနပ်သောစိတ်နှင့် တစ်လမ်းလုံး စိတ်မှာလှိုင်းတံပိုးထန်လာလေသည်။

ကြာဖြူတောသို့ ရောက်လာမှ စိတ်နည်းနည်းပြေသည်။ မိုးဟိန်းသည် ပဲ့ထောင်အရှိန်အဟုန်နှင့် လျင်မြန်စွာ မောင်းနှင်နေသော ကြားထဲမှ ရှားရှားပါးပါး ကြာခွက်ကြီးတစ်ခွက်ကို လှမ်းဆွတ်မိပြီး မိန်းကလေးတွေ တစာစာတောင်းကြသည့်ကြားထဲမှ နွေးနွေးလက်ထဲသို့ ထည့်လိုက်လေသည်။

"ရော့. . . အဲဒါနဲ့ ကျေရော"

နွေးနွေး၏ မှုန်နေသော မျက်နှာမှာ အပြုံးရိပ်ရေးရေးထင်လာပြီး ကြာခွက်ထဲမှ ကြာဖူးစေ့လေးများကို မြိန်ရေရှက်ရေခွာစားလေသည်။ ကြာစေ့တိုင်းက အောင်မြည်သည်ချည်း။ စားချင်သဖြင့်လက်လှမ်းကာတောင်းနေကြသော ကလေးများလက်ထဲသို့လည်း တစ်စေ့စီ နှမြောတွန့်တိုစွာ ဝေစုခွဲတမ်းချနေသည်။

စောထူးကတော့ သူ့လက်ထဲတွင် ပါလာသော ကြာဖြူဖူးပွင့်ရာ ကြာရိုးကို ကြာဆစ်တစ်ဆစ်စီ လှန်ချိုးရင်း ကြာဆစ်ဆွဲကြိုးလုပ်နေသည်။ မိုးဟိန်းကတော့ ရှားရှားပါးပါး ရတတ်သူမို့ သူ့လက်ထဲ ပဒုမ္မာကြာဖူးကြီး ပါလာလေသည်။

ပန်းသွေးရင့်ရင့် ပဒုမ္မာကြာဆစ်ကြိုးကို နွေးနွေးလည်ပင်းတွင်ပင် လှမ်းစွပ်ပေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဟိန်းကလဲ မကောင်းဘူး၊ သိပ်မျက်နှာလိုက်တာပဲ" ဟု ကောင်မလေးတွေက နှုတ်ခမ်းစူကြသည်။

"သူက ကိုက်တတ်လို့ ကြောက်နေရတယ်ဟ"

စိတ်ကျေနပ်အောင် ပြောမိပြန်တော့လည်း နွေးနွေးက မျက်စောင်းတစ်ချက် ဝင့်လိုက်လေသည်။

"ဟိုဘက်တစ်ဝိုက်မှာ ကြာနီတောတွေ ရှိပါသေးတယ်"

ပဲ့ကိုင်မောင်းသူက ရယ်ရယ်မောမောနှင့် ပြောနေသည်။

"ကြာတောတွေက လှတော့လှပါရဲ့၊ လမ်းတွေနှစ်ခွ သုံးခွဖြစ်နေလို့ လမ်းပျောက်မှာစိုးရတယ် ပဲ့ဆရာရေ၊ သေသေချာချာလဲ မောင်းပါဦး၊ ခမဲပြင်ကို ၁၀ နာရီခွဲလောက်ရောက်ပဲ့မလား"

အဖူးက စိတ်ပူနေသည်။

"ဟာ. . . ရောက်ပါတယ်ဦးလေးရာ၊ စိတ်ချပါ၊ ကျွန်တော်တို့ ဒီလမ်းတွေ ကျွမ်းပါတယ် ဦးလေးရဲ့"

လှပသော ကြာရိုးတံနှင့် ကြာဖြူပွင့်၊ ကြာခရမ်းရောင်ပွင့်များကား အရွက်စိမ်းဖားဖားကြီးကြားထဲမှ ခေါင်းထောင်နေကြလေသည်။ ကဗျာများကို အသံနေအသံထားနှင့် ရွတ်တတ်သော အဖူးက ကဗျာကို သူ့ဘာသာသူ အသံသွင်းကာ ကိုယ်တိုင် ဗျပ်စောင်းတီးလျက် သီဆိုနေသည်။

*ကြာဖြူကြာနီ၊ ကြာညိုနှော့လို့*
*တို့လယ်တော်မှာ ပွင့်ကြတယ်*
*ကောက်စိုက်အပြန်၊ ရေကန်ကြီး*
*ကြာတစ်စည်းလောက် ချိုးခဲ့ကွယ်။*
*ကြာပွင့်ကြာငုံ၊ ထုံထုံမွှေးကို*
*မလေးဘယ်သို့ သုံးပဲ့မယ်။*

www.burmeseclassic.com

www.burmeseclassic.com



*ကြာရိုးကြာနွယ်၊ ဘယ်ညာဆစ်လို့*
*ရွှေကြာဆစ်ကြိုး၊ ဆွဲပ့ါမယ်။*
*ဆွဲပ့ါမယ်၊ ဆွဲပ့ါမယ်။*

ကဗျာဆရာကြီး မင်းသုဝဏ်၏ ကြည်နူးဖွယ်ကောင်းလှသော အလှကဗျာသည် ပတ်လည်မြင်တွေ့နေရသော ကြာတောအလယ်တွင် အဖူး၏သာယာသော ဗျပ်စောင်းသံ၊ ကြည်လင်ပြတ်သားသော တေးသံနှင့် ပို၍ကြည်နူးသာယာဖွယ်ကောင်းလာလေသည်။

တခြားသော ပဲ့ထောင်များသည် ဘေးချင်းယှဉ်၍ မောင်းနှင်လာကြရင်း ကာလသားတစ်သိုက်က. . .

"ယောက္ခမကြီး ခမဲပြင်ကျ ထပ်ဆိုပြပါဦး"

နောက်ပြောင်လာကြလေသည်။ အဖူးကလည်း အားကျမခံ. .

"အေး အေး. . . ဆိုပြမယ်သားရေ၊ မင်းတို့အမေကို ထမင်းချက်ထားလို့ ပြောလိုက်"

သီချင်းဆိုနေရာမှ ပြန်နောက်ပြောင်လေသည်။

သည်လိုပင် ပဲ့ထောင်ချင်း ပဲ့ချိတ်ချင်းယှဉ်၍ နောက်ပြောင်ကြမြဲပင်။ ရေနှင့် လှမ်းပက်ကာ ကစားကြသည်မှာ အလေ့အထတစ်ခုလိုဖြစ်နေသည်။ နွေးနွေးတို့သည် သကြ်န်ရေခံထွက်လာကြသည့်ပမာ မျက်နှာသုတ်ပဝါတို့ကို ခြုံထားရလေသည်။

"တောင်ပြုန်းပွဲလို အစမကြမ်းပါဘူး၊ ဒီမှာက ပျော်ရုံပါးရုံကြီးလောက်ပါပဲ၊ ရန်ကုန်သကြ်န်များ သိပ်ဆိုးတာ၊ ညစ်လဲ အားကြီးညစ်ပတ်တယ်၊ နွေးနွေးတို့ ထွက်မလည်တတ်တာကံကောင်း"

အဖိုးက ပြောရင်းစိတ်ထဲပျော်နေသေးသည်။ ရေပြင်ပေါ်တွင် လွတ်လပ်ပေါ့ပါးစွာ လွင့်မျောလာကြရသည်ကို အားလုံးပဲ ပျော်ကြသည်။ နွေးနွေးတို့ပဲ့ထောင်က အမိုးဟင်းလင်းပွင့်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပွဲထောင်အချို့ကား ပေါင်းမိုးများနှင့် အလယ်တွင် ကာအုပ်ထားကြသည်။ ပွဲထောင်ချင်းယှဉ်မိလျှင် ရေပက်မည်၊ အစခံရမည်စိုးကြသော အပျိုမလေးများက ပေါင်းမိုးအောက်ထဲ ဝင်နေကြသည်။

"ရုတ်တရက် လှေနစ်ရင် ပေါင်းမိုးနဲ့ နေရတာက အထဲမှာ ပိတ်မိနေမယ်၊ ဒီလိုက လွတ်လပ်ပါတယ်နော်"

အမိုးတို့က ဆင်ခြေလဲရင်း အပျော်ကြူးနေကြသည်။ အမျိုးသမီးတစ်အုပ်ကြီးတွေ့လျှင် တစ်ဖက်ပွဲချိတ်မှ ကာလသားတွေက. . .

"လိုက်မလား၊ လိုက်မလား မိန်းမရေ"

အော်သွားကြတာကို အမိုးတို့က နည်းနည်းမှ အညံ့မခံ။

"မလိုက်ဘူး သွားကြသျှိုင်းကို"

ဘာပဲ အော်ရအော်ရ ပျော်နေကြသည်။

နွေးနွေးနှင့် သူ့အဖော်မလေးများကို ရွှံ့ရည်နှင့် အပက်ခံရလျှင်တော့ မိုးဟိန်းတို့က စိတ်ဆိုးကြသည်။ စောထူးက ကရင်လိုညစ်ညမ်းစွာ ဆဲရေးလိုက်သည်။

"စိတ်မဆိုးရဘူးလေ ဖိုးစောထူး"

အဖူးက သတိပေးလေသည်။

ကမ်းစပ်သို့ ရံဖန်ရံခါ လှမ်းမြင်ရသည်။ တောင်ကမူလိုလိုကုန်းအမြင့်တွင် စိမ်းရိပ်မှောင်မှောင်နှင့် ချောင်ကောင်းသော သစ်တောအုပ်များက သဘာဝအလှကို ဖန်တီးပြန်သည်။ ရေထဲ လူးနေသော ကျွဲများသည်လည်းကောင်း၊ နေစာလှုံနေကြသော နွားတို့သည်လည်းကောင်း၊ ကျွဲနွားတို့၏ စားကျက်မြေသည်လည်း သဘာဝဆေးပန်းချီ ရေးခြယ်သည့်နှယ်။

ဘဲတစ်အုပ်သည် ရေထဲတွင် တည်ငြိမ်စွာကူးလျက် ကမ်းစပ်

www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ဦးတည်သော နှုတ်သီးများနှင့် အတောင်ကြားထဲ ထိုးသည်က ထိုးလျက်၊ အတောင်ဖြန့်ခါသည့် အကောင်က ခါလေသည်။

နွေးနွေး၏ ပါးပြင်တို့သည် နေအရှိန်နှင့် နီရောင်ပြေးနေသည်။ မိန်းကလေးများ ခေါင်းထက်မှ ကြာပန်းများနှင့် ရင်ညွှန့်ပေါ်မှ ကြာဆစ်ကြိုးတို့သည် နွမ်းလျခွေပျောင်းစ ပြုချေပြီ။

"စာဆိုအရတော့ ကြာပန်းဟာ သီတင်းကျွတ်မှာပွင့်တဲ့ ရာသီပန်း၊ ဒါပေမယ့် ခု ဝါဆိုလမှာလဲ လှိုင်လှိုင်ပွင့်ကြသားပဲ၊ ဝါဆိုပန်းကပ်ချိန်မှာ ပျော်စရာဘယ်လောက်ကောင်းထားလဲ"

အဖူးက ခရမ်းရောင် ကြာပွင့်နှစ်ပွင့်ကို ကြာဆစ်ချိုးပြီး နွေးနွေးကို တစ်ကုံး၊ အဖီးကို တစ်ကုံး ဆင်မြန်းပေးလိုက်လေသည်။ အဖီးကို အဖူးက ကြာဆစ်ကြိုးဆင်တာကို အားလုံးသဘောကျကာ လက်ခုပ်လက်ဝါး တီးပြီး သြဘာပေးကြတော့ အဖူးက အရွဲ့တိုက်လျက်. . .

*ကြာပွင့်ကြာငုံ၊ ထုံထုံမွှေးကို၊*
*မလေးဘယ်သို့၊ သုံးပါ့မယ်. . .*
*ကြာရိုးကြာနွယ်၊ ဘယ်ညာဆစ်လို့*
*ရွှေကြာဆစ်ကြိုး ဆွဲပါ့မယ်. . .*
*ဆွဲပါ့မယ် ဆွဲပါ့မယ်။*

၀

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၄)

ခမဲပြင်ရောက်တော့ ၁၁ နာရီထိုးလုပေပြီ။

ဘုရားစေတီမှာ ပွဲတော်ရက်နှင့် လူစည်ကားလွန်းသဖြင့် တိုးလို့ မပေါက်။ ခြေချစရာပင် နေရာမရှိသဖြင့် ဘုရားလည်းကောင်းကောင်း ဖူးခွင့်မရ။ ထမင်းစားရန်လည်း မဖြစ်နိုင်။

မိုးဖွဲဖွဲရွာချသဖြင့် နွေးနွေးတို့လည်း မိုးရေဖြင့် ရွှဲကုန်သည်။ ဘုရားကုန်းတော်ပေါ် ကန်နံဘေးမှလျှောက်၍ ရေအိမ်သို့လည်း အပြေးအလွှား လာခဲ့ကြရလေသည်။

ကန်ဘေးလမ်းမှ လျှောက်လာကြသော မိုးဟိန်းတို့လည်း တစ်ဖက်သော ရေအိမ်သို့ အပြေး ကျူထရံပေါ်မှကျော်၍ နွေးနွေးတို့၏ ခေါင်းများကို မြင်နေရသောအခါ. . .

“ဝအောင်သာ စားကြဟေ့”

လှမ်း၍ မနောက်သာနောက်သာ နောက်သွားလေသည်။ နွေးနွေးသည် မျက်စောင်းတဝင့်ဝင့်နှင့်. . .

“နင်တို့ စားပေ့ါ”

ပြောရုံပဲ ပြန်ပြောနိုင်သည်။ အိမ်သာနှင့် တောင်ကုန်းမြေကူး

www.burmeseclassic.com

www.burmeseclassic.com



တံတားသည် ရွှံ့စေးများပေကျံ၍ ချောနေသဖြင့် အတော်သတိထားလျှောက်ရလေသည်။

ကန်ရေမှာ စိမ်းလန်းနေသည်။ ကြာဖက်များလည်း လွှမ်းခြုံလျက် တော်သလင်းသီတင်းကျွတ်တွင် ကြာပန်းများ ကန်ပြင်အပြည့် ဖုံးလွှမ်းနေအောင် ပွင့်တတ်ကြသည်တဲ့။

နွေးနွေးတို့သည် စေတီကို ဦးပဲချနိုင်တော့သည်။ သပြေခက်တို့သည် ညောင်ရေအိုးတွင် ပိတ်ကျပ်ဆို့တစ်နေလောက်အောင် များပြားလွန်းလှသည်။ ဘုရားရင်ပြင်တစ်ဝိုက်တွင် ဝါဆိုဖယောင်းတိုင်နှင့် အမွှေးတိုင်ရနံ့များ ထုံမွှန်းနေသည်။ အမိုးအကာမရှိသောရင်ပြင်တစ်ဝိုက်ကား မိုးရေတို့ဖြင့် စိုရွှဲနေသည်။ စေတီ၏ ဝန်းကျင်တစ်ဝိုက်ကား သစ်ရိပ်ညိုညို့ အုပ်အုပ်ဆိုင်းဆိုင်းနှင့် စခန်းအခြေကတော့ သာယာလေသည်။

ခမဲပြင်ဘိုးဘိုးကြီး နတ်နန်းတွင်လည်း လူတွေစည်ကား ထပ်သိပ်နေသဖြင့် တိုးမပေါက်ပြန်။ အဖိုးတို့နှင့်အတူ နတ်နန်းအပြင်ဘက်ကပဲ လှမ်းကန်တော့ရလေသည်။

“ဟဲ့. . . ကလေးတွေ လိုရာဆုတောင်းကြ၊ ဆုတောင်းပြည့်တယ်”

အဖိုးတို့က သတိပေးကြသည်။ သည်တုန်းကတော့ နွေးနွေးဘာဆု တောင်းခဲ့သလဲ မမေးမိခဲ့။ မိုးဟိန်းဆုတောင်းကတော့ နည်းနည်းခံ့ညားလွန်း အားကြီးသဖြင့် ဘယ်သူ့ကိုမှ ပြန်ထုတ်ဖော်မပြောရဲဘဲ ရင်ထဲသိမ်းဆည်းလာခဲ့သည်မှာ ယနေ့ထက်တိုင်အောင်ပင်။

“တစ်ပြည်လုံးဟိန်းတဲ့ မိုးဟိန်းဖြစ်ပါစေ”တဲ့။

နွေးနွေးသာ ဟိုစဉ်တုန်းက ကြားခဲ့လျှင် ဘယ်လောက် ဟား

www.burmeseclassic.com

www.burmeseclassic.com



တိုက် ရယ်လိုက်ချင်မလဲ။ ကိုယ့်ဘာသာကိုယ်လည်း ရယ်ချင်မိသည်မှာ ခဏခဏပင်။ ကနေ့ ပန်းချီဆရာပေါက်စ ကာတွန်းဆရာပေါက်စနလေးအဖြစ် လူသိရှင်ကြားဖြစ်လာသည်ကိုပင် ကျေးဇူးတင်မိရသည်။

အစတုန်းကတော့ အခြေခံပညာရေးအထက်တန်းအောင် စာရင်းတွင် မကြာခဏ (ခ)စာရင်းနှင့် အောင်တတ်သူ၊ မဟုတ်မခံချင်စိတ်နှင့် အချုပ်တို့ ဂတ်တဲတို့၌လည်း တရားခံဖြစ်ခဲ့ဖူးသူ၊ လမ်းပေါ်တွင် ခြေသလုံးအိမ်တိုင် လျှောက်နေခဲ့ရသူ၊ ဖိုးစောထူး၏ မဝရေစာ ထမင်းကို လက်ဝေခံစားခဲ့ရသူ၊ ဘယ်လောက် သိမ်ငယ်ခဲ့တဲ့ ဘဝလဲ၊ သက်တမ်းတိုသော ကျေးဇူးရှင်အပါးနှင့် အမေတို့ကို ကျေးဇူးဆပ်ခွင့်မရလိုက်သော သားသုညဘဝ။

ယခုမှ လူမွေးလူတောင် ပြောင်ခါစပဲရှိသေးသည်။ သို့ပေမယ့် ဘိုင်ပြတ်ခဲ့သော ရက်တွေကို မရေမတွက်နိုင်။ ပြည်သူ့မုန့်တိုက် လက်ဖက်ရည်ဆိုင်တွင် သူလိုကိုယ်လို ကာတွန်းဆရာတွေ၊ ကဗျာဆရာတွေ စုပြီးထိုင်ကြကာ လက်ဖက်ရည် မှာမသောက်နိုင်ဘဲ စကားဝိုင်းဖွဲ့ခဲ့တဲ့ ရက်တွေလည်း သတိရမိသေးသည်။ ရယ်စရာတော့ ကောင်းလှသည်။ အမြဲတမ်းပင် အစာမစားဘဲ အာလူး (လေ) တွေ တစ်ပုံတစ်ပင်ကြီးနှင့် ဗိုက်ပြည့်နေလေသလားမသိ။

ကိုယ်အလေးချိန် လျော့ပြီးရင်း လျော့နေတာကို သတိထားမိသည်။ ကဒုတ်ရောက်တော့ ငုဝါသည် မိုးဟိန်း၏လက်ကို ကိုင်ကြည့်ပြီး “လက်စသတ်တော့ ဦးဦးက ပိန်တာကိုး” ပြောခဲ့တာကို ရယ်ရယ်မောမောနှင့် သဘောတူလက်ခံခဲ့ရသည်။

ဟိုစဉ်တုန်းက ဆုတောင်းခဲ့တာ ဘယ်တော့မှ အကောင်အထည်ပေါ်မည်ကို မသိသော်လည်း လှိုက်လှိုက်လှဲလှဲ ဆုတောင်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာအမှန်ပင်။ ခမဲပြင်ဘိုးဘိုးကြီးကတော့ တန်ခိုးကြီးပြီး ဆုတောင်းပြည့်လှသည်တဲ့။

"အဖိုး ဘိုးတော်ရုပ်နားမှာ မြွေကြီးနှစ်ကောင် ရှိတယ်ဆို၊ ကြည့်ချင်လိုက်တာ"

နွေးနွေးသည် ခြေတထောက်ထောက် ကြည့်ရင်း ပူဆာနေပြန်သည်။ အထဲကို ဘာမှမမြင်ရဘဲ လူတွေပိတ်ဆို့နေတာကတော့ စိတ်ပျက်ဖွယ်ကောင်းလှသည်။ အဖိုးက. . .

"အရင်တစ်ခေါက် တို့လာတုန်းက တွေ့တာပဲ နတ်မြွေတဲ့၊ နောက်မှ အေးအေးဆေးဆေး လာခေါ်ပြပါဦးမယ်ဟယ်"

သည်တော့လည်း ကျေနပ်လိုက်ရသည်။ ခမဲပြင်ဘိုးတော်ကြီးဆီသို့ နောက် ဘယ်တော့မှ အလည်မရောက်နိုင်တော့။ အဖိုးကတော့ မတ်တတ်ပင် လက်အုပ်ချီလျက်. . .

"ဘိုးတော်. . . ကျွန်တော်မတို့ လယ်ယာ မိုးမခေါင်ပါစေနဲ့၊ ရေလဲ မနစ်ပါစေနဲ့၊ လုပ်ကိုင်ရာ အပျက်အစီးမရှိ နှစ်စဉ်ကောက်ပဲသီးနှံဖွံ့ဖြိုးပြီး ချမ်းသာကြွယ်ဝပါစေ စောင့်ရှောက်တော်မူပါ ဘိုးတော်ကြီး"

အမိုးတို့ အမေတို့လည်း "မိသားစု ပြည့်စုံကုံလုံပါစေ"ဟူသော ဆုတောင်းမျိုး တစ်မျိုးတည်းသာ တောင်းကြလိမ့်မည်ဟု ထင်သည်။ သည်တုန်းက မိုးဟိန်းတို့ စောထူးတို့ နွေးနွေးတို့ဘဝ အတွက် သိပ်အပူအပင်မရှိခဲ့တာ အမှန်ပင်။

ခမဲပြင်မှထွက်လာပြီး 'တကောကနုတ်ရွာ'တွင် အမျိုးတွေဆီဝင်ပြီး ထမင်းစားကြသည်။ ရေတွေပတ်ခြံရံနေသော တကောကနုတ်နှင့် ဆက်လျက် ကန်ပေါ်ရွာစဉ်တန်းလေးတွင် ကတ္တူလှေတွေ လှော်ကြ စီးခဲ့ကြသေးသည်။ မြေပဲဆီစက်တို့မှ မီးခိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



တလူလူဝေနေသည်။ နွေးနွေးတို့ မိုးဟိန်းတို့ အမျိုးတစ်တွေ ဒွေး လေးမိကြီးတို့သည် ဘုရားဖူးတို့အား စိတ်အားထက်သန်စွာ ပြုစု ဧည့်ခံကြသည်။

အနေစုတ်သော်လည်း တညင်းသီးပြုတ်နှင့် လက်ဖက်တို့ကို ဆီစိမ်ထားသည်မှာ ရေကူးရမတတ်ပင်။ တညင်းသီးမှာ အလုံး ကြီးသလောက် ချိုလည်းချို စေးလည်း စေးလှသည်။

နွေးနွေးတို့ မိုးဟိန်းတို့ကတော့ အကစားမက်နေသဖြင့် အစား ကို ခုံမင်ဖို့ သတိမရကြ။ နွေးနွေး၏ လက်ကိုင်ပဝါနှင့် ထုပ်ယူလာ သော တညင်းသီးများကို လှေပေါ်မှာတင် အလုအယက် ဝိုင်းစား ကြသဖြင့် ခဏချင်းပင် ကုန်သွားကြလေသည်။ ထို့နောက် ရေထဲ တလူးလူးတလိမ့်လိမ့်နှင့် လှေလှော်ကြပြန်သည်။ ပိန်းကောလှေ များသည် ရေထဲ မကြာခဏမှောက်တတ်သောကြောင့် ရေတိမ် မှာပဲ ဆော့ကစားကြသည်။ ရေထဲမျောပါလာသော ဒိုက်ပင်များ နှင့် တစ်ယောက်ကိုတစ်ယောက် ပစ်ပေါက်ကစားကြပြန်သည်။ နွေးနွေးအဖော်များက ရေထဲမဆင်းသော်လည်း နွေးနွေးသည် ယောက်ျားလေးများနှင့် ရင်ပေါင်တန်းဆော့ကစားလေသည်။

အုန္တဲဘုရားဘက်သို့ ခရီးဆက်ရန် ပွဲထောင်ပေါ်ရောက်တော့ နွေးနွေးတစ်ယောက် မျက်နှာများ ချေဆပ်ကာ အဖျားသွေးဝင် တော့သည်။ အဖူးပြောပြသော ခမဲပြင်ဘိုးတော်ကြီးအကြောင်း ပုံပြင်တစ်ခုနှင့် နွေးနွေးသည် မကြာခဏသန်းကာ မှေးစက်နေ ပေပြီ။ အဖီးရင်ဘတ်တွင် ခေါင်းမှီကာ အိပ်နေသော နွေးနွေးအား စောင်ပတ်ရစ်သိုင်းခြုံကာ ထွေးပေးရလေသည်။

“ခမဲပြင်ဘိုးတော်ကြီးဟာ မထီမဲ့မြင် နောက်တာလဲ မကြိုက် ဘူး။ အနေမှား အပြောမှားရင်လဲ ရေလမ်းကို မျက်စိလည်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပစ်တတ်တယ်တဲ့၊ တစ်ခါတုန်းက ရေကန်နားကို လူ တစ်ယောက် လာပြီး ကွန်ပစ်သတဲ့၊ အမှန်ကတော့ ကန်တော်မှာ ကွန်မပစ်ရဘူး၊ ဘယ်သူမှလဲ မပစ်ရဲဘူး၊ ဒီလူကတော့ ကျွန်တော်မျိုးဆင်းရဲလွန်းလို့ပါ၊ ငါးပြေမသုံးကောင်လောက် ဟင်းတစ်ခါချက်ရအောင်တော့ ဆောင်ရွက်ပေးပါဆိုပြီး တောင်းတော့ ငါးပြေမအကောင်ကြီးကြီးတွေ သုံးကောင်တိတိ ရခဲ့တယ်”

“သိပ်တိကျတာပဲနော်” မိုးဟိန်းက အံ့သြနေသည်။

“သူကတော့ တိတိကျကျ ကြိုက်ပုံပဲ၊ အဲဒီလူက ငါးပြေမ အကြီးကြီးတွေ လတ်လတ်ဆတ်ဆတ် ရမှန်းသိတော့ သူ့လောဘကို သူမထိန်းနိုင်ဘဲ ‘အရှင်ကြီးကလဲ ငါးများပိုပေးတော့ ဘာဖြစ်သွားမှာလဲ၊ သုံးကောင်တောင်းတော့ အမယ်မှာ မှာတဲ့အတိုင်းပဲ ပေးတာပဲ၊ သုံးကောင်ဆို နည်းသေးတာပေါ့ ဘုရား၊ ထပ်များပေးဖို့ ဆောင်ရွက်ပေးပါဦး၊ အရှင်ကြီးပဲ စွမ်းသလား၊ ကျွန်တော်မျိုး ကံပဲလှသလား ကြည့်ရအောင်ဆိုပြီး အောက်ကလိအာ စကားမျိုးတွေ ပြောပြီး ကွန်ပစ်လိုက်ပြန်တယ်တဲ့”

“နောက်ထပ် ငါးတွေ ရရောလား”

နွေးနွေးက စောင်ခြုံထဲမှနေ၍ မေးလိုက်လေသည်။

“ဘယ်ရမလဲ ပိုက်ကွန်ထဲ စိမ်းစိမ်းလတ်လတ် လက်ဝါးပြတ်ကြီး ပါလာသတဲ့၊ အဲဒီလူလဲ ဒီလက်ဝါးပြတ်ကြီးကို တွေ့သွားကတည်းက လန့်ဖျားဖျားပြီး သေရောတဲ့”

အဖူး၏ ပုံပြင်ကတော့ နားထောင်လို့ ကောင်းလှသည်။ အဖူးသည် ပုံတိုပတ်စ အပြောကောင်းသူဖြစ်သည်။ အုန်နဲ့သို့ အရောက်အဖူး၏စကားများကို ကြားနာရရင်းလည်း တစ်ရေးမှေးစက်မိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အုန္နဲ့ရွာ ဆိပ်ကမ်းသို့ကပ်တော့ ပွဲထောင်ထဲ ဖိနပ်များ ချွတ်ထားခဲ့ကာ ဘုရားကုန်းတော်ပေါ် တက်လာလေသည်။ နွေးနွေးတို့ ရောက်သည့်အချိန်က နောက်ကျနေပြီဖြစ်သောကြောင့် ဘုရားဖူးများလည်း အတော်အတန်စဲသွားလေသည်။

လွန်ခဲ့သော အနှစ် ၇၀ ကျော်က ပခုက္ကူ ကဝမြို့နယ် အုန္နဲ့ရွာတွင် လုပ်သားပြည်သူ လူထုအများ တည်ထားကိုးကွယ်ခဲ့ကြသော မာရ်အောင်သွန်းဘုရားကြီးသည် ဂန္ဓကုဋီအဆောက်အအုံကြီးထဲမှ ရုပ်ပွားတော်ကြီးဖြစ်သည်။ ဂန္ဓကုဋီသို့တက်ရာ အုတ်လှေကားကြီးမှာ ကျယ်ပြောမြင့်မားလေသည်။

ကြေးနှင့်သွန်းထားသဖြင့် သွန်းဘုရားဟုခေါ်သည်။ ဉာဏ်တော် ၁၀ တောင် နှစ်မိုက်၊ ကြေးချိန် ၇၂၀၆ ပိဿာ ၃၀ ကျပ်သားရှိသည်ကိုပင် အဖူးက အသေးစိတ်မှတ်မိနေသည်။ မျက်နှာတော်တွင် ရွှေချိန် ပိဿာ ၄၀ တို့ဖြင့် သွန်းထားသဖြင့် မျက်နှာတော်ရွှေအဆင်းမှာ ရွှန်းမှည့်ဝင်းပြောင်နေသည်။

ညောင်ရေအိုးတိုင်း သပြေပန်းတို့ဖြင့် ပိတ်ဆို့ကျပ်တည်းနေသဖြင့် ဘုရားတင်ခွင့် မရခဲ့။

“တောင်ကျောင်းမှာ နှစ်တိုင်း စာပြန်ပွဲလုပ်တာ အကြီးအကျယ်ပဲ၊ ဘုန်းကြီး အပါး ၂၅၀ တောင်ရှိတယ်”

အဖူးက သူစိတ်ဝင်စားတာများကို ဖောက်သည်ချနေသေးသည်။ မိုးဟိန်း၊ နွေးနွေးနှင့် စောထူးတို့ကတော့ အုတ်လှေကားပေါ် ဆင်းချည်တက်ချည်နှင့် ပြေးလွှားဆော့ကစားနေကြသည်။

“ဟဲ့. . . ဟိုဟာမလေးက နေမကောင်းဘူးဆို”

အဖိုးက လှမ်းငေါက်လည်း နွေးနွေးက မဖြုံ။

“နေကောင်းသွားပြီ၊ ချွေးတွေထွက်သွားပြီ အဖိုးရဲ့”

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၏ဝန်းကျင်အခြေအနေက စိမ်းလန်းသော ကောက်ပင်ပျိုများနှင့် သာယာအေးချမ်းလေသည်။ လယ်ကွက်တို့သည် တာဖွဲ့ကာ အကွက်ရိုက်ထားဟန်မှာ မြကော်ဇောများ ဖြန့်ကျက်ထားသည့်ပမာ ရွှင်းလန်းချမ်းမြေ့ရသည်။

သည်တုန်းကတော့ အတူသွားလာ ဆော့ကစားရတာကိုပဲ ပျော်လှသည်။ မိုးဖွဲဖွဲကျလည်း ဘယ်သူမှ လူကြီးတွေလို ထီးဖွင့်မဆောင်းဘဲ ဒီအတိုင်း ပြေးလွှားနေကြသည်။ နွေးနွေးကို ဘယ်သူမှ ဖမ်းမမိ။ သမင်မလေးပမာ အပြေးသန်လှသည်။

နွေးနွေးတစ်ယောက် လယ်ကန်သင်းရိုးတစ်လျှောက်တွင် ခလုတ်တိုက် လဲတာကို မိုးဟိန်းပြေးလာထူသည်အထိ မှောက်လျက်လဲရာမှ ရုတ်တရက် မထသေးဘဲ 'နင်က အရမ်း အရမ်း လိုက်တာကိုး လဲမှာပေါ့' လို့ ရန်ထောင်စကားတွေ ပြောရင်းငိုတာကို ရယ်မောမိရသေးသည်။

နွေးနွေးလက်မောင်းအိုးကိုင်လျက် ဆွဲမ,ထူရလေသည်။ 'သူတော်ကောင်းကို ပြစ်မှားလို့' ပြောလျှင် နွေးနွေးက ပို၍စိတ်ဆိုးလေသည်။

တကယ်တော့ နွေးနွေးသည် ပကတိကလေးစိတ် မပျောက်သေးသော ကလေးငယ်ပမာသာတည်း။ မျက်စောင်းတဝင့်ဝင့်နှင့် နှုတ်ခမ်းကလည်း စူတတ်သည်။ ရိုးသားသန့်စင်သော ခဝဲပန်းပွင့်လေးနှင့်တူသော နွေးနွေး။ စာအုပ်ထဲမှာ ခဝဲရိုင်းအကြောင်း ဖတ်ခဲ့ရဖူးသည်။

ခဝဲရိုင်းသည် မြို့ကြီးပြကြီးအလယ် မတင့်တယ်ခဲ့။ တောချုံအုံကြား၌သာ ပေါက်ခဲ့၏။ ပွင့်ခဲ့၏။ ငါ့အိမ်ရှေ့၌ ခဝဲစင်ကလေးရှိရာ ဤပန်းကလေး ပျော်မြူးစွာပွင့်၏။ လွတ်လပ်သော လေကို

www.burmeseclassic.com

www.burmeseclassic.com



ရှု၏။ ယာတောကိုဖြတ်၍ တိုက်ခတ်သောလေသည် သင့်မိတ်ဆွေစစ်ဖြစ်ဘိ၏။ သင့်၏နေရာသည် နိမ့်ကျသည်။ သို့သော် သင်ပျော်၏ တဲ့။

စာဆိုက နွေးနွေး၏ အလှကို ဖွဲ့ထားခဲ့သည်ဟု ထင်စားမိလေသည်။

*အိုခဝဲရိုင်းကလေး*

*သင့်၌ မွှေးပျံ့သောရနံ့ မရှိ။ သို့သော် သင်သည် ရိုး၏။*

*သင်၏ ရိုးဂုဏ်သည်ပင် အကြိုင်ဆုံးသော ရနံ့ပင်တည်း။*

*သင့်၌ လှပသော အဆင်းမရှိ။ အဝါရောင်အဆင်း၊ ဝင်းကာမျှ ဖြစ်၏။ သို့သော် သင်၏အဆင်းသည် ပကတိအဆင်း၊ သဘာဝထံမှ ဆေးရောင်စုံငှား၍ ခြယ်လှယ်ထားခြင်းမဟုတ်။ ပကတိ အဆင်းသည်ပင် သင်၏ အတင့်တယ်ဆုံးသော အလှပေတည်း။*

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၅)

ရန်ကုန်ညတစ်ညရဲ့ ပုံပြင်ကိုတော့ မိုးဟိန်းသည် နွေးနွေးအား ပြန်မပြောချင်တော့။ မပြောထိုက်တော့ဘူးဟုလည်း ဆုံးဖြတ်ချက် ချလိုက်သည်။ လရောင်ရွှန်းဖိတ်လာသော်လည်း မီးပြာလဲ့လဲ့က နေရာတကာ လွှမ်းအုပ်နေသည်။ ရုပ်ရှင်ရုံတိုင်း လူတို့ တိုးဝှေ့စည်ကားလွန်းလှသည်။ ရုပ်ရှင်ဖိုးကို အပိုဖြုန်းတီးနိုင်လှချေလားဟု အားကျစရာပင်။ ရိုးသားလွန်းလှသော အဖူးတို့ အဖိုးတို့ အပါး အမိုးတို့က အားလည်းကျခဲ့ကြဖူးသည်။

သို့သော်လည်း မြန်မာလူမျိုးဆိုတာက ပွဲကို ဝက်သားဟင်းအိုးပေါင်ကြည့်ကြတဲ့ လူတွေပဲ။ ရယ်စရာလည်းကောင်းရဲ့၊ ကဲ့ရဲ့သင်္ဂြိုဟ်ပြုစရာလည်းကောင်းရဲ့၊ သနားစရာလည်းကောင်းရဲ့။ အလုပ်ခွင်ကို မေ့လျော့ကာ လမ်းဘေးမျက်လှည့်ပွဲတောင် တိုးဝှေ့နေတတ်ကြတဲ့ လူမျိုးပင်။ အဝတ်စွန်းတာကို ဆေးနှင့် လက်တွေ့ဖျက်ပြတာကိုပင် ပွဲကြည့်သလို ဝိုင်းကြည့်ကြသည်။ ပရိယေသနဝမ်းစာအတွက် လက်ကို ဘလိတ်ဓားနှင့် လှီးဖြတ်ပြပြီး လက်တွေ့ဆေးထည့်ပြသောအရောင်းသမားလေးတွေကိုတော့ အကြင်နာပိုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အသားအနာခံပြီးများ ဈေးရောင်းရသလားဟယ်"

မိန်းမကြီးတစ်ဦးက မှတ်ချက်ချနေသည်။ လေဟာပြင်ဈေးနှင့် ဗိုလ်ချုပ်ဈေးတို့တွင် ရှိစုမဲ့စု ကုန်ကြမ်းပစ္စည်းများနှင့် ကြိုးပမ်းထားသော မြန်မာလက်ဖြစ်ပစ္စည်းလေးများကို ရောင်းချတာ မြင်ရတော့လည်း စိတ်ထဲ ဝမ်းနည်းစိတ်နှင့် လှုပ်ရှားမိသည်။ တိုင်းဖြစ်ဝါးနှင့် လုပ်ထားသော ပစ္စည်းလေးများ၊ အရုပ်လေးများသည် လက်ရာ သေသပ်သလောက် ဈေးလည်းချိုလှသည်။

မိုးဟိန်းတို့ အပေါင်းအသင်း ဒါရိုက်တာအိုကြီးက မီးကြိုးမောင်းပျက် ကင်မရာများ၊ စက်ဘီးမီးလေးများနှင့် ဂိုဒေါင်ဟောင်းရုပ်ရှင်စတူဒီယိုလေးတွေမှာ ရုပ်ရှင်ဖြစ်အောင် ရိုက်ခဲ့ရတဲ့အကြောင်း၊ သံပုံးထဲ မီးထွန်းပြီး ကြံဖန်ဖြစ်မြောက်အောင် လုပ်ခဲ့ရတဲ့အကြောင်း စားမြုံ့ပြန်ရင်း မျက်ရည်တလည်လည်ဖြစ်နေတာကို သတိထားမိရင်း စိတ်မကောင်း ဖြစ်မိချေသည်။

"တို့ ဟိုတုန်းက မင်းတို့လို ဂျစ်ကောင်လေးတွေ မမွေးခင်က နယ်ချဲ့လက်အောက်မှာ မိဘမရှိတဲ့ သားတွေလို မျက်နှာငယ်ခဲ့တာပေါ့၊ ဒီတော့ ကိုယ့်နည်းကိုယ့်ဟန်လေးနဲ့ စက္ကူရုပ်လေးတွေ လုပ်တတ်သမျှ လက်မှုပညာလေးတွေနဲ့ ဝါးပစ္စည်းလေးတွေ လုပ်ပြီး ကြံဖန်စားသောက်ခဲ့ရသလိုပဲ"

"ဒါတောင် ဦးလေး မချမ်းသာဘူးနော်"

ကဗျာဆရာတစ်ဦးက မေးခွန်းကြားဖြတ်ထုတ်ရင်း ပြက်လုံးပမာ တဟားဟား ပွဲကျမိကြသေးသည်။

တစ်ခါတလေတော့ သူတို့တစ်တွေ ဆုံတောင့်ဆုံခဲ နန်းယုဟိုတယ်မှာ ဆုံမိကြသည်။ သည်နေရာက ကားကြီးကားငယ် အသွယ်သွယ် ထိုးဆိုက်လျက် ငရုတ်သီးစပ်သော ဟင်းချို၊ ပုစွန်တုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြော်၊ ဝက်သားစတူးများကို ဘီယာနှင့် တမြမြတွဲဖက်လို့ ကောင်းသော၊ သန့်ရှင်းသပ်ရပ်သော ကျောက်စားပွဲဝိုင်းပေါ်တွင် လက်မှီထောက်လျက် ခေတ်မီသော သတင်းပေါင်းစုံကို ဖြန့်ဖြူးကြားနာရသော နေရာပင်တည်း။

ဘယ်သူက နှောင့်လိုက်သည်မသိ၊ မိုးဟိန်း၏ ရောင်းရင်းဘက်တစ်ဦးဖြစ်သော စာရေးဆရာ ဇောတိကတစ်ယောက် စာပေဗိမာန်ဆုရသဖြင့် ဟိုတယ်ကြီးတစ်ခုမှာ ညစာထမင်းကျွေးမည်ဟု ကဗျာဆရာ အော်နီက လာခေါ်၍ ဘုမသိ ဘမသိ လိုက်လာမိသည်။ စာပေမြတ်နိုးသူ မိုးဟိန်းက စာအုပ်ကိုပင် လိုက်ရှာဝယ်ရာ ရဲရင့်ရုံနောက်ဘက် ပလက်ဖောင်းပေါ်မှ အလွယ်တကူဝယ်လို့ရခဲ့သည်။

"သိပ်မိုက်တဲ့လူတွေ၊ စာအုပ်ကို သိမ်းထားကြတာမဟုတ်ဘူး"

တဖွဖွပြောနေရင်းဆဲ နန်းယူရောက်တော့မှ ရှင်းတော့သည်။ တကယ်တော့ ဆရာဇောတိက ထီသုံးစောင်ထိုးထားခဲ့သည့်အနက် ၅၀ဝိ ဆုတစ်ဆု ကတ်ကတ်သတ်သတ်ပေါက်လို့တဲ့။ အိမ်လခအကြွေး ၇ဝိ ဆပ်ခဲ့ပြီး မိန်းမ၏ ဟင်းလင်းပွင့်နေသော ဆန်ပုံးထဲဆန်တစ်တင်း၊ ငွေ ၆ဝိ နှင့် မျက်နှာလုပ်ဖြည့်ထားခဲ့ပြီး ပိုတာအကုန်လုံး သောက်စားပစ်မည်ဟု ကြုံးဝါးရင်း ရောင်းရင်းတွေကို ဖိတ်သည်တဲ့။

ရယ်တော့လည်း ရယ်ရသည်။ တသောသောရယ်မိကြသည်။ ကလေးကျောင်းစာအုပ်ဝယ်ဖို့ ပူညံပူညံလုပ်နေသော မိန်းမကိုလည်း. . .

"မင်း အဲလို ပွမ်နေရင် ငါပြန်မလာတော့ဘူး"ဟု ခပ်တည်တည် အောင်နိုင်စွာကြိမ်းဝါးခဲ့သည်ကိုလည်း ပြန်ဖောက်သည်ချရင်း တဟားဟားရယ်မိကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းတို့ရယ်သံတွေက တစ်ဖက်စားပွဲမှ ရယ်သံများနှင့် ခလုတ်တိုက်မိကြသည်။

"ဘရားဗိုး. . . ဒေါက်တာကောင်း"

"ဘရားဗိုး"

သည်အသံကိုကြားရတော့ မိုးဟိန်း၏ရယ်သံသည် ခေတ္တစဲသွားသည်။ မှန်ရာပြောသစ္စာ ခွေးခွေးကို နှစ်ကာလ အတန်ကြာမေ့ထားခဲ့သော စိတ်ဝေဒနာသည် ပြန်လည်ထွန်းသစ်သည်။

ဒေါက်တာကောင်းမော်စံကို သားနားတောက်ပ၍ အဖိုးတန်ဂိုယာရေမွှေးရနံ့၊ ခေါင်းလိမ်းဆီရနံ့တို့နှင့် သင်းပျံ့သော လူကုံထံပုဂ္ဂိုလ်အချို့နှင့် တွဲ၍လှမ်းမြင်နေရသည်။ ဒေါက်တာကောင်းမော်စံသည် ယခင်ကအတိုင်း ရုပ်မပြောင်းလဲဘဲ လှပနုပျိုဆဲပင်။ ဒေါက်တာမော်ရဲ့ အဖော်ဖြစ်သူ စကားကို တပြုံးပြုံးနှင့် ဆက်၍နားထောင်ဟန်မှာ မီးရောင်တွင် ထင်းနေသည်။

"တကယ်ချစ်တာပါလို့ ပြောပြီး အီဖယ်မျှော်စင်ပေါ်က မိန်းကလေး ၃၀၀ ကျော် ခုန်ချသတ်သေတဲ့ အကြောင်းတွေလဲ တဖွဖွပြောတယ်၊ မူးလဲ မူးနေတယ်၊ ဖော့အနက်အင်္ကျီနဲ့ ပြာမှိုင်းမှိုင်းနဲ့ အိနေတဲ့ ထဘီဝတ်ထားတော့လဲ"

"ထဘီစက လေယာဉ်မောင်အစလား"

တစ်စုံတစ်ယောက်သောသူက ရယ်သံနှင့် ဝင်နှောက်လေသည်။

"မဟုတ်ဘူးဗျ၊ ဒေါက်တာကောင်းရဲ့ ရှပ်အင်္ကျီစမျိုး"

တဝါးဝါးပွဲကျနေကြပြန်သည်။

"သူ့လက်ပတ်နာရီကြိုး အမျိုးမျိုးလဲပတ်နေပေမယ့် သူ့

www.burmeseclassic.com

www.burmeseclassic.com



အသည်းကတော့ ရောင်စုံအသည်း မဟုတ်ပါဘူးလို့၊ အဲဒါမျိုးတွေလဲ ပြောတယ်ဗျ”

“အသည်းလား. . နှလုံးလား”

ကျောင်းဆင်းစ ဆရာဝန် ဟောက်စ်ဆာဂျင်က သူ့အစ်ကိုမိတ်ဆွေ ကိုကောင်းစံကို လှမ်းမေးလိုက်လေသည်။ ဒီတော့ ကိုကောင်းစံက. . .

“ဘာဖြစ်ဖြစ်ပေ့ါကွာ မင်းအပူမပါပါဘူး”

ရှုတည်တည် ချော်တော့ ရယ်ကြပြန်သည်။ စောစောက လူကစကားကိုဆက်ပြန်ရာ. . .

“ဒီတော့ ကျွန်တော်ကလဲ ကျွန်တော့်အသည်းကတော့ တစ်ရောင်တည်း နီပါတယ်၊ အချစ်သွေးစစ်စစ်နဲ့ နီနေတာလို့ ပြောလိုက်တော့ သူက သက်ပြင်းလေးတချချနဲ့၊ ဒါကြောင့် သူ့ကိုချစ်ရတာတဲ့”

“နောက်တော့ သူနဲ့ ကမ္ဘာလှည့်ရောလား”

“သူနဲ့သွားကြတဲ့ နေရာတွေကတော့ အများကြီးပဲ၊ ဗိုလ်ချုပ်ဈေး၊ လေဟာပြင်ဈေး၊ နို့အေးဘား၊ ကန်တော်ကြီး၊ အင်းလျား၊ ဂုဏ်ရုံတို့ ရဲရင့်တို့မှာ ရုပ်ရှင်ခဏခဏကြည့်ဖြစ်တယ်”

“ဂုဏ်ရုံအထူးတန်းနောက်ဘက်မှာတော့ ကြွက်တွေမရှိတော့ဘူးဗျ”

ဒေါက်တာကောင်းက ဝင်နောက်တော့ ပွဲကျကြပြန်သည်။

ထို့နောက် ညစ်ညမ်းသောစကားတို့သည် အင်္ဂလိပ်တစ်ဝက်မြန်မာသံစွက်လျက် နားထဲလှိမ့်ဝင်လာသည်။ စကားအချီအချပြောသံများသည် အဆက်မပြတ်။

“သူက မြန်မာ့အသည်းထက် ကမ္ဘာ့အသည်းကို ပိုချစ်တယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ နောက်ဆုံးမှတ်ချက်ချတယ်၊ ကမ္ဘာ့အသည်းနှလုံးကတော့ ပိုပြီး ဒေါ်လာထွက်တယ်နဲ့ တူတယ်”

“ဟုတ်မှာပေါ့ . . . ဟုတ်မှာပေါ့”

“ဒါပေမယ့် ဆွစ်ဇာလန်လုပ်နာရီပုံဆန်းလေးကတော့ စားပွဲတင် နာရီစက်မျိုးလို စက်ကြမ်းမို့ ခဏခဏအချိန်မမှန်ဘူးတဲ့”

“ဟုတ်မှာပေါ့ . . . ဟုတ်မှာပေါ့”

“ဆွယ်တာကလဲ တောင်ကြီးထွက်ပုံစံယောက် မကောင်းဘူး တဲ့”

“ဟုတ်မှာပေါ့ . . . ဟုတ်မှာပေါ့”

“မြန်မာပြည်မှာ ဘတ်စ်ကားအဟောင်းကြီးတွေ လူစီးကား လုပ်ထားတာကို ပြတိုက်ဟောင်းကြီး (old museum) နဲ့ တူတယ် ဆိုလို့ ရယ်လိုက်ရတာတဲ့”

“ဟုတ်မှာပေါ့ . . . ဟုတ်မှာပေါ့”

သူတို့ရယ်သံသည် အာလေးလျှာလေးဖြစ်လာကြလေသည်။ ကိုယ့်လောကနှင့် ကိုယ့်ဘဝကတော့ အမျိုးမျိုးပေါ့။ မိုးဟိန်း တစ် ယောက် ပန်းချီဆွဲသူ၊ ကာတွန်းရေးသူတစ်ယောက်အနေနှင့် ရန် ကုန်လောကတွင် ကျင်လည်ရင်း ဘဝဘယ်လောက်စုံပြီလဲ မသိ။ ယခင်က ဒိုမီနိုကပွဲအကြောင်းကို တင်လတ်စံတို့အိမ်တွင် မြင်ဖူး သည်။

နိုင်ငံခြားသား လူနီကြီးများနှင့် ကမ္ဘာလှည့် ဆံပင်ဝါမလေး များကို တွေ့ဖူးပြီ။ နားဆွဲတလှုပ်လှုပ်နှင့် ကိုယ်ကို ယိမ်းခါကာ အထက်အောက် ကီမိုနို ဆင်တူဝတ်လျက် ကြိုးသိုင်းဖိနပ်နှင့် မြန်မာ စစ်စစ်လည်း မြင်ဖူးပြီ။ ကမ္ဘာလှည့် အရှေ့တိုင်းသားများနှင့် ရော ထွေးလှည့်လည်နေတော့ မလေးရှား၊ အင်ဒိုနီးရှားမများနှင့် ဆင်တူ

www.burmeseclassic.com

www.burmeseclassic.com



ယိုမှား ဝိုးတဝါးဖြစ်ပြီး ကိုယ့်လူမျိုးထင်မသေးမိစေရန် လမ်းနည်းနည်း တိမ်းဖယ်ပေးမိသည်လည်း စိတ်တိုမိသေးသည်။

သမုဒ္ဒရာလှိုင်းအစ ရွှေဘတ်ကြိုးသွယ် သားရေလွယ်အိတ်တို့ကိုလည်း မျက်စိယဉ်နားယဉ်ခဲ့ပေပြီ။ ကာတွန်းဖြင့် ရေးလို့ကောင်းသော မြန်မာရုပ်ရှင်ပိုစတာကားတို့အကြောင်းလည်း ရိုး၍နေပေပြီ။

စကားသံတွေကတော့ တော်တော်နှင့် စဲနိုင်ပုံမပေါ်။ မိုးဟိန်းတို့ လူစုသည် ဆက်ရက်မင်းစည်းစိမ်နှင့် အိမ်သို့ တိတ်တိတ်ဆိတ်ဆိတ်ပြန်ရန် ခြေလှမ်းပြင်ကြသည်။ စတီရီယို တေးဆိုင်လေးတွေမှ မီးတွေထိန်ထိန်လင်းဆဲ။ မိုးပေါ်မှာ နေချင်တယ်၊ မျက်လုံးစိမ်းနဲ့ မိန်းကလေး၊ မိန်းမ၊ မဟာရန်သူ အချစ်တော်ကြီး၊ လောကသစ္စာဘယ်ဟာလဲ တေးသံတို့သည် လေအဟုန်ကို ခိုစီးလာကြသည်။

ထိုတေးသံကြားထဲမှ စကားတစ်ခွန်းသည် နားထဲ စူးနစ်ဝင်လာသည်။

"ကိုကောင်း. . . ခင်ဗျားက ကြည်ပြာအကြောင်းပဲ ပြောနေတယ်၊ ခင်ဗျားရဲ့ ပထမလက်ဟောင်း နှစ်မနွေးနွေးဆိုတာကောဗျ"

ကိုကောင်းစံက ခပ်သဲ့သဲ့ ရယ်မောလိုက်သည်။ အင်္ဂလိပ်ဘာသာနှင့်. . .

"လောကမှာ မိန်းမနှစ်မျိုးနှစ်စား ရှိတယ်ဗျ"

ပြောပြီး မြန်မာဘာသာနှင့် ဆက်ပြောသည်။

"တစ်စားက ပိုက်ဆံကုန်တယ်၊ တစ်စားက. . ."

စကားမဆုံးမီပင် မိုးဟိန်း၏ ခြေလှမ်းများကား အပြင်သို့

www.burmeseclassic.com

www.burmeseclassic.com



တစ်မုဟုတ်ချင်းရောက်လာလေသည်။ ရုပ်ရှင်တွေ စိတ်ကူးဝတ္ထုတွေထဲကလိုတော့ မိုးဟိန်းရင်ထဲ မခံချိဖြစ်ရုံမှအပ အသံတိတ်ဆိတ်လျက် စိတ်ချုပ်တည်းလိုက်သည်။ ဒေါက်တာကောင်းမော်စံ၏ မျက်နှာကို အရက်ခွက်မှ အရက်နှင့် လှမ်းပက်လိုက်လျှင်တော့ နောင်ဂျိန်တစ်ပွဲစာလောက်တော့ ကြည့်ကောင်းအောင် ရန်ပွဲခင်းမိမည် ထင်သည်။ သို့သော် မဖြစ်နိုင်။

ရှောင်းရင်းကဗျာဆရာတို့ရဲ့ ကဗျာများကိုလည်း အတုခိုးပြီး ကဗျာစပ်ချင်လှသည်။ ကဗျာစာလုံးများနှင့်အတူ အသံကုန်ခြစ်၍ဒေါသတွေ မျက်ရည်တွေ၊ ဒလာဟော အတားအဆီးမရှိထွက်ခွင့်ရလျှင် တော်ပါပြီ။

ဂစ်တာ တစ်လက် ဆေးတစ်လိပ်နဲ့၊ အမှောင်ရိပ်ခိုနေတဲ့ သီချင်းသံ၊ မင်္ဂလာညရဲ့ နိုင်လွန်လမ်းမပေါ် ကတော်ကတော်အော်ရင်း ကြက်မလေးတွေ ထမင်းစေ့ရှာနေရဲ့ ကဗျာမျိုးကို အမှတ်တရရှိနေပြန်သည်။

"နွေးနွေး. . . နွေးနွေး"

"နွေးနွေးဘယ်မှာလဲ"

"ကဒုတ်မှာ ရှိသေးရဲ့လား"

အမှောင်ထဲ လှေကားကို စမ်းတက်လာရင်း နွေးနွေး၏မျက်နှာလေးကို မြင်ယောင်လာမိသည်။ လူကဒယီးဒယိုင်ဖြစ်သော်လည်း ခြေလှမ်းလုံးဝမမှား။ စီးကရက်မီးနှင့် ဒါရိုက်တာအိုကြီး၏ လက်ဖမိုးကို ထိုးမိပြီး. . .

"ကန်တော့ခင်ဗျာ. . . ဦးလေးမတော်လို့ပါ"

တောင်းပန်ဖို့ သတိရမိလေသည်။

"ငါ့လခွေး ငရဲမီးအတိုင်းပဲ ပူလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာကြီးက ပြောနေသည်။

“ပူပါစေ တစ်သက်မှတစ်ခါပူတာ”

စာရေးဆရာ ဇောတိကသည် ဘုမသိဘမသိဝင်ထောက်လိုက်သည်။ ကဗျာဆရာ အောင်နီကတော့. . .

“တစ်သက်မှာ တစ်ခါသေတယ်ပြောစမ်းပါဗျာ၊ လူမှာ ပူတာကတော့ ခဏခဏပေါ့”

“ပူတာက တို့အလုပ် မဟုတ်ပါဘူး ဇောတိကရဲ့၊ မိန်းမရဲ့အလုပ်”

ဒါရိုက်တာအိုကြီးက ရယ်လျက် ပြောရင်းကြို့ထိုးနေသည်။

မြင့်မားလှသော တိုက်အိုလေးထပ်အခန်းကို ဘယ်ကနေဘယ်လိုတက်လာမိကြသည်မသိ၊ တံခါးမှ လူခေါ်ခေါင်းလောင်းကို တီးလိုက်သည်နှင့် အိမ်ထဲမှ. . .

“ဘယ်သူလဲ”

မိန်းမတစ်ဦး၏ သာယာဝေစည်သော အသံရှည်ရှည်ဆွဲသံကို ကြားလိုက်ရပြီး လူကြည့်တံခါးပေါက်ငယ်မှ မိန်းမလတ် တစ်ဦး၏ မျက်နှာသည် လှေကားဘက်မျက်နှာမူကာ ပေါ်လာလေသည်။

“တို့ပါ”

“သြော်. . . ဦးလေးအာပေါ”

တံခါးအဖွင့်တွင် ခပေါင်းစီးကရက်အနံ့၊ နံ့သာဖြူနံ့၊ စံပယ်ပန်းနံ့နှင့် မဥ္ဇူရေမွှေးရနံ့တွေက ဆီးကြိုလေသည်။

မိုးဟိန်းသည် တစ်ခေါင်းလုံးရီတီတီနှင့် လူတွေအားလုံး နှစ်ကိုယ်ခွဲဖြစ်ကာ စေ့စေ့စပ်စပ် လိုက်ကြည့်ရင်း. . .

“ခင်ဗျားတို့ဆီမှာ နွေးနွေးမရှိပါဘူးနော်”

www.burmeseclassic.com

www.burmeseclassic.com



ဝေစည်ဆူညံသော ရယ်သံများနှင့်အတူ

"နွေးနွေးတဲ့ . . . နွေးနွေးတဲ့၊ နွေးနွေးဆိုတာ ဘယ်သူလဲ၊ ဒီနာမည် တစ်ခါမှ မကြားဖူးပေါင်၊ တောမှာရှိတဲ့ ရှင့်ရည်းစားနာမည်လား"

မေးခွန်းသံတွေကြားထဲ မိုးဟိန်းသည် စိတ်မာန်တက်လာကာ စားပွဲပေါ်မှ ပြာခံခွက်တွေ၊ ဖရုံစေ့လှော်ခွံ ထည့်ထားသော ပန်းကန်၊ သောက်ရေဖလားခွက်တွေကို လက်နှင့်တိုက်ချလိုက်ပြီး . . .

"သွား . . . ဘယ်သူမှ ငါ့နားမကပ်နဲ့"

အော်လိုက်လေသည်။ ထို့နောက် ညသည်တရိပ်ရိပ်နှင့်အမှောင်ထဲ ရောက်သည်ထက် ရောက်လာလေသည်။ ညစ်နွမ်းသော ညသည် မိုးဟိန်းရင်ထဲမှ ထွက်ပြေးသွားလျက် ညစောင့်အဘိုးအို၏ နာရီသံချောင်းခေါက်သံ ၁၁ ချက်သည် တစ်စတစ်စ ခရီးဝေးသို့ နှင်လေပြီဖြစ်သည်။ အိပ်မက်နှင့်အတူ ကဒုတ်ရွာ၊ ကုက္ကိုထက်တွင် ဖယောင်းပန်းဝါတို့သည် ကြောင်မြီးတူပန်းများနှင့် အတူ လှိုင်လှိုင်ဖူးပွင့်လေပြီတကား။

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၆)

"ဦးဦးလဲ ဟုတ်ဘဲနဲ့"

ငုဝါ၏ ယောင်အော်သံသည် မိုးဟိန်း၏ အတွေးများကို ရပ်ဆိုင်းပစ်လိုက်လေသည်။ နွေးနွေးက ရယ်မောလျက် ငုဝါကိုယ်ထက် စောင်လွှမ်းခြုံလိုက်ကာ. . .

"အိပ်ရင်း ယောင်နေတာ"

ပြောရင်း ငုဝါ၏နဖူးပေါ်မှ ဆံယဉ်စများကို သပ်လိုက်လေသည်။ ငုဝါသည် အယောင်မရပ်သေး။ ယောင်ရင်း တစ်ချက်နှစ်ချက် ရယ်လိုက်သည်။

"ဥစ္စာစောင့်ပါ"

စကားတစ်လုံး ပီပီသသပြောပြီးနောက် စကားတွေ လျှာဖျားတွင် ဝါးထွေးသွားသည်။ နွေးနွေးသည် ငုဝါအတွက် ခြင်ထောင်ထောင်ပေးနေသည်။ အဖီးကတော့ ဆေးလိပ်လိပ်စရာ ဆေးကြီး၊ ဆေးရိုး၊ အစီခံနှင့် သနပ်ဖက်ဗန်းကို အိမ်နောက်ဖေးသို့ သိမ်းရန်ပြင်ရင်း. . .

"မိုးဟိန်း မနက်ဖြန်မနက် ဘယ်အချိန် ရန်ကုန်သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိပ်ရာက နိုးတဲ့အချိန်ပေါ့၊ ကျွန်တော်လဲ ရန်ကုန်ရောက်ကတည်းက မနက်အစောကြီး မနိုးတတ်တော့ဘူး"

နွေးနွေးက ကြားဖြတ်၍. . .

"သိပ်စောစောမသွားပါနဲ့ဟယ်၊ ငုဝါကျောင်းတက်ချိန် အတူတူ သွားကြပေါ့၊ ရှစ်နာရီ ရှစ်နာရီခွဲလောက် ဈေးသိမ်းချိန်ပဲ၊ ဖိုးစောထူးဖို့လဲ မျှစ်လေးဘာလေး ဝယ်ပေးလိုက်ချင်လို့၊ ပန်းချီကားတွေနဲ့ သယ်နိုင်ပါတယ်နော်"

"ရပါတယ်"

"စောစောက အံ့မောင်နဲ့ ဒေါ်ငြိမ်းတို့ လာနှုတ်ဆက်ကြတယ်၊ မိုးဟိန်း ကံညီနောင်ကျောင်းဘက် သွားနေတုန်းက ဘာလက်ဆောင်ပေးရမှန်း မသိလို့တဲ့ ကောက်ညှင်းနှစ်ပြည် လာပေးသွားတယ်၊ တို့ဆီက ခြင်းယူသွားပေါ့"

"ဟာ. . . ဒုက္ခရှာလိုက်ကြတာဟာ"

"ဒုက္ခရှာတယ် ဘယ်ဟုတ်မလဲ၊ ရန်ကုန်မှာက ကောက်ညှင်းတို့၊ ဆန်တို့ သိပ်ပေါတာမဟုတ်ဘူး၊ ပြီးတော့ ဒီကောက်ညှင်းကို ဆီထမင်းထိုးစားကြည့်စမ်း၊ ဆီသိပ်မကုန်အောင်လဲ ထိုးလို့ ရပါတယ်၊ ပထမကောက်ညှင်းဆန် ဆေးထား၊ ဆီနည်းနည်း ဒယ်အိုးထဲ ထည့်၊ ကြက်သွန်နီဆီသတ်၊ ကြက်သွန်ကြော်တွေ ဖယ်ထားလိုက်၊ ဆီထဲ ကောက်ညှင်းထည့်၊ ဆားထည့်၊ ဆန္ဒင်းအရောင်ကြိုက်ရင် နည်းနည်းလေးပါလေဟန် ထည့်၊ အဖုံးအုပ်တည်ထား၊ ရေနွေးလဲ အဆင်သင့်ကျိုထားပေါ့၊ ဆန်အနူးလိုရင် ရေနွေးထည့်တာ ပိုကောင်းတယ်"

နွေးနွေးသည် မှာရင်း မှန်အိမ်မီးစာကို နှိမ့်လိုက်လေသည်။ ငုဝါအတွက် ချုပ်လက်စ ဂါဝန်ကိုလည်း သိမ်းလိုက်သည်။ နွေး

www.burmeseclassic.com

www.burmeseclassic.com



နွေး၏ မျက်နှာပေါ်တွင် လရောင်အရိပ်က လင်းလျက် ဖြာကျနေသည်။ အိပ်ခါနီး ဘုရားကန်တော့ရန် ယောဂီတဘက်ကို ပခုံးပေါ်တင်လိုက်ပြီး ဘုရားစင်ရှိရာသို့ ထလာလေသည်။

မိုးဟိန်းသည် အဖီးဆီမှ ယူထားသော ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်လေသည်။ အမှောင်ရိပ်ကွယ်တွင် ထိုင်လျက် နွေးနွေးမျက်နှာကို တစိမ့်စိမ့်ကြည့်နေမိသည်။

"နွေးနွေး မအိပ်သေးဘူးလား"

"ဘုရားရှိခိုးပြီးရင် အိပ်တော့မယ်၊ ဘာဖြစ်လို့လဲ"

မိုးဟိန်း၏အဖြေသည် တုံ့ဆိုင်းနေသည်။ နွေးနွေးကလည်း မျက်လွှာချလျက် ဘုရားစင်ရှေ့တွင် အသာဒူးတုပ်ထိုင်လိုက်လေသည်။ ထို့နောက် မိုးဟိန်းအား လှမ်းကြည့်ကာ. . .

"ရန်ကုန်နဲ့ ကဒုတ် ခရီးပေါက်သွားပြီဆိုတော့ ခဏခဏ လာမယ် မဟုတ်လား"

နွေးနွေးသည် မျှော်လင့်ကြီးစွာ မေးလိုက်ဟန်မှာ ပေါ်လွင်နေသဖြင့် ရင်ထဲ ဖျတ်ခနဲလှုပ်ရှားလာမိလေသည်။

"လာချင်ပါတယ် နွေးနွေး"

"လာချင်ရင် အနီးလေးပေါ့"

"ခရီးဝေးတိုင်းလဲ မလာချင်ဘူးလို့ ယူဆမှာလား"

"ဒါတော့ ဘယ်သိမလဲ"

"ဘာလို့ မသိရမှာလဲ"

"ခုနစ်နှစ်တောင် မလာခဲ့ဘဲ နေတာပဲ၊ ငဝါတစ်သက်လေ"

"နွေးနွေးကလဲ ဒါပဲ ပြောနေတာပဲ"

"ပြောရတယ်လေ၊ အဲဒီ ခုနစ်နှစ်ဆိုတာ နည်းတဲ့အချိန်တွေ

www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်ဘဲ၊ အမျိုးစုံပြောင်းလဲဖြစ်ပျက်နိုင်တယ်နော်၊ တို့တွေ အသက်ကြီးလာပြီပဲ”

“ဘာလောက်များအသက်ကြီးလို့လဲ နွေးနွေးက”

“နောက်ခုနစ်နှစ်လောက် ထပ်ကြာရင် ငုဝါအပျိုဖြစ်တော့မယ်”

“ဩော်. . . ဟုတ်ကဲ့၊ မနွေးနွေး အမိန့်ရှိပါ”

“တို့ကို မလျှောင်ပါနဲ့”

“မလျှော်ဝံ့ပါဘူး”

“တော်စမ်းပါ ပြန်ခါနီးတောင် ရန်ဖြစ်ချင်သေးလား”

မိုးဟိန်းက ပြုံးလျက် ခေါင်းကိုခါယမ်းလိုက်မိသည်။ နွေးနွေး အချိန်ရှည်ကြီး ရှိုက်ခိုးပြီး ပုတီးစိပ်နေသည်အထိ အိပ်လို့မရနိုင်။ ဝရန်တာဘက်မှ ခြင်ထောင်ထဲ၌ ဘယ်ပြောင်းညာပြန် လူးလိမ့်၍သာ နေမိသည်။

အဖူး၏ ဟောက်သံနှင့်တကွ အဖီး၏ အသက်မှန်မှန်ရှူသံကို ကြားနေရသည်။ အဖူးနှင့် အဖီးတို့က အလင်းရောင်နှင့် မအိပ်တတ်ဘူးဆိုကာ အိမ်ခန်းထဲတွင် အိပ်ကြသည်။ နွေးနွေးနှင့်ငုဝါ တို့သားအမိ အိပ်နေကြသော ခြင်ထောင်ကို လှမ်းမြင်နေရသည်။

ကရင်ရွာသူတို့ ဓလေ့က ဒီလိုပါပဲ။ မီးပုံကိုဝိုင်းဖွဲ့ကာ အပျိုလူပျိုတို့ တစ်ယောက်ပေါင်ပေါ် တစ်ယောက် ခေါင်းအုံးအိပ်ကြလည်း ဖောက်ဖောက်ပြန်ပြန်မရှိကြ။ ဤမျှ ရိုးသားသန့်စင်လှသည်။ တစ်ယောက်ကို ချစ်မိပြီဆိုလျှင်တော့ အသည်းစွဲ။

ရင်ထဲတွင် တုန်ယင်လှုပ်ရှားသော စိတ်နှင့် မိုးဟိန်းသည် ဆေးလိပ်ကို တစ်ဖွာပြီးတစ်ဖွာ ရှိုက်နေသည်။ ခေါင်းရင်းအိမ်မှ ဗျပ်စောင်းသံနှင့်အတူ သီချင်းသံကလည်း ရင်ထဲ၌ နွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



*ချစ်သူထွေးရင်၊ နွေးလျက်အစဉ်သာ၊ ချစ်သူ မွှေးရင် အေးလျက်ရင်မှာ၊ ချစ်သူကျွေးရင် ဆေးဖက်ဝင်တာ၊ ခု တော့လဲ ချစ်သူအဝေးတွင် ပြေးလျက်မမြင်သာ၊ စာမလာ သတင်းမကြားရသည်မှာ ကြာပြီဖြစ်ပါ၍ အောက်မေ့လွမ်း ဆွတ် သတိရနေသည်သာ. . .॥*

ဗျပ်စောင်းသံက လက်သံခပ်ကျဲကျဲဖြစ်သော်လည်း သီချင်းသံက သာသာယာယာရှိလေသည်။ နွေးနွေးပုတီးစိပ်ပြီး အိပ်ရာဆီ သွားတော့ မိုးဟိန်းမှာ

"နွေးနွေး. . . ဒီသီချင်းကို ဘယ်သူတီးပြီး ဆိုနေတာလဲ"

"မောင်ကောင်းစိန် တီးနေတာလားမသိဘူး၊ ဆိုတာကတော့ နော်နော့်အသံပဲ"

"နွေးနွေး ဒီသီချင်းကို မကြိုက်ဘူးလား"

"နားထောင်လို့တော့ ကောင်းသားပဲ၊ သီချင်းတွေတော့ အရင်လို မရတော့ဘူး၊ စိတ်လဲ သိပ်မဝင်စားတော့ဘူး"

သည်အဖြေစကားအတွက် မိုးဟိန်းရင်ထဲ နင့်သွားသည်။ နွေးနွေးသည် ငယ်ရွယ်နုပျိုသေးလျက် ဘူးသီးအမွေးနုနုကို လက်နှင့် သပ်လိုက်သလို အညွန့်တုံးသွားလေသလား။ ထို့နောက် မိုးဟိန်းသည် သီချင်းသံတွင် နစ်သွားပြန်သည်။

*လဝန်းရွှေရည် ကမ္ဘာဆီကျလာ၊ အလှရွှန်းဝေစီ သာပြီ ညအခါ၊ နှစ်လရှည်ကြာ၊ အချစ်ညပန်းချီမှာ လှုပ်ရှားသက် ဝင် ဆွဲငင်ခေါ်လာလေသောအခါ မပျော်နိုင်ပါ၊ အတွေးပို ချစ်သူကိုပဲ လွမ်းကဗျာဖွဲ့ကာ၊ တစ်မြေတစ်ရွာ အဝေးမှာ ရောက်နေသူလေး သိစေခြင်းငှာ၊ ကျန်းမာပါရဲ့လားလို့*

www.burmeseclassic.com

www.burmeseclassic.com



*မောင်ရဲ့စိတ်ထဲက ခံစားချက်ကိုသာ၊ လမင်း သတင်း ထောက်ရယ်၊ ညတွင်းချင်းအရောက်၊ ပြောပြလိုက်စမ်းပါ*

နွေးနွေးသည် အပ်ချုပ်စက်ပေါ်မှ အဝတ်တွေကို အဝတ်တန်း ပေါ်တင်ကာ ငုဝါ၏ ဂါဝန်ကို စက်နှင့် ပေါက်နေပြန်သည်။ စက် သံကို အဖိုးတို့ကြားမည်စိုးသဖြင့် တစ်ဖန်အဝတ်ကို စက်ချုပ်ရာ အစသတ်ပြီး လက်ချုပ်နေရာတွေကို ဝက်သိုးသီနေသည်။ မိုးဟိန်း သည် အိပ်နေရာမှ ထလာကာ နွေးနွေးအနီး စက်ပေါ် လက်ထောက် လျက်. . .

"သီချင်းကို စိတ်မဝင်စားဘဲ နေတာကတော့ မကောင်းဘူး နွေးနွေး၊ လူတွေဟာ ငယ်ငယ်လေးတည်းက သီချင်းသံနှင့် ကြီးပြင်း လာခဲ့ကြတယ်၊ ပျော်ရင်သီချင်းဆိုကြသလို စိတ်ညစ်ရင်လဲ သီချင်းညည်းကြတာပဲမဟုတ်လား၊ ထောင်ထဲ အကျဉ်းကျနေကြ တဲ့ အကျဉ်းသမားတွေတောင် သီချင်းဆိုရင်း ကိုယ့်ဘာသာကိုယ် စိတ်အားတင်းကြတယ်၊ လွမ်းဆွေးနေပြီဆိုရင်လဲ ရင်ကို သီချင်းနဲ့ ဖွင့်အန်ထုတ်လိုက်တာပဲ၊ အလုပ်လုပ်ရင်း သီချင်းဆိုပါ ဆိုတဲ့ သိုးဆောင်းစကားပုံတစ်ခုရှိသားပဲ နွေးနွေး၊ ကောက်စိုက်ရင်း သီချင်းမဆိုဘူးလား. . . ကိုင်း"

"ဒီလိုတော့ ဆိုတာပေါ့"

"စာအုပ်တစ်အုပ်ထဲမှာ ဆိုထားတယ်၊ နောက်ပြန်တွေ့ကောင်း မှတွေ့ရတော့မယ့် ရဲဘော်တစ်ယောက် ခွဲထွက်သွားရတဲ့အခါ သီချင်းနဲ့ လိုက်ပို့ကြတယ်တဲ့၊ အရှေ့ဘက်စစ်မြေပြင်က သတင်း ကောင်းတွေကိုလဲ သီချင်းနဲ့ ကြိုဆိုကြတယ်တဲ့၊ စိတ်သက်သာမှု အတွက် သီချင်းဆိုသလို ပျော်ရွှင်မှုအတွက်လဲ သီချင်းဆိုကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီဓလေ့အတိုင်း လူတွေဟာ တစ်ခေတ်ပြီးတစ်ခေတ် သီချင်းဆိုခဲ့ကြတယ်၊ လူသတ္တဝါ တည်မြဲနေသမျှ ကာလပတ်လုံး သီချင်းဆိုကြမှာ ဖြစ်တယ်တဲ့”

နွေးနွေးသည် စက်ပေါ် တံတောင်နှင့်ထောက်ကာ လက်ဖနောင့်အပေါ် သူ့ပါးကို အသာမှေးတင်လျက် စဉ်းစားသလို တွေးနေပြီး. . .

“ငုဝါက သီချင်း သိပ်ဝါသနာပါတာ၊ ကြီးရင်တော့ အသံကောင်းမလား မသိဘူး၊ ခုတော့ သူ့အသံက ကွဲတဲကွဲတဲနဲ့ ခေတ်စားနေတဲ့ စတီရီယိုသီချင်းတွေလဲ သူရတာပဲ၊ ဘာတဲ့ သူဆိုတာ”

*ရှင်တော်ဘုရားရဲ့ ဖြေပါ၊ လောကသစ္စာဘယ်ဟာလဲ။*

*လောကသစ္စာဆိုတာ၊ ရှင်တော်ဘုရားရဲ့ ဘယ်ဟာလဲ။*

*ချစ်တယ် နေနိုင်ဘူးဘုရား၊ ချစ်တယ်. . .။*

နွေးနွေးက တီးတိုးညင်သာစွာ အသံနေအသံထားနှင့် ဆိုပြနေသည်။ ထို့နောက် သူ့ဘာသာသူသဘောကျပြီး ရယ်မောနေသည်။ မိုးဟိန်းသည် စက်ခုံပေါ်မှလက်ရုပ်ကာ. . .

“ငုဝါက ဘယ်ကရတာလဲ”

“နော်နော်တို့ ရန်ကုန်က ပြန်လာတော့ရလာတာတဲ့ သီချင်းတဲ့၊ သူတို့က ဗျပ်စောင်းနဲ့တောင် စမ်းတီးကြသေးတယ်”

နွေးနွေးသည် စက်ခုံတွင် ထိုင်နေရာမှ ထလိုက်လေသည်။

“ကဲ. . . စကားတော့ကောင်းပါရဲ့၊ အိပ်ကြစို့”

“တို့အိပ်မှာပါ နွေးနွေးရာ မနှင်ပါနဲ့”

“ဩော်. . . အကောင်းပြောတာပါဟယ်၊ မိုးဟိန်းက ရန်စကားသိပ်ပြောတာပဲ”

“မဟုတ်ဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟယ်၊ ဒါဖြင့် ဒီနေ့ည မအိပ်တမ်းစကားပြောမယ်လေ၊ တစ်ညလုံး၊ ကဲ. . . စိမ်မလား"

"မလုပ်ပါနဲ့၊ နင်က မနက် ဆွမ်းထချက်ရဦးမှာမဟုတ်လား"

"ဆွမ်းချက်ရတာ ဘာဖြစ်လဲ၊ တစ်ခါတည်းတန်းပြီး ဆွမ်းချက်လိုက်ရုံပေါ့"

"စကားများများပြောစရာ မရှိပါဘူး၊ တိုတိုပဲပြောပါ့မယ်၊ ပြီးတော့ တိုးတိုးပြောမယ်"

"ဘာပြောမလို့လဲ"

"ရှေ့နားတိုး"

နွေးနွေးသည် စသည်နောက်သည်ထင်ပြီး မျက်စောင်းတစ်ချက်ဝင့်လိုက်လေသည်။ မိုးဟိန်းသည် နွေးနွေးမျက်နှာနား တိုးကပ်ကာ. . .

"ယအယ်နား"

"ဟင်း. . . မိုးဟိန်း တော်တော်လည်"

နွေးနွေးသည် မိုးဟိန်း၏ ကရင်ဘာသာနှင့် ယအယ်နား (မင်းကို ငါချစ်တယ်) ဆိုသောစကားကို ဤသို့ ချက်ချင်းချေပလိုက်လေသည်။ ထို့နောက် နှစ်ယောက်သား စိတ်လက်ပေါ့ပါးစွာ ရယ်မိကြသည်။

"ဖြေလေ"

မိုးဟိန်းက အမေးတွင် နွေးနွေးသည် အပျိုမလေးပမာ မျက်နှာလေးများ နီလျက် ရယ်ရှိန်မပျက်သေးဘဲ. . .

"သီပါးတဖိုး နသားအယ်ယာ"

အဖြေပေးလိုက်တော့ မိုးဟိန်းသည် ရင်ထဲ ဖျတ်ခနဲခုန်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သီပါးတဖိုး နသားအယ်ယာတဲ့ နွေးနွေးတကယ်ပြောတာလား၊ တကယ်ပြောတာနော်"

ဝမ်းသာအယ်လဲ တုန်လှုပ်နေသောအသံကို ထိန်းကာပြန်မေးလိုက်လေသည်။ နွေးနွေးက သူ့ကို မေးသည်. . . တစ်သက်လုံးပဲ ချစ်မလားတဲ့။ ဘာလို့မချစ်နိုင်ရမှာလဲ။ တစ်သက်မက ဆယ်သက်၊ ဆယ်သက်. . .။

နူးညံ့ထွေးအိသော နွေးနွေး၏ ပါးကလေးများကို အတိုးနှင့် နမ်းရှိုက်မိလေသည်။ သည်တစ်ခါ အိပ်မက် မက်နေတာမဟုတ်ဘူးဆိုတာ သေချာလှသဖြင့် ရင်ထဲ၌ အလှကဗျာတစ်ပုဒ်ကို ရေရွတ်မိလေသည်။

*နှမပြုံးသော်လည်း၊ မျက်ခုံးမျက်တောင်ကော့*
*ညွှတ်ကြော့တုန်ရီလို့၊ မျက်လွှာသီသီပင့်*
*နှုတ်ခမ်းက မပွင့်တပွင့်နဲ့၊*
*စိတ်ထင်ရှုံလက်တစ်ကမ်းမှာမို့*
*ရင်ခုန်သံ ကာရန်ဖမ်းနိုင်ဘူ။*

**ကြည်အေး**

○

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၇)

အပြန်ခရီးတွင် ငုဝါ၏သီချင်းသံသည် ဆိတ်သုဥ်းနေသည်။ မိုးဟိန်းရင်ကား ဟင်းလင်းပွင့်လျက်၊ ရင်ထဲ၌ လှိုင်းလိပ်တို့သည် ပြေးနေသည်။ အဖိုးလည်း မျက်ရည်လည်ရွဲနှင့် ကျန်ရစ်ပြီး နံနက် လင်း အိပ်ရာထတော့ ခွေးခွေးက မိုးဟိန်းဖို့ စာတစ်စောင်၊ ငုဝါဖို့ စာတစ်စောင် ထားခဲ့သည်။ စာနှစ်စောင်စလုံး ခပ်တိုတိုပဲ ရေးထားခဲ့သည်။

***သူငယ်ချင်းမိုးဟိန်း. . .***

*တို့တောင်းပန်ပါတယ်၊ အားလုံးဖြစ်လာသမျှ ကိစ္စတွေဟာ တို့အပြစ်ချည်းပဲလို့ ယူဆပြီး ခွင့်မလွှတ်ပါနဲ့တော့။ ညတုန်းက တို့ရူးလို့ မိုက်လို့ ပြောခဲ့မိတဲ့ စကားကို ပြန်ရုပ်သိမ်းခွင့်သာပြုပါတော့။ မိုးဟိန်းကို တို့ထုတ်မပြောခဲ့တဲ့ စကားတစ်ခု ကျန်ရစ်ခဲ့တယ်။ မနှစ်တုန်းက အုန္နဲ့ဘုရားပွဲသွားတုန်းက သူတို့ပဲ့ချိတ်နဲ့ ဘေးချင်းယှဉ်သွားရတာနဲ့ ငုဝါလေးကို တွေ့သွားကြတယ်၊ အဲဒီအချိန်က စပြီး ငုဝါကိုမွေးဖို့ သူတို့တောင်းကြတယ်၊ အသက်ငယ်*

www.burmeseclassic.com

www.burmeseclassic.com



သေးတဲ့ တို့ကို သူတို့မယုံဘူး။ ပထွေးလက်ထဲမှာ ငုဝါ သိမ်ငယ်မှာ စိုးလို့တဲ့၊ တို့လည်း ဒီတစ်သက် အိမ်ထောင် မပြုတော့ဘူး၊ ငုဝါကိုပဲ ရင်နဲ့မကွာ ဥမကွဲ သိုက်မပျက် လုပ်ကျွေးတော့မယ်လို့ စကားပြန်လိုက်မိတယ်။ တို့က စကားတစ်ခွန်းကို မြဲမြဲမြံမြံပြောပြီး မပြင်တော့ဘူးဆိုတာ မိုးဟိန်းလည်း သိသားပဲ။ ငုဝါလေးဟာ တို့အသက်၊ တို့ အသက်ဟာ ငုဝါ၊ မနေ့ညကတော့ မိုးဟိန်းကိုချစ်လို့ သနားလို့ သတိလစ်သွားမိတယ်၊ မိန်းမဟာ ချစ်တတ်တာ သနားတတ်တာဟာ မကောင်းပါဘူး။ တို့အနေနဲ့ ရန်ကုန် နဲ့ နီးတဲ့နေရာမှာ မနေသင့်တော့ပါဘူး၊ ဒီမနက်ပဲ အဖီး ကို မနည်းတောင်းပန်ပြီး တို့အမျိုးတွေရှိရာ နယ်ဒေသ ဝေးဝေးကို ခရီးလွှင့်ခဲ့ပြီ။ ငုဝါ စာမေးပွဲရှိနေလို့ နောက်မှ ပဲ ငုဝါကို လာခေါ်လှည့်တော့မယ်။

မိုးဟိန်းရဲ့ ချစ်သူနွေးနွေးဆိုတာ ဒီလောကမှာ မရှိ တော့ဘူးလို့ပဲ မှတ်ပါ။

**သူငယ်ချင်းချစ် နွေးနွေး**

***ချစ်တဲ့သမီး ငုဝါလေး. . .***

အမိုးပိုက်ဆံတွေ သွားယူမလို့ ခရီးထွက်သွားတယ်၊ ခဏပဲနေပြီး ပိုက်ဆံရရင် ပြန်လာခဲ့မယ်၊ သမီး စာမှန် မှန် ကျက်နော်၊ မှန်တင်တဲ့ သေတ္တာပေါ်သမီးတွက်လို့မရ တဲ့ သင်္ချာပုစ္ဆာနှစ်ပုဒ် တွက်ပေးထားခဲ့တယ်၊ စာမေးပွဲ အဖြေလွှာပေါ်မှာ ခုံနံပါတ်နဲ့ နာမည်ရေးဖို့ မမေ့ပါနဲ့၊ ည နေကျ အမိုးအပြန်ကို ထွက်ထွက်မျှော်မနေနဲ့နော်၊ အမိုး အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်၊ ဦးဦးမိုးဟိန်း ရန်ကုန်အပြန်

www.burmeseclassic.com

www.burmeseclassic.com



*ကားဆိပ်အထိ လိုက်ပို့လိုက်၊ ပေတစ်ရာလမ်းမပေါ်တော့ လုံးဝမတက်နဲ့၊ အမိုးပြောတဲ့အတိုင်း နားထောင်နော်၊ စာမေးပွဲဖြေနိုင်ပါစေ၊ အမှတ်တွေ အများကြီးရပါစေ။*

**ငုဝါရဲ့ ချစ်ချစ်မိုး**

လှိုင်းလူးရုံမက မုန်တိုင်းကလည်း ထန်လာသည်။ ရင်ထဲထန်လာသော မုန်တိုင်းကို ဘယ်သို့ဖွင့်အန်ရမည်မသိ။ တက်တစ်ချက်သာ ခေါက်လိုက်မိသည်။ ကုက္ကိုလ်ပင်အောက်မှ ဖြတ်လျှောက်လာသော ခြေလှမ်းများသည် မြန်လွန်းမကမြန်လိုက်၊ သတိထား နှေးလိုက်နှင့် ဗျာများနေသည်။

"ငါရန်ကုန်ကို လူသတ်ဖို့သွားမလို့ဘဲ ပြောလိုက်ချင်တယ် နွေးနွေး၊ လူသတ်လို့ ကြိုးစင်တက်ရမယ်ဆိုရင် တက်ရပါစေ၊ တစ်သက်မှာ တစ်ခါပဲ သေပါတယ်၊ ပြီးတော့ ဘယ်သူမှလဲ မသေဘဲ မနေပါဘူး၊ လူဟာ ဒူးထောက်ပြီး အသက်ရှင်ရတာထက် မတ်တတ်ရပ်ပြီး သေရတာက ပိုပြီးမြတ်တယ်တဲ့"

တွေးချင်တိုင်း တွေးပစ်လိုက်သည်။ အတွေးထဲ၌ မုန်တိုင်းထန်ချင်တိုင်း ထန်ပစ်လိုက်သည်။

"ဦးဦး. . . ဦးဦး"

ငုဝါ၏ခေါ်သံက မိုးဟိန်း၏အတွေးမီးကို ရေစင်အေးနှင့်ဖျန်းလိုက်လေသည်။

"ဦးဦးကလဲ သမီးခေါ်တာ ကြာလှပြီ"

"ဟုတ်လား၊ ဦးဦးမကြားဘူး"

"ဦးဦး ဘယ်တော့ပြန်လာဦးမလဲ"

ငုဝါအမေးကို ရုတ်တရက်မဖြေနိုင်ဘဲ ငိုင်နေမိသည်။ ငုဝါကပင် ဆက်၍. . .

www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးနဲ့ ပြန်လာမှာနော်"

"အေး"

"ဘယ်လောက်လဲ"

"နောက်လပေါ့"

"ဟင် . . . အကြာကြီးပဲ"

"မကြာပါဘူး ငုဝါရဲ့"

"ကြာတာပေါ့"

"ဦးဦးမှာ အလုပ်တွေအများကြီးရှိသေးတယ်"

"ပိုက်ဆံရမှာလား"

"ရမှာပေါ့"

ခြေတံရှည် သစ်သားအိမ်များကို ကျော်လွန်လာခဲ့လေသည်။ ကုက္ကိုလ်ပင်ရိပ်မြုံ၌ သန်စွမ်းလျက် မြရည်ရွှန်းတောက်သော သစ်ခွများ အုံဖွဲ့နေကြမြဲပင်။ ကျွဲတစ်အုပ် ဖြတ်သန်းလာသဖြင့် မိုးဟိန်းနှင့် ငုဝါတို့သည် ခြံစည်းရိုးတွင် ကပ်ရပ်နေကြရသည်။

"အခုဆို ကျွဲတွေ မငိုတော့ဘူးနော်၊ ပျဉ်းမတွေလဲ မရှိတော့ဘူး၊ မိုးတွေလဲ ရွာလာပြီ"

"အေး . . . ဟုတ်တယ်"

"မိုးရွာတော့ စပါးတွေက သန်မှာ ဦးဦးရဲ့"

"အေး"

မိုးဟိန်းသည် အတွေးနှင့်နှုတ်ဆိတ်နေပြန်သည်။ သားရေလွယ်အိတ်နှင့် ပန်းချီကားချပ်ထုပ်ကို ဘယ်ညာပြောင်းကာ ကိုင်လိုက်လေသည်။ အံ့မောင် လက်ဆောင်အဖြစ် ပေးလိုက်သော ကောက်ညှင်းဆန်နှစ်ပြည်ကို သယ်ယူလာနိုင်ခြင်း မပြုတော့။

ကောက်ညှင်းဆန်ထားခဲ့ရတာကို လုံးဝစိတ်မကောင်း။ ကဒုတ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် အဆက်အသွယ်ဖြတ်တောက်ရတော့မည့် နိမိတ်ဆိုးလားဟု လည်း အယူသီးမိပြန်သည်။ ထို့ကြောင့် ရင်ထဲ၌ မီးထွန်းညှိနေမိ ပြီတကား။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၈)

လမ်းပေါ်တွင် ကလေးတချို့ ကျောင်းမသွားမီ ကုလားမစည်း ကစားနေကြသည်။

မိုးဟိန်းသည် အလာခရီးကို ပြန်လည်၍ တမ်းတမိသည်။ ပွဲသွား ကြော့ကြော့၊ ပွဲပြန်မော့မော့ပေတကား။

ကောက်စိုက်လယ်ကွင်းများကား ရေနှင့်ဖွေးနေသည်။ ပျိုးထောင်ပင်များ ရေထဲနှစ်တစ်ဝက် ပေါ်တစ်ဝက်နှင့် ခေါင်းစိမ်းလေးများ ထွက်ပြူနေကြသည်။ အင်္ကျီဖြူ လုံချည်စိမ်းလေးများနှင့် ကလေးငယ်များသည် လွယ်အိတ်များလွယ်လျက် ကျောင်းဘက်သို့ ဦးတည်သွားနေကြသည်။

"ငုဝါ မကစားဘူးလား"

"ဟင့်အင်း"

ငုဝါသည် ပုံအပြည့်နှင့် ခေါင်းခါယမ်းပြနေသည်။ ထို့နောက် မိုးဟိန်းအား မော့ကြည့်ပြီး. . .

"တို့ ဦးဦးကိုလိုက်ပို့ရမှာ"

"ဒါဖြင့် ညနေကျကစားမယ်နော်"

"ဟင့်အင်း. . . စာမေးပွဲအတွက် စာကျက်ရဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com



ငုဝါက ခေါင်းကိုသာ တွင်တွင်ခါယမ်းနေသည်။

"အားလုံး နှုတ်ဆက်တယ်လို့ ပြောလိုက်နော် ငုဝါ"

မိုးဟိန်းသည် စိတ်မချမ်းမြေ့လျက် မြေလမ်းကိုစိုက်၍ ကြည့်နေမိသည်။ ငုဝါက သည်တစ်ခါတော့ ခေါင်းညိတ်လိုက်လေသည်။

"ငုဝါရဲ့ အမိုးကိုရောပေါ့"

"ဟုတ်ကဲ့"

တစ်စစနှင့် မြောက်ဘက်လမ်းဘေးမှ သမဝါယမဆိုင်၊ တောင်ဘက်မှ ခနေဗလဆန်စက်ကို ကျော်လာခဲ့သည်။ ထို့နောက် တောင်ဘက်မှ အစဉ်တစိုက် ကျောင်း၊ ဘိုတဲ၊ ဘောလုံးကွင်းနှင့် ဆေးပေးခန်းများကို ဖြတ်ခဲ့လေသည်။ မြောက်ဘက်မှ စာတိုက်ကို ငုဝါသည် လက်ညှိုးထိုးကာ. . .

"ဦးဦး၊ ငုဝါကို စာရေးပါလား၊ ဒီစာတိုက်ကနေ အိမ်ကို ပို့ပေးမှာ"

"ရေးတာပေါ့၊ ငုဝါက စာပြန်မှာလား"

"ပြန်မှာပေါ့ အရှည်ကြီး. . . အရှည်ကြီး၊ စာရွက်နှစ်ခုတောင်ရေးရမှာ"

"စာရေးဖို့ အချိန်ရမလား၊ စာကျက်မှာနဲ့"

"ရပါတယ်၊ စာကိုမနက်ထကျက်ရင် ညရေးလို့ရတာပေါ့၊ ဦးဦးလဲ စာရေးနော်၊ တော်ကြာ ဦးစောထူးက စာမလာ သတင်းမကြားရသည်မှာ သေပြီးဖြစ်ပါ၍လို့ သီချင်းဖျက်ဆိုနေဦးမယ်"

မိုးဟိန်းသည် စိတ်အကျပ်အတည်းကြားထဲမှပင် ပြုံးလိုက်မိလေသည်။

"ရေးရမှာပေါ့၊ ဒါပေမယ့် ငုဝါက အရင်ရေး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို ရေးရမလဲမှ မသိတာ"

"အမိုးတို့ အဖီးတို့ကို မေးကြည့်လိုက်ပေါ့"

မိုးဟိန်းသည် သမုဒယန္တယ်ပင်ကို ကြိုးစားဖြတ်တောက်ကြည့် ခဲ့သေးသည်။ မရ။ ရင်ထဲမှ နှလုံးသားအထိ အမြစ်ပင်များ ယှက် တွယ်နေသည်။ သံသရာတွင် တွေ့လာမိပြန်တော့လည်း ဆုံစည်း ချင်လျက်နှင့် မဆုံစည်းရ။ မဆုံးစည်းချင်ဘဲနှင့်လည်း ဆုံစည်းရ ပြန်သည်။

BURMESE CLASSIC .com

ဈေးလမ်းဘက် နီးလာသောအခါ ကလေးတစ်အုပ်သည် စွန် လိုက်ရင်း မိုးဟိန်းနှင့်ငုဝါတို့ကို အတင်းဝင်တိုးသွားလေသည်။ ငုဝါသည် သူ့လွယ်အိတ်ပြုတ်ထွက်ပြီး မြေပေါ်ကျသွားသဖြင့် စိတ်ဆိုးနေကာ. . .

"အရမ်းပဲ. . . ဒီစွန်ပဲလိုက်နေကြတာပဲ၊ လွယ်အိတ်ကစုတ်ရ တဲ့ ကြားထဲ"

လွယ်အိတ်လေးကို ဖုန်တခါခါနှင့် လုပ်နေရင်း လူကြီးသူမ ပမာ မြည်တွန်သည်။ လွယ်အိတ်ဝယ်ဖို့ စုနေသော ငုဝါစုဘူးလေး ကို သတိရကာ ရှပ်အင်္ကျီအိတ်ထဲမှ ၁၀ တန်ကို ထုတ်လိုက်လေ သည်။ ကားခမှလွဲ၍ မိုးဟိန်းတွင် ရှိသမျှပိုက်ဆံလည်း ဖြစ်သည်။

"ကိုင်း. . . ငုဝါပြန်တော့၊ ကျောင်းတက်တော့မယ်"

"ဟင်. . . ပြန်သေးဘူး၊ ကားလာမှ"

"ကားက လာတော့မှာပဲ သမီးရဲ့"

ငုဝါကပေနေသည်။ ငုဝါ၏လက်ထဲ ၁၀တန်ထည့်တော့လည်း အတင်းငြင်းနေသေးသည်။

"နေပါစေ. . . နေပါစေ"ဟု လက်လေးတပြပြနှင့် လုပ်နေသေး သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးက ပေးရင် ယူရတယ်၊ တို့ကရင်မှာ ကျွေးရင်စားရတယ်၊ ပေးရင် ယူရတယ်၊ နို့မဟုတ်ရင် သိပ်စိတ်ဆိုးတတ်တယ်၊ စိတ်ဆိုးရင် တစ်သက်လုံး မခေါ်တော့ဘူး"

ငုဝါသည် ပိုက်ဆံကို လက်ခံလိုက်သည်။ ထို့နောက် သူ့ဖိနပ်လေးကို ချွတ်ရင်း. . .

"ဩော်. . . မေ့လို့ ကန်တော့ရဦးမှာ"

ပြောပြီး ကျုံ့ကျုံ့လေးထိုင်လျက် မိုးဟိန်းကို ကန်တော့လိုက်သည်။ မိုးဟိန်းသည် ပြုံးပြဖို့ကြိုးစားသော်လည်း ပြုံးလို့မရ။ ရုတ်တရက် ကြောင်ငေးနေမိပြီး ရင်ထဲ၌ တင်းကျပ်ဆို့တစ်နေသည်။ နှလုံးသွေးတို့ လှုပ်ရှားပုံမှာလည်း မြန်လွန်းလှသည်။

"ငုဝါလေးဘဝ သာယာဖြောင့်ဖြူးပါစေ"

ရင်ထဲကပဲ ဆုတောင်းလိုက်တယ် ငုဝါလေး။ ငုဝါလေး လူချမ်းသာသလို စိတ်လည်း ချမ်းသာပါစေ။ ငုဝါလေးအတွက် ကမ္ဘာကြီးမှာ တရားမျှတမှုတွေ အောင်မြင်ပါစေ။ မတရားမှုတွေလည်း ပျောက်ကွယ်ပါစေ။ အမှန်ဘက်ကလူတွေဖြစ်တဲ့ ငုဝါတို့၊ အမိုးနွေးတို့၊ ဦးဦးတို့၊ အဖိုးတို့ အစစအရာရာ ချောမွေ့ပါစေ။ အောင်မြင်မှုက ကြိုဆိုပါစေ။ ဆုတောင်းဆန္ဒပြုလိုက်ပါရဲ့။

သနပ်ခါးပါးကွက်ကျားလေးနှင့် ငုဝါ၏ပါးပြင်ကို အသာလက်နှင့်ပွတ်ပြီး နှစ်သိမ့်လိုက်လေသည်။

ထိုအခိုက် ဒိုက်ဦးဘက်မှ တရကြမ်းမောင်းနှင်လာသော ဘတ်စ်ကားဆီသို့ ပြေးလာကာ ကားအရှိန်မသတ်မီပင် ခုန်တက်လိုက်လေသည်။

ငုဝါသည် သူ့လက်တုတ်တုတ်လေးကို မြှောက်လျက် ဝှေ့ယမ်းပြနေသည်။ ထို့နောက် လက်ဖမိုး လက်ခုံနှင့် သူ့မျက်လုံးအိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



မသိမသာ ပွတ်နေပြီး ဟိုကြည့်ဒီကြည့်နှင့် ဘေးဘီကို ကြည့်လိုက်လေသည်။ သမီး ငုဝါလေး ငိုနေပေပြီ။ သူမျှားမြင်မှာကိုလည်း ရှက်ပြီး မျက်ရည်စတွေ ကပျာကယာသိမ်းဟန်ထင့်။ မိုးဟိန်းသည် ဘေးခုံတန်းတွင် ထိုင်ရင်း ငုဝါကို မျက်တောင်မခတ်ဘဲ စိုက်ငေးကြည့်နေရာမှ မျက်ရည်လည်လာလေသည်။

ဒိုက်ဦး-ရန်ကုန် လူစီးယာဉ်သည် ကဒုတ်နယ်မြေမှ တစ်စ တစ်စ ဝေးလာသော်လည်း ငုဝါ၏ တေးသံက မိုးဟိန်းနောက်နား ကပ်လျက် လိုက်ပါလာလေသည်။

***ရောင်စုံဘောလုံး၊ ရောင်စုံဘောလုံး***
***တစ်လုံးငါးပြား၊ တစ်လုံးငါးပြား***
***ကြိုက်တဲ့အရောင်ရွေးပါ၊***
***တစ်လုံးငါးပြား၊ တစ်လုံးငါးပြား။***

**ခင်ဆွေဦး**

၂၉-၉-၇၅

## ကျေးဇူးတင်ကြောင်း

ကဒုတ်ကျေးရွာမှ အလကဆရာကြီးနှင့်တကွ ဆရာ ဆရာမများ၊ ဆရာမ ဒေါ်ငွေပေါ်၊ မအေးသန်း၊ မကြင်မေ၊ မခင်သက်၊ နော်နော်၊ မောင်ကောင်းစိန်၊ အဒေါ်မညွန့်ခင်နှင့်တကွ အဒေါ် မဒီတို့အား လှိုက်လှဲစွာကျေးဇူးတင်ပါကြောင်း။

**ခင်ဆွေဦး**

www.burmeseclassic.com